# ချစ်ခြင်းထိုမေတ္တာ

ဝတ္ထု ၁၂ ပုဒ်

ဒဂုန်တာရာ၊ ကြည်အေး၊ ခင်နှင်းယု၊ နီဝင်းဆွေ၊
မအီ၊ မစန္ဒာ၊ အောင်ခက်၊ မောင်ဝဏ္ဏ၊ ကျော်ရင်မြင့်၊
ဆူးငှက်၊ ခင်ခင်ထူး၊ လက်ကိုရည်ကျော်

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ချစ်ခြင်းထိုမေတ္တာ

## ဝဏ္ဏ ၁၂ ပုဒ်

ကြည်လင်အေး-စိစဉ်သည်။

ပထမအကြိမ် ၂၀၂၁

ချစ်ခြင်းထိုမေတ္တာ ဝတ္ထု၊ ၁၂ ဟု၏ ကြည်အေး နှင့်အခြား...
မျက်နှာဖုံးပန်းချီ - တော်တီသွေ
စာမျက်နှာ ၁၇၆ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅ ဘဘလမ်း၊ တာမေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# ချစ်ခြင်းထိုမေတ္တာ
## ဝတ္ထု ၁၂ ပုဒ်

အချစ်ဝတ္ထု။ အချစ်ဇာတ်လမ်းများသည် အနုပညာအသီးသီးတွင် မရိုးနိုင်အောင်ပင် တည်ရှိနေခဲ့ကြပါသည်။

မြန်မာဝတ္ထုတိုများတွင်လည်း ချစ်ခြင်းမေတ္တာကို ဖွဲ့သီသော ဝတ္ထုတိုများစွာပင် ရှိနေပြီးဖြစ်ပါသည်။ အချစ်နှင့် မေတ္တာတို့မှာ လူသားများနှင့်အတူ ယှဉ်တွဲလျက် ရှိမြဲဖြစ်လေရာ ဝတ္ထုဖန်တီး၍လည်း မဆုံးနိုင်သော အခြင်းအရာများဟုပင် ဆိုရပါမည်။ ထို့ကြောင့်ပင် မြန်မာဝတ္ထုတိုများထဲမှ ချစ်ခြင်းမေတ္တာအကြောင်း ခံစားမှုအပြည့် ပါဝင်သည့် ဝတ္ထုတိုများကို စုစည်းနိုင်ခဲ့ပါသည်။

သိမ်မွေ့သော မြန်မာ့လူမှုပတ်ဝန်းကျင်မှ လှပသော ချစ်ခြင်းမေတ္တာ ဝတ္ထုများဟု ပြောလိုပါသည်။ ။

(၁) ကြည်အေး

(၁၇) မစန္ဒာ

(၃၅) ဒဂုန်တာရာ

(၅၅) ခင်နှင်းယု

(၆၄) နိုင်ဝင်းဆွေ

(၈၅) အောင်ခက်

(၁၀၂) မောင်ဝဏ္ဏာ

(၁၁၄) လက်ီာရည်ကျော်

(၁၂၈) ဆူးဌက်

(၁၄၉) မအိ

(၁၆၅) ခင်ခင်ထူး

(၁၇၀) ကျော်ရင်မြင့်

မောင့်ဖို့ကြွေရုပ်

ရှုံးသူ နိုင်သူ

ခင်သူ ကြင်သူ

မြခါးရမ်းကြိုးပိုင်ရှင်

ရန်ကုန်ရဲ့ မေလ ၁ ရက်နေ့မှာ

အမှောင်လမ်း

ရှက်တယ်ဆိုတာ လွယ်ပါတယ်

ကြယ်စင်များဆီသို့

တစ်ကြိမ်... လပြည့်ပြန်ပါလျှင်

ပန်းမဲ့လိပ်ပြာ

ကတ္တာ၀ါ

အောင်ဘာလေ ခင်ကျော်

# မောင့်ဖို့ကြွေရုပ်

## - ကြည်အေး -

(၁)

မရင်ကြွေသည် မနက်မိုးလင်းချိန် အိပ်ရာက နိုးလျှင်နိုးချင်း သူမ၏ စိတ်တွင်းသို့ အရင်ဆုံးဝင်လာသူမှာ ဒေါ်ဒေါ်ဖြစ်လေသည်။ ဒေါ်ဒေါ်ထံမှ တစ်ဖက်မှဲ့တစ်ဖက်ပြုံးသော နှုတ်ခမ်းပါ၍လာရာ အတော်မောရှာ၏။ ခါတိုင်းဆိုလျှင် မောင့်ကိုသာ ညည်းတပြီး အိပ်ရာက ထရ၏။ အားသစ်ရပြီး မျက်နှာမသစ်ခင် သီချင်းဆိုမိတတ်သေးသည်။ အစွန်းအကွက်မရှိသော မနက်ခင်း၏ နောက်ခံကား စိတ်အေးချိုစရာ နေ့လယ်၊ ညနေနှင့် ညတို့သည် ဖြူးဖြူးဖြောင့်ဖြောင့်လိုက်လာလေသည်။ ထို့ကြောင့် မောင့်ကို ကျေးဇူးတင်နေတတ်သည်။

မနေ့ညက တစ်ညလုံး ဒေါ်ဒေါ်လာလည်ပြီး ပြန်သွားကတည်းက မရင်ကြွေ၏ ရင်ထဲမှာ ဆို့နင့်နေသလို ရှိလေသည်။ ဒေါ်ဒေါ်နှင့်တွေ့ရတိုင်း သည်လိုဖြစ်တတ်သဖြင့် အခြောက်တိုက်ပင် စိတ်ကောက်နေမိဖူးသေး၏။ ညကဆိုလျှင် ရုတ်တရက်ပင် အိပ်၍မပျော်။ မောင်က အတင်းမျက်စိမှိတ်ခိုင်း၊ အိပ်ခိုင်းမှ အားနာနာနှင့် အိပ်၍ပျော်ရလေတော့သည်။

"မနက်ကျရင် စိတ်ထဲက ဒီအဖုအထစ်ကလေးဟာ ကျေပျောက်

သွားမှာပဲလေ" ဟုလည်း မျှော်လင့်ဝမ်းသာနေခဲ့သည်။

ယခုတော့ သူမသည် လျှောရဲနေသော စောင်ကိုပင် တင်းအောင်ဆန့်ဆွဲပြီး ခြုံလိုက်မိသေးသည်။ ခါတိုင်းလို လသာဆောင်မှ မောင့်အသံကို နားစွင့်ပြီး ပြုံးမနေမိ။ မောင်သည် မနက်တိုင်း နာရီဝက်မျှ လေ့ကျင့်ခန်းယူတတ်၏။ မောင်၏ အသက်ပြင်းပြင်းရှူသံထုတ်သံမှာ ထိတ်လန့်စရာပြင်းထန်သည်၊ နားမသက်သာ။ မောင်က နေရာလည်း တစ်လက်မမျှမရွှေ့ဘဲ တအားပြေးနေဟန်ကို လေ့ကျင့်သည့်အခါမျိုးမှကား ကြည့်ရသည်မှာ ကြောင်လှသဖြင့် မအောင့်နိုင်ဘဲ ရယ်မိတတ်သည်။ မောင်က ချွေးမတိတ်မချင်း ဆပ်ပပင်ဒါကလေးနှင့်ပင် အိမ်ရှေ့လမ်းမကို ဆင်းလျှောက်နေလျှင်မူ သူမသည် မျက်စိမျက်နှာပျက်ကာ နေမိတော့လေသည်။

"လူဟာ စိတ်လုဖို့သာ အရေးအကြီးဆုံးပဲ" ဟု ဒေါ်ဒေါ် သင်ဖူးသည်ကို သတိရမိသည်။

မောင်ကမူ

"ကိုယ်လုံးအလှကမှ ကြည့်လို့မြင်၊ ထိလို့ရတဲ့ လက်တွေ့အလှကြွေရဲ့၊ အနည်းဆုံး တောင့်တင်းကျန်းမာရမယ်၊ မောင်တော့ မိန်းမလျာတွေ၊ မီးယပ်သည်တွေကို လည်ပင်းညှစ်သတ်ချင်တယ် အဟုတ်ပဲ" ဟု ပြောသည်။

မရင်ကြွေ၏ စိတ်များသည် ပထမတော့ ငြင်းဆန်ချင်သလိုလိုနှင့်၊ နောက်တော့ ဝေ့လည်ဝေ့လည်လာကာ

"မောင်ပြောတာ ဟုတ်သားပဲ" ဟု သက်သက်မဲ့ သဘောတူလိုက်၏။ အကြောင်းပြချက်ကို ရှာ၍မတွေ့၊ ကိစ္စမရှိ၊ သူမသည် မောင်နှင့် အရာရာမှာ အယူအဆချင်းတူလျှင် ပြီးရော မဟုတ်လား။

မရင်ကြွေသည် အပျိုတုန်းကလို အငြင်းမသန်တော့ချေ။ ဟိုတုန်း

ကဆိုလျှင် ဒေါ်ဒေါ်သည် အင်ြင်းပွားမှုကို အားပေးသည်။ ရောယောင်ခေါင်းညိတ်တာကို မကြိုက်၊ ယခုမူ သူမသည် အရာရာမှာ အလျှော့ပေးကာသာနေ၏။ မောင်က သောကြာနေ့ကို စနေနေ့ဟု ြင်င်းတောင်မှ

"ညော့် ဟုတ်လား၊ ကြွေက ရမ်းပြောတာ" ဟူသော စကားမျိုးနှင့် အဆုံးသတ်လိုက်၏။ ဖွတ်မင်ြင်းချင်ပါ။ ပြက္ခဒိန်သွားယူပြီး ပြမယ်ဆိုလျှင် မောင် ရှက်သွားရှာမည်။

မောင်နှင့်ရကတည်းက မရင်ကြွေသည် အတော်ကြီးပြောင်းလဲခဲ့လေသည်။ အပျိုတုန်းက အကြိုက်နှင့် ယခုအကြိုက်ချင်း လုံးဝမတူပေ။

ဒေါ်ဒေါ်နှင့်နေတုန်းကဆိုလျှင် ဖီလော်ဆိုဖီ၊ ကွန်မြူနစ်ဝါဒ၊ လောကဓာတ်ပညာစာအုပ်များကို အဆုံးမသတ်တောင် တစ်ဝက်တစ်ပျက်တော့ ဖတ်ခဲ့ဖူးသည်။ စင်စစ် မရင်ကြွေသည် ဝတ္ထုနှင့် ကဗျာများကို အသည်းစွဲသည်။ ထို့ကြောင့် ဒေါ်ဒေါ်က စာအုပ်ကောင်းများကို ရွေးဝယ်ပေးပေသည်။ ယခု မောင်နှင့်နေတော့ အသစ်အဆန်း တွေ့ရ၏။

မောင်မှာ စာဖတ်နည်း၍ ဖတ်သမျှမှာလည်း အချစ်၊ စုံထောက်၊ စွန့်စားခြင်းတို့နှင့်သာ ပတ်သက်သည်။ မောင့်အကြိုက်ဆုံး ဝတ္ထုတစ်ပုဒ်မှာ 'ညဦးအချစ်' ဆို ထင်ပါရဲ့။

ဒေါ်ဒေါ်က ပြောဖူးသည်မှာ

"စာဖတ်တာဟာ အသိညာဏ်ရချင်လို့၊ ဒါမှမဟုတ် အနုပညာခံစားချင်လို့၊ တစ်ခုခုဖြစ်ဖြစ် ... နှစ်ခုစလုံးဖြစ်ဖြစ် ဖြစ်ရမယ်"

မောင့်စကားကမူ

"ဝတ္ထုဟာ ပျင်းစရာကြီးဆိုရင် ဘယ်ကောင်းမလဲ ကြွေရဲ့၊ ဖတ်သူ ပျင်းနေတာကို ပျော်အောင်လုပ်ပေးနိုင်ရမယ်"

မရင်ကြွေသည် ဆင်ခြေများကို လိုက်လံရှာရလေသည်။ ဝတ္ထုဖတ်တာ ရုပ်ရှင်ကြည့်သလိုပေါ့၊ သိစရာလည်း ပါရမယ်၊ လူကိုလည်း ဖျော်

ဖြေရမယ်၊ လေးလေးမာမာ စာကြီးတွေကို ဘယ်သူကြိတ်မှိတ်ပြီး ဖတ်နေ နိုင်မလဲ၊ ဟုတ်တယ်၊ သူမသည် မောင် ဝယ်ပေးသည့် ဝတ္ထုများကို ကြိုးစား၍ပင် ဖတ်သည်။

ရုပ်ရှင်ဆို၍ မရင်ကြွေသည် မောင့်အကြိုက် ရုပ်ရှင်ကားများကို သာ ကြည့်နေသည်မှာ ကြာပေပြီ။ မေးရိုးဖြုတ်ခြင်း၊ ခြောက်လုံးပြူး သေနတ်၊ တောင်ပင်လယ်လူရိုင်း စသည်တို့နှင့် အတော်ရင်းနှီးခဲ့ပေ သည်။ ဆေးရောင်စုံရင့်ရင့်ကြောင့် အဝါ၊ အစိမ်း၊ အနီ၊ အပြာတို့သည် အိပ်မက်ထဲတောင်လာပြီး ခြောက်လှန့်သည်။ ဒေါ်ဒေါ်နှင့် ကြည့်ခဲ့ဖူး သည့်စကားချည်းပြောနေသော ဇာတ်ကားမျိုးကိုဆိုလျှင် မောင့်ကို အားနာ သည်နှင့် မပြခိုင်း ဖြစ်။

မောင်က တဝါးဝါးသမ်းကာ အိပ်ချင်နေတတ်သည်။ စင်စစ်တော့ လည်း ရုပ်ရှင်ကြည့်တာဟာ တစ်ပတ်တစ်ခါ အပျော်အပါးရှာတာ မဟုတ်လား။ အဆို၊ အက၊ ညကလပ်နှင့် ပိုးဖဲအကျီ မလုံ့တလုံ့ကို မြင်ရ၊ ကြားရမှလည်း အကျိုးနပ်ဦးမှာပေါ့။

မရင်ကြွေသည် လက်ဝှေ့နှင့် ဘောလုံးပွဲကိုလည်း ရောက်ဖူးခဲ့ပေ ပြီ။ လက်ဝှေ့ထိုးသတ်သည်ကို ရင်တမမနှင့် ကြည့်ရ၏။ သွေးကိုမြင် လျှင် ရင်ထဲမှာ တုန်သည်။ မျက်နှာလွှဲပစ်ရသည်။ ရှုံးသူက လဲသွားပြီး မထနိုင်ဖြစ်နေလျှင် သေသွားပြီလား သေသွားပြီလားနှင့် တထိတ်ထိတ် ပူကာ မချမ်းမသာ ဖြစ်ရလေ၏။

ပရိသတ်၏ ရက်စက်ကြမ်းကြုတ်သော သြဘာသံကြီးများသည် နားထဲမှာ ဟိန်းဟောက်လျက် ရှိလေသည်။ ဘောလုံးပွဲကိုမူ 'တော်ပါ သေးရဲ့' ဟု ထင်၏။ လူတွေ လုံးထွေး လုံးထွေးနှင့် ပြေးကြ၊ ဖမ်းကြ၊ ချော်လဲကြမို့ မျက်စိမူးတာတစ်ခုပဲ ဆိုစရာရှိသည်။ သို့သော် ဒိုင်လူကြီးကို ဆဲသံ၊ အချင်းချင်းငြင်းပြီး ရိုက်ပွဲများကို ကြုံလျှင်တော့ ငိုချင်၏။ မရင်

ကြွေသည် မောင့်ကို အကဲခတ်သည့်အခါ အင်မတန်ကို အားရကျေနပ်ဟန် အမူအရာများ တွေ့၍ ကြောက်သလိုလို စိမ့်လာမိဖူးသည်။

မောင်နှင့် ရခါစတုန်းကဆိုလျှင်တော့ စိတ်ထဲက တိတ်တိတ်ခိုးနာကျင်မိသည်။ အတိတ်ကို မေ့ပစ်ချင်၏။ ဒေါ်ဒေါ်နှင့် နေခဲ့ဖူးသည့် အတိတ်၊ သည်အတိတ်ဟာ ဘာများ ဆိုးဝါးနေလို့လဲကွယ်ဆိုတော့ လည်း သူမ,မဖြေတတ်။ တစ်ခါတစ်ခါ အတွေးလွန်လျှင်တော့ ကိုယ့်မာနကိုထိခိုက်ကာ မောင့်ကို စိတ်နာချင်သလို သူဖြစ်ရ၏။ သို့သော် မောင်သာလျှင် သူမ၏ဘဝကို ခြယ်လှယ်သူဖြစ်ပေတော့သည်။ မိန်းမပီသစွာပင် အချစ်သည် သူမ အသက်ရှင်နေထိုင်ခြင်း၏ အကြောင်းရင်းဖြစ်လေသည်။ ဘဝ၏ တစ်စိတ်တစ်ဒေသ မဟုတ်။

ထို့ပြင် သက်သာသည်တစ်ခုမှာလည်း ဒေါ်ဒေါ်နှင့်နေတုန်းက ဆိုလျှင် စကားပြောရာကအစ သတိရိုရ၏။ ဒေါ်ဒေါ်က စေ့စပ်သည်။ အမှားထောက်တတ်သည်။ ယခုတော့ သူမသည် ပုရွက်ဆိတ်ကလေးရင်ထုဝိုရသည်ဟုပြောတောင် မောင်က 'ကဗျာဆန်လိုက်တာကွယ်' ဟုချီးကျူးမည် ဖြစ်လေတော့သည်။

မောင်နှင့် တွဲတွဲပြီး လူသူပရိသတ်ထဲလည်း အတော်ဝင်နေမိပေသည်။ အရင်ကဆိုလျှင် အိမ်ထဲ ခပ်ကုပ်ကုပ်ရယ်၊ ယခုတော့ လူတွေနှင့် ပေါင်းရ၍ အလိုက်အထိုက် လုပ်တတ်လာပြီ။ စီးကရက်တည်တာကိုပင် ဟန်ပါပါသောက်တတ်လာ၏။

စီးကရက်ငွေ့သည် မျက်လုံးကိုရိုက်ကာ မျက်စိများပင် ကျိန်းစပ်နေတတ်သည်။ ထို့ပြင် 'တွေ့ရတာ ဝမ်းသာပါတယ်' တို့၊ 'ကျေးဇူးတင်ပါတယ်' တို့ကိုတောင် ဖောဖောသီသီ သုံးကာနေလေသည်။

ဒေါ်ဒေါ်နှင့်နေတုန်းကတော့ ခပ်အေးအေးရိုးရိုး၊ မောင်နှင့်ကျတော့ ခေတ်မီရမည် ဆိုသည်။ ဖျတ်ဖျတ်လတ်လတ် သွက်လက်ရမယ်လေ၊

ငိုင်တိုင်တိုင်ကြီးမနေနဲ့ တောသူကျနေတာပဲ၊ အင်္ဂလိပ်လိုပြောစမ်းပါ ကြွေရဲ့၊ နို့မဟုတ်ရင် သူများက မတတ်ဘူးလို့ အထင်သေးသွားမှာ။

(၂)

"ကြွေရေ"

မောင့်အသံမှာ ကျယ်၍ပြားတယ်လို့ ခေါ်ရမလားမသိ၊ အရေးတကြီးရှိလှသည်။ မောင်က လွှတ်ခနဲ အော်ခေါ်တတ်သည်ကို ပထမတော့ အလန့်တကြားဖြစ်ဖြစ်သွားရလေသည်။ မောင်က အိမ်သာထဲကပေမဲ့ အိမ်ရှေ့ခန်းသို့ လှမ်းပြီးအော်၍ ပြောတတ်သည်။

ကြွေမှာ ပြန်အော်၍ မဖြေတတ်၊ အသံမထွက်။ ပြီးတော့ သူမ၏စကားကို မောင် သိပ်နားမလည်တတ်။

"မပွင့်တပွင့်မလုပ်စမ်းနဲ့ ကြွေရယ်၊ ကျယ်ကျယ်ပြောစမ်းပါ" ဟုထပ်၍ ပြောတတ်သည်။

"ကြွေရေ"

"လာပြီ မောင်" ဟုထူးရင်း မရင်ကြွေသည် အိပ်ရာက လူးလဲထလေသည်။ မောင်ကတော့ ထူးတာကို မကြားဘဲ ကြွေရေ ကြွေရေနှင့် ခေါ်နေပြန်သည်။

"အဝတ်အစား မြန်မြန်ထုတ်စမ်းပါ ကြွေ၊ မောင့်ဆိုင်ကယ် ကလပ်မှာကျန်ခဲ့လို့ ကိုခင်မောင်တို့ကျစ်နဲ့ လိုက်သွားရမယ်၊ တော်ကြာ ဝင်ခေါ်မှာ"

မရင်ကြွေသည် နှူတ်ခမ်းစူသလို၊ မျက်စောင်းချိတ်သလိုနှင့် ... စင်စစ်တော့လည်း ချစ်စရာအပြုံးမျှသာရှိသော မျက်နှာဖြင့်

"မျက်နှာတောင် မသစ်ရသေးဘူး ရှင့်"

သို့သော်လည်း သူမသည် စွပ်ကျယ်၊ ရှပ်၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ

ရှည်တို့ကို ထုတ်လျက်ရှိလေသည်။ ဩော်... ပြီးတော့ နက်ကတိုင်ကို အင်မတန်မေ့တတ်သည်။ သူမစိတ်ထဲမှာ ဒီတစ်ခုဟာ အပိုပါပဲဟု ထင်လို့လားမသိ။ မောင်ကတော့ ဂရစိုက်၏။ အင်္ဂလိပ်လိုဝတ်လျှင် အင်္ဂလိပ်နဲ့တူမှ။ နားမလည်တဲ့လူတွေ လုပ်တတ်သေးတယ်၊ လည်ပင်းက ကော်လာမာနဲ့၊ အပေါ်က ဘလေဇာဝတ်လို့။

မရင်ကြွေသည် မျက်နှာသစ်၊ သွားတိုက်နေစဉ်မှ မောင်သည် ရေတဖွမ်းဖွမ်းချိုးနေ၏။ ဘုံပိုင်လှည့်သံ၊ ဆပ်ပြာတိုက်သံကအစ အပြင်သို့ရောက်လာသည်။ မောင်က ခပ်ကြမ်းကြမ်း ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တတ်သည်။ တိုက်မိ ခိုက်မိတတ်သည်။ သို့ပေမဲ့ သွေးထွက်တာတောင် နာပုံမရ၊ ယောက်ျားပီသတယ်ဆိုတာ ဒါပေါ့။

သူမသည် ခေါင်းဖြီးရန် ပြန်လာသည့်အခါမှ မောင်သည် မျက်နှာသုတ်ပဝါကြီး ခြုံ၍လိုက်လာပြီး မှန်ရှေ့ရပ်လေတော့သည်။ ထို့ကြောင့် နောက်ဆုတ်ပေးပြီး ရပ်ကြည့်နေရ၏။ မောင်က ယောက်ျားပေမဲ့ မှန်တော့ အကြိုက်သား။ မရင်ကြွေ၏ ဟေဇလင်ဘူးသည် သူ လိမ်းတာနှင့် ကုန်တတ်သည်။

ဘော်ဒီပေါင်ဒါဆိုလည်း ဒီလိုပါပဲ၊ မောင်က ဘရိုင်ကရင်မ်များကို ခေါင်းထဲထည့်နေစဉ် သူမသည် 'များများထည့်ရင် မကောင်းဘူး'ဟု ပြောလိုက်မည် ပြင်မိသည်။ ခေါင်းဆံပင်ကို တလက်လက်တဝင်းဝင်းဖြစ်အောင် သလျှင် သူမ မကြိုက်၊ ကပ်ပြီး တောင့်နေတတ်၏။

မောင်က အကျီ၊ ဘောင်းဘီများဝတ်ပြီး၍ ကုတ်အင်္ကျီအပေါ် အိတ်ထဲကို ရေမွှေးနှင့် ကြိုင်သင်းသော လက်ကိုင်ပဝါလေး တစ်ဝက်ပေါ်အောင် ထည့်နေသည့်အခါမှ စိတ်ထဲတွင် တစ်မျိုးဖြစ်သွားကာ ဒေါ်ဒေ့ကို သတိရသွားပြန်၏။ ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးသွားသည်။ ဘာဖြစ်လို့ မောင်တစ်ယောက်တည်း စိတ်ထဲမှာ မထားနိုင်ရတာလဲ။

မရင်ကြွေသည် မေ့ပျောက်ချင်သဖြင့်

"အမယ်လေး လူပျိုလုပ်နေလိုက်တာ" ဟု တွေ့ကရာစကားနှင့် ပြောင်လိုက်မိလေသည်။

မောင်က မျက်စိတစ်ဖက်မှိတ်ပြီး

"ရုံးမှာ မောင်က လူပျိုလို့ ပြောထားတာကွ၊ ကြွေ့မောင်ကို ကောင်မလေးတွေ ဝိုင်းနေတာ တစ်ခါလောက် လာဖမ်းစမ်း" ဟုပြောပြီး ရယ်လေ၏။

သူမသည်

"ဒါကြောင့် ဒေါ်ဒေါ်ကပြောတာ" ဟု စကားစလိုက်ပြီး တစ်ဝက်နှင့်ဖြတ်ထားလိုက်မိ၏။ ဒေါ်ဒေါ်က ဘာပြောသလဲ၊ ကြွေ့လူက တယ်တိမ်တာပဲတဲ့၊ ဟေးလား ဝါးလား သမားပဲတဲ့၊ အို ရက်စက်လှသည်။ မောင်ဟာ စင်စစ်တော့ မယားကိုချစ်တဲ့ လင်ပဲ။ ဒါသည်ပင် အိမ်ထောင်ရေးမှာ အလုံလောက်ဆုံးဟု သူမ မြင်သည်။

မောင်က မျက်မှောင်ကုတ်ပြီး

"ဘာလဲ ဒီအပျိုကြီးက ကိုယ့်ဘာသာကိုယ် လင်မရလည်း အေးအေးနေတာ မဟုတ်ဘူး၊ သူများ လင်မယားကြား ဝင်ရှုပ်ချင်တယ်၊ ညကလည်း ဘာလာပြီး လေပန်းနေတာလဲ" နောက်မှ မောင်က မရင်ကြွေ့ မျက်နှာမကောင်းဖြစ်သွားသည်ကို သတိပြုမိသွားသလို ပြောင်စပ်စပ်လုပ်ပြီး

"ဒီအဒေါ်ကြီးတော့ ယောက်ျားစပ်လို့မရရင် မောင်ကိုယ်တိုင်ပဲ ယူလိုက်မှ ထင်ပါရဲ့" ဟု နောက်၏။

မရင်ကြွေက

"အို မောင်ကလည်း" ဟုသာဆိုပြီး မသက်မသာပင် ရယ်လိုက်ရသည်။ ရင်ထဲမှာတော့ ဝေဒနာလိုလို။ သို့ပေမဲ့ မောင်က ပြောတတ်တာ၊

ဘယ်တတ်နိုင်မလဲ သည်လို အပြောမျိုးက ရိုးလည်းနေပါပြီ။ ဒေါ်ဒေါ် မနေ့က လာလည်သွားရ၍ ခုလို စိတ်တွင် ခုလုခုလု ဖြစ်နေမိတာ ထင်ပါရဲ့။ သူမသည် ဒေါ်ဒေါ့်ကို ကျိန်ဆဲလိုက်မိပြီးမှ ဝမ်းနည်းသွားလေသည်။

မရင်ကြွေသည် စကားတစ်မျိုးပြောင်းလို၍

"ညက ကလပ်သွားပြီး ဖဲရိုက်တယ်ပေါ့လေ၊ ဘယ်လောက်ရှုံးခဲ့သလဲ" ဟု ဟန်လုပ်သည့် မျက်နှာထားကလေးနှင့် မေးလိုက်၏။

"ဘီလိယက်ထိုးတာပါ ကြွေရဲ့၊ ဖဲ ဘယ်တုန်းက ရိုက်ဖူးလို့လဲ၊ ထိုင်ရတာ ညောင်းလွန်း ပျင်းလွန်းလို့ပါ၊ ပြီးတော့ စိတ်လည်း မရှည်ပါဘူး"

မရင်ကြွေသည် ကျေနပ်၍သွားကာ

"ကဲ ကဲ ထမင်းစားမသွားဘူးလား"

"မစားဘူး၊ ညက ကိုခင်မောင့်ကို နိုင်ထားလို့ သူက ဝယ်ကျွေးမယ်ပြောတယ်၊ ဆန်းကဖေးမှာ"

ထိုခဏ၌ ကိုခင်မောင်၏ ဂျစ်မှ ဒပ်ဘဲလ်ဟွန်းသံသည် အိမ်ရှေ့သို့ လာမြည်လေရာ၊ မောင်လည်း မှန်ကို နောက်ဆုံးတစ်ချက်ကြည့်လိုက်ပြီး သဘောကျဟန်နှင့် ခေါင်းကို မော့လိုက်၏။ ဖျတ်လတ်ပေါ့ပါးသောတင်းနစ်အရိုက်ကောင်းသူ၏ ခြေလှမ်းဖြင့် အခန်းပြင်သို့ထွက်ရာ မရင်ကြွေလည်း အမီလိုက်သွားပြီး ရုတ်တရက် သတိရကာ

"ကိုခင်မောင်နဲ့ သိပ်မတွဲပါနဲ့ မောင်၊ ဒီလူက အင်မတန်စာရိတ္တ ပျက်တယ်၊ တော်တော်ကြာ မောင် မြင်းလောင်းတို့၊ မိန်းမလိုက်တို့ တတ်သွားမယ်"ဟု ပြောလိုက်ပြီးမှ အားနာ၍သွားမိ၏။ အားနာဖို့လည်း မလိုပါဘူးလေ၊ အကောင်းပြောတာဟာ၊ မောင့်ကို အလိုလိုက်လွန်းရင် ပျက်စီးမှာ ကြောက်ရတယ်။

မောင်၏အပေါင်းအသင်းများကို သူမသည် ခပ်ရွံ့ရွံ့ရှိလေသည်။

အများအားဖြင့် ဆူဆူညံညံနှင့် လူကြီးလူကောင်းကြမ်းပိုးများသာ ဖြစ်၏။ မရင်ကြွေရှေ့မှာတင် သူတို့ ရမ်းကားပုံများကို အကောင်းလုပ်ပြီး ကြွားတတ်သေးသည်။ မောင့်မျက်နှာကြောင့်သာ သူမသည် အောင့်အည်းပြီး ခေါ်ပြောနေရသည်။ မောင့်မိတ်ဆွေကြီး ကိုခင်မောင်ဆိုလျှင်တော့ ရိုက်ပစ်ချင်သည်။ မရင်ကြွေကိုပင် သူက အရသာခံပြီး ကြည့်တတ်သည်။ မျက်နှာကိုက ဣန္ဒြေမှမရဘဲ။ မောင်ကတော့ ဘာမှလည်း မသိတတ်။

လင်မယားနှစ်ယောက်သည် နောက်ဆုံးအပြုံးများနှင့် နှုတ်ဆက်ကြလေသည်။ မောင်က ကိုခင်မောင်ကို တပေါ်းပေါ်းနှင့် လှမ်းအော်နေရင်း ဂျစ်ပေါ်သို့တက်သည်။ ကားဂီယာဆောင့်အသွင်းမှာ မောင်ကနှုတ်ခမ်းနှင့် လက်ဖျားကလေးထိကာ ထိုအနမ်းကို လှမ်းပစ်ပေးလိုက်ရာ မရင်ကြွေသည် ရှက်ရှက်နှင့်ပင် ပြုံးနေလိုက်ရလေသည်။ မောင်အင်မတန်ကဲသည်။ ဂျစ်ပေါ်မှာ တခြားလူတွေလည်း ပါသေးသည်။ သူတို့က မရင်ကြွေကို ရင်းနှီးစွာ ရယ်ပြကြလေသည်။ ကားသည် ဆယ်ကိုက်လောက် မောင်းသွားပြီးသည့်အခါမှာမူ ရွှမ္ဘုန်းစရာ ကိုခင်မောင်က လည်ပြန်လှည့်ပြီး မရင်ကြွေအား လျှာထုတ်ပြလိုက်ရာ သူမသည် ရုတ်တရက် အံ့အားသင့်သွားလေသည်။

နှုတ်ခမ်းကိုကိုက်ရင်း ရင်ထဲမှာ လှိုက်လှဲလာလေသည်။ မောင့်ကြောင့် မောင့်ကြောင့်၊ ဒါတွေများ ဒေါ်ဒေါ်သိလျှင် ဘာပြောမည်လဲ၊ အို ငါကပဲ ခေတ်မီတဲ့ သဘောထားကျယ်ဝန်းတာကို မထားတတ်လို့လေလား၊ သူမသည် မချုပ်တည်းနိုင်ဘဲ ပခုံးတွန့်လိုက်မိလေ၏။ နာကြည်းနေသလိုလို။ ဒေါ်ဒေါ်၏ သရော်ချင်တာကို မျိုသိပ်ထားသည့် အမူအရာကို မြင်ယောင်လာ၏။ ထို့ကြောင့် စိတ်မချမ်းသာ။

ဒါပေမဲ့ ဖျောက်ပစ်ပါ့မယ် မောင်၊ မောင် ... မောင်သာလျှင် သူမ၏ လောကမှာ ရှိရမယ်။ ဘယ်သူမှ လာမစပ်ယှက်နဲ့၊ ဒေါ်ဒေါ်

ဆိုတာက မောင်နှင့်ယူတာကို နည်းနည်းမှ သဘောတူသူမဟုတ်၊ ပေးစားမယ့်သာ ပေးစားလိုက်သည်။ ဒီတော့ စေတနာဖြူတယ်ပဲ ထားဦး၊ ဒေါ်ဒေါ့်ထံက အန္တရာယ်ကို ရနိုင်သည်။ သူမသည် ဒေါ်ဒေါ့်ကို မုန်းတီး၍ လာလေသည်။ ကြည့်ပါလား၊ ညက ဒေါ်ဒေါ်ပြောလိုက်တာ။

"ကြွေ့ကို ဒေါ်ဒေါ်နှမြောလှတယ်ကွယ်" ဆိုပါကလား။ ဒါဟာ စကားကောင်းလား။

ညက ဒေါ်ဒေါ်သည် မောင်လည်း မရှိသည်နှင့် တော်တော်ကြာကြာပင် နေသွားလေသည်။ မောင့်အကြောင်းချည်းပဲ မေးနေ၍ သူမသည် စိတ်တောင်ညစ်၍ နေမိ၏။ စကားပြောရသည်မှာ ဖာထေးနေရတာချည်းများ၍ ဒေါ်ဒေါ်သည် နှာခေါင်းရှုံ့ပြီး ပါးစပ်တစ်ခြမ်းမဲ့ရွဲ့၍ သွားတတ်သည်။ မရင်ကြွေကို သနားဟန်ဖြင့် မျက်နှာကို ပြင်ပါ၏။ သူမကတော့ စိတ်မလုံ။ ဒေါ်ဒေါ်က နှောက်ဆုံး နားလည်ပြုံးနှင့် ခေါင်းညိတ်သည်။ အခံရခက်လှသည်။ ပြန်ခါနီးတွင်မူ အမှတ်မထင်လိုလို၊ တမင်လိုလိုနှင့် ပြောသွားသည်မှာ

"ကြွေ့ကို ဒေါ်ဒေါ် နှမြောလှတယ်ကွယ်"

(၃)

မရင်ကြွေသည် တစ်နေ့လုံး စိတ်ထဲမှာ ထောင့်နေ၏။ ဘယ်သူ့ကိုမှန်းမသိ၊ ဒေါသဖြစ်ကာနေသည်။ ဒေါ်ဒေါ့်ကို အနှောင့်အယှက်တစ်ခုလို ထင်နေ၏။ သူမသည် မောင်နှင့်သာ အသက်ထက်ဆုံး သင့်တင့်အေးချမ်းစွာနေချင်ပါသည်။ လင်မယားတစ်ခါမှ ရန်မဖြစ်ဖူးဘူးဟု လောကကို ကြေညာပြချင်သည်။ လူနှစ်ယောက်ပေါင်းသင်းရာမှာ တစ်ယောက်တည်းကသာ အကြွင်းမဲ့လိုက်လျောနိုင်ပါစေ ဘယ်တော့မှ ခလုတ်တံသင်း မတွေ့နိုင်ဟု ယုံကြည်၏။ သူမသည် အကြွင်းမဲ့

လိုက်လျောနိုင်သူတစ်ယောက်ဖြစ်ဖို့ကို မပင်ပန်းချေ။ အနာခံပြီးကို ကြိုးစားချင်လေသည်။

အိမ်ထောင်ပြုခြင်းကို ဘဝသစ်ပြောင်းရသလို ထင်မြင်၏။ သူ့မတွင် မိဘလည်း မရှိ၊ မောင်နှမလည်း မရှိ၊ ဒေါ်ဒေါ့ကိုလည်း စွန့်ခွာခဲ့ပေပြီ။ မောင်သာလျှင် သူ့မ၏ရုပ်ဖြစ်ကာ မောင်သာလျှင် သူ့မ၏ နာမ်ဖြစ်ချေတော့သည်။ ကံကောင်းထောက်မ၍ မောင်သည် အားကိုးစိတ်ချနိုင်စရာ လူဖြစ်ပေသေးသည်။

ကြွေ့ကို ဘယ်လောက်ချစ်သလဲ၊ အလိုက်သိတာလေးတွေကလည်း စွဲမက်ချင်စရာ၊ အားနွဲ့သောမိန်းမမျိုးကို ညှာတတ်သည်။ မိန်းမကပါးရိုက်သည်ကို အနမ်းနှင့် တုံ့ပြန်မည့်ယောက်ျား။

သို့ပေမဲ့ ဒေါ်ဒေါ်၊ အို ဒေါ်ဒေါ်ဟာ ဘာ့ကြောင့် ရောက်ရောက်လာပါသလဲ။ သည်နေ့ကိုစိတ်ကစားလှပါသည်။ အပျိုတုန်းက ဒေါ်ဒေါ်သင်ကြားဆုံးမသည့် စကားများသည် ပြန်ပြီးလာကြသည်။ မရင်ကြွေကတော့ အားလုံးကို ခြေမွှပစ်လိုက်ချင်သည်။ အရင်ကအကြောင်းများကို ကောင်းကောင်းဆိုးဆိုး မေ့လိုက်ချင်ပြီ။

ယခုတော့ အားလုံးအသစ်ချည်းပဲ။ အပျိုတုန်းက ပိုင်ဆိုင်သည့် ပစ္စည်းများကို ဒေါ်ဒေါ့ဆီမှာသာ ထားပစ်ခဲ့တော့သည်။ မောင်နှင့်အတူ နေသောအိမ်သစ်မှာ စင်စစ်တော့ သုံးလမှမကြာသေးသည့် တည်ဆောက်ခါစ ကမ္ဘာ၊ အိမ်ရှေ့မှာဆိုလျှင် ပဒေသာပင်ပုံ ကိုက်ညှပ်ထားသည့် ပုဏ္ဏရိုက်ပင်စည်ရိုး၊ ပြီးတော့ ကြယ်ပုံ လခြမ်းပုံ သရက်ထည်ပန်းခင်း၊ လေးကိုင်းလိုကွေ့ဝိုက်ထားသည့် အထွက်အဝင် လမ်းပေါက်၊ အိမ်ဆေးသုတ်ထားတာက အဝါရောင်၊ ခန်းဆီးတောက်ပပ၊ ပေါလစ်ပြောင်သောပရိဘောဂ၊ တိမ်ဖြူရောင် ရေဒီယို။

ဒေါ်ဒေါ်နှင့်နေခဲ့သည့် သစ်ပင်အရိုင်းအရိုင်းနှင့် တိုက်ပန်းနွယ်

ပတ်သော အရင် အိမ်ညို့ညို့ကို မလွမ်းတော့ပါပြီ။

(၄)

နေရောင်သည် အနောက်မှ စောင်းရွှေ့ပြီးလာလေသည်။ စောပါသေးတယ်၊ ထိုခဏမှာ သုံးနာရီထိုး၏။ အို ဟုတ်ပါ့မလား၊ နေ့လယ်ကော်ဖီတောင် ဖျော်မသောက် ရသေး၊ သူမသည် အချိန်တွေ လွယ်လွယ်နှင့်ကုန်သွားသည်ကို အံ့သြပြီးနေလေသည်။ ဒေါ်ဒေါ်နှင့်နေတုန်းကဆိုလျှင် အချိန်ကို စေ့ငအောင်သုံးမိသည်။ ခုလိုငေးမောပြီး မနေတတ်။ မောင်နှင့်ရတော့ ဘာကိုမှ စိတ်မဝင်စားချင်တော့ဘဲ မောင့်ကိုသာ တွေးနေမိတတ်သည်။ ညနေကလေးစောင်းချင်ပြီဆိုလျှင် အိမ်ရှေ့ထွက်ကာသာ စောင့်မျှော်နေရသည်နှင့် ဘာမှ မလုပ်အား။

သုံးနာရီထိုးပြီဆိုလျှင် နောက်တစ်နာရီအတွင်း မောင် ပြန်လာပေတော့မည်။ ရေချိုးရဦးမည်။ အလှပြင်ရဦးမည်။ ထမင်းပွဲပြင်ဆင်ရဦးမည်။

"သုံးနာရီခွဲရင် ထမင်းပွဲပြင်ဟေ့" ဟု နောက်ဖေးဆောင်သို့ လှမ်းပြီးပြောလိုက်၏။ သူမသည် မောင်ပြန်လာမှ ထမင်းပွဲနားသို့ကပ်ပြီး ဝိစကီနှစ်ခွက်မျှ ငဲ့ပေးမြဲဖြစ်လေသည်။ မောင်သည် ကျန်းမာရေးကို ဂရုစိုက်၍ ကြက်ဥ၊ နွားနို့တို့မှာ ယုံကြည်၏။ အရက်ကို ထမင်းစားကောင်းအောင် စည်းစနစ်တကျသောက်မြဲ ဖြစ်လေသည်။ မရင်ကြွေမှာ ယခုမှ အရက်ကို နီးစပ်ဖူးသဖြင့် ခပ်ထိတ်ထိတ်ဖြစ်တတ်သည်ကို မောင်က တဟားဟားရယ်၏။

"ကြွေကလည်းကွာ လူနဲ့တည့်တယ်၊ ကြွေ စမ်းကြည့်ပါလား"

မရင်ကြွေသည် စိတ်မကောင်းသလိုလိုဖြစ်လာပြီး ခဏမျှ ငိုင်နေလေသည်။ သို့ပေမဲ့ မကြာခင်မှာ ပျော်ရွှင်ပြုံးရယ်သည့် ချစ်သူမျက်နှာ

သွေးရောင်ကြွကြွကို မြင်ရတော့မှာပါ။ ချစ်သူ့မျက်နှာကလွဲလို့ ဘာကို ကြည့်ရဦးမှာလဲကွယ်။ မောင်သည် ထုံးစံအတိုင်းပင် လူရှေ့ မရှောင် အတင်းဖက်ရမ်းနမ်းရှုပ်ပြီးမှ အိမ်ထဲသို့ဝင်ပေလိမ့်မည်။ ပြီးတော့ အတူ ထိုင်ပြီး တွေ့ကရာပြောရင်း ထမင်းစားကြပေမည်။ သူမသည် မောင့် အပြန်ကိုကြိုဖို့ အလှသာပြင်ရပေတော့မည်။

ထို့ကြောင့် ရေချိုးဖို့ ပြင်ရသည်။ ဒေါ်ဒေါ့ကို တွေးမိပြန်၏။ ရင်ထဲမှာ ဆို့တို့တို့က တယ်မပျောက်ချင်။ ရေချိုးပြီး၍ အဝတ်အစား ဝတ်ဖို့ အခန်းထဲဝင်လာသည့်တိုင်အောင် ခပ်ငေးငေးနေမိ၏။ ကိုယ်မှ ရေပေါက်ရေစက်တို့ကိုတောင် စင်အောင်မသုတ်မိ။ နောက်ဆုံးမှာမူ 'မောင်' ဟု တိုးတိုးကျိတ်ခေါ်လိုက်ပြီး သက်ပြင်းကလေးချရာက သီချင်း ဆိုဖို့ စိတ်ကူး၏။ သီချင်း၊ သီချင်းဆိုလျှင် ကာလပေါ် ကြွကြွရွရွသာ မောင်က ကြိုက်သည်။ ရှေးသီချင်းဆိုလျှင် ဘိန်းစားသံသော၊ ဖိန်းချား သံသော အကုန်ငြီးငွေ့၏။ သူက စိတ်ကူးနဲ့ ရူးတဲ့သူ မဟုတ်။ 'ငါးမိနစ်ပဲ ဆက်နေပါရစေ'ဟူသော အင်္ဂလိပ်သီချင်းကို နှစ်ခြိုက်စွာ လေချွန်တတ်သည်။

မရင်ကြွေသည် မောင် ကြိုက်သည့်သီချင်းကိုပင် ကျော့ထပ်ပြီး ဆိုရင်း ပေါင်ဒါရိုက်ပြီးသော် ပါးပြင်ကို နှင်းဆီရိပ်ကလေးထည့်ဖို့ စိတ်ကူး၏။ စင်စစ် အပျိုတုန်းကတည်းက နှုတ်ခမ်းတစ်ခုသာ ဖျော့ဖျော့ဆိုး တတ်၏။ ဒါတောင် သွားစရာ လာစရာရှိမှ။ ဒေါ်ဒေါ်က အတုအပကို တန်ဖိုးမထား။ မောင်ကမူ မရင်ကြွေ့လက်သည်းကလေးများကို တံစဉ်း နှင့်တိုက်ကာ လခြမ်းကလေးများတောင် ပြုပြင်ပေးတတ်သည်။ ချစ်စရာ ကောင်းသော စပ်စုခြင်း။

မရင်ကြွေသည် ထဘီကိုပင် အဆင်ရွေးနေပြန်လေသည်။ ထဘီ ဝယ်ရာမှာတော့ သူမသည် စိတ်အရှုပ်ဆုံးဖြစ်ပေသည်။ မရင်ကြွေ၏

အချစ်တော်မှာ အပြာသက်သက်၊ သို့မဟုတ် အပြာစပ်သော အရောင်တစ်ခုခု။ အပွင့်အခက်ဆိုလျှင်လည်း သိပ်မကြမ်းရ၊ ယဉ်ရမည်။ အေးရမည်။ ဘာကြောင့်လဲဆိုလျှင် သူမ၏မျက်နှာ၊ ကိုယ်ဟန်မှာ သိပ်မကြွားဝင့်လှ။ ရိုးရိုးနဲ့.နဲ့.ရှိသည်။ သို့သော် မောင်က စတော်ဘယ်ရီ၏အနီကို ကြိုက်သည်။ အဆင်ဆိုလျှင် ကွက်ကြဲ၊ စောင်စင်း။

မရင်ကြွေသည် မောင်လည်း ကျေနပ်ရလေအောင် ရွှက်လှအနီများ ခတ်ထားသည့် တိမ်ပြာခံထဘီကို ဝတ်ရ၏။ အပြာနှင့်အနီ၏ ရဲရင့်သော အလှသည် မှန်မှာလာပေါ်သည်။ လိုက်၏။ သို့သော် ကိုယ့် ဆပ်တွန့်ကြယ်ပြာပွင့်ထဘီလောက်တော့ မနှလှဘူးလေ။ ခက်သည်မှာ အဲဒီကြယ်ပြာပွင့်ထဘီကိုမှရွေးပြီး မောင်က ပြောဖူးသည်။

"ဘယ့်နယ်လဲ... အဆင်က မိန်လှချည်လား၊ ဟောင်းလို့ထင်ပါရဲ့" မရင်ကြွေသည် စိတ်ထဲမျက်တက်တက် အောင့်သက်သက်နှင့်ပင် ထိုထဘီကို အဝတ်နည်းသွားလေတော့သည်။

အားလုံးပြီးစီး၍ မွေးမွေးကြိုင်ကြိုင်နှင့် တံခါးဝသို့ထွက်ရပ်ကာ မောင့်ကိုမျှော်၏။ အလိုက်သင့်ပင် မောင့်ကို သွားတွေ့သည်။ ဟိုဝေးဝေးမှာ အို မောင်၊ သူမသည် ရုတ်ခနဲ တောင့်တင်းသွားလေသည်။ လမ်းမက အော်လာလိုက်တာ၊ ကြွေရေ ကြွေရေနဲ့. လူတွေ ကြားကုန်တော့မှာပဲ၊ ကျယ်ကျယ်လောင်လောင်ကြီး ဘာများဖြစ်လာသလဲ။

"ကြွေရေ ထောပတ် ၄ ဘူးတောင် ရလာတယ်ဟေ့၊ ရာရှင်ဈေးနဲ့ ကွ ဒိမ်ပဲ"

သူမသည် တံတွေးမျိုချရင်း ...

"ကလေးဆန်လိုက်တာနော်" ဟု ဖြေပြောကလေးနှင့် ညည်းလေသည်။ မောင်က နီးကပ်လာရာ မော်တော်ဆိုင်ကယ်၏စက်သံသည် ပြင်းထန်ဆူညံလာ၏။ မရင်ကြွေ၏နှလုံးသည် တဒိန်းဒိန်းခုန်ကာ

မော်တော်ဆိုင်ကယ်သံနှင့် ပြိုင်ပြီးမြည်သည်။ အသံနှစ်ခု ရောသွားပြီး ဘယ်ဟာကိုမှ မခွဲခြားတတ်တော့ချေ။ သူမသည် မောပန်းလာလေ၏။ ငယ်ငယ်ကတည်းက မော်တော်ဆိုင်ကယ်သံတို့၊ တရုတ်လင်းကွင်းသံတို့ကို နားခံ၍မရ။ ရင်ထဲက ဟာခနဲ ရှိတ်ခနဲ ထိတ်တတ်သည်။

နောက်တစ်ခဏတွင်မူ ကျယ်ပြန့်ဖုထစ်သော မောင့်ရင်အုပ်သည် မရင်ကြွေ၏ မျက်နှာပေါ်မိုးလာသည်။ ချွေးနံ့၊ ဖုန်နံ့၊ နေနံ့၊ မောင်ကစိုထိုင်းပူနွေးသောလက်ဖြင့် သူမ၏ပါးအို့ကို တအားဖျစ်ကာ လိမ်ဆွဲလေသည်။ ရယ်သံနှင့်အတူ အိမ်ပေါ်ပြေးတက်သွား၏။ ဖိနပ်ကိုမချွတ်။ ခြေသံက တဒိုင်းဒိုင်းပြေးနေသေးသည်။ အသက်ဝင်လှုပ်ရှားခြင်းနဲ့အတူ မောင် ပြန်လာပြီလေ။

မရင်ကြွေ၏ပါးပြင်မှာ သွားနှင့်ကြိတ်မိသွား၍ အတော်နာသွားရာ လက်ဖဝါးနှင့် အသာအုပ်လိုက်မိသည်။ မောင်ဘာလုပ်နေမည်ကို နားစွင့်၏။ ဆာလာတယ်နဲ့ တူတယ်၊ လိုက်မသွားဘဲ ရပ်နေမိသည်ကို ရယ်လိုက်မိရာ ပါးပြင်သည် ပို၍နာသွားကာ အလိုလို မျက်ရည်များ လည်လာလေသည်။

သို့သော် မောင် ပြန်လာပြီး မရင်ကြွေ့လက်ကို ဆွဲခေါ်သည့်အခါ မူကား သူမ၏ နှုတ်ခမ်းပေါ်တွင် အချိန်ကြာဆုံးသောအပြုံးကို တွေ့ရသည်။ မျက်ရည်စကိုမြင်၍

"ငိုနေသလား ကြွေ၊ ဘာဖြစ်လို့လဲ" ဟုမေးသည့်အခါမူကား လေ့ကျင့်ထားသော မုသားကို ရသည်။

"ကြွေ့လက်နဲ့ကြွေ မျက်စိကို ခိုက်မိသွားလို့ပါ မောင်၊ ခု ဘာမှ မဖြစ်တော့ပါဘူး"

တာရာမဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၁၈၊ ၁၉၄၉

❑

# ရှုံးသူ နိုင်သူ

- မစန္ဒာ -

"မေခင်... မေခင်... ဘာဖြစ်နေတာလဲ"

မာဝင်းသည် ကယောင်ကတမ်း ဝူးဝူးဝါးဝါးပြောနေသော မေခင်၏ ပခုံးနှစ်ဖက်ကို လှုပ်၍နှိုးလိုက်သည်။ မေခင်၏မျက်နှာသည် ဖြူရော်နေပြီး နှုတ်ခမ်းလေးများက တဆတ်ဆတ်တုန်နေလေသည်။ သူ့ကို ငုံ့ကြည့်နေသော မာဝင်းကိုမြင်သောအခါ ကြောင်ငေးငေးကြည့်နေ၏။

"မေခင် အိပ်မက်မက်နေသလား"

"ဘုရား၊ ဘုရား၊ အဲဒါ အိပ်မက်လား။ တော်သေးတာပေါ့"

ကတုန်ကယင်ပြောနေသော မေခင့်ကို မာဝင်းသည် သနားသလိုကြည့်နေလေသည်။ နဂိုအသားဖြူသော မေခင့်မျက်နှာသည် သွေးမရှိသူကဲ့သို့ ဖြူဖွေးနေသည်။ နဖူးပြင်တွင် ချွေးကလေးများစို့နေလေသည်။

"ဘာလဲ၊ မေခင့်ကို ထန်းပင်လောက်မြင့်တဲ့ အမွေးစုတ်ဖွားကြီးနဲ့ သရဲကြီးက တင်းပုတ်ကြီးနဲ့အတင်း လိုက်ထုနေလို့လား"

မာဝင်းသည် မေခင့်အတွက် ရေတစ်ခွက်ခပ်ပေးရင်း ခပ်သော သောလေးပြောသည်။ အရာရာကို ရယ်ရွှင်ဖွယ်အဖြစ် ဖန်တီးနိုင်ခြင်းသည် မာဝင်း၏ ချစ်စဖွယ် အကျင့်ကလေးဖြစ်လေသည်။

"သရဲကြီးကလိုက်ရင် မေခင် သံဗုဒ္ဓေဆိုမှာပေါ့၊ ဣတိပိသော ရွတ်ရင်လည်းရတာပဲ။ ခုတော့ မေခင့်မှာ ရွတ်စရာဂါထာမရှိဘူး"

"ဘာဖြစ်လို့"

"မေခင့်ကိုဝိုင်းလိုက်နေတာက လူတွေရယ်၊ အင်မတန်ဆိုးတဲ့ ကောင်မလေး လိုက်ကြဟာ သတ်ကြဟုဆိုပြီး လိုက်ကြတာ။ ပထမတော့ မပြေးသေးပါဘူး။ ဒါပေမဲ့ နောက်တော့ မေခင်ကြောက်ပြီး အတင်းထွက်ပြေးတာပဲ"

မေခင်သည် အိပ်ရာထဲမှ အားယူထလိုက်သည်။ ညအိပ်အင်္ကျီ ဖားဖားကြီးကို ဝတ်ထားသဖြင့် ပိန်လျားသော မေခင့်ကိုယ်လုံးကလေးသည် အတန်ငယ်ဝနေသယောင် ရှိနေသည်။

"မေခင့်မှာ ပြေးစရာလည်းမြေမရှိဘူး။ အခန်းကျဉ်းကျဉ်းလေးထဲ ပတ်ပြေးနေရတာ၊ အဲဒီအခန်းလေးထဲကလည်း မထွက်နိုင်ဘူး။ ကြာတော့ မောလာရော"

"ဘာလို့ပြေးနေလဲ မေခင်ရယ်၊ တစ်ယောက်ပြီး တစ်ယောက် ပြန်ပြီး ဂျူဒိုနဲ့ဆော်ထည့်လိုက်ပေါ့"

"သြော် မာဝင်းရယ်၊ သူတို့တစ်တွေက လက်နက်တွေကိုင်ပြီး လိုက်ကြတာ။ ကြက်ကြဖန်ဖန် မေခင့်အိပ်မက်ကလည်း အဆန်းပဲ။ သူတို့ကိုင်လာတာဟာ ဘာလက်နက်ကြီးတွေ ထင်သလဲဟင်"

"ဆိုစမ်းပါဦး၊ အဏုမြူဗုံးတွေမို့လား"

မေခင်သည် စားပွဲပေါ်ရှိ နာရီလေးကိုကြည့်ရင်း ရယ်ဟဟနှင့် ခေါင်းယမ်းပြသည်။ နာရီလေး၏ လက်တံတိုနှင့်လက်တံရှည်တို့သည် ဆယ့်နှစ်ဂဏန်းတွင် ထပ်နေကြပေပြီ။

"ပါးစပ်ကြီးတွေ"

"ဘာရယ်...."

"ပါးစပ်ကြီးတွေမှ အကြီးကြီးရယ်။ သူတို့လက်ထဲမှာ ပါးစပ်ကြီး တစ်ခုစီကို သေနတ်ကြီးတွေလို ကိုင်မြောက်ရင်း အတင်းလိုက်ကြတာ၊ မေခင်ကြောက်တာပေါ့"

"ကြ်ကြ်ဖန်ဖန်မေခင်ရာ"

"မေခင်ပြေးတော့ အဲဒီပါးစပ်ကြီးတွေက တအားဖြ်ပြီး တဟားဟားနဲ့ရယ်ကြတယ်။ မပြေးတော့ဘဲ သူတို့နဲ့ ရင်ဆိုင်မယ်လို့ ပြန်လှည့်တော့ သွားကြီးတွေဖြီးပြီး ခြောက်ပြကြတယ်။ ဟာ.... မာဝင်းရာ တကယ့်ကို ကြောက်စရာကြီးပါ"

မာဝင်းသည် မေခင့်ကို အထူးအဆန်းတစ်ခုလို တအ့ံ့တသြကြည့်နေသည်။ အားကိုးရာမဲ့သူလို မျက်လုံးလေးအဝိုင်းသား ဖြစ်နေသော မေခင်သည် သနားစရာကောင်းသလို ရယ်စရာလည်းကောင်းနေသည်။

"မိုးကြိုးလက်နက်သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်တဲ့၊ ခုတော့ မေခင်က ပါးစပ်လက်နက် လူတို့ စက်လို့ ဆိုဦးမလို့ပေါ့လေ"

မာဝင်းက ရယ်မောရင်း ပြောမိသည်။ မေခင်ကမူ မရယ်နိုင်ချေ။ ငိုင်တွေတွေကလေး ထိုင်နေသည်။ သူ့ခမျာ ပြန်အိပ်ရမည်ကို ကြောက်နေပုံရလေသည်။

"မရယ်ပါနဲ့ မာဝင်းရ၊ မေခင်တကယ်ကြောက်တာ သိရဲ့လား"

မေခင်သည် ရယ်မောနေသော မာဝင်းကိုကြည့်ရင်း စိတ်တိုလာသည်။ စိတ်ရှုပ်သလို နဖူးရေလေးများလည်း တွန့်နေ၏။

"မေခင်မကြောက်တာဘာရှိလဲ၊ မေခင်အားလုံးကို ကြောက်နေတာပဲ။ ဘာဖြစ်လို့ ဒီလောက်ကြောက်နေတာလဲ မေခင်ရယ်"

"အို... မာဝင်းဆိုရင်လည်း ကြောက်မှာပါ"

မေခင်က မခံချင်သလို ပြော၏။ ထို့နောက် မေခင့်ကို စေ့စေ့ကြည့်

ကာ မာဝင်းက တိုးတိုးလေးပြောလိုက်၏။

"မာဝင်းဆိုရင် ဘယ်တော့မှ မကြောက်ဘူးသိလား။ ကြောက်စေချင်လို့ခြောက်ရင် မကြောက်ဘဲ နေပြလိုက်ရုံပေါ့။ ငိုစေချင်ရင် ဘာလို့ငိုရမှာလဲ၊ စိတ်ညစ်စေချင်ရင် ဘာလို့စိတ်ညစ်ရမှာလဲ။ ဒီလောကမှာ မာဝင်း ကြောက်တာတစ်ခုပဲရှိတယ်။ သူတို့ဖြစ်စေချင်သလိုဖြစ်ပြီး သူ့ကို အရှုံးပေးလိုက်ရမှာကိုပဲ"

ပြတ်ပြတ်သားသားပြောနေသည့် မာဝင်းကို မေခင်သည် အငေးသားကြည့်နေမိသည်။ မာဝင်းတစ်ယောက် အစ်ကိုအောင့်ကို သတိရပြန်ပြီဖြစ်ကြောင်း မေခင်နားလည်လိုက်၍ စိတ်မကောင်းဖြစ်သွားမိလေသည်။ အစ်ကိုအောင့်အကြောင်းကို သတိရမိလျှင်၊ တွေးမိလျှင် မာဝင်းတစ်ယောက် အစဉ်စိတ်မကောင်းဖြစ်ရတတ် သည်။ အစ်ကိုအောင်သည် မာဝင်း၏အချစ်ဦး၊ ဆယ့်ငါးနှစ်အရွယ် မာဝင်းငယ်ငယ် အချစ်ရူးလေး၏ အချစ်ဦးဖြစ်ခဲ့ပါသည်။ ရွှေဖူးစာမခိုင် ကံယိုင်သဖြင့် ကွဲကွာခဲ့ကြသည်မှာ ကြာလှပြီဖြစ်သော်လည်း မာဝင်းက မေ့နိုင်စွမ်းမရှိသေးချေ။ မာဝင်းက အစ်ကိုအောင့်အကြောင်း တွေးမိ၊ သတိရမိလေတိုင်း ရယ်စရာများ လျှောက်ပြောကာ ရယ်မောတတ်လေသည်။ သို့သော် မာဝင်း၏ အသံက ခြောက်ကပ်ကပ်ဖြစ်သွားတတ်ကြောင်းကို အနေကြာသောအခါ မေခင်တစ်ယောက် ရိပ်မိလာခဲ့သည်။

"အဲဒီလို အိပ်မက်မက်လို့တော့ မာဝင်း ဘယ်ကြောက်မလဲ မေခင်ရ၊ အဲဒီပါးစပ်ကြီးတွေကိုကြည့်ပြီး ရယ်မှာပေါ့။ သူတို့က သွားကြီးတွေဖြီးပြီး ခြောက်ပြရင် ခဲနဲ့ကောက်ထုမှာပေါ့။ သွားတွေကို တဖြောင်းဖြောင်းကျိုးကုန်မှာ သိလား။ အဲဒီတော့မှ အဲဒီသွားကြီးတွေကိုကောက်ပြီး ကမ္ဘာဦးအစက လူငယျောက်တွေရဲ့ သွားကြီးတွေပါဆိုပြီး သဘာဝသမိုင်းပြတိုက်ကို ရောင်းစားရင် ပိုက်ဆံတောင်ရဦးမယ်။ ရတဲ့ပိုက်ဆံနဲ့

မေခင်ကို သမ္မတရုံမှာ ရုပ်ရှင်ပြမယ်လေ"

"တော်ပါတော့ မာဝင်းရယ်"

မေခင်က လက်ဝါးကာပြပြီးတားလေသော် မာဝင်းသည် ရယ်မောရင်း အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။ ထို့နောက် ခြင်ထောင်ကို လှမ်း၍ဆွဲချလိုက်၏။

"မရယ်ချင်ဘဲနဲ့၊ ဘာလို့ရယ်တာလဲ မာဝင်းရယ်" ဟု ပြောချင်သော်လည်း မပြောရက်သည့်အတွက် မေခင်သည် ငြိမ်နေလိုက်ရလေသည်။

*

မေဒန်အိတ်(စ)ဈေတ်ကား နောက်အပတ်ပြီးမည် ဆိုသဖြင့် မာဝင်းတို့သူငယ်ချင်းတစ်စု ကာလ်တန်ရုံသို့ အပြေးအလွှား ရောက်လာကြလေသည်။ မိဝေတစ်ယောက်ကမူ ပိုက်ဆံပေးပြီးတော့ မင်ဟုဆိုကာ မလိုက်ဘဲ နေရစ်၏။ မိုက်သည်ဟုပဲဆိုဆို မေခင်တို့ကမူ ပိုက်ဆံပေးပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြလေသည်။

"လူကြီးမင်းများ စဉ်းစားကြည့်ကြပါ။ ဘာမှ အသိဉာဏ်မရှိတဲ့ အဟိတ်တိရစ္ဆာန် ဝက်ဝံမကြီးဆိုရင်တောင် သူ့ရဲ့သားသမီးရင်သွေးတွေကို ရန်မူလာတဲ့သူကို ပြန်ပြီးတိုက်ခိုက်တတ်ပါတယ်။ လူဆိုရင်တော့ ဘာပြော နေစရာလိုတော့မှာလဲခင်ဗျာ။ သူ့ရဲ့သားကလေးရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ကြံဆောင်ပြုမူမယ့်သူကို ဒေါသအလျောက် သားကို ချစ်ခြင်းရှေ့ရှုပြီး သတ်မိတဲ့ သူကို အပြစ်ရှိတယ်လို့ ဆုံးဖြတ်ကြမှာလားဗျာ"

မွေးမိခင်ကို မိခင်မှန်းမသိသော်လည်း မိခင်ဘက်မှ မားမားရပ်ကာ လျှောက်လဲချက်ပေးနေသည့် သားဖြစ်သူ ရှေ့နေကလေးကို လူသတ်

တရားခံ လာနာတားနားသည် တရှိုက်ငင်ငင်ကြည့်နေပုံမှာ ရင်နာဖွယ်ကောင်းလှ၏။ ဒါ ငါ့သားဟဲ့ဟု ဂုဏ်ယူဝမ်းမြောက်ကြည်နူးခြင်း စေတသိက်က သူ့မျက်နှာတွင်ထင်ဟပ်ကာ တစ်ချိန်တည်းမှာပင် သားအရင်းကိုပင် သားဟူ၍ ပိုင်ပိုင်မခေါ်နိုင်သောဘဝ၊ မိခင်ဟု အသိမပေးနိုင်သော သူ့ဘဝအတွက် ဝမ်းနည်းကြေကွဲယူကျုံးမရခြင်းကလည်း မျက်လုံးတွင် အရိပ်ထင်လာပြန်သည်။ မင်းသမီးကြီး လာနာတားနားသည် အမှုအရာကောင်းလှလေသည်။ ထို့ကြောင့်လည်း ကြည့်ရင်းကြည့်ရင်းနဲ့ ရင်ထဲတွင်နာကျင်လာလေသည်။ မျက်ရည်ကို မထွက်ရန် အားတင်း၍ ထိန်းရလွန်းသောကြောင့်လားမသိ၊ လည်ချောင်းများ ခြောက်ပြီး နာနေ၏။ ခင်ဖြူက ဦးခေါင်းကိုလှန်ကာ မျက်နှာကြက်ကို မော့ကြည့်နေလေသည်။ အသက်က မျက်တောင် တဖျပ်ဖျပ်ခတ်နေ၏။ မေခင်ကမူ ပိတ်ကားကို စိတ်ဝင်စားစွာ အငေးသားကြည့်ရင်း မျက်ရည် ဖြိုင်ဖြိုင်ကျမိတော့သည်။

"ဟေ့ကောင်၊ မရှက်ဘူးလား"

မာဝင်းက မေခင်၏ပေါင်ကို ဖျတ်ခနဲ ပုတ်လိုက်သည်။ ထိုအခါကျမှပင် မေခင်လည်း မျက်ရည်သုတ်ရတော့သည်။ မာဝင်းဆိုသည့် မာဝင်းသည် သူ မျက်ရည်လည်လာချင်လျှင် အခြားသူများ ငိုသည်ကို လှည့်ကြည့်ပြီးသား ဖြစ်တတ်သူဖြစ်၏။ ထိုအကျင့်တစ်ခုကတော့ အတော်ပင် အမြင်ကတ်စရာကောင်းလှသည်။

ရုပ်ရှင်ပြီးလျှင်ပြီးချင်း မေခင်တို့တစ်တွေ အိမ်သာတွင်းသို့ ဝင်ပြေးကာ ပေါင်ဒါဖို့ကြရလေသည်။ သနပ်ခါးကွက်ကျားဖြစ်နေသော ငိုထားသည့်မျက်နှာနှင့် အပြင်မထွက်ရဲကြ၍ ဖြစ်လေသည်။

"မေခင်တို့ကတော့ တကယ်ညံ့တာပဲ"

"ဘာဖြစ်လို့"

"အလကား အမူအရာလုပ်ပြနေမှန်းသိရဲ့သားနဲ့ ဘာလို့ ဒီလောက် ငိုရတာလဲ"

"ကြည့်ရတာ ရင်နာစရာကောင်းတယ် မာဝင်းရဲ့၊ မျက်ရည်ကို ထိန်းလို့မရဘူး"

"သြ... ရင်နာရင် မျက်ရည်ကျသတဲ့လား"

မာဝင်းသည် ပါးချိုင့်ကလေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက်ပြုံးရင်းပြောသည်။ မာဝင်း၏နှုတ်ခမ်းပါးကလေးများသည် လောကကြီးကို လှောင်ပြောင်သလို တွန့်နေသည်။

"ဟုတ်တယ်၊ ရင်နာရင် မျက်ရည်ကျရသတဲ့၊ ဝမ်းနည်းရင် ငိုရသတဲ့။ စိတ်ဆိုးရင်လည်း ရွှေမျက်ရည် ယိုတတ်ကြသတဲ့" မေခင်က ခပ်သောသောကလေး ပြောလိုက်၏။

"သြ...သြ... တယ်ပြီးလည်း မျက်ရည်ပေါကြပါလားနော်"

လှောင်သလိုလိုပြောနေသော မာဝင်းကိုမေခင်သည် စေ့စေ့ကြည့်လိုက်မိလေသည်။ တစ်ပတ်လျှိုဆံထုံးနှင့် စံပယ်ကုံးသခင်မလေး မာဝင်း၏အလှသည် ရိုးရိုးယဉ်ယဉ်နှင့် ရှင်းလင်းလှသည်။ လက်ကောက်ဝတ် အထိရှည်သော အင်္ကျီလက်ရှည်ကို ဝတ်လေ့ရှိသော မာဝင်း၏ ဟန်ပန်သည် ရိုးရှင်းယဉ်ပြီး နွဲ့နှောင်းလှ၏။ ကျွန်မမှာ မိန်းမသားဟူ၍ အားနွဲ့ဟန် ပေါက်နေသော်လည်း မာဝင်း၏စိတ်ထားသည် ထူးထူးခြားခြားခိုင်မာလှသည်။

"အို မာဝင်း တစ်ခါမှ မငိုဖူးဘူးလား"

"မာဝင်း ငိုချင်ငိုမယ်။ ဒါပေမဲ့လူရှေ့မှာ ဘယ်တော့မှ မငိုဘူး။ မာဝင်းငိုတာကို ဘယ်သူမှ မတွေ့စေရဘူး။ ငိုတာဟာ တစ်နည်းအားဖြင့် တစ်စုံတစ်ခုကို အရှုံးပေးလိုက်ရတာပဲ မေခင်ရဲ့။ ရှုံးမှာကို မာဝင်း အကြောက်ဆုံးပေါ့"

"ဘာပဲပြောပြော ငိုတာကတော့ ငိုတာပဲ မဟုတ်လား။ လူရှေ့မှာ ဖြစ်ဖြစ်၊ လူကွယ်ရာမှာဖြစ်ဖြစ် မေခင်တော့ ငိုချင်ငိုလိုက်မှာပဲ၊ ရယ်ချင် ရယ်လိုက်မှာပဲ။ ဟန်ဆောင်ရတာ ဘယ်လောက်ပင်ပန်းသလဲ၊ ဟန် ဆောင်ရမှာကို မေခင် အမုန်းဆုံးပဲ"

"ဟန်မဆောင်ဘဲ အရှုံးပေးရတာထက်တော့ ဟန်ဆောင်ပြီး အရှုံး မပေးတာ ကောင်းတာပေါ့"

အတွင်းစိတ်ထား ခံယူချက်ချင်း တောင်နှင့်မြောက် ဖြစ်သော မေခင်နှင့် မာဝင်း အဘယ်ကြောင့် ဤမျှ ခင်မင်လာရသည်မသိပါ။ မေခင်သည် မာဝင်းကို တစ်စုံတစ်ခုမေးတော့မည်ဟု နှုတ်ခမ်းပြင်လိုက် ပြီးမှ မမေးဘဲ နေလိုက်လေသည်။ မာဝင်းက သတိပြုမိပုံရ၏။

"မေခင် ဘာပြောမလို့လဲ"

"ဟိုဟာပါ မာဝင်းရဲ့၊ အစ်ကိုအောင် လက်ထပ် သွားတုန်းကရော မာဝင်း မငိုဘူးလားလို့ပါ"

မာဝင်း၏ မျက်နှာလေးသည် တည်တည်ဖြစ်သွားလေသည်။ မေခင်ကို တွေတွေဝေဝေ စိုက်ကြည့်လိုက်ပြီး ခပ်သဲ့သဲ့ပြုံးလိုက်သည်။

"လူတွေဟာလေ မာဝင်းတစ်ယောက် ဘယ်လောက်များ ငိုလိုက် မလဲဆိုပြီး စောင့်ကြည့်နေကြတယ်။ မာဝင်းက ဘယ်ငိုလိမ့်မလဲ၊ အလှ ဆုံးပြင်ဆင်ပြီး အပြုံးဆုံးနေခဲ့တာပေါ့"

"ဒါပေမဲ့ မာဝင်းစိတ်ထဲကပါလို့ တကယ်ပြုံးတာမှ မဟုတ်ပဲ"

"ဘာပဲပြောပြော ပြုံးနိုင်တာ လိုရင်းမဟုတ်လား၊ ရယ်နိုင်တာသာ ပဓာနမဟုတ်လား"

မာဝင်းက အံ့ကလေးခဲကာပြောသည်။ ဘတ်စ်ကားလမ်းဘေး တွင် ဗန်းနှင့်ချရောင်းနေသော မာလကာသီးများကို မြင်သောအခါ အစ်ကိုအောင်နှင့်အတူ စက်ဘီးလည်စီးရင်း ဘကြီးဖြိုး၏ခြံတွင်

မာလကာသီး ဝင်၍ ခိုးစားရသည်ကို ဖျတ်ခနဲသတိရလာသည်။ "ဘကြီးဖြိုးဆီက တောင်းစားတာပေါ့ မာဝင်းရယ်" ဟု အစ်ကိုအောင်ပြောသော အခါ မာဝင်းသည် "အိုး... အစ်ကိုက ဘာသိလဲ။ ဒီအဘိုးကြီးက သိပ်ပြီးကပ်စေးနဲ့တာ၊ ခိုးစားမှ အရသာရှိတာ" ခေါင်းတခါခါ လည်တခါခါနှင့် ငြင်းတတ်သည်။ အစ်ကိုအောင်က သစ်ပင်ပေါ်မတက်လျှင် မာဝင်းသည် လုံချည်တိုတိုဝတ်ရင်း သူ့ဟာသူပင် ခိုလွှဲ၍ တက်လေတော့သည်။ "ဟော့ ကောင်မလေး ဆင်းခဲ့... ဆင်းခဲ့" ဟု အစ်ကိုအောင်တစ်ယောက် ပျာပျာလောင်လောင် အော်သည်ကို မာဝင်းသည် မာလကာပင်ပေါ်မှ ကြည့်ရင်း အူနာအောင် ရယ်ရတတ်သည်။ ဘကြီးဖြိုး သူ့အိမ်ကလေးထဲမှ ထွက်လာသည်ကို တွေ့သောအခါတွင်ကား သစ်ပင်ပေါ်မှ ဖုတ်ခနဲခုန်ချကာ နာသွားသော ခြေကိုပင် ဂရုမစိုက်နိုင်ဘဲ အစ်ကိုအောင့်လက်ကိုဆွဲကာ ကသောကမျောာ ထွက်ပြေးတတ်သည်။ ဘကြီးဖြိုးတစ်ယောက် မျက်မှောင်ကြုတ်ကာ ကျန်ရစ်တတ်သည်။ တစ်ခါတစ်ရံလည်း တဟားဟား ရယ်နေရစ်တတ်လေသည်။

"အစ်ကိုနဲ့ မာဝင်း အတူနေရတော့မှ မာလကာပင် အတူတက်ကြမယ်နော်" ဟု မာဝင်းက စိတ်ကူးယဉ်တတ်လေသည်။ ထိုအခါ မာဝင်း၏ မျက်နှာ နနုငယ်ငယ်လေးကို ကြည့်ကာ အစ်ကိုအောင်က ရယ်တတ်သည်။ အစ်ကိုအောင်က လှောင်ရယ်ရယ်သလားဟု မာဝင်းက စိတ်ဆိုးရ၏။ တကယ်ပင် အစ်ကိုအောင်တစ်ယောက် လှောင်ရယ်ရယ်ခဲ့သလား မသိပါ။ မာဝင်းနှင့် အစ်ကိုအောင်သည် မည်သည့်အခါမှ အတူနေရတော့မည် မဟုတ်ပါချေ။ အစ်ကိုအောင်သည် မနှင်းဖြူနှင့် လက်ထပ်သွားသည့်အတွက်ကြောင့်ဖြစ်ပါသည်။ အစ်ကို ဆေးကောလိပ် တက်မည့်နှစ်ထဲတွင် မနှင်းဖြူတို့ဘက်မှ အစ်ကို့ကို ငွေနှစ်သောင်းနှင့် စိန်တစ်ဆင်စာ တင်တောင်းခဲ့လေသည်။ အစ်ကို ဆရာဝန်ဖြစ်သည်အထိ

ပညာသင်ရန် ကုန်ကျစရိတ်အဝဝကိုလည်း တာဝန်ယူမည်ဟု ဆိုလေသည်။

"ဟော့ချာတိတ်လေး၊ အစ်ကို့ကို စိတ်ဆိုးနေသလား" မာလကာပင်ရိပ်တွင် ငေးငေးလေးထိုင်နေသော မာဝင်းဆီသို့ အစ်ကိုအောင် ရောက်လာခဲ့သေးသည်။ မာဝင်းက ရယ်ကျဲကျဲနှင့် ခေါင်းခါပြလေသည်။ "မာဝင်းငိုနေသလား" ရီဝေနေသော မာဝင်း၏ မျက်လုံးလေးများကို ကြည့်ရင်း စိုးရိမ်တကြီး မေးလေသည်။ မာဝင်း၏ မျက်လုံးလေးများသည် အရည်လည်လာသော်လည်း ဟက်ဟက်ပက်ပက်ရယ်လိုက်၏။ "ဘာလို့ ငိုရမှာလဲ၊ မာဝင်းကို ငိုမယ်ထင်လို့လား" ဟု ရယ်သံလေးနှင့် ပြောလိုက်သေးသည်။

မာဝင်း ဘယ်သူ့ကို ဘယ်လိုညာညာ အစ်ကိုအောင့်ကိုတော့ ညာ၍မရ၊ ဟန်ဆောင်၍မရချေ။ မာဝင်းအကြောင်းကို အစ်ကိုအောင် ကောင်းကောင်းသိလေသည်။ "ဟန်ဆောင်ရတာ ပင်ပန်းလှပါတယ် ညီမလေးရယ်၊ ငိုချင်ငိုလိုက်ပါ" ဟု မာဝင်းနဖူးပေါ်ရှိ ဆံယဉ်လေးများကို သပ်တင်ကာ မချိတင်ကဲပြောလေ၏။ မာဝင်းက တိုး၍ရယ်ကာ "မာဝင်းကို ငိုစေချင်လို့လား။ ဘယ်တော့မှ မငိုဘူး၊ ဘာလို့ငိုရမှာလဲ မငိုပါဘူး" ဟု မာနရောင်တရှိန်ရှိန်နှင့် ပြောရင်း ရင်ထဲတွင် တင်းကျပ်နာကျင်လာလေသည်။ "ဘဝဆိုတာ အသည်းနှလုံးကိုချည်း ဦးစားပေးစဉ်းစားလို့ မဖြစ်ဘူး။ ခုတော့ မာဝင်းလေး ငယ်ပါသေးတယ်။ တစ်နေ့ကျရင်တော့ အစ်ကို့ညီမလေး နားလည်လာပါလိမ့်မယ်။ အစ်ကို့ကို ခွင့်လွှတ်လာပါလိမ့်မယ်" အစ်ကိုအောင်က လှိုက်လှိုက်လှဲလှဲပြောနေစဉ် မာဝင်းသည် ဂရုမစိုက်သလို မာလကာသီးပွပွကြီးတစ်လုံးကို ခုန်ခူးလိုက်သည်။ ထို့နောက် ပေါ့ဆဆနှင့် တစ်ချက်ကိုက်စားလိုက်ကာ "တစ်သက်လုံး ခွင့်မလွှတ်ဘူး" ဟု ရယ်သံတစ်ဝက်နှင့် ပြောလိုက်၏။ နာကြည်းကြေကွဲ

သံကို ရယ်သံကလေးက မလွမ်းနိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံးနိုင်တော့ချေ။

အစ်ကိုအောင် ကျောခိုင်းသွားသောအခါမှ မျက်လုံးအိမ်တွင်း၌ စုပြုံတိုးဝှေ့နေသောမျက်ရည်များ ပါးပြင်ပေါ်သို့ အလုအယက်စီးဆင်းလာကြတော့သည်။ မာဝင်းသည် မျက်ရည်စများကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်လိုက်လေ၏။

"အဲဒီကိစ္စနဲ့ ပတ်သက်လို့ အဲဒီတစ်ခါပဲ မာဝင်းငိုခဲ့တယ်။ နောက်ဘယ်တော့မှ မငိုတော့ဘူး၊ မာဝင်း အရှုံးမပေးပါဘူး"

"မာဝင်းက အရှုံးပေးနေပြီးတော့ အရှုံးမပေးပါဘူး ပြောနေတယ်"

"ဘာဖြစ်လို့"

"မာဝင်း ခုထိ သူတို့မျက်နှာတွေကို စေ့စေ့မကြည့်နိုင်ဘူး မဟုတ်လား၊ သူတို့နဲ့ ရင်မဆိုင်ရဲဘူး မဟုတ်လား"

"အို... ရင်မဆိုင်ရဲတာ မဟုတ်ပါဘူး၊ ရင်မဆိုင်ချင်တာပါ"

"ရင်မဆိုင်ချင်တာဟာလည်း တစ်နည်းအားဖြင့် ရင်မဆိုင်ရဲတာပါပဲ"

"အို... မာဝင်း သူတို့ကိုမကြောက်ဘူးသိလား၊ ဘာလို့ ရင်မဆိုင်ရဲရမှာလဲ။ တစ်ခုတော့ရှိတယ်၊ မာဝင်းက သူတို့ကိုမနိုင်ရသေးဘူး။ တစ်နေ့ကျရင် သူတို့ကို အပေါ်စီးကနေပြီး ကလဲ့စားချေမယ်။ မာဝင်း စိတ်ညစ်ခဲ့သလို စိတ်ညစ်စေပြီး အနိုင်ယူမယ်။ မာဝင်းသူတို့ကို ရင်ဆိုင်ရဲတယ်"

"ကဲ... ထားပါတော့။ ဒါဖြင့်ရင် အခုနှစ် နွေကျောင်းပိတ်တုန်းက လုပ်အားပေးပြီး အိမ်ပြန်ဖို့အချိန်ရသေးတာပဲ၊ ဘာဖြစ်လို့ မပြန်တာလဲ။ မာဝင်းတို့မြို့မှာ သူ ဆရာဝန်လာဖြစ်နေပြီဆိုလို့ မဟုတ်လား"

မေခင်က ဇွတ်တိုး၍ပြောသောအခါ မာဝင်း၏ မျက်နှာကလေးသည် ညိုသွားလေသည်။ မျက်လုံးလေးများသည် တောက်ပြောင်လာကြ

သည်။ ထိုနောက် အဲကို တင်းတင်းခဲကာ အသံမာမာနှင့် ပြောလေသည်။

"အို... အဲဒီတုန်းက ဘာမဟုတ်တဲ့အချိန်လေးနဲ့ အသွားအလာ ပင်ပန်းမှာမို့ပါ။ မာဝင်းသူတို့နဲ့ ရင်ဆိုင်ရမှာ ကြောက်တယ်ထင်လို့လား။ ဝေးသေးတယ်ရှင့်၊ မာဝင်း ပြန်မှာသိလား... ပြန်မှာ"

*

ဒုတိယနှစ်ဝက် စာမေးပွဲဖြေအပြီး သီတင်းကျွတ် ကျောင်းပိတ်သောအခါ မိဘရပ်ဌာနသို့ မာဝင်း ပြန်ခဲ့ပါတော့သည်။ သူငယ်ချင်းတစ်စု ဘူတာရုံသို့ လာရောက် ပို့ဆောင်နှုတ်ဆက်ကြသည်မှာ ကျွက်ကျွက်ညံနေလေတော့သည်။

"အောင်စာရင်းထွက်ရင် သံကြိုးရိုက်လိုက်မယ် မာဝင်းရေ၊ အိမ်ထမင်း အိမ်ဟင်းကို တဝကြီးစားပေတော့" ဟု မိဝေက ပြောသောအခါ မကြာခင်ရောက်ရတော့မည်ဖြစ်သော အမေ့အိမ်ဆီသို့ မစောင့်နိုင်တော့တဲ့ အတောင်တပ်၍ ပျံပြေးသွားချင်စိတ် ပေါ်လာရတော့သည်။

"အမေကလေ မာဝင်းတို့အိမ်ရှေ့က မန်ကျည်းပင်ကြီးက မန်ကျည်းရွက်နုတွေကိုခူး၊ ဂုစွန်ခြောက်နိုင်နိုင်ထည့်သုပ်။ ဟော... နောက်ပြီး မာဝင်းကြိုက်တတ်တဲ့ ငါးခူဆီပြန်ကို ရဲယိုရွက်ကလေးအုပ်ချက်ပြီး ပဲဟင်းချိုချိုလေးနဲ့ မာဝင်းကိုစောင့်နေမှာ သိလား"

"သိပ်လည်းမကြွားပါနဲ့၊ မေခင်တို့လည်း မကြာခင် အိမ်ရောက်တော့မှာပါ မာဝင်းရာ"

မာဝင်းက အကြွားပိုသောအခါ မေခင်က မခံချင်သလို ပြောလေသည်။ မေခင်ကမူ အိမ်ရောက်လေလျှင် အမေ့ရင်ခွင်ထဲ တိုးဝင်ပြီး အားငယ်စကားတွေ တသီကြီး ပြောမည့်သူ ဖြစ်ပါသည်။

မာဝင်း အကြွားပိုခြင်း မဟုတ်ပါချေ။ မာဝင်း၏အမေသည်

မာဝင်းကြိုက်တတ်သည့် မန်ကျည်းရွက်ကို ပုစွန်ခြောက်နိုင်နိုင်၊ ပဲမှုန့်နိုင်နိုင်နှင့်သုပ်ရင်း မာဝင်းကို ဆီးကြိုခဲ့လေသည်။ မာဝင်းကို တစ်လုတ်ခွဲ့ပေးရင်း "သမီးဖို့တဲ့၊ သမီးဘကြီးဖြူးက မာလကာသီးတွေ လာပေးသွားတယ်။ ကြောင်အိမ်ပေါ်မှာ သမီးရဲ့" ဟု ပြောသည်။ မာလကာသီးပွပွဖြူဖြူကြီးများကို မာဝင်းသည် ဝမ်းသာအားရ လှမ်းကြည့်လိုက်မိသည်။

"သမီး ဘကြီးဖြူးက ပြောသွားသေးတယ်။ ငါ ဘယ်လောက်ပေးပေး ဒီကောင်မလေး ငါ့ခြံထဲလာပြီး ခိုးစားဦးမှာပါပဲတဲ့"

"ဟာ... ဘကြီးဖြူးကလဲ"

မာဝင်းက ရယ်မောပြောလိုက်သော်လည်း ရင်ထဲတွင် နာသွားလေသည်။ အစ်ကိုအောင်နှင့် နှစ်ယောက်သား ဘကြီးဖြူး၏ခြံသို့ သွားခဲ့ကြသည်များကို သတိရမိ၍ဖြစ်လေသည်။ အချိန်တွေကတော့ ကြာခဲ့ပါပြီ။ ဝေးလည်း ဝေးခဲ့ပါပြီ။ အစ်ကိုအောင့်တွင်ပင် သုံးနှစ်ရွယ်သားကလေးနှင့် တစ်နှစ်ရွယ်သမီးကလေးတို့ ထွန်းကားခဲ့ချေပြီ မဟုတ်ပါလော။ မာဝင်း အနေနှင့် မေ့သင့်လှပါပြီ။

"အို... မမေ့သမျှ ငါပဲရှုံးနေတာပဲ မဟုတ်လား။ အရှုံးမခံပါဘူး၊ မေ့လိုက်စမ်း... မေ့လိုက်စမ်း"

မာဝင်းသည် အမေနှင့် အပြုံးမပျက် ရယ်မောပြောဆိုနေရင်းက မိမိကိုယ်ကို စိတ်ထဲက ပြောနေမိလေသည်။ ဟန်ဆောင်ကောင်းသော မာဝင်းတစ်ယောက် ယခုထိ ဟန်ဆောင်နေဆဲသာ တကား။

"နက်ဖြန်ကျရင် တောင်ပေါ်မြဘုရားက ဘုရားပွဲရှိတယ်လေ သမီး၊ မြခက်တို့ လာခေါ်လိမ့်မယ်"

"ဩော်... မြဘုရားပွဲ"

အခုမှပင် မြဘုရားပွဲကို သတိရမိတော့သည်။ ပန်း၊ ဆီမီး၊ ရေချမ်း

ပါ ပူဇော်ပြီး စာမေးပွဲအောင်စေရန် နှစ်စဉ် ဆုတောင်းခဲ့ရသော မြဆင်းတုတော်ကို မာဝင်းတစ်ယောက် မေ့လျော့နေခဲ့လေသည်။

"အမေရော"

"အမေနဲ့ သမီးဖေဖေကတော့ ဆရာတော်ကျောင်းမှာပဲ ဥပုသ်စောင့်နေရစ်တော့မယ်။ သမီးတို့တစ်တွေပဲ တောင်ပေါ်တက်ကြတော့ပေါ့"

တောင်ပေါ်လမ်းတစ်လျှောက်တွင် တောပန်းတွေ လှိုင်နေအောင် ပွင့်တတ်လေသည်။ ထိုလမ်းကိုလျှောက်ရလေတိုင်း ပန်းကြိုက်မလေး မောင်နှင့် ခင်ဖြူတို့ကို မာဝင်းသတိရမြဲဖြစ်လေသည်။ နေရာတကာတွင် အကြောက်သည်းသော မောင်တစ်ယောက်သာ ပါလာမည်ဆိုပါက မြွေပေါက်မည်ကိုပင် မကြောက်နိုင်ဘဲ ချုံကြိုချုံကြား တိုးဝှေ့ကာ ပန်းတွေတစ်ပွေ့ကြီး ခူးမည်မှာ သေချာလှပါသည်။ ဘုရားပွဲကပြန်လာမှ မောင်တို့ သွားရည်ကျလာအောင် စာပန်းချီခြယ်ပြမည်ဟု တေးထားလိုက်၏။

"သမီး... မြွေပါးကင်းပါ: သတိထားနော်"

"သမီး: ချုံကြိုချုံကြား သိပ်မတိုးနဲ့နော်"

အမေနှင့် အဖေက တဖွဖွမှာလိုက်ကြသည်။

"စိတ်ချပါ အကြီးရာ၊ အကြီးသမီး: မြို့ကြီးသူကို မြွေမကိုက်စေရပါဘူး"

မြခက်သည် မာဝင်းကို ဆွဲခေါ်ခဲ့လေသည်။ မာဝင်း၏ လက်ဖဝါးနုနုလေးများကို ညှစ်ကိုင်ရင်: "ကောင်မက ကောလိပ်ကျောင်းသူ လုပ်နေပြီ: မာလကာပင် ခိုးမတက်တော့လို့ထင်ပါရဲ့။ လက်တွေကို နုဖပ်နေတာပဲ" ဟုပြောသည်။ မြခက်သည် မာဝင်: တက္ကသိုလ်ရောက်သည့်နှစ်ကပင် အိမ်ထောင်ကျခဲ့သူဖြစ်၏။ ယခုဆိုလျှင် အိမ်ထောင်သက် သုံးနှစ်ပင်ရှိခဲ့ပေပြီ။ "မိမာဝင်: ငါ့ကိုမှန်မှန်ပြောစမ်း၊ နင်ကောလိပ်မှာ ရည်းစား

မထားသေးဘူးလား" ဟု တိုးတိုးကပ်မေးသည်။ မာဝင်းက ခေါင်းခါပြ၏။ မြခက်က မယုံသလို မာဝင်းမျက်နှာကို စေ့စေ့ကြည့်လေသည်။

"အဟုတ်ပါ မြခက်ရဲ့၊ မာဝင်းကိုမယုံဘူးလား..." မျက်နှာထားကလေးတည်တည်နှင့် ပြောလေသောအခါ မြခက်သည် ပင့်သက်ရှူရင်း... "နင် အစ်ကိုအောင့်ကို မမေ့သေးဘူးပေါ့လေ" ဟု ပြောလေသည်။ "မာဝင်း အစ်ကိုအောင့်ကို မမေ့သေးတာမဟုတ်ပါဘူး။ ခွင့်မလွှတ်သေးတာပါ။ မာဝင်း သူ့ကို တစ်နေ့တော့ နိုင်ရဦးမှာပေါ့" ဟု မာဝင်း စိတ်ထဲက ပြောလိုက်၏။

တောင်အတက်လမ်းတစ်လျှောက်သည် ပျော်ရွှင်ဖွယ်ကောင်းလှသည်။ လမ်းတစ်လျှောက်ရှိ ခရေပန်းများ တသဲသဲကြွေပေးထားရာ မြခက်တို့နှင့်မာဝင်း အပြိုင်ကောက်ကြသည်။ မြဘုရားရောက်လျှင် ပန်းမွှေ့ရာခင်းရန် ဖြစ်လေသည်။ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့် စသည်ဖြင့် အပြေးအလွှားရေတွက်ရင်း ခရေပွင့်ဖြူဖြူကလေးများကို တဇော်ဇော်ကောက်ရသည်မှာ ပျော်ရွှင်ဖွယ်ကောင်းလှသည်။ ဟန်ဆောင်ရယ်မောခြင်းမဟုတ်ဘဲ လှိုက်လှိုက်လှဲလှဲရယ်မောရင်း၊ လုယက် ကောက်နေရင်း မာဝင်းမျက်နှာလေးသည် ကြည်လင်လန်းဆန်းနေလေသည်။

"ဟေ့..... မာဝင်းတို့ မြခက်တို့၊ ယင်းမာပန်း ပန်ကြဦးမလား"

ဖိုးသာအောင်တို့ ကာလသားအုပ်စုက ယင်းမာပန်းများ ပေးသွားပြန်သဖြင့် မာဝင်းတို့ မိန်းကလေးတစ်စုတွင် ပန်းရနံ့များ ကြိုင်ဝေနေတော့သည်။ ဘုရားပန်းပူဇော်ရန် ခရေပန်းတစ်ထုပ်ကြီး ရပြီးဖြစ်သော်လည်း မြခက်က မကျေနပ်ချေ။ မြရာပန်းခူးကြရန် ပြောနေပြန်လေသည်။

မာဝင်းသည် ခရေပန်းကောက်ရာမှ ညောင်းညောင်းနှင့် ခါးဆန့်ရင်း တောင်ပေါ်သို့ မျှော်ကြည့်လိုက်မိသည်။ ခရေပန်း အကောက်

ကောင်းနေသဖြင့် သူတို့နောက်မှ လူများပင် ဘုရားရောက်လုနေပြီဖြစ်သဖြင့် မာဝင်း အတော်မခံချင်ဖြစ်သွားသည်။ ဘုရားကိုပင် သူများထက်အလျင် ဦးချချင်သည့် မာဝင်းဖြစ်ပါသည်။

"ဟော... မနှင်းဖြူရယ်"

မြခက်က မာဝင်းအနားကပ်လာကာ တိုးတိုးပြော၏။ မနှင်းဖြူသည် သုံးနှစ်ရွယ်သားလေးကို လက်ဆွဲကာ မာဝင်းတို့ဘေးမှ ဖြတ်တက်သွားလေသည်။ မာဝင်းကို တစ္ဆေတစောင်းကြည့်ကာ မြခက်တို့ကို ပြုံးရယ်နှုတ်ဆက်သွား၏။

"လှတယ်နော်"

လက်ကိုအတင်းဆွဲဖြုတ်ကာ တောင်ပေါ်သို့ အပြေးတက်လေသည့် သားလေးနောက်ကို ပြေးလိုက်သွားသည့် မနှင်းဖြူကို ကြည့်ရင်းသက်သက်ကပြောသည်။ မာဝင်းတစ်ယောက် အစ်ကိုအောင့်ကို သတိရပြီး စိတ်တိုလာပြန်လေသည်။

"မြရာပန်းတွေ ခူးရအောင်"

မြခက်က မာဝင်းကို တောတန်းဘက်သို့ ဆွဲခေါ်နေပြန်သည်။ မာဝင်း၏ ညိုညွှားသောမျက်နှာလေးကို သနားသလို ကြည့်နေ၏။ ထိုအခါမှ မာဝင်း တိုးတိုးစိတ်တိုတော့သည်။ "ရှင်တို့အစ်ကိုအောင်ကို ကျွန်မက ကြိုက်နေသေးတယ်ထင်လို့လား။ မကြိုက်ဘူးရှင့်၊ ကျွန်မ မျက်နှာပျက်တာ အနိုင်မယူရသေးလို့ သိရဲ့လား" ဟု အော်ပြောလိုက်ချင်တော့သည်။

"တော်ရောပေါ့ မြခက်ရယ်၊ တခြားလူတွေ ဘုရားကတောင် ပြန်ဆင်းလာရော့မယ်။ သွားကြပါစို့၊ အို... ဟာ... အမလေး..."

မာဝင်းသည် မြခက်ကိုပြောနေရင်း တောင်ပေါ်မှ တလိမ့်ခေါက်ကွေးလိမ့်ကျလာသည့် ကလေးငယ်ဆီသို့ အပြေးထွက်လာမိသည်။ စူးစူး

ဝါ:ဝါ:အော်ကာ မျက်နှာကို လက်ဝါ:နှင့်အုပ်ထားသည့် မနှင်:ဖြူကို လည်: သတိထား:လိုက်မိလေသည်။

ကျောက်စရစ်များနှင့် ချောနေသောလမ်:ဖြစ်သဖြင့် ကလေ:ငယ်သည် အတား:အဆီ:မရှိ ကျလာသည်။ လူအား:လုံ: မှင်တက်မိနေစဉ် မာဝင်:သည် ကလေ:ငယ်ကို အတင်:ဆီ:ပွေ့လိုက်သည်။ အရှိန်ပြင်:လှသဖြင့် မာဝင်:ပါ ဆက်၍လိမ့်ကျလေတော့သည်။

မာဝင်: သတိရသည်။ ထိုကလေ:သည် မနှင်:ဖြူ၏ရင်သွေ:၊ မာဝင်:အနိုင်ယူချင်သည့် အစ်ကိုအောင်၏ သား:ငယ်။ သို့သော် ကလေ:ငယ် ထိခိုက်သွား:မှာ စိုး:ရိမ်လှသည်။ အနိုင်ယူချင်စိတ်၊ နာကြည်:စိတ်၊ မခံချင်စိတ်များသည် မာဝင်:၏ကိုယ်ခန္ဓာအတွင်:မှ ထွက်ပြေ:နေကြ၏။ မာဝင်: တစ်ခုပဲသတိရသည်။

"ကလေ:မသေပါစေနဲ့၊ အနာတရ မဖြစ်ပါစေနဲ့"

ကလေ:ငယ်ကို ရင်ခွင်တွင် တင်:ကျပ်စွာ ပွေ့ဖက်ရင်: လျှောကျလာသော မာဝင်:သည် လမ်:ခုလတ်ရှိ ကျောက်တုံ:နှင့်တိုက်မိသော အခါမှ ရပ်တော့သည်။ မာဝင်:၏မျက်စိထဲတွင် ဝင်:ဝင်:တောက်သော အရောင်များကို မြင်လိုက်ရပြီ: သတိလစ်သွား:လေသည်။

တစ်ပတ်ခန့်ကြာသောအခါ မာဝင်:ဆီမှ စာရှည်ကြီ:ကို မေခင်ဖတ်ရလေသည်။ အရေ:ကောင်:သော မာဝင်:က ဇာတ်စုံခင်:ထား:လေသည်။ ထိုနောက် အောက်ပါအတိုင်: အဆုံ:သတ်ထား၏။

မေခင် ... ရေ

ခုတော့ ခေါင်:မှာ ပတ်တီ:နှစ်စ အသာပတ်ပြီ: မင်:သူငယ်ချင်: အလှကြီ:လှနေပြီ မေခင်ရေ၊ ဒါပေမဲ့ မကြာခင် ပျောက်မှာပါ။ အစ်ကိုအောင်နဲ့ မနှင်:ဖြူက ကျေ:ဇူ:စကား အထပ်ထပ်ပြောတော့ မာဝင်: မနေတတ်တော့ဘူ:။ တခြား

လူတွေက ချီးကျူးပြန်တော့လည်း မာလကာသီးပဲ မဲစားရ တော့တာပဲ။

အစ်ကိုအောင်ကိုတော့ မာဝင်းတစ်သက် မနိုင်တော့ ပါဘူး။ အနိုင်လည်း မယူချင်တော့ပါဘူး။ သူ့ကိုတော့ တစ်သက်တာ အရှုံးပေးလိုက်ပါပြီ။

မျက်ရည်ဆိုတာ အဆန်းသားပဲ မေခင်ရေ။ ရင်လည်းမနာ၊ ဝမ်းလည်းမနည်း၊ စိတ်လည်း မဆိုးပါဘူး။ အစ်ကိုအောင့်သား အတူးလေးက မာဝင်းကို ကန်တော့ တယ်လေ။ အဲဒီတော့ ဘာဖြစ်လို့ မာဝင်း မျက်ရည်ကျရ တာလဲ၊ လူကြားထဲမှာ ပထမဆုံးအကြိမ် မာဝင်း ငိုခဲ့ရ တယ်။

မာဝင်း

မေခင့်ဆီကပြန်စာသည် ချက်ချင်းရောက်လာ၏။ စာအိတ်ကလေးက ပါးလွန်း၍ မာဝင်း မကျေနပ်ချေ။ စာကလည်း တိုလွန်းသည်။

မိမာဝင်း

အရှုံးအနိုင်ဆိုတာ ဘာကို ဆိုလိုတာလဲ၊ မာဝင်း ခုမှ နိုင်တာပါ၊ မာဝင်းရဲ့ အစ်ကိုအောင့်ကို မာဝင်း နိုင်ပြီ ... သိရဲ့လား။

မေခင်

ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၁၊ စက်တင်ဘာ

❑

# ခင်သူ ကြင်သူ

- အုန်တာရာ -

(၁)

ခင်ခင်သက်သည် မှန်ပြတင်းပေါက်မှ မြင်ရသော နွေသစ်ပင်ကို ငေးကြည့်နေလေ၏။

ကောင်းကင်သည် မှန်သားပြာကဲ့သို့ ရေးရေးရီရီ။ ညနေစောင်းဖြစ်သဖြင့် လျှပ်ရောင်လျှပ်သား ပြေးလွှားခြင်း မရှိတော့ဘဲ ငြိမ်သက်ကာ ပျော့ပျောင်းနေပေသည်။ ထိုညက်ညောသော နွေကောင်းကင်ကို နောက်ကျောမှီကာ မားမားကိုင်းကိုင်း ရပ်နေသည်ကား ရွှေဝါပင်တည်း။

နေ့အခါ တလှပ်လှပ်ပူ၍ ညအခါ နှင်းကြွင်းကလေး ပျံ့နေသည့် အခါ သူသည် ရွက်ဟောင်းနီနီများကို ခြွေချမ်း ဖြစ်သည်။ ကြွေကျသော ရွက်ဟောင်းကော့ကလေးများမှာ နှင်းရည်တို့ဖြင့် ပေကျံကာ မြေပေါ်၌ စင်းခံနေတတ်ကြသည်။ အခြားသစ်ရွက်များကဲ့သို့ ထွက်မပြေးကြ။ သူ့သေဘေးကိုပင် မကြောက်။ မရဏာကို စင်း၍သာ ခံတတ်ကြသည်။

ခင်ခင်သက် ဖျားစနေ့က သူသည် တစ်ဝက်နီ၊ တစ်ဝက်စိမ်း၍ နေသော ရွက်ဟောင်းများကို ခြွေချခဲ့လေသည်။ လေကလည်း ခပ်ပြင်းပြင်း တိုက်ခတ်နေရာ အားအင်ချည့်နဲ့ ယဲ့ယဲ့သာကျန်နေသော သစ်ရွက်

ကလေးအချို့တို့မှာ အကိုင်းကိုပင် တွဲလွဲခိုကပ်၍ မနေတော့ဘဲ ကြွေကျ ခဲ့ရလေ၏။

တစ်ညလုံး ချောက်ကမ်းပါးကြီးထဲသို့ ဖောက်ထိုးကျကာ မှောင်သော လှိုင်းလုံး ရေအောက်သို့ နစ်မြုပ်သွားသော အိပ်မက်များ မက်ပြီး မိုးလင်းသောအခါ တရှိန်ရှိန်ပူနေသည်ကို အံ့သြစွာ တွေ့ရပေသည်။

"ဟေ့... အသက်၊ ဘာဖြစ်လို့လဲကွ၊ အိပ်လှချည်လား" ဟု ရေမိုးချိုးကာ စွပ်ကျယ်အင်္ကျီလဲနေသော ကိုစောသိုက်က စောင်ခြုံထားသော ခင်ခင်သက်အား လှမ်းအော်မေးနေလေသည်။

ကိုစောသိုက်သည် ခင်ခင်သက်အား မကြည့်ဘဲ မှန်တင်ခုံပေါ်ရှိ ခေါင်းလိမ်းဆီပုလင်းကို ယူကာ ခေါင်းဆီထည့်ရင်း ပါးစပ်က လေချွန်နေ၏။ ကိုစောသိုက်မှာ ဝီရိယရှိသူဖြစ်သည်။ ရုံးကို အမြဲတမ်း စောစော ရောက်လေ့ရှိသည်။

"အသက်ရေ...ဟိုတစ်လောက ဝယ်တဲ့ ပုလဲဆင်လေးဟာကော"

"အဝတ်ဗီရိုအနီး ရောက်သွားရင်းမှ လှမ်းမေးနေသည်။ အဖြေ မရမှ ကိုစောသိုက်သည် ခုတင်ဆီသို့ နောက်ပြန်လှည့်ကြည့်လိုက်လေ သည်။

"ဟေ့... အသက်"

ကိုစောသိုက်သည် ခုတင်နားသို့ ကပ်သွားလေသည်။

"သက် ညက ဖျားတယ်" ဟု ခင်ခင်သက်ထံမှ ခပ်ပျော့ပျော့အသံ ထွက်လာလေ၏။

ကိုစောသိုက်သည် ခင်ခင်သက်၏ နဖူးကို စမ်းလိုက်ကာ အံ့အား သင့်သွားပြီး...

"ဟာ... ပူနေတယ်" ဟု ဆိုလျက် ထပ်စမ်းကြည့်ပြန်လေ၏။

"အသက် ဖျားနေတယ်"

ကိုစောသိုက်သည် စောင်ကို အသာဖယ်ကာ လက်ကို စမ်းသည်။ ထို့နောက် လည်ပင်း၊ ရင်ဘတ်တို့ကို စမ်းသပ်နေပြန်သည်။

"ဟုတ်ပါတယ် မောင်ရယ်၊ ညကတည်းက သက် ဖျားနေတာ၊ အိပ်မက်တွေ ကယောင်ချောက်ချား လျှောက်မက်နေတယ်"

"မောင့် နှီးပါတော့လားကွာ"

"မောင် အိပ်လိုက်တာ သိုးနေတာပဲ"

"ညဦးက အသက်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေတောင် ပြောနေ လိုက်ကြတာ၊ အသက်ကို တွေ့ရအောင် မောင် မော်လမြိုင် လိုက်လာရ တာ၊ နောက်ပြီး..."

ခင်ခင်သက်က မျက်စောင်းထိုးလိုက်သည်။

ညဦးက သူတို့နှစ်ယောက်သည် ဖက်ပွေ့ထားကြသည်။ ပြန် လည်လန်းဆန်းလာကြကာ မျက်တောင်တို့သည် မှေးစင်းကျနေကြ သည်။ ပြတင်းပေါက်မှ လေကလည်း သုတ်ဖြူးလျက် ရှိပေသည်။ လရောင်ရိပ်သည် စိမ်းပြာလျက်။

"ဆရာဝန် သွားခေါ်လိုက်မယ်လေ" ဟု ကိုစောသိုက်က ခုတင် ပေါ်တွင် တင်ပါးလွှဲထိုင်ရင်း လက်ကို ဆုပ်ကိုင်ထားကာ ပြောသည်။

"ခုနေတော့ ကိစ္စမရှိဘူး ထင်တယ်။ ငန်းဆေးတစ်ခွက် သောက် လိုက်မယ်လေ၊ နေ့ခင်းကျတော့ ချွေးထုတ်မှာပေါ့"

"မောင် ရုံးသွားရမှာ စိတ်မဖြောင့်အောင် မလုပ်ပါနဲ့ အသက်ရယ်။ ဆရာဝန်ခေါ်တာက မမှားပါဘူး။ ရုံးသွားရင်း ဒေါက်တာအာယားကို ဝင်ပြောလိုက်မယ်။ သွားမယ်ကွာ... ထမင်းစောစော စားသွားရအောင်။ လှလှကို ထမင်းပြင်ခိုင်းမှပဲ"

ခင်ခင်သက်က ကိုစောသိုက်၏ လက်ကို ဆွဲထားလိုက်သည်။

"သက်ကိုယ်ကို သက် သိပါတယ်။ သက် ကြီးကြီးကျယ်ကျယ်

ဖြစ်တာ မဟုတ်ပါဘူး။ စိတ်မပူတန်တာ မပူစမ်းပါနဲ့ကွယ်"

ကိုစောသိုက်သည် နဖူးကို ထပ်စမ်းကြည့်နေပြန်လေ၏။ ခင်ခင်သက်က ပြုံးနေ၏။

"ဟုတ်တယ် မဟုတ်လား၊ သိပ်ပူတာ မဟုတ်ပါဘူး"

"ပူတော့ ပူတယ် အသက်ရ"

ထပ်ကာထပ်ကာ စမ်းသောအခါ အပူမှာ သိပ်မပူလှတော့ဟု ထင် မှတ်ရပြန်သည်။

"ချွေးအောင်းလိုက်ရင် အဖျားသွေး လုံးလုံးရှိတော့မှာ မဟုတ်ပါဘူး။ သက် သိပါတယ်။ သက် ငယ်ငယ်ကတည်းက ဒီလိုပဲ၊ ဘယ်တော့မှ ကြာကြာမဖျားဖူးဘူး"

"ကဲလေ၊ အဝတ်အစား လဲတော့၊ မောင်ကြီးက်တဲ့ ပုလဲဆင်လုံချည်က ဗီရိုအပေါ်ဆုံးထပ်မှာ ရှိတယ်။ ရှာဖြင့် မရှာဘူး"

ကိုစောသိုက်သည် ယောင်ယောင်ပေါင်ပေါင်နှင့် ဗီရိုဆီသို့ ထသွားလေသည်။

ထိုနေ့က ခင်ခင်သက်သည် ခုတင်ဘေးရှိ စာရေးစားပွဲသို့ ထသွားပြီး နေ့စဉ်မှတ်တမ်းစာအုပ်ကို အံဆွဲထဲမှ ထုတ်လေသည်။ ပြတင်းပေါက်မှာ ညကအတိုင်းပင် ဖွင့်ထားသည်။

ခင်ခင်သက်သည် ဖောင်တိန်ကိုကိုင်ရင်း ငေးနေမိခဲ့သည်။ ရွှေဝါပင်သည် အရိုးပြိုင်းပြိုင်းသာ ကျန်ရှိတော့သည်။ တောင်ဘက်မှ မှီတွယ်နေကြသော ရွှေဝါရောင် သစ်ရွက်အချို့ကား မကြွေကျကြသေး။

ကြယ်ရောင်သာရှိသော လမဲ့ည။ တရဲရဲမြည်နေသော သစ်ရွက်ချင်း တိုးတိုက်သံသည် ညအားဖွဲ့ဆိုသော တေးသီချင်းသံလော။ အဝေးမှ ကြားရသော ခွေးဟောင်သံသည်ကား ပုဒ်ဖြတ်များပင်။

နှစ်ယောက်စလုံး စကားမပြောဘဲ လျှောက်လာကြသည်။

သစ်ပင်ရိပ်များအောက်၌ ရောက်သောအခါ ရင်တဒိတ်ဒိတ် ခုန်လာသည်။ ကျွန်မက မြန်မြန်လျှောက်သည်။ ကိုစောသိုက်က "နေပါဦး" ဆိုကာ လက်ကို ဆွဲထားလိုက်သည်။ ဒါနှင့် တအားပြေးထွက်လာခဲ့သည်။ ကျွန်မ အိမ်ဝရောက်သောအခါ မောနေတော့သည်။

ခင်ခင်သက်သည် လက်ညှိုးနှင့် စာရွက်များကို ကျော်လှန်လိုက်ပြန်သည်။

"မချစ်ပါဘူး၊ သူ့ကို မချစ်ပါဘူးလေ"

တစ်ညလုံး အိပ်မပျော်။ ချစ်တယ်ဆိုတာ ဘာလဲဟု တွေးနေသည်။ ချစ်တာနဲ့ ကြိုက်တာ ခြားနားသလား။ ချစ်သည်ဆိုသည်ကို ခံစားထိ တွေ့ကြည့်ချင်သည်။

"ဒါပေမဲ့... ကိုယ်ကြိုက်တာကတော့ လသာသာညတိုင်း အိမ်ရှေ့တံတားလေးမှာ တယောလာထိုးတဲ့ ကောင်လေးပါ။ နာမည်က မောင်ဝဏ္ဏ။ သိပ်ကိုတော်တဲ့ ကောင်လေးပဲ။ ဆံပင်လေး ပွနေတာတစ်ခုပဲသက် မကြိုက်တာ"

ငွေလရောင်သည် သစ်ရွက်များအပေါ်၊ အိမ်ခေါင်မိုး အပေါ်၊ ကတ္တရာစေးလမ်းအပေါ်၊ ပန်းပွင့်များအပေါ်၊ တိမ်သားများအပေါ်။ အို... အင်းအိုင် သီတာစုံကန္တာနှင့် ကမ္ဘာတစ်ခုလုံးအပေါ်တို့၌ တလက်လက်ထွန်းစည်နေသည်။ လေထဲ၌ လရောင် ငွေမျှင် မြမျှင်များ ပြေးလွင့်နေသည်။ မွေးရနံ့ထဲ၌ ငွေငွေ့၊ မြငွေ့တို့သည် ထုံရစ်နေသည်။ ကျွန်မ နှလုံးသားထဲ၌ပင် လရောင်သည် ထွန်းလင်းနေသည်။

မောင်ဝဏ္ဏ၏ တယောသံသည် ငွေလရောင်တွင် စီးမျောလျက်ရှိသည်။ ငွေလရောင် လှပ်ရှားသကဲ့သို့ သူ့တယောသံသည်လည်း လှပ်ရှားလျက်ရှိသည်။ လေထဲ၌ သူ့တယောသံ၊ ပန်းရနံ့ထဲ၌ သူ့တယောသံ၊ နှလုံးသား ဟဒယအိမ်ထဲ၌ သူ့တယောသံ။

တစ်ညလုံး ရင်ခုန်နေသည်။

*

လက်ထပ်သည့်ည။ ဘဝသစ်တစ်ခုနှင့် မိတ်ဆက်ရသောည။ အတ္တ မှန်ကြေးမုံကို အစိတ်စိတ်အမြွှာမြွှာ ခွဲပစ်သောည။ အကြီးအကျယ် ပြောင်းလဲသောည။

မျက်ရည်ကျရသည်။ သို့သော် ကျွန်မ မျက်ရည်ကို သူ့အနမ်းများက ခန်းခြောက်စေခဲ့ပေသည်။ ရှိုက်ရသည်။ သို့သော် ကျွန်မ ရှိုက်သံကို သူ့တီးတိုးသံက ဖုံးလွှမ်းစေခဲ့ပေသည်။

မုန်းရသော ည၊ ပြုံးရသော ည။ အို... ဆန့်ကျင်ဘက်များဖြင့် ပေါင်းစပ်ထားသော ညပါတကား။

*

မောင်ဝဏ္ဏတစ်ယောက် ရုပ်ရှင်မင်းသမီး မေမေမြိုင်နှင့် ခိုးပြေးသောသတင်းကို ကြားရသည်။ မေမေမြိုင့်ယောကျ်ား ကုလားလူမိုက် ဇေးဗီးယားက မောင်ဝဏ္ဏအား လိုက်သတ်မည်ကို ပူနေမိသည်။

*

သက်ရေးနေသော နေ့စဉ်မှတ်တမ်းကို မောင် လာလှသည်။ မောင်နှင့် တော်တော် စကားများကြရသည်။ သက်က ကိုယ်ပိုင်လွတ်လပ်ရေးကို ထိပါးသည်ဟု မျက်နှာထို မျက်နှာထားနှင့် ပြောလိုက်သည်။

မောင်က ရယ်မောပြီး "အသက်ကလည်းကွာ၊ လင်မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ယုံရမှာပေါ့။ နှစ်ကိုယ့်တစ်စိတ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အသက်ဟာ မောင့်ရဲ့ အသက်ပဲ။ ဒါကြောင့်

အသက်လို့ မောင်က ခေါ်တာ"

"မောင့်ကို သက် မယုံတာ မဟုတ်ဘူး။ ငယ်ငယ်ကတည်းက နေ့စဉ်မှတ်တမ်း ရေးလာခဲ့တာ။ ဒီလွတ်လပ်ခွင့်ကို မောင် မပေးနိုင်ဘူးလား"

"မယားလုပ်တာကို လင်က သိခွင့်ရှိတယ်လို့ ထင်တာပဲ"

"သက် မဟုတ်တာလုပ်တာ မဟုတ်ဘူး။ သက် စိတ်ထဲရှိတာတွေကို သက် ရိုးရိုးသားသား ချရေးထားတာ။ သက် သူများကို ပေးမဖတ်နိုင်ဘူး"

နောက်ဆုံး၌ မောင်က လက်လျှော့လိုက်ပါသည်။ သို့သော် နှစ်ရက်လောက် မျက်နှာထား အမြဲတင်းနေသည်။

*

ချစ်မေတ္တာသည် ပြောင်းလဲနိုင်သော အရာလော။

အစက မချစ်ပေမဲ့ နောင် ချစ်လာနိုင်သည်။ ချစ်၍လည်း ရသည်။ ချစ်မေတ္တာဆိုသော အရာ၌ ဘာတွေပါသနည်း၊ ဘာက အဆုံးအဖြတ်ပေးသနည်း။ အထိအတွေ့ကလော။ အယုအယ ကယုကယင်များကလော။ ဂုဏ်ပကာသနကလော၊ ငွေကြေးကလော။

*

ကြင်နာခြင်းသည် မေတ္တာ၏ ဖော်ပြမှုပါတကား။ စိတ်လှုပ်ရှားမှုသည် မေတ္တာ၏ အနက်အဓိပ္ပာယ်ပါတကား။

*

သားလေးသည် ကျွန်မ၏ ဘဝရုပ်တုတွင် အစိတ်အပိုင်းတစ်ခု

ဖြစ်လာပေသည်။ မောင်နှင့် ကျွန်မကို ဖွဲ့နှောင်ပေးသော အတွယ်အတာ တစ်ခုဟူ၍ ခံစားလာပေသည်။

မောင်၊ ကျွန်မ၏ ချစ်လင်၊ ချစ်သောလင်။

ခင်ခင်သက်သည် စာအုပ်မှ မျက်နှာခွာလိုက်ကာ အပြင်ဘက်သို့ ငေးနေမိသည်။ ခေါင်းထဲက မူးရိပ်ရိပ် ဖြစ်လာသည်။

သစ်ရွက်များသည် နွေ၏ နိမိတ်လက္ခဏာများ၊ ရွှေဝါပင်မှာ ကမ္ဘာ့ဘာန်းရုပ်ကဲ့သို့ အရိုးအမျှင်များကို ဗန်းပြထားပေသည်။ သူသည် အရပ်ရှည်သဖြင့် ခပ်ကိုင်းကိုင်း ဖြစ်နေ၏။ လက်တစ်ဖက်ကို မြှောက်ထား၏။ ခြေထောက်ကိုကား ခပ်လျှောလျှော ဆင်းထားပေသည်။

ခင်ခင်သက်သည် စာရွက်များကို လှန်လှောပြန်သည်။ စာရွက်ဖြူ ဖြူများသည် တလိပ်လိပ် လှိုင်းထနေကြလေ၏။ လှိုင်းပေါ်၌ စီးနေကြသည်ကား စိမ်းသော စင်ရော်ဂုက်များတည်း။ ဂုက်ကလေးတစ်ကောင်မှာ ပင်လယ်ဝသို့ မျောပါသွားလေ၏။ ခင်ခင်သက်သည် မင်စိမ်းအမြဲသုံး လေ့ရှိသည်။ ပြတင်းပေါက်မှ လေသည် ခန်းဆီးကို ကစားနေလေ၏။

ခင်ခင်သက်သည် ခုတင်ရှိရာသို့ လျှောက်လာသည်။ အိပ်ရာပေါ်သို့ ရောက်သည်နှင့် ဖြန်းခနဲ ဖြန်းခနဲ ကြက်သီးများထကာ ချမ်းစိမ့်စိမ့် ဖြစ်လာလေ၏။

ညနေ ကိုစောသိုက် ရုံးမှ ပြန်လာသောအခါ ခင်ခင်သက်သည် မျက်လုံးဖွင့်၍ မရတော့ပေ။ လူကို မမြင်ရ၊ အသံကိုသာ ကြားရသည်။

"မောင် ပြောတယ်မဟုတ်လား အသက်ရယ်။ ဆရာဝန် ခေါ်ပေးခဲ့ ပါမယ်လို့၊ အသက်က သိပ်ခေါင်းမာတယ်။ မောင် မပြောချင်လို့နေတာ" ဟု ကိုစောသိုက် နှုတ်မှ တတွတ်တွတ် မြည်နေလေ၏။

"အို... မောင့်ကိုက လိုသွားပါတယ်လေ။ အသက်က မခေါ်နဲ့ဆို ပေမဲ့ မောင်က အတင်းခေါ်ရမယ်။ မောင့်အဆုံးအဖြတ် ညံ့တာ။ မောင်

အသုံးမကျတာ”

အပြင်ဘက်၌ကား နွေကောင်းကင်ပြာသည် ပန်းနုရောင် သန်းလာပေသည်။ အရွက်ကင်းမဲ့သော အရိုးများသည် သန္တာရောင်နီးနှင့် ခပ်ကျဲကျဲ ရက်လုပ်ထားသော အမည်မှည့်၍ မရသည့် သတ္တဝါတစ်ကောင်နှင့် တူနေပေသည်။

(၂)

မှန်ပြတင်းပေါက်ကြီးသည် ပတ်ချာလည်ကာ ကျွန်မ မျက်နှာဆီသို့ ပြေးရိုက်သည်။ မှန်တို့သည် ကျောက်ကျောကဲ့သို့ ပျော့အိကျကာ အရည်ပျော်သွားလေသည်။ ထို့နောက် ပြတင်းပေါက်ပေါင်ကြီးသည် ကျွန်မခေါင်းကို လာစွပ်သည်။

အပြင်ဘက်တွင် လေကြီးမိုးကြီးကျကာ တဝေါဝေါ အော်မြည်နေပေသည်။ ရေတို့သည် တဒီးဒီးစီးကာ ကမ္ဘာမြေတစ်ပြင်လုံးအား လွှမ်းသွားလေသည်။ လှိုင်းလုံးများသည် တဝုန်းဝုန်း ရိုက်ခတ်နေကြပေသည်။

တစ်ချက်တစ်ချက် နားတွေ အူသလားဟု သိသလိုလို ဖြစ်နေ၏။ မှောင်ကြီးကျသွားပြန်သည်။ လက်တွေမှာ မီးကဲ့သို့ ပူနေပါတကား။

ကျွန်မတို့ အိပ်ခန်းဆောင်သည် နိမ့်ချည်၊ မြင့်ချည် ဖြစ်နေ၏။ ဒီရေကား ဒလဟော တက်လျက်ပင် ရှိနေပေသည်။ သစ်ပင်ပန်းပင်များမှာ အရိပ်မည်းမည်းသာ ထင်ကျန်တော့လျက် ရေပေါ်တွင် ဖြတ်သန်းကာ ယိမ်းထိုးလှုပ်ရှားနေကြ၏။ လှိုင်းလုံးများ၏ အကွေ့အကောက် အတိုင်း လိုက်၍ ကွေ့ကောက်နေကြလေ၏။

ထို့နောက် မီးလုံးကြီး ရေထဲမှာ ဘွားခနဲ ပေါ်လာသည်။ မီးလုံးကြီးမှာ နီရဲနေ၏။ ရေများသည် ခန်းခြောက်စ ပြုလာ၏။ ဘုရားရှိခိုးကျောင်းဖျန်ချန် အမိုးများပေါ်လာ၏။ ဓာတ်မီးတိုင်မှ မီးလုံးများကို မြင်လာရ၏။

မီးလုံးကြီးသည် ပူလာ၏။ နီရဲနေရာမှ ဖြူလာ၏။

"သတိရပြီ၊ ဟော... မျက်လုံးဖွင့်ကြည့်တယ်"

မောင့်အသံပါပဲ။ အားလုံးသော အသံဗလံတွေ ကြားထဲမှ မောင်၏အသံကိုသာ ကျွန်မ ကြားရသည်။ အင်မတန် ချိုမြသောအသံ။

"အသက်... အသက်... ဘယ့်နှယ်နေသေးသလဲဟင်"

ကျွန်မ မျက်လုံးကို ကြိုးစားဖွင့်လိုက်သည်။ ကိုယ်တွေ၊ လက်တွေ လေးလံကာ အားနည်းသော ဝေဒနာကို ခံစားရသည်။

ကျွန်မအပေါ်သို့ မိုးနေသည်ကား မောင်၏ မျက်နှာတည်း။ လပြည့်ဝန်း ဝိုင်းဝိုင်းစက်စက်ကြီး ကျွန်မ မျက်နှာပေါ်သို့ ထွန်းပလင်းမြ နေပေသည်။

"အသက်... ဘယ့်နှယ်နေသေးသလဲ"

မျက်စိကျိန်းနေ၍ သိပ်ဖွင့်မရ။ အလင်းရောင်ထဲ၌ သက်တံရောင် မြွေးများဖြင့် တလက်လက် တဖိတ်ဖိတ် ဝင်းနေသည်။ တစ်ခန်းလုံး တံလှပ်တို့ဖြင့် ပြောက်ထားပေသည်။

"အသက် ဘယ့်နှယ်နေသေးသလဲဟင်၊ နေကောင်းရဲ့လား"

မောင်သည် ကျွန်မ နဖူးကို လာစမ်းသည်။ သူ့လက်ကား အေး စက်နေသည်။

"အသက် ဘယ့်နှယ်နေသေးလဲ"

ကျွန်မက ခေါင်းညိတ်ပြလိုက်တော့မှ အမေးရပ်သွားသည်။

ဆရာဝန် စကားပြောသံများကိုလည်း သဲသဲကွဲကွဲ ကြားရတော့ သည်။ ထို့နောက် ချိုချိုမြမြ ဆေးတစ်ခွက် သောက်ရသည်။ မောင် ကိုယ်တိုင်တိုက်သည်။

"စိုးရိမ်စရာ မရှိတော့ပါဘူး။ အပြုအစုလိုတယ်။ ကောင်းကောင်း အနားယူဖို့ လိုတယ်" ဟု ဆရာဝန်ပြောသံကို သဲသဲကြားရလေသည်။

ထို့နောက် ဆရာဝန်လည်း ပြန်သွားလေသည်။

"မောင်ဖြင့် စိတ်ပူလိုက်ရတာ အသက်ရာ၊ အသက် တစ်ညလုံး သတိမရဘူး။ အဖျားက သိပ်ကြီး၊ ကိုယ်ပူက မကျတာနဲ့ ရေခဲတင်ရတယ်။ အသက် သိရဲ့လား"

ကျွန်မက ခေါင်းခါလိုက်သည်။

"ဆရာဝန်ကလည်း ဆေးထိုးပြီး ပြန်သွားတာ၊ တားလို့မရဘူး။ သူ့မလဲ တခြားလူနာတွေက ရှိသေးတာကိုးလေ။ မောင် တစ်ညလုံး အသက်အနားက စောင့်နေတာ။ အသက် ဘာစားချင်လဲဟင်... ဆာသလား"

ကျွန်မက အသံယ့ဲယ့ဲနှင့် "မောတာပါပဲ"

ကျွန်မ ဆယ်ရက်လောက် အိပ်ရာထဲတွင် လဲ့နေရသည်။ မောင်က ခွင့်ယူမည် ပြောသော်လည်း ကျွန်မက မယူခိုင်းပါ။ ကျွန်မ တဖြည်းဖြည်း သက်သာလာသည်။

ကျွန်မ ဖျားစက အရိုးသာရှိသော ရွှေဝါပင်မှာ ယခု ရွက်သစ်လဲ လေပြီ။ အိပ်ရာက နိုးတိုင်း အပြင်ဘက်သို့ လှမ်းကြည့်သည်။ ရွှေဝါပင်ကို ကျွန်မ ခင်မင်မိပါချေပြီ။ ကျွန်မ အလူးအလဲ ဖြစ်နေတုန်းက သူ့ခမျာ ကျွန်မလိုပဲ သွေ့ခြောက်ပန်းလျက်ကာ အားနည်းလျက် ရှိနေသည်။ ကျွန်မ အပူရှိန်တက်ကာ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေစဉ် သူ့ခမျာလည်း နွေ၏ တလျှပ်လျှပ် တောက်လောင်သော နေရောင်အောက်၌ သူ၏ ရွက်ရော်များကို တဖြုတ်ဖြုတ် ခြွေချနေပေလိမ့်မည်။

ကျွန်မ နာလန်ထလာသောအခါ သူလည်း ပုရစ်နု ဆင်လာလေတော့သည်။ ကိုင်းငိုက်ကလေးများထဲမှ အစိမ်းနု ဝေသစ်လာသည်။ နောက်တစ်နေ့ ကြည့်လိုက်သောအခါ လက်တစ်ဖက်တွင် တစ်ခြမ်းပြည့်စိမ်းလာတော့သည်။ နောက်တစ်နေ့တွင် အရှေ့ဘက် တစ်ကိုင်း

လုံး ညှတ်ကွေးကျနေအောင် စိမ်းစိမ်းနုနု ဖက်ဖူးရောင် သစ်ရွက်များ ဖြင့် လေးသိပ်နေပေသည်။

ကျွန်မက မောင့်အား "ဟောဒီ သစ်ပင်လေးဟာ သက်ရဲ့ အဖော်ပဲ။ သက် အားသစ်လောင်းလာရင် သူလည်း အားသစ်လောင်းတာပဲနော်" ဟု ပြောမိသေးသည်။

ရွှေဝါပန်းကလေးများ ပွင့်သောနေ့က ကျွန်မ အပြင်ထွက် လမ်းလျှောက်စမ်းကြည့်သည်။ နံနက် နေရောင်ရှိ အရာရာတို့သည် လန်းဆန်းနေကြကုန်သည်။ နေရောင်တွင် ပါးလှပ်သော သစ်ရွက်များသည် ဖက်ဖူးရောင် စက္ကူကို လုပ်ထားသကဲ့သို့ တိုးလျှိုပေါက် မြင်နေရလေ၏။ ရွှေဝါပွင့်ကလေးများမှာ ချစ်စရာကောင်းနေကြပေသည်။

နွေဦးပေါက်သည် ဆန်းသစ်ဖန်တီးသော ရာသီပေတကား။

ထိုညဦး လသည် ရွှန်းရွှန်းမြမြ သာနေပေသည်။ ရွှေဝါပင်မှာ ငွေပြာ ပင် ဖြစ်နေပေပြီ။ ညသည် ပြောင်းလဲနေသည်။ ညဦးဦးယံသည် မှိုင်း ၍ ညဦးနက်သော် အဖြူရောင် ပြေးနေပေသည်။

မောင်က ကျွန်မကို ဖက်ထားသည်။ ထို့နောက် တိုးတိုးပြောသည်။

"အသက် ဖျားတုန်းက မောင် သိပ်စိတ်ပူတာပဲ။ တကယ့်ကို ပြောတာ၊ အသက် အပူတွေ ပြန်နေတုန်းကများ သိ...သိလား၊ မောင့်စိတ်ထဲမှာတော့ အသက်တော့ မရတော့ဘူးလို့ပဲ ထင်လိုက်တာပဲ။ တကယ့်ကို ပြောတာ"

"သက်ကို မောင် ပူတာ သိပါတယ်"

ငြိမ်သက်သွားပြန်သည်။ မောင့်မျက်နှာက ပါးနားကပ်လာပြန်သည်။

"နောက်ပြီးတော့လည်းလေ၊ အသက်ကို မောင် သိပ်ချစ်တယ် ဆိုတာ သိလာတယ်"

ဘာမှန်းမသိ။ ကျွန်မက ရယ်မောလိုက်သည်။

မောင်က မျက်မှောင်ကုတ်သွားပြီး "အသက် မောင့်ကို မယုံဘူးလား။ ပြောစမ်းပါဦး"

ကျွန်မက ထပ်ကာထပ်ကာ ရယ်မိလေသည်။

"မောင် သက်ကို ချစ်တယ်ဆိုတာ သက် သိပါတယ်"

"သက်က မယုံပါဘူး"

"ဪ မောင်ကလည်းကွယ်၊ သက် မောင့်ကို ယုံပါတယ်"

"ဘာကို ယုံတာလဲ"

"သက်ကို မောင် ချစ်တယ်ဆိုတာကို သက် ယုံတာပေါ့။ မောင်က သိပ်ကလေးဆန်တာပဲ။ မောင် ဘာပြုလို့ အပိုတွေ ပြောချင်ရတာလဲ။ သက့် အိပ်ချင်ပြီ"

အတန်ကြာ ငြိမ်နေသည်။

ကျွန်မက ရယ်ချင်သော်လည်း အောင့်ထားရသည်။ သည်တစ်ခါ ရယ်လျှင် မောင် စိတ်ဆိုးလိမ့်မည်။ ဘာဖြစ်လို့ ဒါတွေ မေးနေပြန်ပါလိမ့်ဟု အံ့သြကာ တွေးမရအောင် ဖြစ်နေမိသည်။

စားပွဲပေါ်မှ နာရီနှစ်ချက်သံကိုပင် ကြားနေရသည်။ အပြင်ဘက်တွင်ကား လဝန်းသည် မိုးတိမ်လယ်သို့ ရောက်နေကာ အရိပ်များသည် စုသေးလာကြသည်။

အတော်ကြာမှ မောင်က "မောင့်ကို ကတိတစ်ခုပေးစမ်းပါ"

"ဆိုစမ်းပါဦး"

"မောင် လေးလေးနက်နက် ပြောတာ"

"မောင်ကလည်း၊ သက် မောင့်ကိုယုံပါတယ်"

"မောင် စဉ်းစားနေတယ်။ အသက်ကို မောင် သိပ်ချစ်တယ်"

"သက် ယုံပါတယ်"

"နေဦးလေ၊ အချစ်ကို ချိန်စက်ကြရအောင်၊ အသက် မောင့်ကို ချစ်တယ်ဆိုရင် အဲ... တကယ်လို့ မောင် သေသွားရင် အသက် နောက် အိမ်ထောင်မပြုပါဘူးလို့ ကတိပြုစမ်းပါ"

ကျွန်မ ရင်တဒိတ်ဒိတ် ခုန်လာပေသည်။ ဘာပြန်ပြောရမှန်းလည်း မသိ ဖြစ်သွားသည်။ ဒါကြောင့် ဘာမှပြန်မပြောဘဲ အသာငြိမ်နေလိုက်သည်။ စိတ်ထဲကလည်း ယောက်ျားတွေဟာ တစ်ခါတစ်ခါ ဘာဖြစ်ကြတာလဲ။ စိတ်ကူးယဉ်ကြသားပါကလားဟုလည်း တွေးနေမိသည်။

"အသက် ဖျားနေတုန်းက မောင့်စိတ်ထဲမှာ အသက်ဟာ သေများသွားမလားလို့ စိတ်ပူနေတယ်။ တကယ်ပြောတာ၊ အသက် မောင့်ပေါ် ကြင်နာတာတွေ အကုန်ပေါ်လာတယ်။ တကယ်က အသက် မောင့်ကို မချစ်ပါဘူး။ မောင်က အတင်း လူကြီးတွေနဲ့ စီမံလို့ ယူရတာမဟုတ်လား။ မောင်ကသာ အသက်ကို စွဲနေတာ၊ အသက်ကို သိပ်သဘောကျတာ။ နောက်ကျတော့လည်း အသက် မောင့်ကို ချစ်လာတယ်။ ကြင်နာလာတယ်။ အဲဒီတော့ တကယ်လို့သာ အသက် သေသွားရင် မောင်တော့ နောက်အိမ်ထောင် မပြုတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် အသက်လည်း မောင့်ကို ကတိပြုနိုင်ပါ့မလားလို့ အသက်ကို မေးတာ"

အမှန်အားဖြင့် ကျွန်မ မောင့်ကို ယုံသည်။ ယုံသည်ဆိုသည်မှာ အချစ်ကို ယုံခြင်းဖြစ်သည်။ သို့သော် မောင် ပြောသကဲ့သို့ 'သေသွားရင်' ဟူသော အတွေး ဝင်မလာဖူးပါ။

"ကဲ...ကတိပြုမလား"

ကျွန်မ ဘာမျှပြန်မပြောဘဲ တိတ်နေ၏။ မောင်က ထပ်ကာထပ်ကာ မေးနေ၏။

"သက် မဖြေချင်ဘူးကွယ်"

"ဘာပြုလို့လဲ၊ သက်က မောင့်ကို မချစ်လို့ပေါ့"

"မောင် ဒီလိုတွေးရင် မှားမှာပေါ့။ သက် မောင့်ကိုချစ်တယ်။ ဒါလည်း စကားနဲ့ပြောနေလို့ အပိုပါပဲ"

"မဟုတ်ဘူး။ သက် မောင့်ကို မချစ်လို့ မဖြေနိုင်တာပေါ့။ ချစ်ရင် ဖြေနိုင်ရမှာပေါ့"

မောင့်အသံမှာ မကျေနပ်သံ ပေါက်နေ၏။ မောင်သည် ဟိုဘက် လှည့်သွားသည်။ နှစ်ယောက်သား စကားမပြောနိုင်ကြဘဲ ငြိမ်သက်နေ ကြ၏။

အတန်ကြာမှ မောင်သည် ကျွန်မဘက် လှည့်ကာ "အသက် မောင့်ကို မချစ်ပါဘူး။ မောင်ကသာ အသက်ကို ချစ်တာပါ"

"သက်ကို မောင် ချစ်တယ်ဆိုတာ သက် ယုံတယ်။ ပြောစရာ လည်း မလိုပါဘူး။ သက်က မောင့်ကိုမချစ်ဘူးလို့ ထင်တာတော့ သက် အံ့သြတယ်လေ။ မောင် နားလည်ဖို့ ကောင်းတယ်"

"ချစ်ရင် ကတိပေးနိုင်ရမှာပေါ့"

"မောင်၊ မဆိုင်ဘူးထင်တယ်"

"ဆိုင်တာပေါ့၊ အသက် မောင့်ကို တကယ် နှစ်နှစ်ကာကာ မချစ် လို့ အဖြေမပေးနိုင်တာပေါ့။ အဖြေတော့ ပေးဖို့ကောင်းတယ်လို့ ထင် တယ်"

ကျွန်မ စိတ်လှုပ်ရှားလာသည်။

"သက် အမှန်အတိုင်း ဖြေရမလား"

"မောင့်ကိုချစ်ရင် ဖြေပါ"

"သက် ဖြေမယ်။ သက် စိတ်ထဲရှိတဲ့အတိုင်း ပြောမယ်။ မောင် သေသွားရင် သက် နောက်ထပ်အိမ်ထောင်မပြုပါဘူးလို့တော့ ကတိ မပေးနိုင်ဘူး။ ဒါ အမှန်အတိုင်းပြောတာ။ မောင် စဉ်းစားကြည့်ပါ။

အခြေအနေဆိုတာ ကြိုတင်ပြီး..."

"တော်ပါတော့ သက်ရယ်။ မောင် နားလည်ပါပြီ"

မောင် ဟိုဘက်လှည့်သွားကာ "ကဲ သက်... အိပ်တော့၊ မောင်လည်း အိပ်တော့မယ်" ဟု ဒေါသနှင့် ပြောပြီး ငြိမ်သွားလေသည်။

"နေပါဦး။ သက် ပြောပါဦးမယ်။ သက်က မောင့်ကို မချစ်ဘူးလို့ အဓိပ္ပာယ် မရောက်ဘူး။ မောင် တွေးတာက စိတ်ကူးယဉ်လွန်းနေတယ်။ မမြင်ရတဲ့ အခြေအနေကို ဘာဖြစ်လို့"

"တော်ပါတော့"

"သက် ပြောတာကို မောင် နားမလည်သေးပါဘူး"

"နားလည်တယ်ကွ၊ သိရဲ့လား"

မောင့်အသံမှာ ခက်ထန်လာသည်။

"သက် ရှင်းပြချင်တယ်"

မောင်သည် ဝုန်းခနဲ ခုတင်ပေါ်မှထကာ အပြင်ထွက်သွားသည်။ တစ်နာရီလောက်ကြာမှ ဧည့်ခန်းထဲမှ ပြန်လာသည်။ ကျွန်မလည်း အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ နောက်တစ်နေ့ကျမှ ရှင်းပြရပေတော့မည်။

မောင် ကျွန်မကို သုံးလေးရက်လောက် စကားမပြောပါ။ ညဉ့်နက်မှလည်း ပြန်လာသည်။ ကျွန်မကတော့ မသိလိုက်ဘာသာ နေလိုက်သည်။

တစ်ညတွင် ၁၂ နာရီလောက်မှ မောင် ပြန်လာရာ မောင်နှင့်အတူ ထမင်းစားပွဲတွင် ထိုင်ကာ မျက်နှာချင်းဆုံမိသည်။

"သက် မောင့်ကို စောင့်နေတာ၊ သက် ညစာမစားရသေးဘူး"

အဲဒီတော့မှ မပွင့်တပွင့်နှင့် "စားလေ" ဟု စတင် စကားပြောပါတော့သည်။

"သက် ညစာမစားတာ ဘယ်နှရက်ရှိပြီ ထင်သလဲ"

"ဟင်" ဟု ဆိုကာ မောင် အံ့အားသင့်နေ၏။

"မောင်က သက်ကို ထမင်းစားပြီးပလားလို့ တစ်ခါမှ မမေးပါဘူး။ မမေးလို့လည်း သက်ကတော့ မောင့်ကို စိတ်မကောက်ပါဘူး"

မောင်သည် ကျွန်မကို စိုက်၍ ကြည့်နေလေသည်။

"ဒါ ထားလိုက်ပါ။ သက် ပြောတာ မောင် အစအဆုံး နားထောင်ပါ။ သက်က ယုတ္တိဗေဒကို ပြောမှာပါ။ မဖြစ်လာသေးတဲ့၊ မရောက်လာသေးတဲ့ အခြေအနေတစ်ခုကို မောင် ဘာပြုလို့ တွေးထားချင်သလဲ။ သက် ကတိပြုပါတယ်လို့ မောင့်ကို သက် ပြောနိုင်ပါတယ်။ သက် ဒီလိုပြောလိုက်ရင် မောင် ကျေနပ်မယ်ဆိုတာလည်း သက် သိပါတယ်။ ပြောရတာ အလွယ်ကလေးပါ။ ဒါပေမဲ့ သက် မှန်တဲ့စကားကိုသာ ဆိုချင်တယ်။ ချစ်တဲ့သူအပေါ်မှာ မှန်တဲ့အတိုင်း လုပ်ရမှာပေါ့။ သက်တို့ မိန်းမသားဆိုတာ ခက်တယ်။ တကယ်လို့ ကလေးတွေ ဘာတွေနဲ့ ကျန်ရစ်ခဲ့တော့ မချစ်ပေမဲ့လည်း အားကိုးအားထား အနေနဲ့ ယူချင်ယူရတာမျိုး။ နောက်ပြီး ဘယ်အရာမျိုးမဆို အတည်မရှိဘူး။ ပြောင်းလဲနေကြတယ် မဟုတ်လား။ ပြောင်းလဲတဲ့ တရားကိုတော့ သက် ယုံတယ်လေ"

ထိုညဦး ကျွန်မတို့နှစ်ယောက် ပြန်တည့်သွားကြသည်။

အပြင်ဘက်တွင်ကား လရောင်သည် ဝင်းပလျက်။

ကျွန်မ သူ့ကို ပိုချစ်လာသည်ဟု ခံစားမိသည်။ မောင် ခါတိုင်းလို ပြန်ဖြစ်သွား၍ ကျွန်မ ကျေနပ်မိပေသည်။ ကျွန်မလည်း သူ စိတ်ထိခိုက်မှာ ဟူသမျှကို ရှောင်ကွင်းမိပါသည်။ အလိုလို ဖြစ်လာသည်ဟု ကျွန်မ ထင်သည်။

မိုးရေစက်များ ထိစဉ်သဖြင့် သစ်ပင်များ ရွှန်းစိုလာကြပေပြီ။ မြက်

ခင်းများသည် မြကော်ဇော ခင်းဖြန့်ထားသည်နှင့် တူနေပေသည်။

*

သမီးတစ်ယောက် ရလာပြန်သဖြင့် အိမ်မှာ သိပ်စည်ကားလာသည်။ သို့သော် ချွေတာလာရသည်။ ကုန်ဈေးနှုန်းများကလည်း တက်၍သာ လာသည်။

(၃)

ယခုနွေတွင်လည်း ခါတိုင်းကဲ့သို့ပင် ကောင်းကင်သည် ပြာကြည်နေပေသည်။ ခါတိုင်းကဲ့သို့ပင် သစ်ပင်များ အရွက်လဲနေကြပေသည်။ ခါတိုင်းကဲ့သို့ပင် ရွှေဝါပင်သည် အစိမ်းနုတို့ကို ဆင်ယင်ထားပေသည်။ ခါတိုင်းကဲ့သို့ပင် ညများသည် ငွေလရောင်ဖြင့် ပြည့်ကာ မွှေးရနံ့ဖြင့် ထုံနေပေသည်။

ခင်ခင်သက်သည် နေ့စဉ်မှတ်တမ်းကို လှန်ရင်း ငေးနေသည်။ စာရွက်တစ်နေရာတွင် မျက်ရည်ထိသဖြင့် ဖောင်းတွန့်နေ၏။

နံနက်ခင်းမှာ အေးမြနေသည်။ အားလုံးသောအရာတို့သည် ရွှေရည်ဖန်ပေါင်းချောင်ထဲ၌ မြင်ရသကဲ့သို့ ဝါရွှန်းနေ၏။ နှင်းကျန်ရွက်တို့မှာ တဖိတ်ဖိတ် တောက်ပနေသည်။

မောင်တစ်ယောက် လောပီတသွားနေစဉ် သားနှင့် သမီးလေးတို့နှင့်အတူ အိပ်ရသည်မို့ အရသာတစ်မျိုးကို ခံစားရသည်။ သမီးလေးက ပွတ်သီးပွတ်သပ် လုပ်တတ်သည်။ သားသားကမူ ရေဒီယို နားထောင်နေရလျှင် ကျေနပ်နေသည်။ ကြီးလာလျှင် ဂီတပညာရှင် တစ်ယောက်ဖြစ်မည်။ တစ်ခါ နှစ်ခါ နားထောင်ရရုံဖြင့် တေးသွားကို ညည်းပြတတ်သူ။

နွေသစ်ပင်များကိုကြည့်ရင်း "ရွက်သစ်နုကလေးတွေ ဝေလာဦး မှာပေါ့။ ပြန်လည်လန်းဆန်းလာဦးမှာပေါ့" ဟု တစ်ကိုယ်တည်း ရေရွတ်မိသည်။

မောင် သွားတာ နှစ်လလောက် ရှိပြီ။ ကန္တာရဝတီဟာ သိပ်သာယာမှာပဲ။ စမ်းချောင်းကလေးတွေ၊ ပန်းတောကြီးတွေ။ မဘူးမြင့်၏ သီချင်းသံကြားရတိုင်း လွမ်းရသည်။ ငွေတောင်သူတွေ သိပ်ချောမှာပဲဟု စိတ်ကူးကြည့်မိသည်။ တောလမ်းကြားကလေးများမှာ ပန်းရနံ့ဖြင့် လှိုင်နေပေလိမ့်မည်။ ရေတံခွန်များမှာ တေးသီကျူးနေကြပေလိမ့်မည်။

ထိုနေ့တွင် ကောင်းကင်က ပျံကျလာသကဲ့သို့ မမျှော်လင့်သောသတင်းတစ်ခုရသည်။ အရာရှိ ကိုစောသိုက် မိန်းမရနေပြီဆိုသောသတင်း။

တစ်ညလုံး မအိပ်။ အတိတ်က အသံဗလံများ၊ စကားဆိုသံများသည် ညံစီလာ၏။ နားကို ပိတ်သော်လည်း မရ။ အတိတ်က မြက်ခင်းများသည် စီရရီ ပေါ်လာကြသည်။ မျက်စိမှိတ်ထား၍လည်း မရ။ တစ်နေ့လုံး ဘာမျှ မစား။ နောက်တစ်နေ့လည်း မအိပ်။

မေတ္တာသည် ဝေဒနာ တစ်ခုပါတကား။

တစ်ခုခု ဆုံးဖြတ်ရတော့မည်။ ကိုစောသိုက်ကို သက် ကွာမည်။

*

မောင် ပြန်အလာကို စောင့်ရဦးမည်။ မောင့်ကို ရှင်းရှင်းလင်းလင်း ပင် မေးရလိမ့်မည်။ "မောင် ဘယ်သူ့ကို ပိုခင်သလဲ၊ ခင်တဲ့သူနဲ့ နေပေါ့"

"အို... သူ စိတ်ချမ်းသာသလို နေပါစေ။ သူ စိတ်ချမ်းသာမယ် ဆိုရင်..."

ခင်ခင်သက်သည် ပြတင်းပေါက်မှ မြင်ရသော နွေသစ်ပင်ကို ငေး ကြည့်နေလေ၏။

ရှမ်းမဂ္ဂဇင်း၊ ၁၉၅၉

# မြခါးရမ်းကြိုးပိုင်ရှင်

- ခင်နှင်းယု -

မောင် ကွယ်လွန်အနီစွဲရောက်ပြီဟု ကြားရသောအခါ ကျွန်မတို့အကြောင်းကိုသိသော သူငယ်ချင်းများက ကျွန်မကို အပြစ်တင်သည်။

မောင် ဆုံးစဉ်က ရန်ကုန်မြို့နှင့် အတန်ငယ်ဝေးကွာသော တောမြို့လေးမှာ ကျွန်မ ရောက်နေသည်။ ကျွန်မက အထက်တန်းပြ ဆရာမလေးဖြစ်သည်။ ကျွန်မကို အပြစ်တင်ဆုံးက ကျွန်မ သူငယ်ချင်း စိမ်းမြည့်ဖြစ်သည်။ သူက ကျွန်မနှင့် ဇာတိမြို့လေးမှာလည်း ကျောင်းနေဖက်။ တက္ကသိုလ်ရောက်တော့လည်း ယခု တိုက်ကြီးများ ဆောက်ထားသော နေရာလေးမှာ စံရိပ်ငြိမ်ဟူသော ရပ်ကွက်လေးထဲရှိ ပျဉ်ထောင်အိမ်လေးမှာ အတူနေခဲ့ရသော သူငယ်ချင်းများ ဖြစ်သည်။ ဒါကြောင့် တက္ကသိုလ်တွင် ကျောင်းနေခဲ့ရစဉ်က ကျွန်မနှင့် မောင့်အကြောင်းကို သူ သိခဲ့ရခြင်းဖြစ်သည်။

"တကယ်ဆို မင်း သူ့ကို လက်ထပ်သင့်တယ်။ ငြိမ်းနဲ့သာ လက်ထပ်ဖြစ်ရင် ကိုကျော်ရင်ဦး အဖြစ်က ဒီလို ဇာတ်သိမ်းမှာ မဟုတ်ဘူး"

ကျွန်မက သူ့စကားကို အံ့အားသင့်စွာနှင့် နားထောင်နေသည်။ သူကလည်း ကျွန်မရှိရာ တောမြို့လေးကို ဝင်ရောက်လာရင်း မောင့်

သတင်းကို ကျွန်မအား ပြောပြခြင်းဖြစ်သည်။ ကျွန်မက မြို့ကြီးပြကြီးနှင့် အလှမ်းကွာဝေးသော တောမြို့ကလေးမှာ ကျွန်မ တပည့်လေးများကို စာသင်ပေးရင်း နှလုံးသားဒဏ်ရာကို ကုစားရာမှ ကျက်စပင်ပြုနေပြီ ကျွန်မ ထင်ပါသည်။ ဟုတ်ပါသည်။ ကျွန်မတို့ကျောင်းမှ ထွက်သွားကြသော ကျောင်းသားလေးများပင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်နှင့်ဆိုတော့ ကျွန်မ ကျောင်းနေစဉ်ကာလ ကြာမြင့်ခဲ့သောအချိန်က ရခဲ့သော ဒဏ်ရာမှာ ကျက်စပြုလောက်ပါပြီ။ ဘယ်သူက နှလုံးသားဒဏ်ရာကို သွေးသံရဲရဲနှင့် ထားနေမှာလဲ။ တစ်နည်းမဟုတ် တစ်နည်းနှင့် ကုစားရမည်ပဲပေါ့။ ဒဏ်ရာ ဘယ်သို့ရခဲ့သည်ကိုတော့ အမြဲလိုသတိရနေမှာပဲ ဖြစ်သည်။

ကေဝင့်ပုဏ္ဏားတောင် အမုန်းကြောင့်ရခဲ့သော နဖူးမှ အမာရွတ်ကို မြင်တိုင်း သူ့အား ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့သော မဟော်သဓာကို သတိရလေဟူသော ဆိုစကား ရှိခဲ့သေးတာပဲ။ အချစ်ကြောင့် ကျွန်မ နှလုံးသားမှာ ဒဏ်ရာရစေခဲ့သော မောင့်ကို ကျွန်မ ဘယ်မှာမေ့ပါလိမ့်မလဲ။ ဒဏ်ရာကျက်သွားတောင် အမာရွတ်က သေရွာပါလိမ့်မည် ထင်ပါရဲ့။

"မြည်ုမင်းဟာ ယောကျ်ားတွေအလိမ်ကို ဒါကြောင့် ခံရတာပဲ။ ခုထိလည်း ယောကျ်ားတွေအကြောင်း မင်း မသိသေးပါဘူး"

ကျွန်မ ပြောစကားကြောင့် သူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူက တွေ့၍ စဉ်းစားနေသည်။ မြည်ုခင်ပွန်းသည်မှာ လွန်ခဲ့သော ငါးနှစ်လောက်က ဆုံးသွားရှာပြီ။ သူ ကလေးငါးယောက်ကို ရန်ကုန်မှာ အလုပ်လုပ်ရင်း သူ့ဘာသာ ကျွေးမွေးပျိုးထောင်ခဲ့ရသည်။ စိမ်းမြည်ုက ရန်ကုန်အစိုးရဌာနမှာ အရာရှိတစ်ယောက် ဖြစ်သည်။

"ကိုလှမြင့်က အလုပ်မလုပ်တာ တစ်ခုပါပဲ"

ကျွန်မက ရယ်ချင်သည်။ စိမ်းမြည်ကြီးနှင့် ကိုလှမြင့်က ငယ်ကတည်းက တစ်ကျောင်းတည်းနေသူတွေ ယခင်ခေတ် မြေပိုင်ရှင်သားဖြစ်၍ ချမ်းချမ်းသာသာ နေလာသူ၊ လွတ်လပ်ရေးရပြီး ခေတ်ပိုင်းမှာ မြေပိုင်ရှင်များ ဝင်ငွေမရှိသောခေတ်မှာ ကိုလှမြင့်က ၁၀ တန်းအောင်ပြီး တက္ကသိုလ်လည်း ဆက်မတက်။ ဘာမှလည်း မည်မည်ရရ မလုပ်။ စိမ်းမြည်ကြီးနှင့် လက်ထပ်ပြီး ကလေးသာ ငါးယောက်ရလာရော အသက်မွေးဝမ်းကျောင်း ဘာမှမလုပ်။ ယခုတော့ ဆုံးသွားပြီ။ ဒါပေမဲ့ စိမ်းမြည်ကြီးသည် ကိုလှမြင့်နှင့် ပတ်သက်လာလျှင် အစဉ်ပဲ ခွင့်လွှတ်တွေးနိုင်သည်ကတော့ ချီးကျူးစရာပါပဲ။

"ပြီးတော့ မင်းကို ရန်ကုန်မှာ မြည်ကြွေ့တော့ ပြောပါသေးတယ်။ ကိုကျော်ရင်ဦး တော်တော်ဖြစ်နေပြီဆိုတာ မှတ်မိလား၊ အိမ်ငြိမ်:"

စိမ်းမြည်ကြီးက ကျွန်မကို ငြိမ်းဟုလည်း ခေါ်သည်။ ကျွန်မ ငယ်နာမည် မအိမ်ငြိမ်းဖြစ်၍ အိမ်ငြိမ်းဟူ၍လည်း ရင်းရင်းနှီးနှီးခေါ်သည်။

"အေးလေ၊ မြည်ကြာ စဉ်းစားကြည့်ပါ။ ငြိမ်းက ဘယ်အနေနဲ့ သူ့ကို သွားတွေ့ရမှာလဲ။ တစ်ခါက ချစ်ခဲ့ဖူးသူ တစ်ယောက်အဖြစ်နဲ့ ဆိုတောင် သူ့မှာက လက်ထပ် မယားနဲ့"

"အဲဒီတုန်းက မြည်ကြီ့ မေစန္ဒာနဲ့ တွေ့တယ်။ သူကကို ဖွင့်ပြောတာ။ ကိုရင်ကျော်ဦးဟာ စိတ်လည်း တစ်ခါတစ်ခါ ဖောက်တယ်။ အခု အစာအိမ်မှာ ကင်ဆာလည်း ဖြစ်လာပြီတဲ့။ အတိတ်က ဖြစ်ခဲ့တဲ့ အကြောင်းကိုမေ့ထားပြီး မအိမ်ငြိမ်း ကိုကျော်ရင်ဦးကို လာကြည့်စေချင်တယ်တဲ့။ ဟိုဘက်က ဒါလောက် လိုက်လျောတာကို ငြိမ်း ဘာလို့မသွားတာလဲ။ သူ့ရဲ့ နောက်ဆုံးအချိန် မင်းသွားသင့်တယ်"

စိမ်းမြည်ကြီးက သူ့ထင်မြင်ချက်ကို တင်ပြလာသည်။ မေစန္ဒာမှာ တက္ကသိုလ်မှာ ကျောင်းအတူနေစဉ်က ကျွန်မချစ်သူမှာ ကိုကျော်ရင်ဦး

ဖြစ်သည်ကိုသိလျက်နှင့် ကျောင်းနေစဉ်မှာကို ရအောင်ယူခဲ့သူဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်မ မေစန္ဒာကို အပြစ်မယူခဲ့ပါ။ မောင်ကသာ မပါခဲ့လျှင် ဒီကိစ္စက ဖြစ်စရာအကြောင်း မရှိပါ။ ဒီတော့ မေစန္ဒာကို ကျွန်မ အပြစ်မတင်လိုပါ။ အဝေးကသာ ချစ်သူသတင်းကို ကျွန်မ နားထောင်ရင်း ကိုယ့်စာပဲကိုယ် ကြိုးစားခဲ့သည်။ တက္ကသိုလ်ဆို သည်က အချစ်ကိစ္စတစ်ခုတည်းအတွက် ကျွန်မတို့ လာရောက် စာသင်သည်မှာ မဟုတ်ဘဲ၊ ကျွန်မတို့ခေတ်က Roll Call ကျောင်းခေါ်ချိန် ၆၅ ရာခိုင်နှုန်း ရှိမှ စာမေးပွဲဖြေခွင့်ရ၍ သင်တန်းမှန်မှန်တက်ရသည်။ နယ်ကျောင်းသူ ဖြစ်၍ ကျွန်မတို့ ပိုကြိုးစားရသည်။ ပြီးတော့ ထိုစဉ်က တက္ကသိုလ် ကျောင်းသူကျောင်းသားဆိုသည်ကိုက အားကစား (ဘောလုံး၊ လှေလှော်) စသည်ဖြင့် ထူးချွန်ရုံမက စာပေဟောပြောပွဲ၊ စကားရည်လုပွဲတွေနှင့် ကာယ၊ ဉာဏ အားလပ်သည်မရှိ။ ကြိုးစားနေရသော အချိန်ဖြစ်သည်။

မောင် စာတော်၍ ပညာတော်သင်ဆုရသော အင်္ဂလန်သို့ ဆောက်လုပ်ရေး အင်ဂျင်နီယာဘွဲ့ သွားယူသည်ဟုလည်း သတင်းကြားရသည်။ ဘွဲ့ယူပြီး ပြန်အလာမှာ မေစန္ဒာနှင့် လက်ထပ်သွားကြသည်။

နိုင်ငံခြားမှာ မောင် ပညာသင်စဉ်က ကျွန်မ ဘီအီးဒီ တက်နေဆဲ။ တစ်ညမှာ စိမ်းမြည့် အပါအဝင် သူငယ်ချင်းတွေ ကျွန်မကို ဆူကြသည်။ ထိုခေတ်က ရေဒီယိုခေတ်ဖြစ်၍ သောတရှင်တို့ လိုရာသီချင်းတောင်း ရာတွင် အင်္ဂလန်ရောက် ပညာတော်သင် ကိုကျော်ရင်ဦးအတွက် အမည် မဖော်လိုသူ ချစ်သူက 'လှေကလေးကို လှော်မည်' သီချင်းကို တောင်းဆိုပါသည်တဲ့။ ရေဒီယိုက ကြေညာသည်။

"မိအိမ်ငြိမ်း ကျော်ရင်ဦးက မေစန္ဒာနဲ့ စေ့စပ်သွားပြီပဲဟာ... မင်းက ဘာကြောင့် အမှတ်တရသီချင်း တောင်းရတာလဲ"

စိမ်းမြည့် အပါအဝင် အကြောင်းသိသူငယ်ချင်းတွေက ကျွန်မကို

ဆူကြသည်။ "ခက်တာပဲ၊ မင်းတို့ကလည်း ငါ့ကိုပဲ ဆူ၊ ငြိမ်းက ကိုကျော်ရင်ဦးအတွက် အမှတ်တရ သီချင်းတောင်းရအောင် အဲဒီ "လှေကလေးကို လှော်မည်" ဆိုတဲ့ ဇာတ်ထုပ်မျိုး ငြိမ်း ဘယ်တုန်းက ခင်းခဲ့လို့လဲ။ အင်းလျားကန်ထဲ လှေလှော်ဖို့ နေနေသာသာ ငြိမ်း အင်းလျားကန်ပေါင်တောင် ကိုကျော်ရင်ဦးနဲ့ လျှောက်တာ မင်းတို့ မြင်လား"

ကျွန်မကလည်း ငြိမ်မနေ၊ ဆတ်ဆတ်ခါ ပြန်ပြောမှ သူတို့ငြိမ်သွားသည်။

"အင်းလျားကန်မှာ လှေအတူလှော်ခဲ့တဲ့ မိန်းကလေးက ဒီသီချင်းတောင်းမှာပေါ့။ မင်းတို့ မစဉ်းစားမိဘူးလား"

သူတို့အုပ်စု ဒီတော့မှ ကျွန်မကို တောင်းပန်သည်။ ကျွန်မတို့ခေတ်က တချို့ကျောင်းသူတွေ အတွဲများနှင့် လှေလှော်၊ မြို့ထဲ ဟိုတယ်၊ စားသောက်ဆိုင်တွေ သွားပေမဲ့ ကျွန်မတို့အုပ်စု အကြော်ဆိုင်နှင့် အဆောင်များရှေ့ရှိ စားသောက်ဆိုင်မှလွဲ၍ မထိုင်တတ်။ ယခုလို ပလက်ဖောင်းပေါ်က လက်ဖက်ရည်ဆိုင်မျိုးဆိုလျှင် ဝေးရော။ ယခု အသက် ၄၀ ကျော်လာသော ကျောင်းဆရာမဘဝတွင်ပင် လမ်းဘေးဆိုင်မှာ ကျွန်မ မထိုင်ရဲသေးပါ။

မောင် နိုင်ငံခြားက ပြန်လာတော့ မေစန္ဒာနှင့် လက်ထပ်သည့် သတင်းကြားရုံမက တခြားသတင်းတွေလည်း ကြားရသည်။ ကျွန်မက စိတ်မပြတ်နိုင်လေတော့ မောင့်သတင်းကို စိတ်ဝင်စားနေရဆဲပါ။ အနောက်မှာ ပညာသင်ရင်း မောင် အရက်သောက်တတ်လာသတဲ့။ သောက်သည်က အလွန်အကျွံ။ မောင်နှင့်အတူ ပညာတော်သင်သွားသူတွေ ညွှန်ကြားရေးမှူးရာထူး တက်သွားပေမဲ့ မောင်က အုပ်ချုပ်ရေးမှူးလောက်ပဲ ရှိနေသေးသည်တဲ့။ အထက်မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်စဉ်ကလည်း အစိုးရကိစ္စနှင့် တာဝန်ထမ်းဆောင်ရန် မော်တော်

တစ်စီးနှင့် ထွက်အသွား ကြေးစားမိန်းမလေးတစ်ယောက် ခေါ်သွား၍ ပြဿနာဖြစ်သတဲ့။

ကျွန်မ နောက်တော့ သူ့သတင်းတွေ မကြားချင်တော့ပါ။ မိန်းမ နှင့် အရက်၏ ကျေးကျွန် မောင် ဖြစ်သွားပြီးနောက် ကလေး သုံး၊ လေးယောက်ရပြီး ဖြစ်သော မောင့်ဇနီး မေစန္ဒာရော စိတ်ချမ်းသာပါမည် လား။

ထားခဲ့မိသော သံယောဇဉ်ကြောင့် သူ့သတင်းကြားရတိုင်း စိတ် မကောင်း ဖြစ်ရသည်ကို ကျွန်မ ဝန်ခံပါသည်။ ရန်ကုန်မှာ စိမ်းမြည်ု နှင့် တွေ့စဉ်ကလည်း သူပြောသလိုပင် ကိုကျောရင်ဦး အခြေအနေ ဆိုးလာသည်ကို ကျွန်မ သွားမကြည့်ခဲ့ပါ။

"သူ့ကိုသင်ကြီးဟ်တော့ သူငယ်ချင်းတွေ တော်တော်စုံပါတယ်။ မင်း တစ်ယောက်မလာလို့ ဟင်နရီတို့အုပ်စုက မေးတယ်။ သူလည်း ဆုံးခါ နီး မင်းကို သတိရနေမှာပါ။ အိမ်ငြိမ်းရော... မင်း တော်တော်ရက်စက် တယ်"

စိမ်းမြည်ုက ဒီစကားကိုပဲ ဆိုပြန်ပါသည်။ ပြီးတော့ စကားဆက် ပြန်သည်။

"ယောကျ်ားဆိုတာ သူ့ကို ထိန်းသိမ်းနိုင်တဲ့ မိန်းမနဲ့ရရင် သူတို့ အကျင့်ကို ပြင်တတ်တာပဲ။ ငြိမ်းနဲ့ရရင် ဒီလိုဖြစ်ချင်မှ ဖြစ်မှာ"

"ဘာပြောတယ်... မြည်ု"

ကျွန်မက ငေါက်သလို မေးလိုက်၍ သူ လန့်သွားပုံရသည်။

"သူ့ဇနီး မေစန္ဒာကရော သူ့ကို မထိန်းနိုင်ဘဲ နေပါ့မလား။ ကိုယ့်ယောကျ်ား အရက်သောက်၊ မိန်းမပွေနေတာကို ဘယ်သူ လက်ပိုက် ကြည့်မလဲ။ ထိန်းမရလို့ နေမှာပေါ့"

ကျွန်မက စိတ်ထိန်း၍ ပြောလိုက်သည်။

"ငြိမ်းနဲ့ မေစန္ဒာ မတူဘူးလေ၊ မင်းက ငယ်ချစ်ဦး"

"နေပါဦး၊ အဲဒီ ငယ်ချစ်ဦးကို ပစ်သွားတာက ဘယ်သူလဲ"

"မင်းကလည်း မာနကြီးတစ်ခွဲသားနဲ့ လိုက်လိုက်လျောလျော ဘာမှမရှိတူး။ ငြိမ်းက မေစန္ဒာနဲ့ အခြေအနေကို ရိပ်မိကတည်းက ဖျောင်းဖျရမယ်။ ကိုယ့်ဘက် ပြန်ညွှတ်အောင်လုပ်ရင် သူ့ကို ကယ်သလိုဖြစ်မှာပေါ့။ ခုတော့ သူ့ဘဝဆုံးရတဲ့အဖြစ် ရောက်ရတယ်"

စိမ်းမြည်ဦ စကားကြားတော့ ကျွန်မ ရယ်ပါသည်။ အားရပါးရ ကျွန်မ ရယ်သံကြားတော့ စိမ်းမြည်ဦက ဒေါသထွက်ပုံရသည်။

"ဘာရူးတာလဲ၊ ချစ်သူသေတယ်ကြားတာ ရယ်ရသလား"

သူက ဒေါနှင့်မောနှင့် မေးသည်။

"မြည်ကို့ ငယ်ငယ်က ကျောင်းပြဇာတ်မှာ မြည်ဦ မဏိမေခလာ လုပ်ခဲ့တယ်လေ" ကျွန်မ ပြန်ပြောလိုက်၏။

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

ကျွန်မတို့ ကျောင်းပြဇာတ်မှ စိမ်းမြည်ဦသည် မဏိမေခလာ နတ်သမီး လုပ်ခဲ့၍ ဇနက္ကမင်းသားကို ကယ်သောအခန်းမှာ ပါဝင်ကပြခဲ့သည်။ ကျွန်မက သီဝလီဒေဝီ လုပ်ရသည်။ မဏိမေခလာ ဆိုသည်မှာ မြခါးရမ်းကြိုးကို ပိုင်ဆိုင်သော နတ်သမီးဟူ၍ အဓိပ္ပာယ်ရသည်။

"မြည်ဦ ပြန်တွေးကြည့်ပေါ့၊ မင်း မဏိမေခလာ လုပ်တုန်းက ဇနက္က ပင်လယ်ထဲ မျောနေတာ မင်း ချက်ချင်းကယ်လား"

သူက တွေ၍ စဉ်းစားနေသည်။

"ဒီမင်းသား လုံ့လ ဝီရိယကို အားကိုးပြီး ကူးနေသလား။ သွေးရူးသွေးတန်းနဲ့ ကူးနေသလားဆိုတာကို စုံစမ်းပြီးမှ ကယ်ခဲ့တယ်မို့လား"

"ဟုတ်တယ်၊ ဇာတ်တော်ကလည်း ဒီလိုပဲလာတယ်။ ကျောင်းက ဆရာတွေကလည်း ဒီလိုပဲ သင်တယ်"

"အေး....ဟုတ်ပြီ၊ မြည်ကြီ တကယ့်ဘဝ မင်းကရတော့ အချစ်ဦးဆိုတာ တစ်ခုနဲ့ ကိုလှမြင့်ကို မင်း လက်ထပ်ခဲ့တယ်။ တစ်ခေတ်က လယ်ပိုင်ရှင်သားဆိုတဲ့ နာမည်တစ်ခုပဲ ရှိတယ်။ လက်ကြောတင်းအောင် ဘာမှ မလုပ်လို့ မြည်ကြီ စိတ်ညစ်ခဲ့ရတယ်။ မြည်ကြီ ကလေးတွေကို လူလားမြောက်အောင် မြည်ကြီ ကြိုးစားခဲ့တယ်။ ပြီးတော့ မြည်ကြီ ငြိမ်းကို ပြောခဲ့သေးတယ်။ အိမ်မှာလည်း ခွက်ပုန်းပွဲတော် လုပ်ပေးရတယ်ဆို"

စိမ်းမြည်ကြသည် တွေတွေလေး စဉ်းစားနေသည်။

"ငြိမ်းဘဝမှာ တကယ်လို့ ကိုကျော်ရင်ဦးနဲ့ လက်ထပ်ရလို့ အရက်ကလေး တမြမြဖြစ်နေရင် မြည်ကြီ့လို အမြည်းကြော်ပေးသင့် ပေးရမှာပေါ့။ အပြင်မှာ အပျော်မကျူးအောင် ယုယပြုစုရမှာပေါ့။ ခုတော့ သမီးရည်းစား ဘဝမှာကတည်းက ငြိမ်းကို ပစ်သွားခဲ့သူ၊ ခြံခုန်တတ်သူ လူတစ်ယောက်ကို ငြိမ်းက မျက်စိမှိတ် အရဲစွန့်ကယ်ရမလား။ ငြိမ်းတော့ မယုံဘူး။ အရက်သောက်တတ်၊ မိန်းမပွေတတ်တဲ့ လူတစ်ယောက်ကို လက်ထပ်ပြီး ပြုပြင်ယူမယ်ဆိုတဲ့ သတ္တိမျိုး ငြိမ်းမှာ မရှိဘူး။ မိန်းမအထိန်းအသိမ်းလိုတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ၁၀၀ မှာ ၉၀ က သူတို့ပင်ကိုဗီဇကို မပြင်ပါဘူး.... မြည်ရာ၊ ငါကတော့ မြည်ကြီ့ကို မစွန့်စားရဲဘူး။ မဏိမေခလာ ကယ်မိတာ ဇနက္ကမင်းသားဆို တော်သေး။ အရက်သမားနှာဘူး ဖြစ်နေမှ ရေထဲပြန်ချရလည်း အခက်၊ ကျောက်ဖျာပေါ် သွားထားလည်း အဲဒီလူရောက်ရာ တိုင်းပြည်တော့ ဒုက္ခပဲ"

စိမ်းမြည်ကြသည် ဒီတော့မှပဲ ရယ်ပါတော့သည်။ ပြီးတော့မှ သူ ကျွန်မ ပခုံးလေးကို ဖက်သည်။

"မင်းတို့နှစ်ယောက်အပေါ် ချစ်ခင်လို့၊ သံယောဇဉ်ကြီးလို့ တို့လည်း ပြောမိတာပါ။ သူ့ဘဝ ဇာတ်သိမ်းမကောင်းတာကိုတော့ မင်း

လည်း စိတ်ကောင်းမှာ မဟုတ်ဘူး။ ပြီးတော့ မင်း သူ့ကို မမှေ့ပါဘူး"

"မေစန္ဒာအတွက် မိန်းမချင်းစာနာပြီး ကိုယ် စိတ်မကောင်းဖြစ်မိတယ်။ ငြိမ်း သူ့ကို မှေ့ရ မရတော့ မင်း ငြိမ်းရဲ့ နှလုံးသားကို မြင်နိုင်စွမ်းရှိရင် သိမှာပါ"

သူ ငိုင်၍သွားပါသည်။ ကျွန်မတို့ မြို့လေးမှ သူ ပြန်မည်ဆိုတော့ မီးရထားဘူတာရုံလေးသို့ ကျွန်မ လိုက်ပို့ပါသည်။ သူက တွဲပေါ် တက်ခါနီး ပြောသွားပါသေးသည်။

"ဇနက္ကမင်းသားလို လူမျိုးတွေ့ရင်တော့ ကယ်လိုက်ပါဦး မိအိမ် ငြိမ်းရာ"

မြခါးရမ်းကြိုးပိုင်ရှင်၏ မိန့်ခွန်းပါပဲ။

နဝေးရသစုံမဂ္ဂဇင်း၊ အမှတ် ၂၊ ဇန်နဝါရီ၊ ၂၀၀၀

❑

# ရန်ကုန်ရဲ့ မေလ ၁ ရက်နေ့မှာ

- နိုင်ဝင်းဆွေ -

မိတ်ဆွေမှတ်တမ်းလေးရေ ...

ဒီနေ့ ၁၉၇၈ ခုနှစ်၊ မေလ ၁ ရက်နေ့၊ မနက် ခြောက်နာရီလောက်က ကျောက်မြောင်းရပ်ကွက်ထဲမှာကို တစ်ယောက်တည်း လမ်းလျှောက်နေခဲ့တယ်။ နွေခေါင်ခေါင်ကြီးပေမဲ့ နှင်းငွေ့ပါးပါးကလေးကတော့ လမ်းပေါ်မှာ ဝဲနေတုန်းပဲ။ မေဒေးနေ့ အထိမ်းအမှတ်လုပ်ဖို့ ကောင်စီတွေဟာ တစ်အိမ်ပြီးတစ်အိမ် အတင်းလိုက်ခေါ်နေတယ်။ တချို့လမ်းတွေပေါ်မှာ လူလေးငါး ခြောက်ယောက်၊ တချို့လမ်းထောင့်တွေမှာ လေးငါးဆယ်ယောက်၊ ဟိုနားမှာတစ်ပုံ၊ ဒီနားမှာတစ်စု၊ ဟိုဝေးဝေးဘက်က နည်းနည်းပါးပါးလာနေတယ်။ အတော်ကြာတော့ အလွန်ခြောက်ကပ်ကပ်နိုင်တဲ့ လူစုကလေးတစ်စုဖြစ်လာတယ်။

၁၈၉၀ ခုနှစ်၊ ခုဆို ၈၈ နှစ်ရှိခဲ့ပြီ။ မေဒေးသမိုင်းကို ကို့ခေါင်းထဲမှာ သတိရတယ်။ ကမ္ဘာ့အလုပ်သမား ထုကြီးဟာ အမေရိကန်ကို ဗဟိုပြုပြီး ထကြွလာခဲ့ကြတယ်။ အလုပ်ချိန် ၁၆ နာရီကို ရိုက်ချိုးပြီး ၈ နာရီကန့်သတ်လိုက်ကြတယ်။ ကမ္ဘာ့အရင်းရှင်စနစ်ကို ဖြိုလဲ့ချတော့မယ်ဆိုတာ ရာဇသံပေးလိုက်တဲ့နေ့ပဲ။ ထောင်ပေါင်းများစွာ အလုပ်သမား

ထုကြီးဟာ ထကြွလာကြတယ်။

"ထလော့ အင်တ်ဘော ကျရောက်သူတို့တစ်တွေ..

ထလော့ ကမ္ဘာတစ်ဝန်းက ကျေးကျွန်တွေ"

အင်တာနေရှင်နယ်တေးသွားကို စိတ်ထဲမှာ သတိရတယ်။ တယောသင်ရာမှာ ဒီသီချင်းကို ပထမဆုံး တေးသွားအဖြစ် ထိုးဖို့ကို ကန့်သတ်ခဲ့တာ သတိရမိတယ်။

ဩော်... သူတို့မိသားစုနေခဲ့ဖူးတဲ့ လမ်းပေါ်ကို လျှောက်ခဲ့သေးတယ်။ လမ်းပေါ်က ဗာဒံပင်တွေအပေါ် နှင်းငွေ့ပါးပါးကလေးဟာ ဝဲနေဆဲပါပဲ။ ဘယ်ဟာ သူနေခဲ့တဲ့ ကိုချစ်နေတဲ့ မိန်းကလေးနေခဲ့တဲ့ အိမ်ပါလိမ့်။ တွေ့ပြီလေ။ ဒီမှာပေါ့ မိတ်ဆွေလေးရေ... ကိုနဲ့ ရဲဘော်တွေ ဇည့်ခန်းကျဉ်းကလေးထဲမှာ ထိုင်နေတုန်း ကိုချစ်သူ မိန်းကလေး ရောက်လာခဲ့တယ်။ ကိုတို့အထက်ဆင့်မှာ တင်ပျဉ်ခွေ တက်ထိုင်တယ်။ အတော်ချစ်စရာကောင်းတဲ့ အပြုံးအမူကလေးပါပဲ။ ချစ်တဲ့သူရဲ့ အပြုံးအမူမှန်သမျှဟာ ချစ်စရာချည်းဆိုတာပေါ့။ ဒီတုန်းက သူက ကို့ကို 'ဦးလေး' လို့ တစ်ခွန်းသုံးလိုက်တယ်။ ဆယ်နှစ်ကျော် ကွာတာပဲ။ ခေါ်သင့်ပါတယ်လေ။ ဒီကတည်းက သူဟာ ကို့နှလုံးသားကို သိနေပြီထင်ပါတယ်။ ကို့စိတ်ကို စည်းသားလိုက်ပြီထင်ပါရဲ့။ ကောင်းပါတယ်လေ။ ကို မျိုသိပ်ပါမယ်။ ဒီလိုလုပ်လို့ရပါ့မလား။ ဒီတုန်းကတော့ ရမယ်ထင်မိတယ်။ သူဟာ တစ်ဖက်က တက္ကသိုလ်ကျောင်းတော်သူ၊ တစ်ဖက်က မဆလာထုပ်တဲ့ မိန်းကလေး။ ဘာဖြစ်လဲကွယ်။ ဦးတို့ကြားမှာ မင်း ဂုဏ်မင်ယ်ပါဘူး။ မိတ်ဆွေရေ... ခုတော့ ဟိုဘက်က အထက်တန်းကျောင်းကြီးကို ပါးလွှာလှတဲ့ နှင်းငွေ့ပါးပါးကလေးအောက်မှာ တွေ့နေရတယ်။ ကြေကွဲစရာ အလွမ်းငွေ့ပါးပါးကလေးကလည်း မောင့်ရင်ထဲမှာ ဝေ့တက်လာတယ်။

*

မိတ်ဆွေ မှတ်တမ်းလေးရေ ...

ကိုရေးမယ့် 'လျှပ်တစ်ပြက်ဖြတ်သွားခြင်း' ဝတ္ထုဟာ သူ့ကိုကို ချစ်လာခဲ့တဲ့ စိတ်ခံစားရချက်ကလေးတွေကိုလည်း ပုံဖော်ရေးမှာပဲ။ သူ့ရုပ်ပုံကလေးတွေ ထည့်ရေးမယ်။ သူ့အရိပ်ကလေးတွေ ထည့်ရေးမယ်။ သူ့ကိုကို စွဲလမ်းတသနေရတာ ထည့်ရေးမယ်။

ဝတ္ထုထဲမှာတော့ သူဟာ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားခေါင်းဆောင် ရဲဘော်မလေး ဖြစ်နေလိမ့်မယ်။ ကိုဟာလည်း ဖက်ဆစ်တော်လှန်ရေး ကေဒါတစ်ယောက်။ သူ့ကို ရန်ကုန်မှာ နေချိန်ကတည်းက ကိုဟာ ချစ်လာမိခဲ့တယ်။ ကိုက ဖွင့်မပြောခဲ့ဘူး။ ရဲဘော်မကလေးကလည်း သိနေခဲ့တယ်လို့ ကို ထင်တယ်။

ဒီရဲဘော်မလေးဟာ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲတစ်နေရာမှာ အသက်စွန့်လှူသွားခဲ့တယ်။ သူ့ရဲ့ သူရဲကောင်းပီသစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှုတွေဟာ ပြည်သူတွေကြားမှာ မသေမပျောက်ကျန်ရစ်ခဲ့တယ်။

ဒီဝတ္ထုကလေးက ကို့အသည်းနှလုံးနဲ့ရေးမယ့် ဝတ္ထုကလေး။

*

ဩော် ... နွေမနက်ပေမဲ့ နှင်းမှုန်ပါးပါးကလေးတွေကတော့ ရစ်ဝဲနေလျက်ပါပဲ။

နွေတဲ့ ...

ကို့ဘဝဟာလည်း ဆောင်းအကူး နွေဦးဘက်ကို လှလာခဲ့ပြီပဲ။ လူငယ်ဆိုတဲ့ ကန့်သတ်ချက်ကို ကျော် ဖြတ်မိပြီ။ အရွယ်လတ်ကို စလိုက်ပြီ။ နုနယ်ပျိုမြစ်မှုတွေ မပျောက်ကွယ်သေးပေမဲ့ ရင့်ကျက်မှုဘက်ကို စတင်စပြုလိုက်တဲ့အရွယ်။ တစ်ခါတစ်ရံ လူကြီးတစ်ယောက်လို တွေးရ

နေရတတ်တဲ့အရွယ်။ တစ်ခါတစ်ခါတော့လည်း ပျိုမြစ်စွာ ရွှင်လန်းရယ်မောနေတတ်တဲ့အရွယ်။ ကို့အမည်ရှေ့မှာ 'မောင်' တပ်ခေါ်တာ ရှားပါးလိုက်လာ ပြီ။ 'ကို' တပ်ခေါ်တာ များလာခဲ့ပြီ။ ကို့ချစ်သူ မိန်းကလေးကတော့ 'ဦး' တဲ့။

မိတ်ဆွေရေ... အသက် ၂၀ ကျော်လိုက်ကတည်းက ကို့ရင်ထဲမှာ ချစ်စိတ်ဆိုတာ ကုန်ကျွမ်းသွားခဲ့ပြီပဲ။ ဒီအရင်ကတော့ ကိုဟာ အလွန်ချစ်တတ်တဲ့လူ။ လူးနေအောင် ချစ်တတ်တာ။ ချောရင် လှရင် ချစ်ပစ်လိုက်တာပဲ။ အသည်းနင့်အောင် ချစ်ပစ်လိုက်တာပဲ။ ဒါပေမဲ့ ချက်ချင်းနောက်တစ်ယောက်... နောက်တစ်ယောက်ကိုလည်း လူးနေအောင် ချစ်ပစ်လိုက်တာပဲ။ နောက်ထပ်... နောက်ထပ်... ရယ်စရာ ကောင်းလိုက်တဲ့ အချစ်တွေ။ ဘာမှမဟုတ်ဘူး။ ရေထဲမှာ အရိပ်ပေါ်တာပါ။ ဖြတ်သန်းသွားသမျှ ရေထဲမှာတော့ အရိပ်ပေါ်တာပဲ။ ကျော်လွန်လိုက်ရင် ပျောက်ကွယ်သွားတာပဲ။

အနှစ်နှစ်ဆယ်က ကျော်လာတော့ အချစ်ဆိုတာ မရှိဘူးလို့ သဘောပေါက်လာခဲ့တယ်။ 'အချစ်ဆိုတာ သွေးသားကိစ္စပဲ၊ ဒါပဲ' ယောကျ်ားတွေ၊ မိန်းမတွေ ချစ်ကြတယ်ဆိုတာကို အားလုံးကိုပဲ ကိုဟာ သရော် ရယ်မောပစ်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတာမျိုးဆိုရင် သိပ်ရယ်စရာကောင်းတာလို့ မြင်တယ်။ မြီးကောင်ပေါက်အရွယ် စိတ်လှုပ်ရှားမှုလို့ပဲ သဘောထားတယ်။ ကို့နှလုံးသားဟာလည်း မလှုပ်ရှားတော့ဘူး။ အေးစက်နေတယ်။ ဘယ်အရာကမှ မထိုးဖောက်နိုင်တော့ဘူး။

ဒီကြားထဲ ကိုတို့တောမြို့က မြေရှင်သမီး ကျောင်းဆရာမလေးတစ်ယောက်ကို ချစ်ဟန်ဆောင်လာခဲ့တယ်။ နှလုံးသားအေးစက်နေတဲ့ လူတစ်ယောက်ဟာ အတော်တော့ ယုံလောက်အောင် သရုပ်ဆောင်ပြ

တတ်တာပဲ။ ကိုဟာ သရုပ်ဆောင်ကောင်းတစ်ယောက်တော့ ဖြစ်လာခဲ့တယ်။ မိန်းကလေးတစ်ယောက်ကျအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သင်္ချာတစ်ပုဒ်လို တွက်ချက်ပြီး စက်ရုပ်တစ်ရုပ်လို လှုပ်ရှားပြတတ်တဲ့လူ။ အဲဒီမိန်းကလေးဟာ အတော်တော့ လှတာပဲ။ ဒါပေမဲ့ သနားစရာကောင်းတာက သူ့ကို အမှုအရာ ဟန်ပန်လေသံအရ ချိုသာ နွေးထွေး နူးညံ့စွာကို ဆက်ဆံနေပေမဲ့ ကို့စိတ်ထဲမှာတော့ အေးအေးစက်စက်နဲ့ ရယ်မောနေတယ်။ သူဟာ ဘယ်သူ့အပေါ်မှ မတိမ်းညွှတ်ခဲ့ဖူးပေမဲ့ ကို့ကိုတော့ သူ ကျွန်ဇွန်ဆည်နေတဲ့ကြားထဲက သူ့စာကလေးတွေထဲမှာ အတော်တမ်းတမ်းတတ ခံစားနေရတာ တွေ့နေရတယ်။ ကို့စိတ်တွေဟာ မသန့်ရှင်းခဲ့ဘူး မိတ်ဆွေရေ... သူ့ကို ကို တပ်မက်တာ ကြိုက်တာ၊ နှစ်သက်တာတော့ ရှိပါတယ်။ သူနဲ့လက်ထပ်ဖြစ်ရင် သိပ်ဆိုးမှာ မဟုတ်ဘူးလို့ ဈေးတွက်တွက်ခဲ့တာပဲ။ သူ့ရုပ်သူ့ငွေတွေကြည့်ပြီး အရုပ်တစ်ရုပ်လို သဘောထား လက်ထပ်ပစ်ဖို့ တွေးခဲ့တဲ့အတွေးဟာ ဘယ်လောက်ဆိုးရွားလိုက်ပါသလဲ။

နောက်တော့ ကိုဟာ ဒီလိုအဖြစ်မျိုးကို မုန်းတီးလာမိပြန်တယ်။ ရမ္မက်စိတ်နဲ့ ဖိမဆက်ဆံရေးသက်သက်ဟာ တိရစ္ဆာန်တွေနဲ့ ဘာခြားနားတော့မှာလဲ။ ကိုဟာ ဟိုတုန်းက ကို့ရင်ထဲမှာ မတည်မငြိမ် ဖြစ်ပေါ်လာခဲ့ဖူးတဲ့ ဆယ်ကျော်သက် စိတ်လှုပ်ရှားမှုကလေးတွေကိုပဲ ပြန်တောင့်တလာမိတယ်။ အချစ်စိတ်ဆိုတာ တကယ်တော့မရှိတဲ့အရာဆိုတာ ပိုခိုင်မာလာခဲ့တယ်။

ဒီလိုပဲ အေးတိအေးစက် ဖြစ်လာရာကနေ ကိုနဲ့ သူဟာ တဖြည်းဖြည်းဝေးသွားတော့တယ်။ တရွေ့ရွေ့ဝေးသွားရာက နောက်ဆုံးတော့ ဘာမှမတွေ့ရတဲ့ အဆုံးအထိ ရောက်သွားတယ်။ နောက်ဆုံးတော့ သူ့ပေးစာတွေပါ ကိုဟာ မီးရှို့ပစ်လိုက်တော့တယ်။ သူဟာ ကို့ ခေါင်းထဲမှာ

ကျန်နေသေးပေမဲ့ ကို့နှလုံးသားထဲမှာတော့ ဘယ်တုန်းကမှလည်း မရောက်လာခဲ့တော့ ဘာမှလည်း မကျန်ရစ်ခဲ့ဘူးပေါ့ မိတ်ဆွေရေ ....

*

မင်း ကို့ဘဝကို သိတယ်မဟုတ်လား။

ကိုဟာ အနုပညာသမားဘဝကိုပဲ မက်မောစွာ အရယူနေခဲ့တယ်။ ဘယ်လိုချောတယ်လို့ ပြောတဲ့ မိန်းကလေးတစ်ယောက်တလေကိုမှ ကို့ရင်ထဲကို ဖောက်မဝင်လာနိုင်တော့ဘူး။ ကို့ရင်ဟာ ကျောက်သားထု အစိုင်အခဲကြီးတွေနဲ့ ပိတ်ဆို့ထားတော့သလို ဖြစ်လာခဲ့တယ်။ နှစ်ကာလ အတော်ကြာလာတော့ ကိုဟာ လူဂုဏ်သိက္ခာတရားနဲ့ ပြည့်စုံတဲ့လူတစ်ယောက်အဖြစ် နေလာခဲ့တယ်။ နောက်ဆုံးတော့ ရင်တံခါးဟာ အသေ ပိတ်ထားသလို ဖြစ်လာခဲ့တယ်။ စိတ်ချလိုက်ပြီ။ ဘယ်တော့မှ 'အချစ်' ဆိုတာ ပေါ်လာတော့မှာမဟုတ်ဘူး။ 'အချစ်ဆိုတာ မရှိဘူး' လို့ စိတ်ထဲမှာ သေချာသွားပြီ။

ဒါဟာ ပျော်စရာတော့မဟုတ်ဘူး မိတ်ဆွေရေ။ ကြေကွဲစရာပဲ။ ကိုဟာ လူသားတစ်ယောက်အဖြစ်နဲ့ ချစ်ဇနီးရယ် သားသမီးတွေနဲ့ ရယ်နေချင်ပါတယ်။ လူ့ဘဝရဲ့ အချိုကောအခါးကိုပါ တွေ့ထိ ခံစားချင်ပါတယ်။ ပြည့်ဝတဲ့ လူ့ဘဝကို ရယူကြည့်ချင်ပါတယ်။ ဒါပေမဲ့လေ ... မဖြစ်နိုင်တော့ဘူး။ ဘာကြောင့်ပဲဖြစ်ဖြစ် ငွေကြောင့်ပဲဖြစ်ဖြစ်၊ ရမ္မက်ကြောင့်ပဲဖြစ်ဖြစ် သားသမီးတွေနဲ့ ချစ်ခင်ချင်လို့ပဲဖြစ်ဖြစ် ငရဲတွင်းထဲကျသလို မသန့် ရှင်းတဲ့ တိရစ္ဆာန်အိမ်ထောင်ရေးကိုတော့ ရွံရှာစက်ဆုပ်လှတယ်။

*

မိတ်ဆွေမှတ်တမ်းလေးရေ...

အခုတော့လည်း 'လျှပ်တစ်ပြက်ဖြတ်သွားခြင်း' ကို ရေးဖို့ ကို့ရင်ထဲမှာ ရေးဖွဲ့စရာတွေ ပြည့်နေတယ်။ တော်လှန်ရေးရည်ရွယ်ချက်အားနည်းမသွားဖို့ ကို့နှလုံးသားထဲက ချစ်စိတ်ကို ဘယ်လို ဖုံးကွယ်ထိန်းသိမ်းသွားရပါ့မလဲလို့ တွေးနေရတယ်။

ဇာတ်လမ်းထဲမှာ ဖက်ဆစ်တော်လှန်ရေးအတွက် ပြောက်ကျားတပ် တည်ဆောက်ရေးအတွက် ကေဒါတွေ လျှို့ဝှက်ခရီးထွက်ခါနီးမှာ ထမင်းစားပွဲကလေးတစ်ခုလုပ်တယ်။ လက်ရှိမှာ ဂျပန်အုပ်ချုပ်ရေးအရာရှိကြီးအဖြစ် ရုပ်ပြလုပ်နေတဲ့ ကိုတို့ရဲ့ ရဲဘော်ကြီးတစ်ယောက် အိမ်မှာ ဒီထမင်းစားပွဲလေးကို စီစဉ်တယ်။ အဲဒီထမင်းစားပွဲမှာ ရဲဘော်မကလေးကို ကို သိခွင့်ကြုံခဲ့ရတာပဲ။ အစတုန်းကတော့ သူ့ကို မြင်နေတွေ့နေ ကို ချစ်နေမိပေမဲ့ ခုလို ခုလို တစ်ယောက်နဲ့တစ်ယောက် သိခွင့်ကတော့ မကြုံခဲ့ဘူး။ ခု သိကြတော့ နာမည်ရင်းတွေ မဟုတ်ဘူးဆိုတာကို သိနေပါတယ်။ သူ့နာမည်က 'မအောင်အောင်' တဲ့။ ကို့နာမည်က 'ကိုသက်ပိုင်' တဲ့။

နေ့ခင်း ထမင်းစားပြီးတစ်ချိန်မှာ သူနဲ့ တခြား ရဲဘော်မကလေးတစ်ယောက်ဟာ တောင်ကုန်းအခြေအနေ တောင်ကုန်းပေါ် ပြေးတက်လာတယ်။ ကိုဟာ ရဲဘော်တွေ ထိုင်နေကြတဲ့ အစေခံတန်းလျား ပြတင်းဝကနေ သူတို့ပြေးတက်လာနေတဲ့ မြင်ကွင်းကို တခြား ရဲဘော်တွေ မရိပ်မိအောင် မသိမသာ ငဲ့ကြည့်နေမိတယ်။ တကယ့်ကို အပြစ်ကင်းစင်တဲ့ ကလေးလေးတစ်ယောက်လိုပါပဲ။ ချစ်စရာကောင်းလိုက်တာ။ ဒီမြင်ကွင်းဟာ ကို့ အသည်းနှလုံးပေါ်မှာ နှစ်ကာလ ရှည်မြင့်စွာ စွဲလမ်း ကျန်ရစ်ခဲ့တော့မယ့် ဓာတ်ပုံတစ်ပုံပါပဲ။

ဒီအိမ်ကလေးပေါ်မှာပဲ ကိုဟာ မယ်ဒလင်တစ်လက်နဲ့ သီချင်းဆို

ဖြစ်အောင် ဖန်တီးလိုက်တယ်။ ကိုဟာ တော်လှန်ရေးနဲ့ဆိုင်တဲ့ တခြား သီချင်းနှစ်ပုဒ်ကို ဆိုတီးပြီးတော့ ဦးဘညွန့်ရဲ့ 'ဆူထူးရွယ်' ကို ဆိုလိုက်တယ်။ ကို သူ့ကို ချစ်ခင်စွဲလမ်းနေတာရတာ ရိပ်ခြည်စောင်းပါးကလေး ဖြစ်ဖြစ် သူ သိပါစေလေ။ တခြားရဲဘော်တွေကြားမှာ ဣန္ဒြေမပျက် အောင်တော့ ကို့ ခံစားချက်တွေကို ထိန်းချုပ်ထားတယ်။ ကိုဟာ တော်လှန်ရေးသမားတစ်ယောက် မဟုတ်လား။ တော်လှန်ရေးသာလျှင် ကို့ ဘဝမဟုတ်လား။ ဖက်ဆစ်တော်လှန်ရေးသမားတစ်ယောက်ရဲ့ အချစ်မဟုတ်လား။

*

မိတ်ဆွေမှတ်တမ်းလေးရေ...

တကယ်မှာလည်း ဝတ္ထုထဲက မဟုတ်တဲ့ အပြင်မှာ တကယ်တည် ရှိနေတဲ့ ဝတ္ထုရေးသူရဲ့ ရင်ထဲမှာလည်း ချစ်သူမိန်းကလေးဟာ ဖောက်ခွဲ ဝင်ရောက်ပြီး တပ်စွဲနေခဲ့ပြီပဲ။

အံ့ဩစရာပါ။

အချစ်ကို မယုံတော့တဲ့ ဒီလူတစ်ယောက်ရဲ့ ရင်ထဲကို ဘယ့်နှယ် ကြောင့် သူဟာ ဝင်ရောက်တပ်စွဲထားနိုင်လာရတာလဲ။ ညီမလေးဟာ စွဲမက်စရာဖြစ်အောင်လည်း ဘာတစ်ခုကလေးမှ လုပ်မပြခဲ့ဖူးဘူး။ ရိုးရိုး ကလေးပဲ နေခဲ့တယ်။ ဒီလိုနေတာကိုက စွဲမက်စရာဖြစ် လာရော့သလား ပဲ။ ဘယ်လိုနေနေလေ... ချစ်မိတဲ့နောက်တော့လည်း ညီမလေးလုပ်သမျှ ပြုမူသမျှတွေဟာ ဒီလူအတွက် စွဲလမ်းစရာတွေချည်း ဖြစ်နေတော့မှာပါ။ ဒါဖြစ်စဉ်မဟုတ်လား မိတ်ဆွေ။ ခုတော့ ရူးမူးနေအောင် လူးလိမ့်နေရ အောင် နင့်နေအောင် ချစ်နေမိတယ်။ ကို့ကို '၁၈' နှစ်သားအရွယ်လောက် ပြန်ရောက်အောင် ဒီမိန်းကလေးဟာ ဘယ်လိုလုပ် ပြောင်းလဲပစ်နိုင်ရတာ

လဲ။ ဂန္ဓီဆေးရုံက တိုက်ခန်းကလေးထဲမှာ တွေ့ဆုံစကတည်းက စွဲလမ်းလာခဲ့ရတာ။ ကို့စိတ်ကို ကိုချုပ်တည်းလာခဲ့တာ ခုဆို လေးနှစ်တာ ကြာလာခဲ့ပါပေါ့လား။ ကိုဟာ တားဆီးဖို့ စည်းတွေ အတန်တန် ချခဲ့တယ်။ စည်းမှန်သမျှ ကျိုးပေါက်လာခဲ့တယ်။ တံတိုင်းတွေ အထပ်ထပ် ကာရံခဲ့ပေမဲ့ ဒီတံတိုင်းတွေကို ကျော်လွန်ပြီး ချစ်သူဟာ ကို့နှလုံးသားထဲ အရောက် ကိုယ်ယောင်ဖျောက် ဝင်လာခဲ့တယ်။

"ညီမလေးရေ... ကို မင်းကို ချစ်တာ တပ်မက်တာလည်း မဟုတ်ဘူး။ ရမ္မက်လည်း မဟုတ်ဘူး။ စွဲလမ်းနေတာတော့ဖြင့် အမှန်ပဲ။ ဆယ့်ရှစ်နှစ်သားတုန်း ကဆိုရင်တော့ ဒါဟာ ဘာမှမဟုတ်တဲ့ အင်မတန် ပေါ့ဆတဲ့ ဖြစ်ရိုးဖြစ်စဉ်ကိစ္စကလေးတစ်ရပ်ပဲ။ တော်ကြာ ပျောက်သွားမယ့်လမ်းမှာ ခလုတ်တိုက်မိတာလေးလောက်ပဲ။ အခုတော့... ဒါဟာ သဲကန္တာရထဲမှာ နှင်းပန်းပွင့်သလို ဖြစ်လာရပြီ။ မဖြစ်နိုင်တော့ဘူးလို့ နှစ်လများစွာ ယုံကြည်စိတ်ချထားတဲ့အရာဟာ အခုတော့ တကယ်ဖြစ်လာရပြီ။ မင်း မယုံချင်နေပါ။ မင်းအရွယ်နဲ့ မင်းမသိသေးရင် နေပါ။ ဒါပေမဲ့ ဒီအဖြစ်မျိုးဟာ ကို့ဘဝမှာ နောက်တစ်ကြိမ် ပြန်ပေါ်ပေါက်လာဖို့ မဖြစ်နိုင်တော့ဘူးဆိုတာတော့ မောင် ပြောလိုက်ပါရစေ။ ဒီဆုလာဘ်မျိုးဟာ ဘယ်တော့မှ ရတော့မှာမဟုတ်ဘူး။ ဘဝရဲ့ နောက်ဆုံးဆုလာဘ်ပါပဲ။ နုရိပ် ပျိုရိပ် လန်းဆန်းရိပ်တွေနဲ့ ဝေဆာနေတဲ့ ကြည်နူးစရာများပြားနေတဲ့ လူလတ်ပိုင်းအရွယ် လူတစ်ယောက်ရဲ့ ရိုင်းစိုင်းတဲ့ ရမ္မက်စိတ်ရိုင်းမျိုးလည်း မဟုတ်ဘူး။ နွေကာလ သဲကန္တာရထဲမှာ နှင်းပန်းပွင့်တွေ ဝေဆာလာတာကို မင်း သိနိုင်မယ်ဆိုရင် ဒါဟာ ဘယ်လောက် အံ့သြစရာကောင်းနေသလဲ ညီမလေးရေ ..."

ဒီလိုပဲ ကို တွေးလာရတယ် မိတ်ဆွေ။

ဒီလိုနဲ့ ကို့နှလုံးသားဟာ အရည်ပျော်နေခဲ့ပါပြီ မိတ်ဆွေ။

နောက်ဆုံးတော့ သူဟာ ကို့ဘဝတစ်ခုလုံး လွမ်းခြုံတော့မယ်ဆိုတာ ကို သိနေပါပြီ မိတ်ဆွေ။ အရာရာဟာ သူ့အတွက်ချည်းကို တွေးနေရတော့တယ်။ ကို့ ချုံက နှင်းဆီဖြူကလေးတစ်ပွင့် ပွင့်လာရတာကအစ သူ့အတွက်။ သူ့ကို ကိုက ဘဝအရလည်း စာနာမှု ရင်းနှီးမှု ချစ်ခင်မှုတွေနဲ့။ သူ့မေမေ သူ့အစ်ကိုလေး သူ့ညီမလေးတို့အတွက်ပါ အမြဲစဉ်းစားနေရတယ်။ သူ့မေမေ ရှိနေသေးတာဟာ တို့အတွက် သိပ်ကံကောင်းတာပဲ။ ဒါအတွက် ကို အားတက်တယ်။ သူ့မေမေကို ကိုဟာ ကို့အစ်ကိုရင်းအစ်မကြီးတစ်ယောက်လို ခင်မင်တယ်၊ မိတ်ဆွေလေး။ ကို့အစ်မအကြီးဆုံးနဲ့ သူ့မေမေဟာ အရွယ်ချင်း မတိမ်းမယိမ်းပါပဲ။ အစ်မကြီးက သမီးဦး၊ ငါက သားထွေး။ ကို့ဘဝဟာ စိတ်မချရဘူး။ ပြည်သူ ရပ်တည်ချက်ရှိတဲ့ ဝတ္ထုရေးသမားဘဝဟာ ကြိုးတန်းလမ်းလျှောက်နေရသလိုပဲ။ ကိုဟာ ဒါအတွက်တော့ ဘယ်တော့မှ အလျှောပေးမှာမဟုတ်ဘူး။ ကိုတို့ လက်များထပ်ဖြစ်ရင် ကို တစ်ခုခုဖြစ်ရဦးတော့ သူ့မေမေရင်ခွင်ထဲမှာ သူ့ကို စိတ်ချပစ်ခဲ့နိုင်တယ်။ ကို မရှိတော့ပေမဲ့ သူ အားမငယ်စေရဘူး။ သူ့မိသားစုနဲ့ သူ ဘယ်တော့မှ မကွဲကွာစေရဘူး။

မိတ်ဆွေရေ...

ကို့စိတ်ထဲမှာ သူနဲ့ တွေ့ခဲ့တာတွေ၊ သူ့ကို ချစ်မိတာတွေ၊ သူ့အပြုအမူကလေးတွေဟာ ဘယ်တော့မှ မပြယ်တော့မယ့် အိပ်မက်ကလေးတွေပါပဲ။ သူ့ဓာတ်ပုံကို ခိုးညှပ်ပြီး ပလပ်စတစ်လောင်းပြီး အိတ်ထဲ ထည့်ထားမိတဲ့ရက်တွေ အကြာကြီးပဲ။ သင်္ကြန်တုန်းက လမ်းလျှောက်တုန်းကဆို ဒီဓာတ်ပုံကလေးဟာ ရေထဲနစ်ခဲ့ရပေမဲ့ ရေဒဏ်ကို ဂရုပြုစရာ မဟုတ်ခဲ့ဘူး။ ကလေးကလားနိုင်ပေမဲ့ ချစ်တာဟာ ချစ်တာပဲမဟုတ်လား မိတ်ဆွေရာ။ ခုတော့ သူ့ဓာတ်ပုံကို သူ ပြန်သိမ်းပိုက်သွားခဲ့ပြီ။ ကိစ္စတော့ မရှိပါဘူးလေ။ ကို့အသည်းနှလုံးကို သူ သိခွင့်ရသွားတာအတွက်

ကို့ရင်ထဲမှာ နည်းနည်းတော့ ပေါ့ပါးသွားပါတယ်။

သူ့ကို မိဘပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ ပြောဆို တောင်းရမ်းယူ ဖို့ဆိုတာ သူ့ကို အသိအမှတ်ပြုမှု အားနည်းသလို ဖိနှိပ်ယူသလိုဖြစ်မှာ စိုးလို့ ဒီနည်းနဲ့လည်း လက်ထပ်ဖို့ကို မတွေးချင်ဘူး။ အောင်သွယ်နဲ့ ဖြားယောင်းတာမျိုးလည်း ကို မနှစ်သက်ဘူး။ သူ့ကို 'လက်ထပ်ပါရစေ' လို့ ကိုယ်တိုင်ပဲ ခွင့်ပန်ချင်တယ်။

မိတ်ဆွေရေ... လွန်ခဲ့တဲ့လေးရက်လောက်က သူနဲ့ ပတ်သက်ပြီး ကျူးရှင်လောကက သတင်းတစ်ခု သဲ့သဲ့ကြားလာရတယ်။ သူ့ကို သူ့ အလုပ်နဲ့ ဆက်စပ်နေတဲ့ လူတစ်ယောက်က ပိုးပန်းနေတယ်တဲ့။ တစ်ခါ တလေဆို သူ့ကို အိမ်အပြန် လိုက်ပို့တာအထိ ဖြစ်နေတယ်တဲ့။ ဒီလူက လူကြီးတွေကတစ်ဆင့် တောင်းရမ်းယူဖို့အထိ လုပ်နေတယ်တဲ့။ ဒီ သတင်းဟာ ရေရေရာရာမရှိဘူး။ ဒါပေမဲ့ မဟုတ်ဘူးလို့ ငြင်းဖို့ရာ ကို့မှာ အချက်အလက်မရှိဘူး။ သူကတော့ ကို့ဘက် တိမ်းညွတ်နေသလိုဖြင့် ကို ခံစားရပါတယ်။ ဒါဟာလည်း ဘာမှ ရေရာတာမဟုတ်။ ကိုလိုရာ ဆွဲတွေးနေတာတွေ ဖြစ်ချင် ဖြစ်နေမှာ။ ပြီးတော့ 'အချစ်' ဆိုတာမျိုးဟာ လည်း လက်ဦးမှုရှိတဲ့လူနောက် ပါသွားတတ်ကြတာပဲ မဟုတ်လား။ သူ့ကိုကော... သူ့ကိုကို အထင်ကြီးပေမဲ့ တကယ်တော့လည်း သူလည်း လေ မိန်းမသားတစ်ယောက်ပါပဲ။ ဒါထက် ဘာမှ ပိုတွက်ထားလို့မရပါ ဘူး။

ကို စိုးရိမ်နေတယ်။

ဒီစိုးရိမ်စိတ်ဟာ... သိပ်ပြင်းထန်တဲ့ အဆိပ်အတောက်ပါပဲ။

*

ဒီနေ့ဟာ မေလ ၁ ရက်နေ့။

မိတ်ဆွေရေ... မနက် ကိုးနာရီခွဲလောက်မှာ ညီမလေး စာပြပြီး ပြန်လာခဲ့မယ့်လမ်းက ကို သွားစောင့်နေတယ်။ ကို့အသည်းနှလုံးတွေဟာ တကယ့်ကို ဆယ့်ခြောက်နှစ်သားလေးလို စိမ်းလန်းနေတယ်။ ညီမလေးဟာ ဆယ်နာရီ ဆယ့်၁၁းမိနစ်လောက်မှာ ရောက်လာတယ်။ ဒီနေ့မှာမှ သူ လှနေလိုက်တာ။ ပန်းရောင်ထဘီကလေးနဲ့ သူနဲ့ သိပ်လိုက်ဖက်တာပဲ။

ခုန်လိုက်တဲ့ရင်ကလည်း လူလတ်အရွယ် လူတစ်ယောက်ရဲ့ တည်ငြိမ်တဲ့ ဂျန္ဒြေတွေဟာ ဘယ်ဆီများ ရောက်ကုန်ပြီလဲ။ ချစ်ဒုက္ခ ဦးဘညွန့်ရဲ့ သီချင်းနဲ့ ချစ်ရေးငင်ခဲ့တာဟာ နိမိတ်ဆိုးများဖြစ်နေရော့မလား။ ကို ကြားလာခဲ့တဲ့သတင်းသဲ့သဲ့ စကားဟာပဲ မှန်နေရော့မလား။ ကို့ကို ငြင်းပယ်လွှတ်လိုက်မလား။ ငြင်းပယ်မှာ ကို ကို့မှာ ခံနိုင်ရည်မရှိဘူး။ ဟုတ်တယ်။ ကို ခံနိုင်ရည် ရှိမှာမဟုတ်ဘူး။ စိတ်အားငယ်လိုက်တာ။ အဆိုးဆုံး ဖြစ်လာရင် ဘယ်လိုလုပ်မယ်ဆိုတာကို မတွေးရဲဘူး။ ဒီအချစ်ဟာ နောက်ဆုံးအချစ်ပဲ။ ဘယ်တော့မှ နောက်တစ်ခါ ဒီလို စိမ်းလန်းတဲ့ အိပ်မက်ကို မက်တော့မှာ မဟုတ်ဘူးဆိုတာ အခိုင်အမာ သိနေပြီပဲ။ ဆုံးရှုံးမှုဟာ အစားထိုးလို့ ရနိုင်မှာမဟုတ်ဘူး။

ကိုဟာ ညီမလေးလာနေရာ လမ်းတစ်ဖက်ကို ဖြတ်ကူးသွားတယ်။ ဆယ့်ခြောက်နှစ်ကောင်လေးတစ်ကောင်လို ခုန်နေလိုက်တဲ့ရင်တွေကလည်း။

သမီးရည်းစားလို သူ့ဘေးနားမှာကပ် လမ်းလျှောက်ရင်း အသံတုန်တုန်နဲ့ပဲ "ဆယ့်၁၁းမိနစ်လောက် စကားပြောချင်တယ်" လို့ ကိုက ခွင့်ပန်လိုက်တယ်။

သူနဲ့ ကိုက ဘတ်စ်ကားမှတ်တိုင်အနားက ဗာဒံပင်ရိပ်မှာ ရပ်လိုက်

ကြတယ်။ ခုအထိ သမီးရည်းစားနှစ်ယောက်လိုပါပဲ။ ချစ်သူနှစ်ယောက်လိုပါပဲ။ ကိုက သူ့ကို 'ချစ်တယ်' ဆိုတာ ပြောမနေတော့ဘူး။ "သမီးရည်းစားလို မနေချင်ဘူး။ ရဲဘော်တွေလွှတ်ပြီး စေ့စပ်ပါရစေ။ ဒီနေ့မှာပဲ လက်ထပ်ပါရစေ။ ကို စာသွားရေးပြီး အပြန်မှာ လက်ထပ်ပါရစေ" လို့ပြောဖို့ ဆုံးဖြတ်ထားတယ်။

သူက "ပြောလေ" လို့ ပြောနေပြီ။

မိတ်ဆွေရေ ... ကို ဘာတွေပြောမယ် မသိတော့ဘူး။ မေ့ကုန်ပြီ။ ပျောက်ကုန်ပြီ။ ဘာပြောရပါ့မလဲ။ ကိုမချစ်တဲ့ မိန်းကလေးတစ်ယောက် ကိုဆိုရင် ကိုဟာ ရေပက်မဝင်အောင် တစ်ခါတည်း ယုံကြည်သွားအောင် စိတ်အေးအေးနဲ့ စကားတွေ ဖောင်ဖွဲ့ပြောတတ်ပါတယ်။ အခုတော့ ကိုဟာ ညီမလေးရှေ့မှာ ကြောက်နေတယ်။ ရင်တွေခုန်နေတယ်။ စကားအစ ရှာမရတော့ဘူး။ ဘာမှမပြောတတ်တော့တာနဲ့ ကို့ဆီက သူယူသွားတဲ့ သူ့ဓာတ်ပုံကိုပဲ ကမန်းကတန်း ပြန်တောင်းနေမိတယ်။ "ရည်းစားမထားချင်ဘူး" လို့လည်း ကမောက်ကမတွေ ပြောလိုက်မိသေးတယ်။ သူပြုံးတာကိုလည်း တားလိုက်မိသေးတယ်။ ဘာတွေများ ဖြစ်ကုန်ပါလိမ့်။

ကမောက်ကမ သိပ်နိုင်တာပဲ။

သိပ်ဆိုးရွားတာပဲ။

ဘယ်တုန်းကမှ ဒါလောက် အစိုးရိမ်လွန်နေရတဲ့ ရင်ခုန်နေရတဲ့ အဖြစ်သည်းနေရတဲ့ အဖြစ်မျိုးကို မခံစားခဲ့ရဘူး။ အချစ်စိတ်ဟာ လူကို ကမောက်ကမတွေ ဖြစ်နေအောင် ပြောင်းလဲပစ်တာပဲ။ တကယ်ချစ်တဲ့သူနဲ့တွေ့တော့ စကားပြောကောင်းတဲ့ လူတစ်ယောက်ဟာ အ,အ တစ်ယောက်လို ပြောင်းလဲသွားတာပဲ။

"ဦးနိုင်ဝင်း မသိတာတွေ အများကြီးရှိပါသေးတယ်"

သူက ပြောလိုက်တယ်။

မိတ်ဆွေလေးရေ... ကို့နားထဲမှာ မိုးကြိုးပစ်ချလိုက်သံလိုပါပဲ။ ကို ကြားခဲ့တာတွေအားလုံး မှန်နေကုန်ပြီလို့တွေးရင်း ကိုဟာ ဆောက်တည်ရာမရအောင် ဖြစ်သွားခဲ့ရတယ်။ "ဟုတ်မှာပါ၊ ငါ နောက်ကျခဲ့ပါပြီ။ ခုတော့ ငါဟာ သူတစ်ပါးချစ်ခြင်းကို ခွဲတဲ့ လူကြမ်းကြီးတစ်ယောက် ဖြစ်နေခဲ့ပြီ"

ငါ ဘယ်လိုလုပ်တည်ငြိမ်နိုင်ပါတော့မလဲ မိတ်ဆွေရေ...။ ဆောက်တည်ရာမဲ့သွားပြီ။ သူ့ကို ဆုံးရှုံးရတော့မှာ ငါသိပ်ကြောက်နေပြီ။ ငါ့ဘဝမှာ ပထမဆုံး ဖူးပွင့်ခွင့်ကြိုလာတဲ့ ချစ်စိတ်၊ နောက်ဆုံး ဖူးပွင့်ခွင့်ရလာတဲ့ ချစ်စိတ်။

သဲကန္တာရထဲမှာ နွေခေါင်ခေါင်မှာ ပွင့်လာရတဲ့ နှင်းပန်းကလေးတွေလေ။ အခုတော့ ဆုံးရှုံးရတော့မှာပဲ။

ငါ့ချစ်စိတ်ဟာ ဒီထက်နည်းနည်းလေး လျော့ရင်တော့ ကိုဟာ ဒါလောက်လှုပ်ရှားခဲ့မှာမဟုတ်ဘူး။ ခုတော့ ကို့တစ်ဘဝလုံးမှာ အဆိုးဆုံး ဆုံးရှုံးမှုပဲ။

"ရည်မှန်းထားတဲ့လူ ရှိနေပြီလား"

ကိုဟာ စိုးရိမ်တကြီး အလောတကြီး မေးနေမိတယ်။

သူက ကို့စကားလုံးတွေကို ထပ်ပြီးရွတ်တယ်။ သူဟာ နောက်တတ် စတတ်တဲ့ မိန်းကလေး မဟုတ်ပါဘူးနော်။ သေချာပါတယ်လေ။ သူပြောတာတွေဟာ အမှန်တွေပဲ ဖြစ်မှာပါပဲ။ အမှန်တွေပါပဲလေ။ အချက်အလက်တွေ ရှိနေနှင့်ပြီဟာပဲ။

"ရည်မှန်းထားတဲ့လူ ရှိနေပြီ"

သူက ပြန်ပြောတယ်။

ကို မယုံနိုင်သေးတဲ့ သတင်းတွေကို ခုတော့ အတည်ပြုရုံကလွဲရင်

ဘာရှိဦးမှာလဲ မိတ်ဆွေရေ။

ရက်စက်တဲ့အဖြစ်ပါပဲ။ ညီမလေးရာ ဒီလိုဖြင့်ရင်လည်း ဘာပြုလို့ ကို့ကိုလည်း လိုက်လျောသလို ပြုမူခဲ့ရတာလဲ။ ကိုဟာ သိပ်ကျွန်ခြေအပျက်ခံပြီး ကို့ကို မေတ္တာမပြန်နိုင်သူနောက် တကောက်ကောက်လိုက်နေမယ့် လူမျိုး မဟုတ်ပါဘူး။ ဒါလောက် အရှက်ကင်းမဲ့တဲ့ နှစ်ပြားမတန်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ဘယ်တုန်းကမှလည်း ဒီအဖြစ်မျိုး အဖြစ်မခံခဲ့ပါဘူး။ ပြောစမ်းပါ။ သိပ်ကလိမ်ဉာဏ်များတဲ့အဖြစ်ပဲ။ ဒါလောက်ကြမ်းတမ်းတဲ့ အဖြစ်တစ်ခုကို ရင်ဆိုင်ရအောင် ကို ဘယ်လောက်ကြီးမားတဲ့ အမှားတွေ လုပ်ခဲ့မိလို့လဲ။

ကိုဟာ သူ့ဓာတ်ပုံကို ဆုတ်ဖြုပစ်ဖို့ ပြောလိုက်တယ်။ သူ့ကို ကားနဲ့လိုက်သွားတော့လို့ ပြောလိုက်တယ်။ ကိုလည်း ပြန်လှည့်တောင် မကြည့်တော့ဘူး။ ဗာဒံပင်ရိပ်က ထွက်ပြီး ကားလမ်းကို ဖြတ်ကူးလာခဲ့တယ်။

*

မင်း ကို့ကို မစာနာနိုင်ဘူးမဟုတ်လား မိတ်ဆွေ မှတ်တမ်းလေးရေ...

ရင်ထဲမှာတုန်ပြီး အောင့်နေပေမဲ့ ကို မငိုပါဘူး။ မျက်ရည်သာ ဝဲချင်ပေမဲ့ ကို မငိုပါဘူး။ ရင်ထဲမှာတော့ ငိုနေတယ်။ ကိုဟာ မှိုင်းနေတာပဲ။ ဘယ်သွားရမယ် မသိတော့ဘူး။ ဘာရည်ရွယ်ချက်မှလည်း မရှိတော့ဘူး။ တစ်နေရာအထိ လျှောက်သွားပြီး သစ်ပင်ရိပ်တစ်ခုမှာ ကို အတော်ကြာအောင် ရပ်နေမိတယ်။ တစ်ခုခုတော့ လုပ်ပစ်ချင်တယ်။ ဘာရယ်လို့တော့ မသိဘူး။ အတော်ကြာတော့ သူနဲ့လမ်းခွဲခဲ့တဲ့ မှတ်တိုင်ကို ကို ပြန်လျှောက်လာခဲ့တယ်။ ကားတစ်စီးပေါ် ရည်ရွယ်ချက်မရှိဘဲ တက်

လိုက်တယ်။ ထိုင်ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ပြီး မျက်နှာကို ကားပြတင်းကနေ အပြင်ဘက်လှည့်လာခဲ့တယ်။ ဒါလောက် မှိုင်းအုံ့နေတဲ့ မျက်နှာကို လူတွေကို မပြချင်ဘူး။ လမ်းနံဘေး စိုက်ကြည့်လာခဲ့ပေမဲ့ ကို့မျက်လုံးထဲမှာတော့ ဘာတစ်ခုကိုမှ အာရုံမရောက်တော့ဘူး။ ဘာမှ သတိမပြုမိဘူး။

ဘုန်းကြီးလမ်းမှတ်တိုင်မှာ ရည်ရွယ်ချက်မရှိဘဲ ဆင်းလိုက်တယ်။ တစ်ခုခုတော့ စိတ်ဖြေသာနိုင်သမျှ ဖြေသာအောင် လုပ်ပစ်ရမှာပဲ။ ကိုကြည်နိုင်ကြီးကို လမ်းလျှောက်နေရင်း သတိပြေးရတယ်။ သူ့ကို ဖွင့်ပြောရရင် တိုင်တည်ရရင် ရင်ထဲတော့ နည်းနည်းဖြစ်ဖြစ် ပေါ့ပါးသွားလိမ့်မယ်ထင်ပါရဲ့။ ကိုကြည်နိုင်ကြီး ဘယ်မှာများ စာအုပ်ရောင်းထွက်နေလိမ့်မလဲ။

ကိုဟာ နေပူကြီးထဲမှာပဲ လမ်းကို ခပ်ဖြည်းဖြည်း လျှောက်နေမိတယ်။ "ကဲ မင်းပူနိုင်သမျှ ပူပစ်လိုက်စမ်းကွာ။ ကို့လူရေ မင်း ပူနိုင်သမျှ ပူပစ်လိုက်ပါ။ သဘောက ပူပစ်လိုက်စမ်းပါ။ မင်းရဲ့အပူဟာ ငါ့ရင်ထဲမှာ တောက်လောင်နေတဲ့အပူကို မမီပါဘူးကွာ"

နေ့ ၁၁ နာရီ။

နေ့ ၁၂ နာရီ။

ခြောက်ထပ်ရုံးကြီး ပလက်ဖောင်းနံဘေး စာအုပ်ဆိုင်တွေဘက်ကို လမ်းလျှောက်ရောက်သွားတယ်။ စာအုပ်သည်တစ်ယောက်မှကို မတွေ့ပါလား။ ဘယ်လိုဖြစ်ပါလိမ့်။ ထူးဆန်းလိုက်တာ။ ဆူးလေပန်းခြံဘက် ရောက်လာမှ ဒီကနေ့ 'မေဒေ' ရုံးပိတ်ရက်ဆိုတာ သတိပြန်ဝင်လာတယ်။ ဆူးလေပန်းခြံထဲမှာ တစ်ယောက်ကို တစ်ယောက် ပူပူလောင်လောင် ဖက်ထားကြတဲ့ စုံတွဲတွေ တွေ့နေရတယ်။ ညီမလေးရဲ့ မေတ္တာကို ရခဲ့ရင်လည်း အဲဒီလိုမဖြစ်ရအောင် ထိန်းသိမ်းရမယ်လို့ ကို တွေးခဲ့တာ

ပြန်သတိရတယ်။ ရည်းစားအပျော်ထားကြတာ ဘယ်လောက်များ လူ့ကိုယ်ကျင့်သိက္ခာကို ထိခိုက်တဲ့ကိစ္စလဲ။ ခုတော့လည်း ပြီးပါပြီလေ။ အချစ်ကိစ္စဆိုတာ ဘာမှမတွေးတော့နဲ့။

ပန်းဆိုးတန်းဘက် ရောက်လာခဲ့တယ် မိတ်ဆွေရေ။ ကိုကြည်နိုင်ကြီးကို ဘယ်စာအုပ်သမားဆီမှာမှ စုံစမ်းကြည့်လို့ မရဘူးလေ။ တချို့စာအုပ်ရောင်းသမား အသိတွေကိုတော့ ကိုဟာ မမြင်ဟန်ပြုပြီး လျှောက်လာခဲ့တယ်။ ဗိုလ်ချုပ်လမ်း ဘူတာကြီးဘက်က ရုပ်ရှင်ရုံ စာအုပ်ဆိုင်တွေမှာ ကိုကြည်နိုင်ကြီးကို တွေ့မလားလို့ လျှောက်ကြည့်လာခဲ့တယ်။ ဆူးလေလမ်းကို ဖြတ်ကူးပြီး လမ်းနံဘေးမှာ အထည်ရောင်းနေတဲ့ ကဗျာဆရာကလေးတစ်ယောက်နဲ့ တွေ့တယ်။ 'မီးအိမ်နီ' ဆိုတဲ့ လူနဲ့ တွေ့တယ်။ ဒီလူဟာ အတော်ထူးဆန်းတဲ့ အကျီတစ်ထည်ကို ဝတ်ထားတယ်။ သူက "အသည်းကွဲတဲ့အခါ အရက်နှစ်လုံးလောက်သောက်ပြီး ငိုပစ်လိုက်ဗျာ။ ထွက်ပေါက်ဖွင့်ပေးလိုက်။ အပူငွေ့တွေ ထုတ်ပေးလိုက်" လို့ တစ်ခါတုန်းက ပြောခဲ့ဖူးတာကို ပြေးသတိရလိုက်တယ်။

ဒါပေမဲ့ ကိုဟာ ဘာပြုလို့ အရက်သောက်ပစ်ရမှာလဲ။ မူးမေ့လဲသွားပြီး ငိုချလိုက်ရင်တော့ သက်သာသွားမယ်ဆိုတာ သိပေမဲ့ ကိုဟာ ပြည်သူ့ရုပ်တည်ချက်ရှိလာတဲ့နေ့ကစပြီး တစ်သက်လုံး ကြိုက်လာခဲ့တဲ့ ဒီအရက်ကို စွန့်လွှတ်လာခဲ့တယ်။ အနံ့တောင် မခံတော့ဘူး။ အခု ဒီကိုယ်ကျင့်တရားကို ဘာပြုလို့ အထိခိုက်ခံရမလဲ။ အသက်သာ ပေးချင်ပေးရပါစေ။ အရက်တော့ ငါ မသောက်။

အထည်ရောင်းတဲ့ ကဗျာဆရာကလေးက ခရေပင်ရိပ်မှာ ထိုင်နေတယ်။ သူက အထည်ကလေးရောင်းရလို့ ကို့ကို အတင်း လက်ဖက်ရည်တိုက်နေတယ်။ ကိုက ဇွတ်ငြင်းနေတယ်။

"ခင်ဗျား စိတ်ထိခိုက်လာလို့လား"

ကဗျာဆရာက ကို့မျက်နှာကို စိုက်ကြည့်ပြီး မေးတယ်။

'လမ်းမှာ ခလုတ်တိုက်လာလို့ပါ' လို့ ကိုက ကမောက်ကမတွေ ဖြေလိုက်တယ်။

ကို အဲဒီခရေပင်ရိပ်မှာလည်း မထိုင်နိုင်တော့ဘူး။

နေပူထဲဘက် ဆက်လျှောက်လာခဲ့တယ်။ "နေပူမိ၊ ဖျား ... သေ သွားရင်လည်း ကောင်းတာပါပဲ" လို့ တွေးလာခဲ့တယ်။ ကိုဟာ ညီမလေးရဲ့ မျက်နှာကိုပဲ ပြန်သတိရနေတယ်။ ဒီမျက်နှာကလေးကို မြင်ခွင့်ရဖို့ သာကေတက နေပူကြီးထဲ နှစ်မိုင်လောက် လမ်းလျှောက် လာခဲ့ရတာတွေ သတိရတယ်။ တစ်ခါတော့ ဖျားသွားတာ ငါးရက် လောက် ခံလိုက်ရတာ သတိရတယ်။ ကို မည်ည်းပါဘူး။ သူနဲ့ကိုသာ လက်ထပ်ထားချိန်ဆိုရင် သူ မပြုစုတတ်နဲ့ ရမ်းသန်းပြုစုမှာ ကို မြင် ယောင်ပြီး ကြည်နူးခဲ့ရသေးတယ်။

ခုတော့လည်း... ဒီလို အတွေးထဲမှာတောင် ကြည်နူးခွင့် မကြုံရ တော့ပါလား မိတ်ဆွေရေ...

ကိုဟာ ဗိုလ်ချုပ်ဈေးဘက် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာခဲ့ပြီး စာအုပ်ဆိုင်တိုင်းမှာ ကိုကြည်နိုင်ကြီး မျက်နှာကို မြင်ရလို မြင်ရငြား လိုက်ရှာနေခဲ့တယ်။ ဒီလူကြီးကတော့ ကို့ခံစားချက်တွေကို နားလည် စာနာနိုင်မှာပဲ။ သူဟာ သူ့ဇနီးကိုသူ တကယ်ချစ်တဲ့လူ မဟုတ်လား။

ကို့စာဖတ်ပရိသတ်လည်းဖြစ်၊ စာရေးစ လူတစ်ယောက်နဲ့တွေ့ တယ်။ ဒီလူနဲ့မတွေ့တာ ခုဆို သုံးနှစ်တာတောင် ကြာခဲ့ပြီ။ သူက စာအုပ်ရောင်းနေရာက ခုနှစ်ထိပြီး ကို့ကို ဝမ်းသာအားရကြီးနဲ့ နှုတ်ဆက် တယ်။ ကိုဟာ ဟန်ဆောင်ပြုံးကြည့်ပါသေးတယ်။ သူက မသောက် မနေရ လက်ဖက်ရည်တိုက်နေလို့ သောက်နေရပြန်တယ်။

ကိုဟာ သုတ်သုတ်ပဲ လက်ဖက်ရည်ဆိုင်ထဲက ထွက်ခဲ့ပြီး ဗိုလ်ချုပ်

လမ်းအတိုင်း ပြန်လျှောက်လာခဲ့တယ်။

ဘာမှမတွေးချင်၊ ဘာမှမသိချင်တော့ဘူး။ အရာကိစ္စအပေါင်းကို မေ့ပစ်လိုက်ရင် လူ့ဘဝဆိုတာ ဘယ်လောက်များ ပျော်ရွှင်စရာကောင်းလိုက်ပါ့မလဲ။

ဗိုလ်ချုပ်လမ်းနဲ့ ဆူးလေလမ်းအကူး မီးပွိုင့်ရှေ့မှာ ငါ ရပ်နေလိုက်တယ်။

ငါ့ရှေ့မှာ တရိပ်ရိပ် အဆက်မပြတ် ပြေးနေတဲ့ ကားတန်းကြီးလေ။

မိတ်ဆွေလေးရေ ... ငါ့တစ်သက်မှာ အသက်နှစ်ဆယ် ဟိုဘက်ပိုင်းက စိတ်ကစားခဲ့တာတွေအားလုံးကို အခုပြန်ဆန်းစစ်ကြည့်တော့ ဘယ်ဟာမှ 'အချစ်' မဟုတ်ဘူးဆိုတာ ငါ သိလာခဲ့တယ်။ ခုအရွယ်မှာ ခုလို မာကျောနေတဲ့ သံမဏိလို ခိုင်နေတဲ့ ငါ့နလုံးသားထဲမှာ နောက်ထပ် ချစ်စိတ်ကလေးတစ်စိတ် စိမ်းလန်းလာဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူး။

မိတ်ဆွေလေးရေ... ဆယ့်ရှစ်နှစ်သားတုန်းကဆို ငါဟာ ဝမ်းနည်းစရာရှိရင် လူးလိမ့်နေရပေမဲ့ တစ်ဖက်က ပျော်ရွှင်စိတ်နဲ့ အစားထိုးလဲလှယ်လို့ရတယ်။ ခုတော့ ပျော်ရွှင်စိတ်လွန်ကဲတဲ့ အရွယ်ကို ကျော်လွန်လာခဲ့ပြီဆိုတော့ ဘယ်လိုလုပ် ရင်ထဲက ကြေကွဲမှုကို သမမျှတ ပစ်နိုင်ပါတော့မလဲ။ အတုံ့ရှိရင် ဒီမှာတင် ကြေပါစေတော့ အချစ်ရယ်။

မိတ်ဆွေလေးရေ... ပထမဆုံး ပေါ်လာတဲ့ လေးနက်တည်ငြိမ်တဲ့ ဖြူစင်မြင့်မြတ်တဲ့ စိမ်းလန်းစိုပြည်တဲ့ ဒီအချစ်စိတ်ဟာ တစ်သက်မှာ ဒါ နောက်ဆုံးပဲဆိုတာလည်း ကို သိနေပါပြီ။ ရမ္မက်တွေတော့ ပေါ်နေမှာပဲ။ အဲဒီတိရစ္ဆာန်ဆက်ဆံရေး အိမ်ထောင်ရေးမျိုးကိုတော့ ငါ ဘယ်တော့မှ မတည်ဆောက်ဘူး။

မိတ်ဆွေလေးရေ... သူ့ဆီက မေတ္တာတရားတွေ အကြင်နာတရားတွေကို ငါ မျှော်ကိုးစောင့်စားနေခဲ့တယ်။ အခုတော့... သိပ်ရက်စက်တဲ့

မာယာကိုပဲ ငါ ရရှိနေပါပေါ့လား။

ကိုဟာ မီးပွိုင့်ရှေ့မှာ ရပ်နေရင်း လှဆွေရဲ့ 'အလှ အပ တို့မလိုပြီ' ဝတ္ထုထဲက ပန်းချီဆရာ ကိုမြတ်သာကို စိတ်မှာ သတိရမိတယ်။ ဒေါ်နဲ့ ပတ်သက်ပြီး သိလာရတော့ ကိုမြတ်သာဟာ "ခုတော့ ကျွန်တော် အားလုံးကို သိပါပြီ မရွှေရည်" လို့ မရွှေရည်ကို ပြောလိုက်တာ စိတ်မှာ သတိရလာတယ်။ ကိုမြတ်သာဟာ မူးအောင် သောက်ပြီး ကားရှေ့ ဝင်တိုက်ပစ်လိုက်တာကို သတိရတယ်။

ငါ့ခေါင်းထဲမှာ အဆိုးဆုံးအတွေးဟာ ဝင်လာခဲ့တယ်။

ဒီအတွေးဝင်လာလိုက်ချိန်မှာတော့ တကယ့်ကို မှောင်မိုက်ကြီးထဲ ဖြတ်သန်းသွားသလိုပဲ။ ဘာကိုမှ မမြင်ရတော့ဘူး။ အာရုံတွေဟာ ကစဉ့် ကရဲဖြစ်ကုန်တာပဲ။ အသိစိတ်တွေဟာ ဘယ်ရောက်ကုန်ပြီလဲ ငါမသိ တော့ဘူး။ သတ်သေဖို့ စိတ်ကူးလိုက်တော့ သိပ်လွတ်လပ်သွားတာပဲ။ အပူရှိန်အမြင့်ဆုံးမှာ ဘာအပူမှ မရှိတော့ဘူးလို့ ပြောရမလားပဲ။ မှိုင်းနေ တယ်။ အားလုံး မှုန်ဝေနေတယ်။ ကိုဟာ စိတ်ဆုံးဖြတ်တာလည်း မဟုတ် သေးဘဲနဲ့ ကားတန်းကြီးရှိရာ ပစ်တိုက်လိုက်ဖို့ ခြေလှမ်းလိုက်တယ်။

မိတ်ဆွေရေ ...

ကားတွေဟာ အရှိန်နည်းနည်းမှ သတ်နိုင်မှာ မဟုတ်ဘူး။ ကား တစ်စင်းနဲ့ တိုက်မိလုလုမှာမှ ငါ့စိတ်ထဲမှာ အသိစိတ်က ဖျန်းခနဲ ပြန်ဝင် လာတယ်။ "ငါလို လူတစ်ယောက် ဘာမဟုတ်တာလေးနဲ့ ဘာလို့ အဆုံးရှုံးခံရမလဲ" လို့ ဖျတ်ခနဲ သတိရလိုက်တယ်။ ခြေလှမ်းကို ပြန်တုံ့ လိုက်တယ်။ ကားဟာ ငါ့ရှေ့က ပွတ်မိခမန်း မောင်းသွားတယ်။ ကား သမားက ငါ့ကို ဆဲသွားသေးလား။ ငါမသိဘူး။ ဒါဟာ ပြဿနာမဟုတ် ဘူး။ နောက်ထပ် ဆက်လှမ်းမိလိုက်ရင်သာ... သတိပြန်ဝင်လာချိန်မှာ ငါ သိပ်ကြောက်သွားတယ်။ တုန်လှုပ်သွားတယ်။

ငါ့ဘဝမှာ ဒီအဖြစ်မျိုး တစ်ကြိမ်တုန်းက ဖြစ်ခဲ့ဖူးတာ သတိရမိတယ်။ ၁၉၆၇ လောက်က အလုပ်မရှိ၊ နေစရာမရှိ၊ စားစရာမရှိ လွင့်နေတုန်းက။ ဒီလိုပဲ စိတ်တွေ ဝေသွားခဲ့ဖူးတယ်။ အင်းစိန် ဟီးနိုးဂိတ်မှာ ကားတွေထဲ အတင်းတိုးဝင်သွားခဲ့လို့ ကားတွေ ဘရိတ်ဖမ်းပြီး ရပ်ကုန်ကြရတာ။

*

မေလ ၁ ရက်နေ့။ ၁၉၇၈။

ဘယ်လောက်များ ဆိုးရွားလိုက်တဲ့ အဖြစ်အပျက်ပါလဲ။ ဒီလိုနေ့မှာ ကိုဟာ 'အင်တာနေရှင်နယ်' ဆိုပြီး ကမ္ဘာ့အလုပ်သမားတိုက်ပွဲကို အမှတ်ရနေသင့်တယ်။ ကို့စိတ်ထဲက ကိုယ်ကျိုးကြည့်အတွေးအမြင်တွေကို သုတ်သင်ပစ်သင့်တယ်။ ကမ္ဘာ့လူတန်းစားတိုက်ပွဲတွေကို အောက်မေ့ရမယ်။

ခုတော့ ချစ်စွာသော မိတ်ဆွေမှတ်တမ်းလေးရေ... ဒီကနေ့မှာမှ အချစ်အဆိပ်သင့်နေရတဲ့ ကို့နှလုံးသားတွေကို မင်းကို ပြောပြနေရတယ်။ ကိုဟာ ရန်ကုန်က အပြီးအပိုင်ထွက်ခွာသွားဖို့၊ ကို့အိမ်နဲ့ ခြံကို ရောင်းချပြီး အင်းလေးဘက်မှာ သွားနေဖို့ တွေးနေတာကို မင်းကို ပြောပြနေရတယ်။ ရန်ကုန်မှာ သူနဲ့ သူ့ချစ်သူတို့ ရှိနေကြရင် ရန်ကုန်မြေဟာ ကို့အတွက် ပူလောင်နေတာပဲ။ ဒါကို မင်းနားလည်ကြည့်စမ်းကွာ။

"ပူလိုက်တဲ့နွေ..." တဲ့။

မနက်တုန်းက ပါးပါးကလေး ဝေ့နေတဲ့ နှင်းမှုန်ကလေးတွေကို အခု ပြန်ရှုပေးခဲ့စမ်းပါ ချစ်မိတ်ဆွေ မှတ်တမ်းလေးရေ...။

မြန်မာသစ်မဂ္ဂဇင်း၊ ဇွန်၊ ၂၀၁၀

❑

## အမှောင်လမ်း

- အောင်ခက် -

မည်ုသည် စကားတစ်လုံးမျှ မဆို။

ကျွန်တော်လည်း စကားတစ်လုံးမျှ မဆိုမိ။

အားငယ် ဝမ်းနည်းမှုဖြင့် ရီဝေနေသော မည်ု မျက်လုံးအစုံသည် ကျွန်တော့်အား စိုက်ကြည့်နေသည်။ သည်အကြည့်ထဲ၌ မည်ုသည် သူ့ရင်ထဲက ဝေဒနာကို ပြောနေသည်လား။ ကျွန်တော့် ရင်ထဲက ဝေဒနာကို ရှာဖွေနေသည်လား။ ကျွန်တော် နားမလည်မိပေ။

မည်ု အသိထဲက ကျွန်တော့်ကို မုန်းတီးဖို့၊ နာကြည်းဖို့ ကြိုးစားနေလိမ့်မည်။ ကျွန်တော်လည်း သူ့အပေါ် မုန်းတီးပစ်ဖို့၊ နာကြည်းပစ်ဖို့ ကြောက်ရွံ့စွာ လိုလား တောင်းဆိုနေမိသည်။ သို့သော် မည်ုရင်ထဲက ခံစားနေရသည်များကို မည်ု မျက်လုံးထဲမှာ ကျွန်တော် တွေ့နေရသည်။ ခံစားမှုဆိုတာက ဘယ်သူများ လုံခြုံအောင် ဝှက်ထားနိုင်လို့လဲ မည်ုရယ်။

ကျွန်တော့်မှာ မောပန်းနေသော ခံစားမှုများဖြင့် မည်ုမျက်နှာလေးကို အသိမဲ့စွာ ငေးကြည့်နေမိသည်။ မည်ု၏ နွမ်းရော်မှိန်ဖျော့နေသော မျက်လုံးအစုံကွင် မျက်ရည်စတို့ စိုစွတ်ရစ်ဝိုင်းလာနေသည်။ ကျွန်တော့်

ရင်ထဲက တင်းကျပ်လာသော ပင့်သက်မောကို တိတ်တခိုး မှုတ်ထုတ်ပစ်လိုက်မိသည်။ မည်ကြာ ဘာပြောချင်နေသလဲ။ ကျွန်တော် နားထောင်ချင်နေမိသည်။ သို့ပေမဲ့ မည်ကြောမည့်စကားတွေ ကျွန်တော် သိနေနှင့်ပြန်သည်။ မကြားချင်တော့ပေ။ မည်ကြ မျက်လုံးအိမ်မှ မျက်ရည်ဥတို့ ပါးပေါ်သို့ တစ်လုံးချင်း လိမ့်ဆင်းလာနေသည်။ မျက်လုံးအိမ်တွင် မျက်ရည်တို့ ပြည့်ဖုံးလိုက်လာသည်။ တွေတွေကျလာနေသည့် မျက်ရည်တွေကို မည်ကြ သုတ်မပစ်။ ရှိုက်သံတစ်ချက် မထွက်။ မည်ကြ တင်းခံထားသည်။ သူ့အပေါ် နှုတ်ခမ်းသားလေးကို ခပ်တင်းတင်း ဖိကိုက်ထားသည်။ မျက်ရည်ကြည်လေးများ လျှံနေသည့် မျက်လုံးအစုံဖြင့်ပင် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်နေပြန်သည်။

ကျွန်တော့်ရင်ခွဲ ငိုပစ်လိုက်ချင်သော ဝမ်းနည်းစိတ်တို့ နင့်ခနဲ ဆောင့်တက်လာသည်။ မျက်လုံးအိမ်သို့ မျက်ရည်များ ဝိုင်းတက်လာသည်။ မည်ကြထံမှ ကျွန်တော် မျက်နှာလွှဲပစ်လိုက်မိသည်။ ကျွန်တော့် ဘေးရှိ စားပွဲငယ်ပုလေးသည် ကျွန်တော့် စာအုပ်များနှင့် ရှုပ်ထွေးနေသည်။ ဆေးလိပ်တို၊ ပြာခွက်၊ လွင့်နေသော ဆေးလိပ်ပြာတို့နှင့် ပွကြဲနေသည်။ ကျွန်တော် မဂ္ဂဇင်းတစ်အုပ်ကို ဆွဲလှန်နေမိသည်။ ကျွန်တော့် အာရုံထဲ၌ မကြည့်ဘဲ မည်ကြမျက်နှာလေးကို မြင်နေမိသည်။ ကျွန်တော့် နှလုံးသားတစ်ခုလုံး ဝမ်းနည်းမှုတို့ဖြင့် တုန်ခါနေတော့သည်။ မဂ္ဂဇင်းစာရွက်ကို လှန်နေသော ကျွန်တော့်လက်များ တုန်နေပြန်သည်။ ထိန်းထားသည့်ကြားက မျက်ရည်တစ်ပေါက်သည် ကျွန်တော့် မျက်နှာပေါ်သို့ ပေါက်ခနဲ လွတ်ကျသွားပြန်သည်။ ကျွန်တော့်အာရုံများ ဝေဝါးသွားသည်။ ကျွန်တော့်အဖြစ်ကို လွှတ်မချလိုက်မိရန် တင်းထားလိုက်မိသည်။ မျက်ရည်စွန်းသွားသော စာမျက်နှာကို သုံးလေးရွက် ဆက်တိုက်လှန်ပစ်လိုက်ရင်း ဖိထားလိုက်သည်။ အာရုံကို ငြိမ်အောင်ထိန်းသည်။ မျက်ရည်

စကို သိမ်းပစ်သည်။

ပင့်သက်ကလေးများကို ကျိတ်ချနေမိ၏။ သို့ပေမဲ့ ကျွန်တော့် ရင်ထဲ၌ တမြည့်မြည့် နာကျင်လိုက်လာနေသည်။ တရှိုက်ရှိုက် ငိုနေမိပြီ။ "ကျွန်တော် ငိုနေမိပြီ မည်၊" လို့ ကျွန်တော့် အာရုံထဲ၌ တိုးတိုးကလေး ရွတ်နေမိပြန်သည်။ မည်ကြည်ကော...။

မည်ထံမှ ရှိုက်သံတစ်ချက် ပွင့်ထွက်လာသည်နှင့်အတူ ထိုင်ရာမှ ရုတ်ခနဲ ထလိုက်သံ ကြားလိုက်ရသည်။ ကျွန်တော် လှည့်မကြည့်တော့။ စားပွဲငယ်ပေါ်တွင် တံတောင် ထောက်ထားသည့် လက်တစ်ဖက်ဖြင့် ကျွန်တော့်ခေါင်းကို ထိန်းထားလိုက်ရင်း မျက်စိအစုံကို ဇွတ်မှိတ်ပစ်ထားလိုက်မိသည်။ အံကို တင်းတင်းကြိတ်ထားမိသည်။ မည်၊ ဘာလုပ်မည် ဆိုသည်ကို ကျွန်တော် သိနေသည်။ မည်၊ လူပ်ရှားနေမှုများကို ကျွန်တော် မကြည့်ရဲတော့ပေ။ ကြာလျှင် ကျွန်တော်ပါ မည်၊လို ဟန်မဆောင်ဘဲ ငိုချပစ်မိတော့မည်။ မည်ကို ကျွန်တော် ချစ်သည်။ သည်အချစ်ကို ကျွန်တော့်ရင်ထဲမှာပဲ ထားတော့မည်။ ကျွန်တော့်အချစ်ကို မည်၊ နားမလည်စေချင်။ ကျွန်တော့် အငိုကို မည်၊ မသိစေချင်တော့ပေ။ သည်အချစ်အတွက် မည်ကို ကျွန်တော် ခွင့်လွှတ်လိုက်ပြီ။ ခွင့်လွှတ်ပြီ။ ခွင့်လွှတ်လိုက်နိုင်သည့် အချစ်သည် ကျွန်တော့်အတွက် မိုက်မဲမှုလား၊ သတ္တိနည်းမှုလား၊ အသုံးမကျမှုလား။ ကျွန်တော် မဝေခွဲတတ်တော့။

မည်ကို ကျွန်တော် ဒုက္ခ မပေးရက်တော့ပေ။ အခန်းကျဉ်းကလေးထဲ၌ မည်ဘာဝကို တိရစ္ဆာန်ရိုင်းမ တစ်ကောင်လို အစားဆင်းရဲ၊ အနေဆင်းရဲစွာဖြင့် မွေးထားသလို မွေးမထားရက်တော့ပေ။ ရက်စက်သော၊ အညှာအတာ ကင်းမဲ့သော၊ မေတ္တာတရား ခေါင်းပါးသော သူအဖြစ် ကျွန်တော် မနေရဲတော့။ မိန်းမသားတစ်ဦး၏ လွတ်လပ်မှုကို ကာမပိုင်လင်ယောကျ်ား ဆိုသည့်သော့ဖြင့် အသေခတ်ပြီး ဘဝတစ်ခုကို သတ်ပစ်

ရဲလောက်သည့် သတ္တိမျိုး ကျွန်တော့်တွင် မရှိ။ ကျွန်တော့် အချစ်အတွက် ကျွန်တော့် တစ်ဘဝလုံး ရင်စည်း၍ ကျိတ်ခံတော့မည်။ သို့ပေမဲ့ ကျွန်တော်၏ ခွင့်လွှတ်ခြင်း၊ မည်ကို နားလည်နေသည့် ကျွန်တော့် နားလည်မှုများကို မည်သို့ သိနေစေချင်ပြန်သည်။ သည်တစ်ခါ ကျွန်တော်၏ အချစ်ကို မည်သို့ နားမလည်ချင် နေပါစေဆိုသော စိတ်ဖြင့် ရှုပ်ထွေးလာကုန်ပြန်သည်။ ကျွန်တော် မသိတော့။ မရှင်းတတ်တော့။ ကျွန်တော် ပင့်သက် အထပ်ထပ်ချနေမိပြန်သည်။

အိပ်ခန်းတွင်းဘက်မှ မည်သို့ လှုပ်ရှားသံများ ကြားနေရသည်။ တိုးသက်အားနည်းလာနေသော ရှိုက်သံ၊ သူမပိုင် သံသေတ္တာငယ်ကလေးကို ဆွဲထုတ်သံ၊ ဖွင့်သံ၊ ပိတ်သံနှင့်အတူ သူမရဲ့ လှုပ်ရှားနေသံလေးများသည် ကျွန်တော့် အာရုံထဲဝယ် တိုးဝင်လာနေသည်။ ကျွန်တော့်ရင်ထဲ၌ တစစ်စစ် နာကျင်လာနေပြန်သည်။

သည်နေ့ မည်နှင့် ကျွန်တော် လမ်းခွဲကြတော့မည်။ ကိုယ့်လမ်း ကိုယ် လွတ်လပ်စွာ လျှောက်ကြတော့မည်။ တစ်ဦးကို တစ်ဦး မည်သူမျှ တားဆီးပိတ်ပင် ချုပ်နှောင်ပိုင်ခွင့် မရှိကြတော့။ မည်ကာ သူ့ပစ္စည်းလေးများကို စုစည်းသိမ်းဆည်းကာ သူ့ သံသေတ္တာငယ်လေးတစ်လုံးနှင့် ကျွန်တော့် အိမ်ခန်းငယ်ကလေးမှ အပြီးအပိုင် ထွက်ခွာသွားတော့မည်။ သည်အတွက် နှစ်ဦးသား သွေးအေးအေးဖြင့် ဆုံးဖြတ်ခဲ့ကြစေကာမူ တကယ်တမ်း ရင်ဆိုင်လာကြရသောအခါ ဟန်ဆောင်နိုင်စွမ်း မရှိကြတော့။ နှုတ်က ဖွင့်မပြောကြသော်လည်း ရင်ထဲကိုယ်စီ၌ နာကျင်မှုတွေ ရှိနေကြသည်။

ချစ်သူတို့ဘဝကို အချစ်ကြီးစွာဖြင့် လမ်းခွဲလိုက်ကြသည့် ဘဝ။ အချစ်ကြီးစွာဖြင့် စွန့်လွှတ်လိုက်ကြသည့်ဘဝ။ သည်အရာတွေအားလုံးကို ကျွန်တော် နားလည်နေမိသည်။ သည်အသိ၊ သည်နားလည်မှုများ

က ကျွန်တော့် နှလုံးသားကို အထပ်ထပ် ရိုက်ခတ်နေသလို ခံစားနေမိ ရပြန်သည်။

သူ့ရယ်၊ ကျွန်တော်ရယ် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြမည်။ ကိုယ့်လမ်း ကိုယ်သွားကြမည်။ ကျွန်တော်တို့နှစ်ဦးသား သဘောတူညီစွာ ခိုင်မာစွာ ဆုံးဖြတ်ခဲ့ကြပြီ။ သည်အသိဖြင့် တစ်ဦးကိုတစ်ဦး ယုံကြည်စွာ လမ်းခွဲထွက်ရဲကြသည်။ သို့ပေမဲ့ ပြောင်းလွဲတတ်သော လူ့စိတ်ကြောင့် အသိသက်သေ လူကြီးများရှေ့တွင် တရားဝင်မှု ရယူခဲ့ကြသည်။ စာချုပ်တံဆိပ်ခေါင်း နှစ်လုံးကို နှစ်ဦးသဘောတူ ဝယ်ခဲ့ကြသည်။ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲမှုကို နှစ်ဦးသဘောတူ တစ်ယောက်တစ်ရွက် ရေးကူးကြသည်။ ရပ်ကွက်ကောင်စီရုံးသို့ နှစ်ဦးသဘောတူ သွားရောက်ခဲ့ကြသည်။

ရပ်ကွက်လူကြီးများက ကျွန်တော်တို့နှစ်ဦးကို အံ့အားသင့်ခဲ့သည်။ အစဉ်အေးချမ်းစွာနေထိုင်ခဲ့သော ကျွန်တော်တို့ ဇနီးမောင်နှံ အတွက် မမျှော်လင့်သော အကြောင်းအရာများ ဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့နှစ်ဦးအား "ရန်မှုလေး တစ်မှုအတွက် သည်လောက်မြန်မြန်ဆန်ဆန် မဆုံးဖြတ်ကြဖို့ စဉ်းစဉ်းစားစား လုပ်ကြဖို့၊ လင်မယားဆိုသည်မှာ လျှာနှင့် သွားလို မတော်တဆ ဆိုသလို ထိမိခိုက်မိဆိုတာ ဖြစ်တတ်ကြစမြဲမို့ ခွင့်လွှတ်ကြဖို့၊ သည်းခံကြဖို့၊ အိမ်ထောင်တစ်ခု တည်ထောင်တယ်ဆိုတာ လွယ်လွယ်ကူကူ တည်ဆောက်မဖြစ်သလို အိမ်ထောင်တစ်ခု ပျက်ဖို့ဆိုတာလည်း လွယ်လင့်တကူ မဆုံးဖြတ်ဖို့" များ ပြောဆို ဆုံးမကြသည်။ သည်တစ်ည စဉ်းစားကြကာ နောက်နေ့ညနေမှ လာကြရန် ပြန်လွှတ်လိုက်သည်။

သို့သော် ကျွန်တော်တို့ဘဝများကို ကျွန်တော်တို့ သိနေကြသည်။ ကျွန်တော်တို့ အခြေအနေအားလုံးကို ကျွန်တော်တို့နှစ်ဦးသာ နားလည်

နိုင်ကြသည်။ သည်ဘဝ သည်အခြေအနေတွေက ကျွန်တော်တို့နှစ်ဦး ကို ဆက်လက်ပေါင်းစည်း နေထိုင်ခွင့် မပေးတော့။ ကျွန်တော့်အတွက် သည်းခံနိုင်ခွင့်၊ ခွင့်လွှတ်နိုင်ခွင့် မပေးတော့။ သည့်အတွက် ကျွန်တော်တို့ နှစ်ဦးစလုံး အချိန်ယူကာ စဉ်းစားဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။ ထိုစဉ်းစား သည့်အချိန်မှစ၍ မည်ကဲ့ တစ်နေရာ၊ ကျွန်တော် တစ်နေရာ အိပ်ခဲ့သည်။ မည်ကဲ့ ကျွန်တော်တို့နှစ်ဦး အိပ်သည့် အခန်းတွင်း ကွပ်ပျစ် ခုတင်လေး မှာ တစ်ယောက်တည်း။ ကျွန်တော်က အိမ်ရှေ့မှာ စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံး၊ ခြင်ထောင်တစ်လုံးသာရှိ၍ မည်ကဲ့ပေးအိပ်ခဲ့သော် လည်း မည်ကဲ့ မအိပ်ခဲ့။

နှစ်ယောက် ထောင်ထားသော ခြင်ထောင်ကို ဖြုတ်ပစ်ကာ ကျွန် တော့်ဘေးသို့ လာချထားသည်။ ကျွန်တော်လည်း မထောင်။ မဆန်း တော့ပေ။ ထိုညများကား ကျွန်တော့်အဖို့ မက်မက်မောမော နှစ်ခြိုက်စွာ အိပ်စက် အနားယူခြင်းတို့ကို ရကြတော့မည် မဟုတ်ပေ။ ထိုရက်များ အတွင်း ကျွန်တော်တို့ အခန်းငယ်ကလေးသည် ကျိန်စာမိနေသည့် အိမ်ခန်းကလေးနှင့် လူသားနှစ်ဦးကို မြင်နေမိသည်။ အခန်းတွင်း၌ အပူတွေ ဝေ့ပျံနေသလို အသက်ရှူကျပ်စွာ ခံစားနေရသည်။

နောက်ဆုံးညက အဖြစ်ကလေးသည် ကျွန်တော်တို့နှစ်ဦးသား၏ နှလုံးသားကို လောင်မြိုက်စေခဲ့သည်။ သူလည်း ဟန်မဆောင်နိုင်တော့။ ကျွန်တော်လည်း ဟန်မဆောင်နိုင်တော့။ ထိုညကအဖြစ်သည် ကျွန်တော့် နှလုံးသားကို ဆောင့်ဆွဲသလို ဆွဲနှတ်ခံလိုက်ရသည်။ ထိုညက သူနှင့် ကျွန်တော် ကွာရှင်းပြတ်စဲခြင်းစာကို ကျွန်တော် စာရေးနေကျ စားပွဲငယ် ကလေးပေါ်မှာ ရေးကူးမိသည်။ ပြီးတော့ သူလည်း အစောကြီး အိပ်ရာ ဝင်ခဲ့သည်။ ကျွန်တော်လည်း အိပ်ရာမှာ လှဲနေလိုက်သည်။ နှစ်ဦးသား တစ်ညလုံး အိပ်မပျော်။ တစ်ယောက်ဆီမှ တစ်ယောက် သက်ပြင်းချသံ၊

လူးလိမ့်သံ ကြားနေရသည်။ အဝေးမှ နာရီသံချောင်း ခေါက်သံသုံးချက် ကြားလိုက်ရသည်။ ကျွန်တော် ပင့်သက်ချပြီး ဇွတ်အိပ်ပစ်လိုက်ဖို့ ကြိုးစားကြည့်လိုက်မိ၏။ ထိုအချိန် မည်ထံမှ ငိုရှိုက်သံ တစ်ချက် လွင့်ထွက်လာသည်။ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်လှုပ်လှုပ် ဖြစ်သွားမိ၏။ မည်ရှိုက်သံသည် ကျွန်တော့် နှလုံးသားထဲသို့ စီးဝင်လာ နေ၏။ ထို့နောက် မည်၊ အိပ်နေရာမှ ထလိုက်သံ ကြားလိုက်ရပြီး မည်၊ သည် ကျွန်တော့်ထံ ပြေးလာကာ ကျွန်တော့်ကို ဖက်လျက် စိတ်ရှိစွာ ငိုချတော့သည်။ ကျွန်တော် မည်သို့ ဖြေသိမ့်ရမှန်း မသိတော့။ မည်ကို သာ ပြန်ဖက်ထားမိသည်။

"အစ်ကို၊ အည်ီ့ကို နားလည်တယ် မဟုတ်လားဟင်"

_မည်ကြည် ရှိုက်သံတွေကြားကပင် ကျွန်တော့်ကို အထပ်ထပ် မေးနေတော့သည်။

"အစ်ကို နားလည်ပါတယ် မည်ီ"

ကျွန်တော် သည်မျှသာ ပြောနိုင်သည်။ ကျွန်တော့် နှလုံးသားများ ကား ဗလောင်ဆူလျက်။ နာကြည်းမှုဖြင့် အံကြိတ်ထားလိုက်မိသည်။ ကျွန်တော်တို့ ရှုံးခဲ့ပြီ မည်ီလို့ ကျွန်တော့် စိတ်ထဲ၌ တွေးနေမိသည်။

ကျွန်တော် မတွေးရဲတော့ပေ။ သည် အတိတ်ကလေးများသည် ကျွန်တော့် ဘဝတစ်လျှောက်လုံး လွမ်းကျန်နေရစ်ရတော့မည်။ တွေးမိ တိုင်း ရင်မှာ ကျဉ်နေရစ်ရတော့မည်။ အိမ် ဝါးကြမ်းခင်းကလေးတွေ ဖြတ်နင်းထွက်လာသည့် မည်ီ၏ ခြေသံကို နားထောင်ရင်း ကျွန်တော် ပင့်သက် ချပစ်လိုက်မိသည်။ ကျွန်တော့်ရှေ့ ဖြတ်လျှောက်သွားသည့် ခြေသံကို ကြားနေရသော်လည်း ကျွန်တော် မည်ီကို မော်မကြည့်။

ခေါင်းငုံ့ထားမိသည်။ မည်ီ ကျွန်တော့်ကို ကြည့်ချင်ကြည့်သွား မည်။ ကျွန်တော် မသိချင်။ မျက်ရည်တွေ ဝေနေဦးမည့် မည်ီမျက်နှာ

ကို ကျွန်တော် မတွေ့ရဲတော့။ သည်ကြားထဲက မည်၊ အိမ်ရှေ့ဆင့် ကလေးအရောက် ကြည့်မိအောင် ကြည့်လိုက်မိသေးသည်။ 'မည်၊ သွားတော့မှာလား' ဆိုသည့် စကားကို မမျှော်လင့်ဘဲ မေးဖြစ်အောင် မေးမိသေးသည်။ ကျွန်တော့် အာခေါင်၌ အာစေးများ ခြောက်ခန်းနေသည်။ ကျွန်တော့်အသံတွေသည် တုန်အက်နေသည်။ ငိုသံတွေ ပါသွားမှန်း ကျွန်တော့်ဘာသာ ကျွန်တော် သိလိုက်သည်။ ကျွန်တော့် မျက်လုံးအိမ်၌ မျက်ရည်တွေ ဝေလာသည်။ မျက်ရည်တွေနှင့် စိုကျန်နေသော မည်၊မျက်နှာလေးသည် ကျွန်တော့်ကို ကြည့်လျက်။ ခေါင်းတစ်ချက် ညိတ်ကာ ချာခနဲ လှည့်ဆင်းသွားသည်။

"နက်ဖြန်ညနေ ကောင်စီရုံးကို သွားရအောင်၊ လာခဲ့နော်" လို့ မှာလိုက်ချင်သည့် စကားကိုပင် ကျွန်တော် မပြောလိုက်နိုင်။ စကားပြောနိုင်သည့် အင်အားလည်း ကျွန်တော့်မှာ မရှိတော့။ နောက်ဆုံး သံသေတ္တာလေးတစ်လုံးကို မနိုင်တနိုင်ဆွဲရင်း မိမိရှေ့မှ ခပ်သွက်သွက်ကလေး ထွက်သွားသော မည်ကိုပင် ကြာရှည်စွာ ကြည့်မနေရက်တော့ပေ။ ကျွန်တော်သည် ထိုင်ရာမှ နောက်သို့ ပစ်လှန်အိပ်ချလိုက်ပြီး မျက်စိအစုံကို မှိတ်ထားလိုက်သည်။ မျက်ရည်ပူများသည် ကျွန်တော့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကာ လာနေသည်။ ကျွန်တော် သုတ်မပစ်။

သည် သံသေတ္တာငယ်ကလေးကို ဆွဲကာ ကျွန်တော့်နောက်က ကျုံ့ကျုံ့ကလေး ပါလာသည့် မနေ့က မည်၊ ကျွန်တော်တို့နှစ်ဦး၏ မင်္ဂလာဦးအိမ်တက်နေ့သစ်ကလေးကို သတိရလာနေမိပြန်သည်။ ထိုနေ့က အပြုံးအပျော်တွေနှင့် ဝေနေသည့် မည်၏ မျက်နှာကလေး။ ကြည်နူးမှုတွေနှင့် တောက်နေသည့် မျက်လုံးအစုံ။

"သေတ္တာ အစ်ကို့ပေး၊ အစ်ကို ဆွဲခဲ့မယ်" လို့ ပြောတော့

"အို... အစ်ကိုကလည်း၊ ညီမ ထဘီတွေနဲ့ ငရဲကြီးနေပါ့မယ်။

ညီမဆွဲနိုင်ပါတယ်" လို့ပြောရင်း အပြုံးကလေးတွေနှင့် လုဆွဲနေခဲ့ကြ သည်ကလေးများကို သတိတရ ဖြစ်ပေါ်လာနေမိပြန်သည်။

သည်နေ့ သည်သေတ္တာငယ်လေးကို ဆွဲကာ ထွက်ခွာသွားသော မည်။ မည်သို့ အပြန်လမ်း။ မည်သို့ မိသားစု။ မိသားစု စီးပွားရေး။ နောက် မည်တာဝန်။ မည်သို့ ဘဝ။ သိမြင်နေသလို ဖြစ်နေသည့် မည်၏ ရှေ့ ဘဝခရီးကို ကျွန်တော် မစဉ်းစားရဲတော့ပေ။ ထိုအသိကို လက်မခံချင် စွာ ကျွန်တော် ခေါင်းယမ်းပစ်လိုက်မိရင်း ထထိုင်လိုက်မိပြန်သည်။

မှောင်ရီဆင်းစပြုနေသော ဆည်းဆာအလင်းစများသည် ကျွန်တော့် အိမ်ခန်းငယ်လေးထဲသို့ မည်သို့ ဆင်းသွားသော တံခါးပေါက်မှ လည်း ကောင်း၊ အိမ်ရှေ့မှာ ခပ်ကျဲကျဲလေး ထောင်ရိုက်ထားသည့် ဝါးခြမ်း ပြားများ ကြားမှလည်းကောင်း ဟင်းလင်းပြင်မှာကျသလို ကျနေသည်။ ကျွန်တော်သည် ဆေးလိပ်တို တို့နှင့် ပြည့်နေသော၊ ဆေးလိပ်ပြာစများ ဖြင့် ပေကျံနေသော၊ အရောင်လွင့်ပျက်စ ပြုနေသော ဆေးလိပ်ခွက်ငယ် ကို အဓိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေမိပြန်သည်။ ဆေးလိပ်ခွက်နှုတ်ခမ်းသား အချို့နေရာ၌ မီးကျွမ်းစပြုနေသည်။ သည်ဆေးလိပ်ခွက်ကလေးကို လှလို့ဟုဆိုကာ ကုန်တိုက်မှ ဝယ်ယူလာခဲ့ကြသည်။ ဆေးလိပ်ခွက်မှ မျောက်ကလေးသုံးကောင်ကို ကြည့်ရင်း မည်သို့ တစ်လမ်းလုံး ရယ်မော လိုက်လာသည့်အဖြစ်ကို သတိတရ ဖြစ်လာနေမိပြန်သည်။ ပါးစပ်ကို လက်အစုံဖြင့် ပိတ်ထားသည်က တစ်ကောင်။ မျက်စိအစုံကို လက်နှစ် ဖက်ဖြင့် ပိတ်ထားသည်က တစ်ကောင်။ နားနှစ်ဖက်ကို ပိတ်ထားသည် က တစ်ကောင်။ သည်သုံးကောင်ကြည့်ပြီး မည်မှာ အိမ်အထိ အရယ် မတိတ်။ အိမ်ထောင်ဦးဘဝက မည်ရှုပ်၊ မည်သို့ အရယ်၊ မည်သို့ အပြုံး၊ မည်သို့ အသံတွေ ကြားနေ၊ မြင်နေမိပြန်သည်။ ကျွန်တော် သက်ပြင်းချ ကာ ပက်လက်လှန် အိပ်ပစ်လိုက်မိပြန်၏။

ထိုအချိန်က မည်ရှပ်ရည်ကလေးသည် ကျွန်တော်နှင့်ပင် မတန်ဟု ကိုယ့်ဘာသာကိုယ် စဉ်းစားခဲ့ဖူးသည်။ မည်ရှ အသားအရေလေးတွေက စိုပြည်နေသည်။ မည်ရှမျက်နှာကလေးသည် ဝင်းလက်နေပြီး အပြုံးစလေးတစ်ခုကို အမြဲတမ်း တွေ့နေရသည်။ အမြဲတမ်း ဖော်ရွေနေတတ်သည့် မျက်နှာလေး။ မျက်လုံးအနက်ကလေး တစ်စုံကလည်း တောက်လို့။ တကယ့်ကို အပြစ်ကင်းစင်နေသည့် ကလေးလေးတစ်ယောက်လို ချစ်စရာကောင်းနေသည်။ သူ ဝတ်ဆင်ထားတတ်သည့် အဝတ်အစား အဆင်အပြင်ကလေးတွေကလည်း တကယ့်ကို အေးအေးငြိမ်းငြိမ်း အဆင်ကလေးတွေ။ လူကိုပါ ကြည်လင်ပြီး တောက်နေသလို ထင်နေရသည်။ ကြည့်နေရင်းက သူ့ရဲ့ စိတ်ထားလေးတွေကိုပါ မြင်နေရသလို ခံစားနေရသည်။

မည်ဘဝနှင့် မည်ကို ပထမ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်ခဲ့ ရသည်။ မည်မှာ ဘဝအမှောင်ရိပ်များအောက်မှာ ဖြတ်သန်းနေရရှာသည်။ ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ ရပ်ကွက်ငယ်လေးတစ်ခုအတွင်းမှာ နေထိုင်နေရရှာသည့် ဖခင် ဒုက္ခိတကြီးနှင့် မိခင်အိုကြီး။ လင်ကုန်ရှုံးခဲ့သည့် ကလေးတစ်ယောက်နှင့် အစ်မငယ်။ ကျောင်းလမ်းမပေါ်မှာ အပူအပင်မဲ့သေးစွာ ဆော့ကစားနေကြသေးသည့် ညီမလေးတွေ၊ မောင်လေးတွေ။ သည်အရာတွေအတွက် သူ့ဘဝကို မည်ရှ စွန့်ပေးထားလိုက်သည်။ ဘဝတစ်ခုကို ဆန့်ထုတ်ထားခဲ့သည်။ အရောင်းအဝယ်လုပ်ငန်းဖြင့် မန္တလေးသို့ တက်ခဲ့သည်။ တစ်လတန်သည်၊ နှစ်လတန်သည် နေပစ်ခဲ့သည်။ နောက် ငွေထုပ်ပိုက်၍ မည်ရှ ပြန်လာတတ်သည်။ သို့ပေမဲ့ အမေတို့၊ အဖေတို့ မည်ကို နားမလည်။ မိသားစုတစ်ခုလုံး မည်ကို နားမလည်။ မကြာခဏ ကုန်ရောင်းကုန်ဝယ် သွားလုပ်သည်ဟုသာ မည်ကို သိထားကြသည်။ မည်ရှ ရောင်းဝယ်နေရသည်က ကုန်ပစ္စည်း

မဟုတ်။ လူကုန်။ သည်အရာကို မည်ဟု မိသားစု မသိ။ မသိအောင်လည်း မည်ဟုက နေသည်။ အိမ်ပြန်ရောက်လျှင် အိမ်ထဲက အိမ်ပြင် မည်မထွက်။ ယောကျ်ားလေးများနှင့် အရောတဝင် မနေသည့်အတွက် မည်ကို မိသားစု အားလုံးက ယုံသည်။ ကျွန်တော်နှင့်တွေ့ရသည်က မည်ကို အမှောင် အရိပ်ကလေးထဲမှာ။ မည်ရဲ့ ကုန်ရောင်းကုန်ဝယ်ရာ နေရာလေးမှာ။ တွေ့စကပင်...

"မည်ကို ကျွန်တော် ချစ်တယ်ဗျာ၊ မည်ကို ကျွန်တော် တကယ် လက်ထပ်ယူမယ်ဗျာ"

လို့ အထပ်ထပ်ပြောနေမိသည်။ ကျွန်တော့်ကိုကြည့်ပြီး အူရိုင်း လေးအဖြစ်၊ အစိမ်းလေးအဖြစ်နှင့် ဟက်ဟက်ပက်ပက် ရယ်မောမပစ် နိုင်ပဲ

"အစ်ကိုကလည်း သိပ်စိတ်ကူးယဉ်တာပဲနော်"

လို့ ပြုံးကာရယ်ကာ ပြောနေတတ်ပြန်သေးသည်။ ကျွန်တော့် ထက်ပင် ငယ်နေသေးသည့် မည်ကိုပင် 'မည်' လို့ တလေးတစား ခေါ်နေမိသည့်အဖြစ်ကိုပင် မည် ရယ်ချင်ချင် ဖြစ်နေလိမ့်မည်။ ကျွန်တော့် မှာ တစ်ချိန်လုံး စကားတွေ ထိုင်ပြောနေမိသည်။ မည် ထွက်ခွာသည် အထိ ကျွန်တော့်အတွေးနှင့် ကျွန်တော် ပြောနေမိသေးသည်။

သည်ကစ မည်ကို ကျွန်တော် တွယ်တာနေမိသည်။ သည်ကစ မည်နှင့် ကျွန်တော် ခင်မင်မိသည်။ ရန်ကုန်ရောက်လျှင် မည်က ကျွန်တော့် လမ်းဘေး စာအုပ်အဟောင်းဆိုင်ကလေးဆီသို့ ရောက်လာ သည်။ စကားတွေ ပြောကြသည်။ မည်ကို သည်ဘဝကထွက်ဖို့ တိုက် တွန်းသည်။ သည့်အတွက် မည်အိမ်မှာ စာအုပ်ငှား ဆိုင်ကလေးဖွင့်ဖို့ နှစ်ယောက်သား ထူထောင်ကြသည်။ ဘဝတစ်ခုကိုပါ တည်ထောင်ဖို့ ဆုံးဖြတ်ကြသည်။

သည်အိမ်ခန်းကလေးသည် ကျွန်တော်နှင့် မည်ကြီ နှစ်ဦးသဘောတူ ဌားခဲ့ကြသည့် အိမ်ခန်းကလေး။ အိမ်စပေါ်သုံးရာ၊ အိမ်လခ နှစ်ဆယ်။ စပေါ်အတွက် နှစ်ဦးသား စုဆောင်းပေးခဲ့ကြသည်။

တစ်နှစ်ကျော်ကျော်မျှ မည်ကြီ သည်အခန်းကျဉ်းကလေးထဲမှာ နေထိုင်သွားခဲ့သည်။ တစ်ခါတစ်ရံ သည်အခန်းကလေးထဲ၌ မပျော်ပိုက်သလို မည်ကြီ ငေးငိုင်နေတတ်သည်။ ကျွန်တော် မည်ကြီကို သနားနေမိသည်။ မည်ကြီကို အတောင်ဖြတ်ပြီး မွေးမြူခံထားရသည့် လှောင်အိမ်ထဲက ကြက်တူရွေးမလေး တစ်ကောင်လို မြင်နေမိပြန်သည်။ မည်ကြီ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပိန်လိုက်လာသည်။ အသားအရေတို့ကလည်း ယခင်ကလို မကြည်လင်တော့။ တောက်ပနေတတ်သည့် မျက်လုံးကြီးများ သည်လည်း မျက်တွင်းများကျကာ မှိုင်းရီနွမ်းနယ်နေတော့သည်။ အားငယ်ဆွေးမြည့်နေသည့် အရိပ်များ မည်ကြီမျက်နှာပေါ်၌ အမြဲတွေ့နေရတတ်တော့သည်။ ဝေဒနာတစ်ခုကို ကျိတ်ခံစားနေရဟန် ရှိသည်။ ကျွန်တော်လည်း စာအုပ်အဟောင်းလေးများ ရောင်းမကောင်းသည့် နေ့များ၌ မည်ကြီနှင့် မျက်နှာချင်းဆိုင်ဖို့ ကျွန်တော့်မှာ ဝန်လေးလေး လာနေမိသည်။ ဘာမှန်းမသိဘဲ အလိုလို အားငယ်ကြောက်သလိုလို ကြောက်လာနေမိသည်။ တစ်ခါတစ်ခါ အကြော်လေးတစ်ခုနှင့်၊ ဆားနှင့် ထမင်းစားလာတတ်သည့် မည်ကြီ။ မုန့်ဟင်းခါးလေး တစ်ပွဲကို လင်မယားနှစ်ယောက် သူ့ညာ ကိုယ့်ညာ စားကြရင်းက မစားနိုင်ကြဘဲ ပိုလျှံသွားခဲ့ကြသည့် ကျွန်တော်တို့ ထမင်းဝိုင်းလေးသည် ကျွန်တော့်ကို အမြဲတစေခြောက်လှန့်နေတော့သည်။ မည်ကြီချစ်လို့ ကယ်တင်ခြင်းထက် နှစ်ရာများ ရောက်နေပြီလားဆိုသည့် အတွေးကို ကျွန်တော့်ဘာသာ ကျွန်တော် တွေးမိပြန်သည်။

"အစ်ကို၊ အညီကြ အစ်ကို့အတွက် လူပိုတစ်ယောက် ဖြစ်နေပြီ

နော်။ အစ်ကို့ကိုကြည့်ရတာ အည်ုတော့ ပင်ပန်းလိုက်တာ အစ်ကို ရယ်"

ကျွန်တော့်ကိုကြည့်ရင်း မည်ု ကောက်ချက်ချ စကားလေးများကို

"အစ်ကိုက မပင်ပန်းပါဘူး မည်ုရယ်။ မည်ုသာ စိတ်မချမ်းသာမှာ စိုးတာပါ"

"အည်ု့အတွက် မပူစမ်းပါနဲ့ အစ်ကိုရယ်။ အည်ုက နေတတ်ပါ တယ်။ အစ်ကိုသာ အည်ု့အတွက် တပင်ပန်းပန်း ဖြစ်နေတာနဲ့ ဘာမျှ မလုပ်ရဖြစ်နေမှာစိုးလို့။ အစ်ကို စာရေးချင်တာ မရေးရ၊ စာဖတ်ချင် တယ် ဆိုတာလည်း မဖတ်ရနဲ့ အစ်ကို့ကြည့်ပြီး အည်ုက သနားနေ တာပါ"

မည်ုက ပျပျလေးပြုံးကာ စကားဆိုနေတတ်သည်။ အရင်ကလို လှိုက်လှဲသောအပြုံးလေးများ မဟုတ်ပေမဲ့ အားတင်းပြုံးလေး ပြုံးပြ တတ်သည်။ မည်ုကို ပို၍ သနားနေမိပြန်သည်။ ထိုနေ့လိုညမျိုး၌ မည်ုကို ကျွန်တော် စကားတွေ ပြောနေမိပြန်သည်။

"မည်ုရယ်၊ ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာ သေရာစွဲပါမသွား ပါဘူး။ ချမ်းချမ်းသာသာနဲ့ သေလည်း ဒီမသာပဲ။ ဆင်းဆင်းရဲရဲနဲ့ သေလည်း ဒီမသာပဲ မဟုတ်လား မည်ု။ မသေခင်လေးဆိုတဲ့ အတွင်း မှာ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ချင်တဲ့ စိတ်ကလေး တစ်ခု တည်းထားပြီး ဘဝကို အသက်ရှင်နေလို့ ဘာအကျိုးထူးမှာလဲ။ မည်ု စဉ်းစားကြည့်လေ။ လူဟာ သေဖို့အတွက် ကောင်းကောင်းစား၊ ကောင်း ကောင်းဝတ်ပြီး သေဖို့ စောင့်နေတဲ့ မသာကြီးအတိုင်းပဲ။ မဟုတ်ဘူး လား မည်ု။ လူဟာ လူဖြစ်ရကျိုး နပ်ဖို့အတွက် လူတန်ဖိုးရှိဖို့တော့ လိုတယ် မည်ု"

သည်အခါမျိုးများတွင် မည်ုသည် အိပ်ချင်စိတ်များဖြင့် သမ်းဝေ

နေရင်းက ကျွန်တော့် စကားများကို နားထောင်နေတတ်ပြန်သည်။ တစ်ခါတစ်ရံ ကျွန်တော့် မေးခွန်းများကို သဘောတူ ခေါင်းညိတ်ထောက်ခံနေတတ်၏။

"ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်နိုင်မှ လူဖြစ်ကျိုးနပ်တယ်ဆိုရင်တော့ အစ်ကိုတော့ ဒီအတွက် ငွေပဲရှာတော့မယ်၊ ငွေရနိုင်တဲ့ နေရာမှန်သမျှ ခိုးမှာပဲ၊ ဝင်လုမှာပဲ။ မရရင် ဓားပြတိုက်မှာပဲ သိလား မည်။ မဆန်းတော့ဘူးလေ၊ လူဆိုတာ သေရမယ့်လူချည်းပဲ၊ မသေခင် လူဖြစ်ကျိုးနပ်အောင် ကြိုးစားရတော့မှာပေါ့။ မဟုတ်ဘူးလား မည်။ မဟုတ်သေးဘူး၊ မည်၊ လူဆိုတာ လူ့ယဉ်ကျေးမှုတွေ ရှိတယ်။ လူနဲ့ ဆိုင်တဲ့ ကိုယ်ကျင့်တရားတွေရှိတယ်။ လူမှုရေးကျင့်ဝတ်တွေ ရှိတယ်။ လူ့သမိုင်းအတွက် ထမ်းရွက်ရမယ့် တာဝန်တွေရှိတယ်။ ဒါတွေ စောင့်ထိန်းနိုင်မှ၊ ဆောင်ရွက်နိုင်မှ လူ့တန်ဖိုးဆိုတာ ရှိတာပါ မည်ရယ်။ အစ်ကိုတော့ ရိုးသားမှုကို အချစ်ဆုံးပဲ။ သူခိုး၊ ဓားပြစိတ်နဲ့ လူ့ဘဝကို ရှင်သန်ဖို့ ကြိုးစားနေတဲ့ လူတွေအတွက် ရှင်သန်လည်း တစ်ခဏပါ။ သူတို့အတွက် နေရာကလည်း ကျဉ်းကျဉ်းလေးပါ။ အစ်ကိုတော့ စားဖို့၊ ဝတ်ဖို့အတွက်လေးလောက်နဲ့ အစ်ကို့မျိုးရိုးတွေရဲ့ ဂုဏ်သိက္ခာကို မဖျက်ဆီးဝံ့ဘူး။ အစ်ကို့ သားသမီးတွေကိုလည်း သူများ လက်ညှိုးထိုးမခံနိုင်ဘူး၊ သိလား မည်။ ငတ်သေသွားပါစေ၊ အစ်ကို ဂုဏ်ယူစွာ သေသွားမယ်"

ကျွန်တော်သည် မည်ကို လူကျင့်ဝတ်၊ လူသိက္ခာ၊ လူတန်ဖိုးများကို ပြောပြောပြနေတတ်သည်။ မည်၊ စိတ်ဓာတ်ကျမသွားစေရန် ရည်ရွယ်ပြောခဲ့သည်။ သို့ပေမဲ့ တစ်ခါတစ်ရံ ထိုစကားများသည် မည်အတွက်လား၊ ကျွန်တော့်အတွက်လား ဆိုသည်ကိုပင် မဝေခွဲတတ် ဖြစ်နေတတ်ပြန်သည်။ တစ်ခါတစ်ခါ အားငယ်နေသည့် မိမိဘဝကို ပြန်

လည်အားပေးမိသလို ဖြစ်နေတတ်ပြန်သည်။ မည်ကြည်ကော ခံနိုင်ရည်အား ရှိပါ့မလား။ နားလည်နိုင်ပါ့မလား ဆိုသည်ကို ကျွန်တော့် အတွေးများက သံသယ ပွားဆဲ။

တစ်နေ့။ ကျွန်တော့် ယုံကြည်မှုများ အားလုံးကို မည်ကြ ဖျက်ဆီးပစ်လိုက်သည်။ သူ့အတွက်ဟု ရည်ညွှန်းခဲ့သော စကားများသည် ကျွန်တော့် အတွက် သက်သက်ဖြစ်ခဲ့ရသည်။ သူယုံကြည်သော ဘဝတန်ဖိုးကို မည်ကြ ပွင့်လင်းစွာ ဆိုလိုက်သည်။

ထိုနေ့က ကျွန်တော့်ဒေါသများ ဝုန်းခနဲ ပေါက်ကွဲခဲ့ရသည်။ ကျွန်တော့်တစ်ကိုယ်လုံး ဘာမျှ မထိန်းနိုင်တော့ဘဲ ဒေါသစိတ်ဖြင့် မွန်သွားသည်။ ကျွန်တော်တို့နှစ်ဦးအလယ်မှ ပြင်ထားသည့် ထမင်းစားပွဲငယ်လေးကို လက်သီးအစုံဖြင့် အောက်မှ ပင့်လှန် တအားကုန် ထိုးမှောက်ပစ်လိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေမိသည်။ ကျွန်တော့် မျက်လုံးအစုံကား ဒေါသဖြင့် မီးဝင်းဝင်းတောက်နေပေလိမ့်မည်။ ကျွန်တော်သည် လက်နှစ်ဖက်ဖြင့် မည်ကြည်ပင်းကို ခပ်ညှစ်ညှစ် ဆုပ်ကိုင် လှုပ်ယမ်းပစ်လိုက်သည်။ ကျွန်တော့်ရင်ထဲ၌ ဒေါသဖြစ်ခြင်း၊ နာကြည်းခြင်း၊ ရှက်ခြင်းတို့ဖြင့် ရောထွေး ပူလောင်လျက်။ 'မည်ကြ' ဆိုသည့် ခေါ်သံသည် ဒေါသဖြင့် ဟိန်းထွက်သွားသည်။ မည်ကြ မည်သို့မျှ မလှုပ်။ မျက်စိအစုံကို မှိတ်ကာ ငိုရှိုက်နေတော့သည်။ ကျွန်တော့်မှာ မည်ကြကို စိုက်ကြည့်နေမိသည်။ မည်ကြကို အပြစ်မဲ့သည့် ကလေးလေး တစ်ယောက်လို မြင်လာနေမိသည်။ သနားလာနေမိပြန်သည်။

"မီးဆိုတာ ပူတယ်လို့ ပြောနေလျက်က ဘာလို့များ ကိုင်ချင်ရတာလဲ မည်ကြရယ်"

ကျွန်တော့်မှာ သက်ပြင်း ချပစ်လိုက်မိ၏။

"မည်၊ ဒီကိစ္စက မင်းငိုရမှာ မဟုတ်ပါဘူး။ ငိုရမှာက အစ်ကိုပါ။ အစ်ကို့အဖို့က ငိုရုံတွင်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာ၊ သိလား မည်၊။ ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာ"

ကျွန်တော့်အသံများက တုန်ခါနေသည်။ ငိုသံတွေ ပါနေသည်။ မျက်ရည်စများ ရစ်ဝိုင်းလာနေမိ၏။

"မည်၊ မင်း အစ်ကို့ကို နားမလည်ဘူးလား ဟင်။ ပြောစမ်းပါ။ အစ်ကို့ဘဝကို မင်း နည်းနည်းတော့ ထည့်စဉ်းစားဖို့ ကောင်းပါတယ်။ မင်းကို အစ်ကို ညာယူခဲ့တာမှ မဟုတ်ဘဲနဲ့။ အစ်ကိုက လမ်းဘေးက စာအုပ်အဟောင်းသည် ဆိုတာလည်း မင်း သိသားနဲ့။ ဒါပေမဲ့ မင်း မငတ်စေရဘူး မည်၊။ ငတ်ခြင်းငတ်ရင် အစ်ကို အငတ်ခံမယ်။ ထိုက်သင့်သလိုတော့ မင်း စားရမှာပေါ့။ အေး...ဒါပေမဲ့ အစားတစ်လုတ်အတွက်နဲ့တော့ အစ်ကို့ ကိုယ်ကျင့်တရားနဲ့ အကျင့်စာရိတ္တတော့ ရောင်းမစားနိုင်ဘူး မည်၊ ရောင်းမစားနိုင်ဘူး"

ကျွန်တော့်ရင်ခွဲ နာကြည်းမှုတွေနှင့် တင်းလာနေမိသည်။ မည်ကကျွန်တော့် ပခုံးကိုမှီကာ ငိုရှိုက်နေတော့သည်။

"အည်ကို ခွင့်လွှတ်ပါ အစ်ကို၊ အည် သတ္တိမရှိတော့ဘူး။ အည်ဘဝကို ဒီအတိုင်း လည်စင်းမပေးနိုင်တော့ဘူး အစ်ကို။ ဘာမျှ အဓိပ္ပာယ်မရှိတဲ့ အည်ဘဝ။ လူတစ်ယောက်ကို ဒုက္ခပေးသလို ဖြစ်နေတဲ့ အည်ဘဝ။ ဘာတန်ဖိုးမျှ မရှိတော့ပါဘူး အစ်ကိုရယ်။ အည်ကို ခွင့်လွှတ်ပါ။ အည်ကို ခွင့်လွှတ်ပါ"

ထိုအသံသည် ကျွန်တော့်နားထဲသို့ ကပ်၍အော်လိုက်သလို ပွင့်ထွက်လုမတတ် ကြားလိုက်ရသည်။ ကျွန်တော်သည် ဆတ်ခနဲ လန့်နိုးသည်။ မျက်ရည်စတွေနှင့် ခြောက်သွေ့သွားသည့် ကျွန်တော့် မျက်နှာပြင်သည် တင်းကျပ်သလို ခံစားနေရမိသည်။ ကျွန်တော် ခြင်ထောင်မထောင်

မိ၊ စောင်မခြုံမိ။ အိပ်ပျော်သွားမိသည် ထင်သည်။

မည်ရွှေ ထွက်သွားသော တံခါးသည် သည်အတိုင်း ပွင့်လျက်။ အပြင်ဘက်မှ လရောင်ငယ်သည် အမှောင်တစ်ခြမ်းဖြင့် ကျွန်တော့် အိမ်ခန်းကျဉ်းလေးထဲသို့ ဝင်နေသည်။ အိမ်ရှေ့မှ မည်ညာသော လမ်း ကျဉ်းငယ်ကလေးသည် မပီဝိုးဝါး အမှောင်လမ်း။

ခရမ်းနုရောင်ပွင့်သစ်ဝတ္ထုတိုများ၊ အရုဏ်ဌက်စာပေ၊ ၁၉၈၃

# ရှက်တယ်ဆိုတာ လွယ်ပါတယ်

- မောင်ဝဏ္ဏ -

ကြည့်ပြီးမြင်ပြီးမှ မမြင်ချင်ဟန်ဆောင်လိုက်ခြင်းကို ကျွန်တော် သတိထားမိလိုက်သည်။

သူက လှေကားပေါ်အတက် ကျွန်တော်လှေကားပေါ်တက်ပြီးစ။

ကျွန်တော်လှေကားထိပ်လောက်အရောက်မှာ နောက်ဘက်မှ သူ့အသံကို ကြားလိုက်ရသည်။

"ပြီးပြီလား၊ တို့က ကြည့်ချင်လို့လာတာ ဥစ္စာ"

ကျွန်တော် သိပါသည်။

ကျွန်တော့် ရုပ်ရှင်ရိုက်ကွင်းကို သူ လာကြည့်ခြင်း ဖြစ်ပါမည်။

ကျွန်တော့်ကို ဒါရိုက်တာ မောင်လှန္ဒာဟု သိပြီးသား ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော့်ကို မသိသေးဟန်ဆောင်နေပါသည်။

သူ လာတာ တစ်ယောက်တည်းပါပဲ။

သို့ပေမဲ့ သူနှင့် စတူဒီယိုက လူများ ရင်းနှီးပြီးသား ဖြစ်ပါ၏။ စတူဒီယိုမှ အလုပ်သမားအများစုသည် သူ့ကို ဂရုတစိုက် ရှိကြပါ၏။ ထုတ် လုပ်သူ ပရိုဂျက်ဆာကလည်း သူ့ကို ဂရုစိုက်နေကြောင်း ကျွန်တော် သိ၏။ သူက ငယ်ငယ်နုနု လှလှချောချော ကောင်မလေး မဟုတ်လား။

ကောင်မလေးဟုသာ ခေါ်လိုက်ရသော်လည်း ဘွဲ့ရပြီးစ အသက်နှစ်ဆယ်ကျော် မိန်းကလေး။

တမြန်နေ့လောက်ကတည်းက သူ့ကို ကျွန်တော် ဂရုစိုက်မိပါ၏။ ထိုနေ့က သူသည် ဆွယ်တာအင်္ကျီအဖြူလက်တိုကလေး ဝတ်ထားပါသည်။

လှတော့ လှပါသည်။ အလှအတွက် ဝတ်ထားတာပဲ ဖြစ်ပါလိမ့်မည်။ ဇာပန်းဖော်ဆွယ်တာ အင်္ကျီလက်ပြတ် အဖြူလှလှကလေးအောက်မှာ ပန်းရောင်စွပ်ကျယ်အင်္ကျီရှိပါသည်။ လုံချည်ကလည်း ပန်းရောင်ပြောင်။

ဆံပင်တိုတိုကလေး၊ နှုတ်ခမ်းပန်းရောင်ကလေး အစရှိသည်ဖြင့် ကျွန်တော်က သူ့ကို ဂရုမစိုက်သလိုနှင့် ဂရုစိုက်ခဲ့ပြီး ဖြစ်ပါသည်။

သူ့လှုပ်ရှားဟန်ကိုပင် ကျွန်တော် 'စွဲလမ်းထား' လိုက်ပြီး ဖြစ်ပါ၏။

ထမင်းဘူးကလေးကို ကိုင်၍ နိုင်လွန်လက်ဆွဲအိတ်ဆွဲလျက် ရွှေ့လျားပုံမှာ သွက်လက်လှပါသည်။ ကိုယ်ဟန်က နွဲ့ပါသည်။ ခါးကို ဘယ်လိုနွဲ့သည်မသိ။ သူအမြန်လျှောက်ပုံမှာ နိုင်ငံခြားရုပ်ရှင်ကားများထဲမှ ညင်သာသော ကကွက်တစ်ခုခုကို ကြည့်လိုက်ရသကဲ့သို့ ဖြစ်ပါသည်။

ယခုအခါ မိန်းမပျိုကလေးအများစုသည် သွက်လက်စွာ ရွှေ့လျားတတ်ကြပါသည်။

သို့ရာတွင် သူတို့၏သွက်လက်ပုံမှာ ဆတ်တောက် ဆတ်တောက် မာကျောကျောကြီး မဟုတ်ပါ။ သွက်သော်လည်း နွဲ့နေတတ်ပါသည်။

ဤကဲ့သို့သော အတတ်ပညာမျိုးကို သူတို့ နေထိုင်လှုပ်ရှားရန်းကန်ရသော ဘဝပေးအခြေအနေက ပေးလိုက်ခြင်း ဖြစ်ပါလိမ့်မည်။

သွယ်နွဲ့စွာ သွက်လက်ခြင်းဟု ဆိုပါရစေ။

*

စတူဒီယိုထဲသို့ ကျွန်တော်ဝင်ခဲ့ပါသည်။ လေ့ကားက ရှိလှမှ ခြောက်ထစ် ခုနစ်ထစ်လောက် ဖြစ်ပါလိမ့်မည်။ စတူဒီယို၏ အဝင်အဝ တွင် အလယ်တည့်တည့်က မော်တော်ကားကြီးများ၊ ကုန်တင်ကုန်ချ၊ ဆက်တင်၊ မီးမောင်း၊ စက်ကိရိယာများ တင်ခြင်းချခြင်း ပြုရန်အတွက် ဆင်ခြေလျှောကွန်ကရစ်လမ်းတစ်ခု ရှိပါသည်။ ၎င်းကွန်ကရစ်လမ်း၏ ဝဲယာမှာ လူအတက်အဆင်းလုပ်ရန် လေ့ကားနှစ်သွယ် ခင်းထားပါ သည်။ ကျွန်တော်သည် တစ်ဖက်သော လေ့ကားမှ တက်လာခဲ့ပြီး သူက အခြားတစ်ဖက်မှ တက်လာပါသည်။

စတူဒီယိုထဲသို့ ကျွန်တော် ဝင်လိုက်သောအခါ လေအေးစက် အရှိန်ကြောင့် ဆတ်ခနဲအေးသွားပါသည်။

ထိုအခါမှာပင် စတူဒီယို အဝမှ တံခါးကို သူ တွန်းဖွင့်ဝင်လာပြီ ဖြစ်ကြောင်း ကျွန်တော့် အာရုံရောက်သွားဖြစ်ပါသည်။

တမြန်နေ့ကဟန်ပန်နှင့် သည်နေ့ဟန်ပန် ဘယ်လိုများ ခြားနား သလဲဟု ကျွန်တော် သိချင်စိတ် ပြင်းပြလာပါသည်။ သို့သော် သူ့ကို လှည့်မကြည့် ဖြစ်ပါ။

သူ ဆွယ်တာအကျီကလေးပဲ ဝတ်ထားသလား၊ ဒါမှမဟုတ် ဂျင်း ရှပ်ကလေးပဲ ဝတ်ထားသလား၊ လုံချည်အရောင်က အနီရဲရဲဖြစ်လိမ့်မည် အစရှိသည်ဖြင့် ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် ကြည်နူးနေပါသည်။

မင်းသမီးသည် ရိုက်ကွင်းပေါ်တွင် အဆင်သင့် ဖြစ်နေပါပြီ။

*

"လိုက်ဘရောင်း"

မီးမောင်းများဖွင့်ရန်အတွက် စက်အဖွဲ့ အလုပ်သမားတို့၏ အသုံးစကားဖြစ်ပါသည်။

မီးခလုတ်များကို တစ်ပြိုင်နက် ဆိုသလို ဖွင့်သဖြင့် နှစ်လက်မခန့် အဝန်းရှိသည့် ခလုတ်ကြီးများကို ဆက်တိုက်ဖွင့်ချလိုက်လျှင် ခလုတ်ဖွင့် သံများ စီရီ၍ ဘရောင်းခနဲ မြည်သည်ကို အစွဲပြုပြီး 'ဘရောင်း' ဟု အော်ခြင်းဖြစ်ပါသည်။ 'လိုက်' ကတော့ ရှင်းပါသည်။ အလင်းရောင်ပေါ့။

မီးမောင်းကြီးများသည် စတူဒီယိုအထက်မှ တစ်ခဲနက်ထွန်းလင်းလာ၏။

မင်းသမီးနားမှ မိတ်ကပ်ဆံပင် အလှပြင်ဆရာ ကိုဆန်နီသည် မင်းသမီးဆံပင်ကို တစ်စုံတစ်ရာ ပြုပြင်ပေးလိုက်၏။

ကျွန်တော် ရိုက်ကွင်းကို ဖြန့်၍ ကြည့်လိုက်ပါသည်။

အလုံးစုံ အဆင်သင့် ဖြစ်နေပြီ။

ခုနက ကျွန်တော် စတူဒီယိုအပြင်သို့ မထွက်မီ အစီအစဉ် ချထားပေးခဲ့သည့်အတိုင်း သူတို့တစ်တွေ လုပ်ကိုင်ပြင်ဆင်ထားကြပြီး ဖြစ်သည်။

ယခုအခါ ကျွန်တော်သည် မင်းသမီးကို အမှုအရာသင်ပြရတော့မည်။ စကား 'ပေး' ရတော့မည်။

*

ဇာတ်ညွှန်းကို ဖွင့်လိုက်၏။ အထပ်ထပ် ဖတ်ပြီးထားသဖြင့် သိနေသည်။ ဇာတ်လမ်း ဇာတ်ကွက်တို့သည် ခေါင်းထဲ၌ စီရီထားပြီးသား ဖြစ်သည်။ မင်းသမီး၏ ဟန်နေဟန်ထားကိုလည်း စိတ်ကူးထဲ၌ ပုံဖော်ပြီး ဖြစ်သည်။

အခက်အခဲ တစ်ခုရှိနေ၏။

မင်းသမီးက အသက်ကလေးနည်းနည်း ရပြီ။ တကယ်တမ်းတော့ အသက်မကြီးသေးပါ။ ရှိလှမှ သုံးဆယ်ကျော်ရုံကလေးပေါ့။ သို့သော်လည်း မင်းသမီးဖြစ်သဖြင့် 'အရွယ်' သည် ပြင်ဆင်ခြယ်သမှုများ အောက်၌ ငုပ်လျှိုးနေ၏။

အသက်နှစ်ဆယ်ခန့် မိန်းကလေးတစ်ယောက်အခန်းမှ ပါဝင်သရုပ်ဆောင်နေလျှင် ကြည့်ရင်းကြည့်ရင်းနှင့် ငယ်သွားသည် ထင်ရတတ်၏။

သူ မင်းသမီး စဖြစ်သည်မှာ အသက် ဆယ့်ခုနစ်နှစ်ခန့်က ဖြစ်၏။ ခုဆိုလျှင် မင်းသမီးအသက် နှစ်ဆယ်ကျော်ကျော် ရှိပြီ။ သူ့အသက်လည်း သုံးဆယ်ကျော်စပြုပြီ။ သို့သော် အများအားဖြင့်တော့ ဇာတ်ကားများမှာ တက္ကသိုလ်ကျောင်းသူ၊ ဆယ်တန်းကျောင်းသူ၊ သူဌေးသမီး သို့မဟုတ် ရိုးရိုး အရပ်သူမလေး စသည်ဖြင့် အသက်နှစ်ဆယ်ဝန်းကျင် အခန်းများ၌ သရုပ်ဆောင်ရသည်။

ရုပ်ရှင်ကြည့်ပရိသတ်အများစုကလည်း မင်းသမီးဆိုလျှင် အသက်အရွယ်ကို ခေတ္တမေ့ထားဟန်ရှိ၏။ သည်တော့ သူသည် ခုထိ 'ကျွန်မ အသက်ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ်ရှင့်' ဟူသော အငြိမ့်မင်းသမီးကြီးများထုံးအတိုင်း နှလုံးမူ၏။

လူက ဘယ်လိုပဲ ဟန်ဆောင်ကောင်းသည်ဖြစ်စေ၊ အရွယ်နှင့် ဣန္ဒြေသည် သူ့ကို ဖမ်းစားစ ပြုနေပြီ ဖြစ်၏။

ယခု သူသရုပ်ဆောင်ရမည့် အခန်းမှာ အသက်ငယ်ငယ် အပျိုပေါက် ကောင်မလေးတစ်ယောက်က သူ့ထက်အသက်ကြီးသော သူဌေးသား လူပျိုကြီးတစ်ယောက်ကို ကျိတ်၍ ကြိုက်နေရသောအခန်း။

မင်းသမီးသည် သရုပ်ဆောင်မှု အတတ်၌ ကျွမ်းကျင်နေပြီဖြစ်သဖြင့် 'လုပ်' တတ်မည်မှာ အသေအချာပင်။

သို့သော် ကျွန်တော် လိုချင်သည်မှာ 'လုပ်ယူ' ခြင်းမျိုး မဟုတ်၊ ကျွန်တော်က 'တကယ့်စိတ်ကလေး' ပါစေချင်သည်။

ခက်သည်။

ဒါရိုက်တာတစ်ယောက်အနေနှင့် ကျွန်တော်က သူ့ကို ရှင်းပြရန် စကားလုံးမှာ ရွေးရတော်တော် ခက်၏။

"ဒီမှာ မင်းသမီး၊ ခင်ဗျားက မင်းသားကို ကျိတ်ကြိုက်နေတာ၊ အဲဒါ ပေါ်အောင်လုပ်" စသည်ဖြင့်ပြော၍ မဖြစ်ပါ။

*

မီးမောင်းများလင်းနေသော ရိုက်ကွင်းတွင် မင်းသမီးသည် ရွှင်မြူး စွာ စီးကရက်ဖွာနေ၏။

"မရွှေမိ၊ ခင်ဗျား မီးခိုးခေါင်းတိုင်ကို ခဏပိတ်ထားလိုက်ပါ"

မင်းသမီးကို ကျွန်တော်က ဆေးလိပ်မသောက်ရန် ပြောလိုက်သည်။

"ဝမ်း စထရုတ်လောက်ပါပဲ အစ်ကိုရဲ့"

တစ်ရှိုက် အားရပါးရဖွာသည်။ ပြီးတော့ မီးညှိပြီးခါစ ဘင်ဆင် အင်ဟင်စီးကရက်ကို လက်ညှိုးနှင့် လက်မကြားထား၍ တောက်ပစ်လိုက်သည်။

"မရွှေမိ"

သူနာမည်ရင်းက ခင်မိမိ ဖြစ်သဖြင့် သူ့ကို မရွှေမိဟု ကျွန်တော်တို့ တစ်တွေက ခေါ်ကြသည်။

"ဆိုလေ ဆရာ"

သူ့လေသံ၌ နော့တော့တော့ အင်္ဂေ့အသက်ကလေး ပါသည်။

ဒါကတော့ ရိုးနေပါပြီ။ မင်းသမီးအများစုသည် သူတို့၏ လုပ်ငန်း

ခွင်ခ်ဲ့ စိတ်ဝင်စားစပြုပြီဆိုလျှင် နဂိုဟန်ပန်များ ခေတ္တပျောက်၍ ဇာတ်ကောင်စရိုက် ဝင်ဝင်လာတတ်၏။

"ငယ်ငယ်က ရည်းစားထားဖူးတယ် မဟုတ်လား"

"များလွန်းလို့ မမှတ်မိတော့ဘူး"

"ယုံပါတယ်၊ အဲဒီ့အထဲမှာ ကိုယ့်ထက်အသက်ကြီးတာမျိုး"

"ရှိပေါ့"

"ပြန်စိတ်ကူးယဉ်ရင် ရင်ခုန်ဦးမလား"

'ရင်ခုန်' ဆိုသော စကားကို ကျွန်တော်တမင်ရွေးရ၍ သုံးလိုက်သည်။

သူ တစ်ချက်တွေသွားသည်။ ပြီးတော့ ရယ်၏။

"ဆောရီးပဲ၊ အဲဒီ့ငနဲကြီးတွေ ခုဆို ဆံပင်တစ်ဝက်လောက် ဖြူကုန်ကြပြီ"

ကျွန်တော် ခေါင်းကုတ်၏။

"ရပါတယ် အစ်ကိုရဲ့၊ သမီး ဖီလင်သွင်းတတ်ပါတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ သမီးရဲ့ဦးဦး သီချင်းထဲကလိုပေါ့၊ ကိုင်းလုပ်ကြည့်စမ်းပါဦး"

သူ လုပ်ပြ၏။ ကျွန်တော် မကြိုက်။ 'လုပ်ဟန်' က ပေါ်နေသည်။

"မီးတွေ ခဏပိတ်ကွာ"

"လိုက် ဖရီး"

ရုပ်ရှင်စက်ဆရာတို့၏ ဗန်းစကားနှင့် မီးမှိတ်ခိုင်းလိုက်သည်။

တစ်ရှာငါးဆယ်ဝပ် မီးသီးကြီးတစ်လုံးသာ ထွန်းထား၏။

ကျွန်တော် ရိုက်ကွင်းမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

တကယ်တမ်းတော့ ကျွန်တော့်စိတ်ထဲမှာ စတူဒီယိုအဝတွင် တွေ့ခဲ့ရသော မိန်းကလေးကို စွဲလမ်းနေခြင်း ဖြစ်ပါလိမ့်မည်။

အဆင်သင့်ပါပဲ၊

စတူဒီယိုမန်နေဂျာနှင့် သူ ရပ်စကားပြောနေသည်။

မန်နေဂျာက ရုပ်ရှင်ရိုက်ကွင်းအကြောင်း တစ်စုံတစ်ရာ ရှင်းလင်းပြောပြနေဟန်ရှိသည်။

ကျွန်တော် မန်နေဂျာကို လှမ်းခေါ်လိုက်၏။

"ဗျို့၊ ကိုတင်အောင်"

"လာပြီ အာစရိ"

မန်နေဂျာ ကိုတင်အောင်သည် ပျာပျာသလဲအမူအရာဖြင့် ကျွန်တော့်နား ကပ်လာ၏။

ဒါမျိုးလည်း ရှိုးနေပါပြီ။

ရိုက်ကွင်းတစ်ခုပေါ်၌ ဒါရိုက်တာက တစ်စုံတစ်ယောက်ကို ခေါ်လျှင် (မင်းသား မင်းသမီးမှအပ) ပျာပျာသလဲ ရောက်လာတတ်ကြသည်။

ခေါ်မည့်သာခေါ်ရသည်။ သူ့ကို ဘာခိုင်းရမှန်း မသိသေး။ အနားမှာ ကိုတင်အောင် လာရပ်နေ၏။

ကျွန်တော် စဉ်းစားသလို အိုက်တင် လုပ်နေလိုက်သည်။

ဆေးလိပ်တစ်လိပ် ထုတ်၏။ မီးညှိသည်။ ဖွာသည်။ အချိန်ယူနေခြင်း ဖြစ်ပါသည်။

အကြံကလေး တစ်ချက် ဖျတ်ခနဲ ထွက်လာသည်။ ကိုတင်အောင့်ကို တိုးတိုးမေးလိုက်၏။

"ခင်ဗျားနားက ကောင်မလေးက ဘယ်ကလဲ"

"အာစရိရဲ့ ပရိသတ်တစ်ယောက်ပဲ၊ အာစရိကို တွေ့ချင်လို့ လာတာ၊ မမြင်ဖူးလို့တဲ့၊ ဟိုဘက်ဘီပီအိုင် ဂိုဒေါင်မှာ အလုပ်လုပ်တယ်၊ ယူဒီတဲ့"

"အတော်ပဲ"

"ဟာ၊ အာစရိကလည်း"

"တကယ်၊ အဲဒီ့ကောင်မလေးနဲ့ ကျွန်တော့်ကို ခဏနေရင် မိတ်ဆက်ပေးစမ်းပါ"

"ခု သွားခေါ်လိုက်မယ်လေ"

"ဟိုး၊ ဟိုး၊ မလုပ်နဲ့ဦး၊ အချိန်မကျသေးဘူး၊ တစ်ကတ်၊ နှစ်ကတ် လောက်ရိုက်ပြီး ခဏနားမယ်၊ အဲဒီ့အချိန်မှာ ကောင်မလေးကို ကျွန်တော့် နား ခေါ်ခဲ့"

"ပိုင်ပါတယ် အာစရိ"

ကျွန်တော့်အကြံက နည်းနည်းတော့ ဆိုးသည်။

အဲဒီ့ကောင်မလေးကို ကျွန်တော့်နား ခေါ်လာခိုင်းပြီး ကျွန်တော်က ကောင်မလေးကို ရှိတ်တိတ်တိတ် ရိပ်တိတ်တိတ်ကလေး လုပ်မည်။ သည့်မတိုင်မီ မင်းသမီးကို မှာထားမည်။ အဲဒီ့ကောင်မလေး ရှက်ကိုး ရှက်ကန်းနဲ့ တုံ့ပြန်မယ့်အမူအရာကလေးကို မှတ်ထား၊ စသည်ဖြင့်...။

"ရိုက်ရအောင်"

မီးများ ဖွင့်သည်။

မင်းသမီးကို အရေးမကြီးသော ကတ်နှစ်ကတ် ရိုက်ပစ်လိုက်သည်။

"ခဏ နားကွာ၊ မီးတွေ ရွှေ့၊ ကင်မရာ ဟိုဘက်ထိပ်သွား၊ ထရော်လီခင်း"

အချိန်ကြာအောင် လုပ်လိုက်ခြင်း ဖြစ်ပါသည်။ စက်အဖွဲ့သားများ အလုပ်ရှုပ်သွားကြ၏။

ကျွန်တော်ရိုက်ကွင်းမှ ခဏထွက်သည်။ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ ကောင်မလေးဘက်ကို ယောင်လို့မှ လှည့်မကြည့်။

ကျွန်တော့်နားသို့ ကိုတင်အောင်ရောက်လာသည်။

"ဆရာ"

တလေးတစား မရွှံ့မရဲ လေသံဖြင့် ခေါ်၏။

ကျွန်တော် လှည့်ကြည့်သည်။

ကောင်မလေးက ဘေးနားမှာ ရပ်နေသည်။

ကျွန်တော် မင်းသမီးဆီ လှမ်းကြည့်၏။ မင်းသမီးက ခေါင်းကလေး မသိမသာဆတ်ရင်း အချိတ်အဆက်လုပ်၏။ သူကြည့်နေမည်။

"ဒါ ဝင်းဝင်းသန်းတဲ့ ဆရာ၊ ဆရာ့ပရိသတ်ပဲ"

ကိုတင်အောင်က ကောင်မလေးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ ကျွန်တော် ကြည့်သည်ဆိုရုံ ကြည့်လိုက်၏။

အား၊ ထင်ထားတာထက် ပိုချောသည်၊ ပိုနုသည်။

"သြော်၊ သြော်၊ အင်း၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဆရာ့ပရိသတ်ပဲဆရာ၊ ဆရာ့ကားတွေ အားလုံး သူကြည့်တယ်"

ကိုတင်အောင်က ဘေးတီးပေးနေသည်။

"ဟုတ်လား"

ကျွန်တော့်လေတွင် ညှပ်သံပါ၏။

"ကျေးဇူးတင်ပါတယ်၊ ဘယ်သူတဲ့ရယ်၊ ဝင်းဝင်းသန်းနော်"

"ဟုတ်ကဲ့ရှင့်၊ ဆရာ့ကားတွေ အကုန်ကြည့်ပါတယ်၊ ကြိုက်လည်းကြိုက်ပါတယ်"

"ဝမ်းသာစရာပဲ၊ ထိုင်ဦးလေ"

ကျွန်တော့်ဘေးနားက ကုလားထိုင်ကို ညွှန်ပြလိုက်၏။

မိန်းကလေးက ဝင်ထိုင်သည်။ ခပ်ရဲရဲပါပဲ။

"ဝင်းဝင်းသန်းက လှသားပဲ၊ ရုပ်ရှင်မင်းသမီး လုပ်ပါလား၊ ကိုယ်စိတ်ဝင်စားပါတယ်"

ကျွန်တော်က ကောင်မလေး၏ အမူအရာများ ရှက်ကိုးရှက်ကန်း ဖြစ်မည်ကို မျှော်လင့်တကြီး ကြည့်သည်။

ကောင်မလေးက ရယ်သည်။ ရှက်ဟန် မရှိ။

"ကျွန်မက ဒါရိုက်တာဝါသနာပါတာ ဆရာရဲ့၊ အမျိုးသမီး ဒါရိုက်တာပေါ့၊ မဝါဝါဝင်းရွှေတို့၊ ဒေါ်သင်းသင်းယုတို့လို"

ကျွန်တော် ဘာဆက်ပြောရမည်မသိဘဲ ခဏငိုင်နေမိသည်။

"ခုန ဆရာသင်နေတာ သမီး ကြည့်နေတာ၊ ဘာဆက်လုပ်မလဲ လို့"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် အကြံသစ်တစ်ခု ရပြန်၏။

"တကယ်လို့ ဝင်းဝင်းသန်းသာ ဒါရိုက်တာဆို အဲဒီလိုနေရာမျိုးမှာ ဘယ်လိုသင်မလဲ"

"မသိဘူးလေ၊ ဝင်းဝင်းက ကြည့်တုန်း ဝါသနာပါတုန်း ရှိသေးတာ"

"မဟုတ်ပါဘူး၊ တကယ်လို့ သင်ရပြီ ဆိုပါတော့ကွာ"

မိန်းကလေး တစ်ချက်စဉ်းစားသည်။

"အခန်းက ကောင်မလေးတစ်ယောက် သူ့ထက် အသက်ကြီးတဲ့ လူချောကြီးတစ်ယောက်ကို ကျိတ်ပြီး ကြိုက်နေတာ မဟုတ်လား ဦး"

"အင်း၊ အင်း၊ အဲ ဟုတ်တယ်"

"ဒါဆို ဘာမှ သင်စရာမလိုပါဘူး၊ သမီး လုပ်သလိုလုပ် ဆိုပြီး လုပ်ပြလိုက်မှာပဲ"

"အဲ ဟုတ်ပြီ၊ ဘယ်လိုလုပ်ပြမလဲ"

မိန်းကလေးသည် ကျွန်တော့်ကို ကြည့်၏။ မျက်လွှာ ပြန်ချ၏။ ပြုံး၏။

"ဆရာက ချောမှ မချောဘဲ၊ ဒီတော့ သမီး ခု လုပ်မပြတတ်ဘူး"

ကျွန်တော့် တွက်ကိန်းတွေ လွဲကုန်ပြီ။

ထို့ထက် ကျွန်တော့်အကြံအစည်ကို မိန်းကလေး သိသွားခြင်းကြောင့် ကျွန်တော် ရှက်သွားလေသည်။

မင်းသမီး မရွှေမိကို လှမ်းကြည့်လိုက်မိသည်။

မင်းသမီးက ပြုံးပြီး ခေါင်းကလေး ညိတ်သည်ဆိုရုံ ညိတ်ပြ၏။ ကျွန်တော် လိုချင်သောအမူအရာကို သူလုပ်တတ်သွားပြီး ဆိုသည့် သဘော။

ကျွန်တော် မိန်းကလေးနှင့် စကားဖြတ်နိုင်ရန် –

"အဆင်သင့် ဖြစ်ပြီလားဟေ့"

လှမ်းအော်လိုက်သည်။

"ဓာတ်ခဲပဲ ဆရာရေ့"

အဲဗားရယ်ဒီ ဓာတ်ခဲကို စကားဝှက်အဖြစ်သုံးပြီး အဆင်သင့်ဖြစ်ကြောင်း စက်ဆရာများက ပြော၏။

ကျွန်တော် ရိုက်ကွင်းသို့ ထလာလိုက်သည်။

မင်းသမီးကို ကပ်၍ မေးသည်။

"ကောင်မလေး ရှက်ကိုးရှက်ကန်း အမူအရာတွေ့လိုက်လို့လား"

"ကောင်မလေး မဟုတ်ဘူး အစ်ကို၊ အစ်ကို ရှက်သွားတာကို ယူလိုက်တာ"

*

"ကတ်၊ ဗဲရီးဂွဒ်"

ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၂၊ စက်တင်ဘာ၊ ၁၉၈၄

❑

# ကြယ်စင်များဆီသို့

- လက်ဂျည်ကျော် -

(၁)

ဘာမျှဆန်းကြယ်သော ကိစ္စတော့ မဟုတ်ပေမဲ့ ခံတော့လည်း ခံစားရသည်။

သူ့ဘဝမှာ သူ အင်မတန် လိုချင်တပ်မက်သော အရာများအားလုံး နီးနီး ဘာမျှ သူမရခဲ့။ သည်တော့ သည်တစ်ခါလည်း စွဲလမ်းတပ်မက်သော အရာကို မျှော်လင့်နိုင်ခွင့် မရှိသည်မှာ ဘာမျှထူးဆန်းသော ကိစ္စ မဟုတ်။

သို့သော် သူ့အသက်က ၁၈ နှစ် မဟုတ်ပါလား။

အသားဖြူလွန်းတာက လွဲ၍ အခြားသူများအမြင်တွင် သာမန်ကြည့်ပျော်ရွှေပျော်မျှသာ ဖြစ်သော 'မိုးနန္ဒာ' ဆိုသည့် ၁၈ နှစ်အရွယ် မိန်းကလေးသည် သူ့မျက်စိထဲတွင်မူ တကယ့်ကို မိုးပေါ်က နတ်သမီးကလေးတစ်ပါးလို လှပတင့်တယ်နေသည်။

မိုးကောင်းကင်ကြီးအောက်မှာ ရေကန်ကြီးတစ်ကန် ရှိနေခဲ့မည်ဆိုပါစို့။ ထိုကန်၏ ရေပြင်သည် မိုးနန္ဒာ၏ မျက်ဝန်းတစ်စုံလိုပင် ကြည်လင်အေးမြ၍ နေပေလိမ့်မည်။ ရေစီးသံတို့ကလည်း မိုးနန္ဒာ၏ ရယ်မော

သံတိုးတိုးကလေးလိုပင် ချမ်းမြေ့ ညွှတ်နူးဖွယ်ရာ သာယာ၍ နေစေ လိမ့်မည်။

ခက်တာက မိုးပေါ်တွင်လည်း ရေကန်ကြီးတစ်ကန် ရှိနေခဲ့မည် ဆိုပါစို့။ ထိုကန်၏ ရေပြင်သည် မိုးနန္ဒာ၏ မျက်ဝန်းတစ်စုံလိုပင် ကြည် လင်အေးမြ၍ နေပေလိမ့်မည်။ ရေစီးသံတို့ကလည်း မိုးနန္ဒာ၏ ရယ် မောသံ တိုးတိုးကလေးလိုပင် ချမ်းမြေ့ညွှတ်နူးဖွယ်ရာ သာယာ၍ နေစေ လိမ့်မည်။

ခက်တာက မိုးပေါ်တွင် ကြယ်စင်များသာ ရှိပြီး ဘယ်တုန်းကမှ ရေကန်ကြီးတစ်ခု ရှိမနေခဲ့။ မိုးနန္ဒာသည်လည်း နတ်သမီးကလေးတစ် ပါး မဟုတ်ခဲ့။

သူ့အဖေ စာရင်းကိုင်တာဝန် ထမ်းဆောင်နေသော ကုမ္ပဏီကြီး တစ်ခုမှ ပိုင်ရှင်သူဌေးကြီး၏ သမီးသာ ဖြစ်သည်။

မိုးနန္ဒာနှင့် သူ တွေ့ဆုံခွင့်ရသည့် အကြောင်းရင်းသည်ပင်လျှင် သူ့ဖခင်က သူ့ကို ထားပေးရန် မတတ်နိုင်သည့် သင်တန်းတစ်ခုကို မိုးနန္ဒာ ဖခင်က ငွေကြေးစိုက်ထုတ်၍ ထားပေးရာမှ တစ်တန်းတည်း သားအဖြစ် မြင်ဖူးခဲ့ရခြင်း ဖြစ်သည်။

"မင်း မမကိုလည်း စောင့်ရှောက်၊ တစ်တန်းတည်းသားပဲ ဖြစ်ဖြစ်၊ အပြင်ကပဲ ဖြစ်ဖြစ် ကောင်လေးတွေ လာနှောင့်ယှက်ရင် ဦးကိုတိုင်"

မိုးနန္ဒာက သူ့ထက် လပိုင်းမျှ အသက်ကြီးသည်ဟု သိရသည်။ ဘာပဲဖြစ်ဖြစ် သူ့အဖေက မိုးနန္ဒာ၏အဖေကို 'ဆရာ' ခေါ်ရတော့ သူက လည်း မိုးနန္ဒာကို မမနန္ဒာဟုပင် ခေါ်ရပေလိမ့်မည်။

ဒါပေမဲ့ ဒါကလည်း စိတ်ကူးကြည့်မိသော အဆင့်တွင်ပင် ရပ်တန့် သွားရသည်။ စောင့်ရှောက်ရမည်ဟု တာဝန်ပေးခံရသော မိုးနန္ဒာနှင့် လက်တွေ့တွင် စကားတစ်ခွန်းမျှ မပြောဖူးခဲ့ပါ။

ဘယ်လိုမှလည်း ခေါ်ခွင့်မရခဲ့ပါ။

(၂)

မိုးနန္ဒာ မာနကြီးသလားဟုမေးလျှင်တော့ သူ မသိပါဟုပင် ဖြေရမည်။

မကြီးဘူးဟု ထင်သည်။ ဒါလည်း သိပ်တော့ မသေချာလှ။ သူ့ကို သူမ၏ ဖခင်ခန့်ထားသော ဝန်ထမ်းတစ်ဦး၏ သားဟုတော့ သိထားဟန် တူသည်။ တစ်ခါ နှစ်ခါပင် အဝေးက ပြုံးပြဖူးသည်။ ဒါကလည်း သူ့ကို ပြုံးပြသည်ဟု သူ ထင်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

မိုးနန္ဒာနှင့် ပတ်သက်လျှင် ဘယ်အရာမှ မသေချာ။

သေချာတာတစ်ခုသာ ရှိသည်။ အဲဒါက မိုးနန္ဒာသည် သိပ်ချစ်စရာကောင်းသည်ဆိုသည့် အချက်ပင် ဖြစ်သည်။

(၃)

ဗလာစာအုပ် နောက်ဆုံး စာမျက်နှာမှာ ဘောလ်ပင်နှင့် ခပ်ကြမ်းကြမ်း ခြစ်ဆွဲထားသောပုံကို သူငယ်ချင်း ရဲနောင် မြင်သွားသည်။ အတင်းလုယူ၍ ကြည့်သဖြင့် မြင်သွားခြင်းပါ။

ကိုယ့်ပန်းချီလက်ရာက ဘယ်သူဆိုတာ သိသာလောက်အောင် ကောင်းမည်မဟုတ်၍ ဘာမေးမေး ဘူးခံလိုက်လျှင် ပြီးတာပဲဟု သဘောထားလိုက်သည်။

သို့သော်

"မင်းသက်မွန်"

ရဲနောင်က ကြက်သေသေနေသော မျက်နှာဖြင့် ခေါ်သည်။

"ဘာလဲ"

"ဒါ မိုးနန္ဒာ မဟုတ်လား"

သွားပါပြီ။

"မဟုတ်ပါဘူး။ ဒီလိုပဲ မိန်းကလေးပုံ ဆွဲထားတာပါ။ မင်းက လည်း မျက်နှာတောင် မပါ။ ကျောဘက်က ဆွဲထားတဲ့ပုံဥစ္စာကို ဘယ် လိုလုပ် 'မိုးနန္ဒာပုံ' ဖြစ်ရမှာလဲ"

"ကျောဘက်က ဆွဲထားလို့ သိတာပေါ့ကွ၊ သင်တန်းမှာ မင်းနဲ့ငါ ဘေးချင်းယှဉ်ထိုင်နေတာ။ အဲဒီ နေရာကနေ မိုးနန္ဒာ နေရာကို လှမ်း ကြည့်လိုက်ရင် ဘယ်လို 'အင်နာဂယ်လ်' နဲ့ မြင်ရတယ်ဆိုတာ ငါ သိတာ ပဲ၊ မင်း တစ်ချိန်လုံး လှမ်းလှမ်းကြည့်နေတာလည်း ငါ မြင်မြင်နေတာ ပဲ"

သည်တစ်ခါတော့ တကယ်သွားပါပြီ။

(၄)

"ဒီလောက် ခံစားနေရရင်လည်း ဖွင့်ပြောကွာ"

ရဲနောင်က အင်းလျားရေပြင်ကို ငေးမောကြည့်နေသော သူ့ကို ပြော သည်။

"မဖြစ်နိုင်တာကွာ"

"ဘာမဖြစ်နိုင်တာလဲကွာ၊ မဖြစ်နိုင်တာ ဘာမျှမရှိဘူး၊ မင်း ယောကျ်ား မဟုတ်ဘူးလား"

သူက ဖွဖွရယ်သည်။

"ဘာရယ်တာလဲကွ"

"ယောကျ်ားမဟုတ်ဘူးလားဆိုတဲ့ စကားကိုပါ၊ သတ္တိနဲ့ ပတ်သက် ရင် အဲသည်စကား တော်တော် ပြောကြတယ်၊ ယောကျ်ားဆိုတာ သတ္တိ ရှိရမယ်ပေါ့။ သတ္တိရှိတာတော့ မိန်းကလေးလည်း ရှိရမှာပါပဲ၊ ယောကျ်ား

မဟုတ်ဘူးလားဆိုတဲ့ စကားနဲ့ သတ္တိမရှိဘူးလားဆိုတဲ့ စကား အတူတူ ပါပဲ ထင်တယ်၊ အေး...ငါက ယောကျ်ား၊ သတ္တိလည်း ရှိတယ်၊ ငါ ရှိ တဲ့သတ္တိက တစ်မျိုးပဲ"

ရဲနောင် မျက်မှောင်ကြုတ်၍...

"ဘယ်လိုသတ္တိလဲ"

ဟု မေးသည်။

"ကိုယ်လိုချင်တာကို မရရအောင် ယူတတ်တာကို ငါက သတ္တိလို့ မထင်ဘူး၊ ဖြစ်သင့်တာနဲ့ ယှဉ်လာရင် ဖြစ်ချင်တာကို နောက်ဆုတ်ပေး ရဲတာကို သတ္တိလို့ ထင်တယ်၊ အဲသည်လို ယောကျ်ားမျိုးကို ယောကျ်ား ပီသတယ်လို့ ငါ ယုံကြည်တာ"

ရဲနောင်က "ငါ မရှင်းသေးဘူး" ဟု ပြောသည်။

"ရှင်းရှင်းကလေးပါ၊ ငါနဲ့ မိုးနန္ဒာ မေးထူးခေါ်ပြောတောင် မရှိ ဘူး၊ ငါ့အဖေက သူ့အဖေရဲ့ ကျေးဇူးခံ ကျေးဇူးစား၊ အေး... ငါလည်း ပါတာပါပဲ၊ အဲဒါ ငါ နားလည်ရမယ်"

"ချစ်တာမှာ အဆင့်အတန်းတို့၊ ကျေးဇူးတို့ မရှိဘူးကွ"

"အဆင့်အတန်းတွေ ထား၊ ကျေးဇူးတွေ ထား၊ လောကကို စောင့်တဲ့ လောကပါလတရားဆိုတာတော့ အမှန်ပဲ ရှိတယ်။ ဒါ ဖေဖေ တစ်ချိန်လုံး ငါ့ကို ဆုံးမခဲ့တဲ့တရား"

"ဘာလဲကွ၊ လောကပါလတရား"

"ဟိရိနဲ့ သြတ္တပ္ပလေ၊ မကောင်းမှု ပြုရမည်ကို ရှက်ခြင်းနဲ့ မကောင်းမှု ပြုရမည်ကို ကြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်"

ရဲနောင်က ခေါင်းခါသည်။

"ချစ်တာ မကောင်းမှုလားကွ"

"ချစ်တာက မကောင်းမှု မဟုတ်ဘူး၊ ပိုင်ဆိုင်ချင်လာရင်တော့

တစ်ခါတလေ မကောင်းမှု ဖြစ်သွားတတ်တယ်။ ငါ အခု မိုးနန္ဒာကို ဖွင့်ပြောကြည့်၊ မိုးနန္ဒာက စိတ်ဆိုးလို့ သူ့အဖေကို တိုင်ရင် ဘာဖြစ်မလဲ။ ငါလည်း ကျောင်းထွက်ရမယ်။ ကံဆိုးရင် အဖေလည်း အလုပ်ပြုတ်နိုင်တယ်"

"မင်းက အဆိုးမြင်တာကိုးကွ၊ မိုးနန္ဒာက ခေတ်မိန်းကလေးပဲ၊ ကြိုက်ရင် ပြန်ကြိုက်မယ်၊ မကြိုက်ရင်တောင် တိုင်မယ်တော့ မထင်ပါဘူး"

"ငါ အဲဒီအထိတောင် စဉ်းစားထားပြီးပြီ"

မင်းသက်မွန်က တိုးတိုးရယ်သည်။

"ဖြစ်တော့ မဖြစ်နိုင်ပါဘူး၊ မိုးနန္ဒာက ငါ့ကို မှတ်မှတ်သားသား ရှိရင်တောင် ကံကောင်း၊ အေး တကယ်လို့ မဖြစ်နိုင်ဘူးလို့ ထင်တာတွေ ဖြစ်ခဲ့လို့ မိုးနန္ဒာက ငါ့ကို ပြန်ချစ်ခဲ့ရင်တောင် သူ့မိဘသိရင် အတင်းခွဲမှာပဲ။ သူက စွန့်စားပြီး ငါ့နောက်လိုက်ခဲ့ရင်လည်း ငါဟာ ကိုယ်တကယ် ချစ်တဲ့သူ ကိုယ့်ကြောင့် သိမ်သိမ်ငယ်ငယ်နေရတာကို ကြည့်ပြီး တစ်သက်လုံး စိတ်ဆင်းရဲသွားရမှာပဲ၊ အချစ်ဆိုတာ ဘာလဲ။ ငါ သေသေချာချာ မသိပေမဲ့ ငါ သူ့ကိုချစ်တဲ့ အချစ်က အဲသလိုမျိုးတော့ မဖြစ်စေချင်တာ အမှန်ပဲ"

ရဲနောင်က မဲ့ပြုံးပြုံးသည်။

"မင်းက ရှေးရှေးက ဝတ္ထုစာအုပ်တွေထဲကလို အချစ်စစ်ဆိုတာ စွန့်လွှတ်ခြင်းတွေ၊ ဘာတွေများ ကြွေးကြော်ချင်သေးလို့လား။ ခေတ်လူငယ်တွေပါကွာ၊ အချစ်ဆိုတာ ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရဲတာကို ခေါ်တာကွ"

မင်းသက်မွန်က ခေါင်းခါသည်။

"ခေတ်လူငယ်တွေမှာ ရှေးက လူငယ်တွေနဲ့ မတူတဲ့ ခံယူချက်တွေ

ရှိကောင်း ရှိမယ်၊ လောကပါလ တရားကိုတော့ သွားပြောင်းလို့ မရဘူး၊ ကိုယ့်ကြောင့် သူတစ်ပါးဘဝ ကသိကအောက် ဖြစ်အောင်၊ နိမ့်ကျဆင်းရဲသွားအောင် လုပ်ရင် ဒါ မကောင်းမှုပဲ။ အဲဒီလို မကောင်းမှုမျိုးကို ကိုယ်သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းကလေးအပေါ်မှာ သွားကျူးလွန်ဖို့ ခေတ်လူငယ်ဆိုပြီး ဆင်ခြေပေးလည်း ဟိရီသြတ္တပ္ပ မရှိတာက မရှိတာပဲ။ ငါ ရင်ထဲကပဲ ချစ်တော့မယ် ရဲနောင်၊ ငါ့ကို ဘာမှ မတိုက်တွန်းနဲ့၊ ဘယ်သူမှလည်း မသိစေနဲ့"

ရဲနောင် သက်ပြင်းချသည်။

"မင်း အမြတ်နိုးဆုံးအရာကို ဘဝမှာ မပိုင်ဆိုင်လိုက်ရလည်း အရေး မကြီးဘူးပေါ့...ဟုတ်လား"

"ဆုံးရှုံးရတယ်ဆိုတာ ကျူးလွန်မိတာထက်တော့ ခံသာတယ် ရဲနောင်၊ ပြီးတော့ ငါ့ဘဝမှာ မရှိတာ၊ မပိုင်ဆိုင်ရတာတွေ အများကြီးပဲ၊ သိပ်တော့ မထူးပါဘူး၊ ငါ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ဘွဲ့တွေ လိုချင်တယ်။ ဒါပေမဲ့ မိဘအခြေအနေအရ သချိုး စာပေးစာယူဘွဲ့ပဲ တက်ယူနိုင်တယ်။ ငါ့မိဘကို အိမ်ငှားနေရတဲ့ ဘဝကနေ ကိုယ်ပိုင်အိမ်၊ အနည်းဆုံး တိုက်ခန်း ရှိစေချင်တယ်။ လက်တွေ့မှာတော့ ငါတောင် မိဘဆီက လက်ဝါးဖြန့်နေရတုန်း။ ဖေဖေ အသက် ၅၀ ကျမှ ဘတ်စ်ကားကြီး စီးနေရတာ မကြည့်ရက်ဘူး၊ ဒါပေမဲ့ ငါလည်း စီးနေရတာပဲ။ ငါ့မှာ အစ်ကိုတစ်ယောက်ပဲရှိတာ၊ မွေးကတည်းက ဉာဏ်ရည်နိမ့်ရောဂါပါလာလို့ စာသင်ဖို့ မပြောနဲ့၊ သူ သွားလေရာနောက်က တကောက်ကောက် လိုက်ကြည့်နေရတယ်၊ ငါလည်း မင်းမှာရှိသလို ဉာဏ်ကောင်းပြီး ကိုယ့်ဘဝကို ဦးဆောင်လမ်းပြနိုင်မယ့် အစ်ကိုတစ်ယောက် ရှိချင်တာပေါ့။ ဒါပေမဲ့ မဖြစ်နိုင်ဘူး၊ ဘဝမှာ မဖြစ်နိုင်လို့ လက်လျှော့ထားရတာတွေ အများကြီးပါကွာ၊ ချစ်သူတစ်ယောက်ကို မပိုင်ဆိုင်ရလို့တော့

ဘဝကြီးက ထူးပြီး စုတ်ပြတ်မသွားနိုင်ပါဘူး"

မင်းသက်မွန် ရင်ထဲရှိသမျှ စကားတွေ အရှည်ကြီး ပြောလိုက်ရလို့ မောသွားဟန်ဖြင့် အဝေးတစ်နေရာသို့ ငေးမောနေသည်။

ရဲနောင်ကတော့ အားမလို အားမရဟန်ဖြင့် ပြောသည်။

"ဘဝမှာ မပြည့်စုံတာတွေကိုချည်း စဉ်းစားပြီး အားလျော့နေရမှာမှ မဟုတ်တာ၊ ရှိလာအောင် ပြည့်စုံလာအောင် ကြိုးစားရမှာလေ"

မင်းသက်မွန် ပြုံး၍ ခေါင်းခါပြသည်။

"ကြိုးစားမှုကတော့ အမြဲစိုက်ထုတ်နေရမှာ အမှန်ပါပဲ။ ဒါပေမဲ့ ဖေဖေ ပြောဖူးတယ်။ ရကို ရရမယ်။ ဖြစ်ကို ဖြစ်ရမယ်ဆိုပြီး အရူးအမူး စိတ်နဲ့ ကြိုးစားရမှာ မဟုတ်ဘူးတဲ့။ ပေးလာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး လုပ်သင့်တာကို စဉ်းစား၊ အကောင်းဆုံးဖြစ်အောင် လုပ်တဲ့၊ ဖြစ်လာတာ မဖြစ်လာတာ ကံတရားတဲ့။ အဲသလို စိတ်ထားတတ်ရင် ဖြစ်မလာရင်လည်း ဝမ်းမနည်းတော့ဘူးတဲ့။ အေး...ဖြစ်လာရင်တောင်"

မင်းသက်မွန်က ရယ်ပြန်သည်။

"ဖြစ်လာရင်တောင် သိပ်ပျော်ချင်မှ ပျော်မှာတဲ့၊ အခြေအနေကလည်း ပေး၊ ကြိုးစားအားထုတ်မှုလည်း အလုံအလောက် ထည့်ပြီးတဲ့ အခါကျရင် ပင်ပန်းပြီး အရင်က လိုချင်မက်မောခဲ့တဲ့ အရာတွေကိုတောင် မရလည်းနေ ဆိုပြီး စိတ်မဝင်စားတော့ဘူးဆိုတဲ့ စိတ်မျိုး ပေါ်လာရောတဲ့၊ အဲဒီလို သိပ်မလိုချင်တော့လောက်အောင် မောပန်းနွမ်းနယ်တဲ့အခါကျတော့မှ တစ်သက်လုံး လိုချင်ထားတဲ့ အရာတွေက တစ်ခုပြီး တစ်ခု ရလာတတ်တာမျိုးတဲ့"

ရဲနောင်က နှုတ်ခမ်းရှုံ့၍

"မင်းစကားတွေရော၊ မင်းအဖေ စကားတွေရော၊ ဘာမှ နားမလည်တော့ပါဘူးကွာ" ဟု ဆိုသည်။

(၅)

ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပင် မိုးနန္ဒာ နိုင်ငံခြားသို့ ထွက်ခွာသွားသည်။ ကျောင်းဆက်တက်မည်ဟု သိရသည်။ မင်းသက်မွန်နှင့် သိကျွမ်းရံမျှပင် မရှိခဲ့သဖြင့် နှုတ်ဆက်လည်း မသွား။ အဆက်အသွယ်လည်း မရှိတော့။

မင်းသက်မွန်က စာပေးစာယူဖြင့် ဘွဲ့ရပြီး ကွန်ပျူတာဆိုင်ရာ နိုင်ငံတကာ စာမေးပွဲတစ်ခုကို ပြည်တွင်းမှ ဝင်ဖြေ၍ ထူးချွန်စွာ အောင်မြင်ခဲ့သည်။ မိုးနန္ဒာ၏ ဖခင်က သူ့.ကုမ္ပဏီတွင် အလုပ်ပေးသော်လည်း မင်းသက်မွန်၏ ဖခင်က သားကို စကော်လားရှစ်ရှာ၍ နိုင်ငံခြားသွား ပညာသင်စေချင်သည်။

"ဖေဖေ လုပ်နိုင်ပါသေးတယ် သားရယ်၊ ကိုယ့်ရှေ့ရေး ကိုယ်ကြည့်ပါ"

ထူးချွန်စွာ အောင်မြင်ခဲ့သည့် စာမေးပွဲ၏ ရှေ့ပိုင်းက ရင်ဆိုင်ခဲ့ရသော အိပ်ပျက်ညပေါင်းများစွာမှ နာလန်ကောင်းကောင်း မထသေးသော်လည်း ဖခင်ကြီး၏ စေတနာကို အသိအမှတ်ပြုသည့်အနေနှင့် မင်းသက်မွန် ဆက်ကြိုးစားခဲ့သည်။

တစ်နှစ်မပြည့်မီ အချိန်အတွင်းတွင် ယူကေနိုင်ငံ ဘာမင်ဟန်တက္ကသိုလ်တွင် ကွန်ပျူတာ ဘွဲ့လွန်သင်တန်းတက်ရန် ပညာသင်ဆုရခဲ့သည်။

ယူကေနိုင်ငံရောက်ပြီး အချိန်ပိုင်း အလုပ်လုပ်လိုက်၊ ကျောင်းတက်လိုက် ရုန်းကန်နေဆဲ အချိန်တွင် ကိုသက်နောင်နှင့် ဆုံရလေသည်။

(၆)

ကိုသက်နောင်က မင်းသက်မွန်လိုပင် မြန်မာပြည်မှ အင်ဂျင်နီယာ ပညာသင်ရန် ယူကေနိုင်ငံသို့ ရောက်ရှိပြီး ဘာမင်ဟန် တက္ကသိုလ်တွင်ပင် တက်ရောက်နေသည့် မင်းသက်မွန်ထက် သုံးနှစ်ခန့်ကြီးသည့် အစ်ကိုအရွယ် လူငယ်တစ်ဦး ဖြစ်သည်။

"ညီ ကြိုးစားတာတော့ ကြိုးစားကွ၊ ဒါပေမဲ့ လူလို ကြိုးစား၊ စက်ရုပ်လို မကြိုးစားနဲ့၊ မင်း ဒီလိုပုံစံနဲ့ဆို မကြာဘူး၊ ရူးမယ်"

မင်းသက်မွန် မချိသွားဖြ ရယ်ပြသည်။

"အစ်ကို့လို မိဘက ကုမ္ပဏီဖွင့်ပေးဖို့ ငွေထုပ်ပိုက်စောင့်နေတာ မဟုတ်ဘူး အစ်ကို၊ ကျွန်တော်တို့ဘဝက ပညာပဲ အားကိုးစရာ ရှိတာ"

"မင်း ငါ့ဆီ လုပ်လို့ကတော့ ငါက ခန့်ပြီးသားပဲ။ မင်းလို လူတစ်ယောက် ကုမ္ပဏီမှာ ထည့်ထားပြီးရင် ငါ ဂေါ့ဖ်ကလေး မှန်မှန်ရိုက်ပြီး နှပ်နေရုံပဲ"

"အင်းပါ မြန်မာပြည် ပြန်ရောက်မှ အစ်ကို့စကား အစ်ကို မေ့မနေနဲ့၊ ကျွန်တော်က ဒုက္ခရောက်တာနဲ့ ပြေးလာမှာ"

တကယ်တမ်းကျတော့ မြန်မာပြည် ပြန်မရောက်ခင်ကတည်းက မင်းသက်မွန် ဒုက္ခတွေကို ကိုသက်နောင် ကယ်တင်နေရပြီ၊ အလုပ်ကတစ်ဖက်နှင့် စာဖိကြိုးစားရင်းက ဖျားပြီး အိပ်ရာထဲ လဲတော့လည်း ဆွေမရှိ၊ မျိုးမရှိ နိုင်ငံခြားသားတွေကြားထဲမှာ အစ်ကိုရင်း တစ်ယောက်လို ဂရုစိုက် ပြုစုစောင့်ရှောက်ပေးခဲ့သည်။ တော်တော်နှင့် အလုပ်ပြန်မလုပ်နိုင်သဖြင့် လူဝင်မှု ကြီးကြပ်ရေးရုံးသို့ ငွေလက်ကျန်ပြရန် အခက်အခဲ ကြုံသောအခါတွင်လည်း မင်းသက်မွန်၏ ဘဏ်စာရင်းထဲသို့ သူ့ငွေများသွင်း၍ ပြေလည်စေခဲ့သည်။

"အားနာလိုက်တာ အစ်ကိုရာ"

"ဟကောင်ရ၊ ငါက အကြံ့သမားကွ"

"ဘာလဲ အစ်ကိုရ"

"တဲလင့်စကောက် ဆိုတာလေ၊ မင်း မကြားဖူးဘူးလား၊ လုပ်ငန်းခွင်ထဲကျရင် ကြိုးစားမယ့် တော်မယ့်ကောင်တွေကို ကျောင်းသားဘဝကတည်းက တွေ့အောင်ရှာထားပြီး ကျေးဇူးရှိအောင် တမင်လာချည်တာလေ။ ဟား ဟား ဟား၊ မြန်မာပြည်ရောက်ရင် ငါ့ဆီကလွဲပြီး ဘယ်မှာမှ လုပ်ဖို့ စိတ်မကူးနဲ့တော့"

ဘုရားရေ။

တကယ်ကို ဉာဏ်ကောင်းပြီး ငါ့အပေါ် ကူညီလမ်းပြမယ့် အစ်ကိုတစ်ယောက် ရနေပါပေါ့လား။ မင်းသက်မွန် ကြည်နူးစွာ ပြုံးမိသည်။

(၇)

နှစ်ဦးစလုံး မြန်မာပြည် ပြန်ရောက်လာကြပြီး မကြာခင် ကိုသက်နောင်က တကယ့်ကို ကုမ္ပဏီတစ်ခု ထူထောင်ခဲ့ပြီး မင်းသက်မွန်ကိုလည်း သူ့ကုမ္ပဏီတွင် အိုင်တီပညာရှင်အဖြစ် ခန့်ထားခဲ့သည်။

ကိုသက်နောင်၏ လာဘ်မြင်မှု၊ လက်အောက်ငယ်သားများအား မိဘသဖွယ် ချစ်ခင်စွာ စောင့်ရှောက်တတ်မှု၊ လက်အောက်ငယ်သားများကလည်း ကျေးဇူးတုံ့ပြန် ကြိုးစားကြမှု၊ မင်းသက်မွန်၏ မိတ်ဆွေရင်းတစ်ယောက်လို ပံ့ပိုးမှုတို့ကြောင့် သုံးနှစ်ခန့်အတွင်းတွင် ကိုသက်နောင်၏ ကုမ္ပဏီက အရှိန်အဟုန် ကြီးမားစွာ အောင်မြင်မှု ရလာသည်။

"အစ်ကို ကျွန်တော့်ကို လခတိုးပေးပြန်ပြီဆို"

"ဖြည်းဖြည်းလုပ်ပါ ငါ့ကောင်ရာ၊ လခတိုးတာ ဒီလောက် အလန့်တကြားဖြစ်စရာ မလိုပါဘူး"

"များလွန်းလားလို့ အစ်ကိုရ"

"များရင် ငါ့လိုက်ကျွေးကွာ၊ မင်းကလည်း မင်းက အိုင်တီမဟုတ်တော့ဘူး၊ ဂျီအမ်မ်ဖြစ်သွားပြီ၊ တန်းတူကုမ္ပဏီတွေက ဂျီအမ်မ်တွေနဲ့ အတူတူပေးတာ၊ ပြီးတော့ အခု မင်း စီးစီးနေတဲ့ ဆလွန်းကားကို မင်းအိမ်ယူသွားတော့၊ မင်းမိဘတွေပါ သုံးချင်သုံး၊ အေး တစ်ခုပဲ ရှိတယ်"

"ဘာလဲ အစ်ကို"

"မင်းကို ဟန်းဖုန်း ပေးထားတာတော့ ပေးထားတာပေါ့ကွာ၊ ဒါပေမဲ့ ရုံးက တစ်ချိန်လုံးခေါ်နေတာဆိုတော့ မင်းရော၊ မင်းမိဘတွေရော ယောက်လမ်းက တိုက်ခန်းကို ပြောင်းနေကြတော့၊ ဖြစ်မလား"

ရယ်ကျဲကျဲနှင့်သာ ...

"အားနာစရာကြီး အစ်ကိုရာ" ဟု ဆိုရသည်။

"အားနာမနေနဲ့၊ နေ့ရော ညပါ ငါ့အလုပ်ထဲမှာပဲ နစ်နေလို့ မင်းကို ငါက ပြန်အားနာနေတာ၊ မင်းအခု အသက် ၂၆ နှစ် မဟုတ်လား"

"၂၅ နှစ်ကျော်ပြီ အစ်ကို၊ ဘာလို့လဲ"

"ရည်းစားတောင် မထားအားသေးဘူး ဟုတ်လား"

မိုးနန္ဒာကို ရိပ်ခနဲ သတိရမိသည်။ နိုင်ငံခြားမှာပဲနဲ့ တူပါရဲ့။ ခေါင်းသာ ခါပြလိုက်ပြီး အစ်ကိုကျတော့ရောဟု ပြောတော့ ဟက်ဟက်ပက်ပက် ရယ်သည်။

"ငါ မိန်းမယူတော့မယ်ကွ ညီရ၊ ယူကေတုန်းက ငါ အွန်လိုင်းနဲ့ ချိတ်မိနေတဲ့ ကောင်မလေးလေ၊ မိုးသူဇာဆိုတာ၊ အခု ဒီမှာဆုံပြီး အဆင်ပြေနေကြတာ ကြာပြီ။ အခု ဝါမဝင်ခင်ယူမှာ၊ မင်းတောင် လူပျိုရဲ့ လုပ်ရဉီးမှာ"

"အစ်ကိုက လျှိုတယ်ဗျာ"

"လျှိုမနေနဲ့၊ ဒီမှာ ငါ့ခယ်မလောင်းက အပျိုရဲ့လုပ်ရမှာ၊ အဲဒါယူ၊ မယူရသေးဘူး၊ သူဇာက ငါ့ကို ညောင့်နေတယ်။ သူ့ညီမလေးက

စင်ကာပူကနေ အိုင်တီနဲ့ ကျောင်းပြီးလာတာ၊ ငါ့ကုမ္ပဏီမှာ ခန့်ပါလား၊ ဘာညာပေါ့ကွာ၊ ငါကလည်း အိုင်တီက မင်းပဲတွဲကိုင်နေတာဆိုတော့ ဆွေတွေ မျိုးတွေ သိပ်မထည့်ချင်ဘူးကွ၊ မင်း လေ့လာကြည့်လေ၊ လေ့လာကြည့်ရင်းက မင်းနဲ့ ပြေလည်သွားလည်း ကောင်းတာပဲ။ မင်းနဲ့ ငါ တကယ့်ညီအစ်ကို ဖြစ်ရောပေါ့၊ ဟား ဟား ဟား"

ရုက်ရယ်သာ လိုက်ရယ်နေလိုက်ရသည်။

(၈)

"ညော်...ကိုမင်းသက်မွန်ပဲကိုး၊ ထင်သားပဲ၊ ဒီနာမည်တူတော့ မရှိလောက်ပါဘူးလို့"

မိုးနန္ဒာက ချစ်စဖွယ် ပြုံး၍ ဆိုသည်။ တုန်ယင်သော နှလုံးသား၊ လှိုက်ခါနေသော ရင်၊ ရီဝေသော အသိဉာဏ်ဖြင့် မင်းသက်မွန် ရုတ်တရက် ဘာပြန်ပြောရမည် မသိသေး။

"ဟ မင်းတို့က သိနေတာလား"

သက်ပြင်းတစ်ချက် မသိမသာချ၍

"ဖေဖေ မနားခင်တုန်းကတော့ အလုပ်လုပ်ခဲ့တာ မမိုးနန္ဒာတို့ အဖေ ကုမ္ပဏီမှာပါ" ဟု တိုးတိုးဖြေလိုက်သည်။

မိုးနန္ဒာက သူ့ပခုံးတစ်ဖက်ကို ရင်းရင်းနှီးနှီး လက်သီးနှင့် ဖွဖွထိုးသည်။

"ဘာတွေ ပြောနေတာလဲ၊ တစ်တန်းတည်းသား သူငယ်ချင်းတွေလို့ ပြောရမှာလေ၊ မဆုံတာတောင် ရှစ်နှစ်လောက်ရှိပြီ"

တုန်ယင်ဆဲ့အနေသော မင်းသက်မွန်ကို ခဏမျှ စိုက်ကြည့်နေပြီးမှ ကိုသက်နောင် ပေါ့ပါးစွာ ပြုံးသည်။

"သူငယ်ချင်းတွေဆို အတော်ပဲပေါ့၊ အစ်ကိုနဲ့ မမသူဇာက ဟိုတယ်

ကိစ္စသွားမယ်၊ နန္ဒာက ဒီကောင်ကြီးခေါ်ပြီး ဖိတ်စာကိစ္စကို သွားပေးမလား"

မိုးနန္ဒာက လက်မတစ်ချောင်းထောင်၍ ပြုံးပြ ခေါင်းညိတ်ပြသည်။ မင်းသက်မွန်က ကြောင်အအဖြင့်...

"ကျွန်တော်က ဒီနေ့လယ် ကပ်စတန်ဟောက်စ်ကို သွားရမှာလေ အစ်ကို"

ဟု ပြန်ဖြေမိသည်။

ကိုသက်နောင်က မင်းသက်မွန်ကို လက်ညှိုးနှင့် လက်မကို သေနတ်ပုံစံလုပ်၍ ပစ်ထည့်ဟန် ချိန်ပြသည်။

"မင်းကို ငါပြောတာ ဘယ်နှခါရှိပြီလဲ၊ အလုပ်ကြိုးစားတာ ကြိုးစား၊ စက်ရုပ်လို မကြိုးစားနဲ့၊ လူလိုကြိုးစား၊ ကပ်စတန်ဟောက်စ် မနက်ဖြန်မှသွား၊ ဒီနေ့ နန္ဒာနဲ့ ဖိတ်စာကိစ္စလုပ်၊ နေ့လယ်ကျရင် နန္ဒာကို တစ်ခုခု ဝင်ကျွေးလိုက်ဦး၊ မဆုံတာ ရှစ်နှစ်ရှိပြီဆို၊ အေးအေးဆေးဆေး စကားပြောကြပေါ့၊ နောက်ကျရင် ကုမ္ပဏီ ပြန်မလာနဲ့တော့။ နန္ဒာသာ ပြန်ပို့ပေးလိုက်၊ ငါလည်း ဒီနေ့ ကုမ္ပဏီ ပြန်မလာတော့ဘူး၊ ဖုန်းပဲ ဆက်လိုက်မယ်"

ကိုသက်နောင်က တက်ကြွဖျတ်လတ်စွာပင် မိုးသူဇာနှင့်အတူ ထွက်ခွာသွားသည်။

မိုးနန္ဒာက လှုပစွာ ပြုံး၍ ကားပါတယ် မဟုတ်လားဟု မေးသည်။

ထိုအပြုံးကလေးက မင်းသက်မွန်၏ နှလုံးသားထဲသို့ နူးညံ့စွာ စိမ့်ဝင်သွားပါသည်။

သရဖူမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၉

❑

# တစ်ကြိမ်... လပြည့်ပြန်ပါလျှင်

- ဆူးငှက် -

## (အဝိုင်း - ၁)

(အစ)

မျက်ခွံပေါ်မှာ အညိုနုရောင် အိုင်းရှဲ့ဒိုးလေး ဖျော့ဖျော့ ကျန်သေး၏။ မျက်ဝန်းထောင့်စွန်းမှသည် သေးသွယ်သွယ် မျက်တောင်မွေးကော့လေး ထိပ်ဖျားဆီထိ ကွေးကွေးလေး ရစ်ဆွဲထားသည့် အညိုနုရောင်ကဝိုဝိုသသကြီး မဟုတ်တော့။ မနေ့က လိမ်းခြယ်ထားပြီး အခုမနက် မျက်နှာသစ်ပြီးသော်လည်း ရေးရေးထင်ကျန်သည့် အသွေးမျိုးဖြစ်သည်။ မျက်ဝန်းလေးချကာ ငုံ့နေပြီး ကော်ဖီခွက်ကလေးဆီ အမြင်လွဲနေခိုက် ရဲရဲကြည့်ရ၍ မြင်မိခြင်းဖြစ်သည်။

တစ်ချိန်က ဝင်းမွတ်ခဲ့သော မျက်နှာလေးမှာ ငယ်မူငယ်သွေးလေတွေ ကျန်သေးသည်။ မျက်နှာသစ်အပြီး ကမန်းကတန်းဖြင့် မက်စ်ဖက်တာဘူးလေးဖွင့်ကာ တို့ပတ်လေးနှင့် ပုတ်ခဲ့ပေမဲ့ နှုတ်ခမ်းနီလေးကိုတော့ အချိန်ယူဆိုးခဲ့ဟန်တူ၏။ ထိုအခါ နွမ်းလျသော နှုတ်ခမ်းကလေးသည် အစွမ်းကုန် ငယ်မူပြန်နေသည်။ ငုံ့လျက်ပင် ကော်ဖီခွက်လေးကို မ,ပြီး တစ်ငုံသောက်သည်။ လည်တံလေးမှာ အရေးအကြောင်းလေးတွေ

ခပ်ပါးပါးထင်စပြုနေပြီကော။

"အဲ့ဒီတော့ အခု ဘယ်နှနှစ်ရှိပြီလဲ"

"လာမယ့် ဇပြီဆိုရင် နှစ်နှစ်ပြည့်တော့မယ်လေ" ကော်ဖီခွက်လေးကို မ,မလိုပြုရင်းမှ ကျွန်တော့်အမေးစကားကြောင့် ခွက်လေးအသာချကာ ခေါင်းလေးမော့ပြီး ပြန်ဖြေသည်။ လှိုင်းပေါင်းများစွာ ကြမ်းတမ်းသော ပင်လယ်ပြင်ခရီးသွား နှစ်ဦးပေမဲ့ မျက်ဝန်းချင်း တစ်ခဏတာကြုံကြိုက်မှုကြောင့် လူပ်ခတ်သွားသော လှိုင်းဝေ့ဝေ့လေးမှာ ဖျတ်ခနဲ ရင်ခုန်သွားသေး၏။

သူက အနွေးထည်ကုတ်အကျီလေးကို ဆွဲစေ့လိုက်သည်။ နှုတ်ခမ်းလေးကို မသိမသာ ဖိကိုက်လိုက်သေးသည်။ သက်ပြင်းငွေ့ငွေ့လေး ချလိုက်တာလည်း ရင်ထဲကသိနေသည်။

"ဒီလိုပါပဲလေ နောက်ဆုံးတော့လည်း ပြီးသွားကြတာပါပဲ"

ကျွန်တော်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်မိသည်။ ထို့နောက် ချုပ်တည်းထားသော နှုတ်ဖျားမှ စကားလုံးတွေ တိုးဝှေ့ထွက်သွားချေပြီ။

"_____"

ထိုစကားခုနစ်လုံး၏ ထိုးဆွမှုကြောင့် သူ့ဆီက ပြန်လှန်စကားတွေ ခပ်တိုးတိုး အဆက်မပြတ် ထွက်လာပေမဲ့ ကျွန်တော့်အတွေးတွေက အတိုင်းအဆမရှိ ပျံ့လွင့်သွားသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလ အထိ အတိအကျဆိုရပေတော့မပေါ့။

(က)

".....ကမ္ဘာဦးသူတို့ ဆန္ဒအလို၊
ယုဂန္ဓိရ် တောင်ထွတ်ဖျားက

သီတဂုချမ်းမြေသား.....၊
နကဥတ်များခြံရံလို့ပေါ်လာမြင်၊
တာရိန္ဒကြယ်မှူးဘုရင်၊
စာဆို့စာဆိုတော်အရှင်.....။
စာဆိုမပျင်းနိုင်တဲ့ လမင်းပဝင်းနဲ့ တူသတဲ့ရှင်၊
တိမ်ဖုံးလို့ ညိုပြေန်ပါလျှင်... အလိုမကျနိုင်ရှာတဲ့
နှုတ်ခမ်းစူမလေး...၊ အလှသွေးတစ်ဆင်၊
အချင်းယူဇနာ လေးဆယ့်နဲ့ကိုး... မိုးမြင့်အဇ္ဇာပြင်၊
အသူရိန် မင္ဂေ.လို့ကြည်လင်၊
တပေါင်းလပြည့် ထွန်းသစ်လွင်
မေယုဗဟို... လက်ယာအလှည့်သွား ရထားငွေစင်....၊
သုံးဝိထိန့်နှစ်သွယ်ယှဉ်...၊
ကြေးမုံမှျ လျှမ်းပလျှင်...၊
တိမ်မင်သာစွ ကမ္ဘာအလှဆင်..."

ဇရာဝတီမြစ်ပြင်ကို ဖြတ်တိုက်လာသော လေကြောင့် စိမ့်ခနဲ အေးသွား၏။ ဗူးဘုရားရင်ပြင်ပေါ်မှာ ညဉ့်နက်လာလို့ လူသူမရှိတော့။ ဟိုအဝေး တန့်ကြည်တောင်စွယ်တော်ရှင်ဆီမှ မီးတလက်လက် မိုးသို့စွင့်သည်။ အောက်ခြေမှာတော့ စိန်ပွင့်တွေပြန့်ကျဲ...။ မြစ်ထဲသို့ပင်ဖိတ်စဉ်ကျနေသည့် ပုံမျိုးဖြစ်သည်။ ထိုစိန်ပွင့်များကိုကြည့်ရင်း "အဲဒါ ကျွန်းချောင်းလေ" ဟု မပြောမိသူမရှိ။

ဗူးဘုရား၏ ဇရာဝတီထက် ကမ်းနဖူးပေါ် စိန်တောင်များကို မျက်နှာပြုထားသော ခုံတန်းရှည်တွေပေါ်မှာ ဘုရားမီးတွေ ဖျိုးဖျိုးဖျပ်ဖျပ်ပွင့်လာကတည်းက ကျွန်တော်တို့ ထိုင်နေကြပါသည်။ နယုန်လပြည့်နေ့မို့ တိမ်စလေးတွေ အနည်းအကျဉ်းနှင့် လမင်းက ထိန်ထိန်သာနေ၏။

မြစ်ပြင်မှာ နံရိုးအပြိုင်းပြိုင်းထနေ၏။

နံရိုးများပေါ်တွင် ကိုင်းတောများ ရှိပါလိမ့်မည်။ ကိုင်းတောထဲမှာ တဲလေးတွေရှိပါလိမ့်မည်။

ကိုင်းတောထဲမှာ တဲလေးတွေရှိပါလိမ့်မည်။ တဲကလေးများဆီမှ မှိတ်တုတ်မှိတ်တုတ် မီးရောင်လေးတွေ မျက်နှာမဖော်ဝံ့ ရှိနေကြပုံပေါ်သည်။ မြစ်ရေကျဉ်းကျဉ်းထဲ ပိုက်ချနေသည့် တံငါလေ့ကလေးဆီကလည်း မီးမှိန်မှိန်တချို့ မျက်စပစ်ပြသေးသည်။

ကျွန်တော်တို့သည် ဗူးဘုရားရင်ပြင် ခုံတန်းလေးပေါ်ထိုင်ရင်း ဇရာဝတီ ၊ ကိုင်းတော၊ တန့်ကြည်တောင်တန်းတို့၏ မြင်ကွင်းကျယ်ပန်းချီကားကြီး တဖြည်းဖြည်းနှင့် အသွေးအရောင်တွေ ရင့်တက်မည်း မှောင်လာကာ လဝန်းကြီးထွက် မာကျူရီမီးလုံးတွေ လက်လာသည့် ပဋ္ဌလက်ပြကွက်အား ငေးမောရင်း ဓာတ်ခဲသုံးလုံးကက်ဆက်လေးမှ တိပ်ခွေတစ်ခွေကို နားထောင်နေမိကြခြင်းဖြစ်၏။ တစ်ခါတစ်ရံ တိပ်ခွေလေးကိုနားပြီး ကိုယ်တိုင်သီချင်းဆိုချင် ဆိုကြသည်။ သီချင်းဆိုကြရင်း သီချင်းအကြောင်း၊ စာသားအကြောင်း၊ သံစဉ်အကြောင်းတွေလည်း ပြောချင်ပြောကြသည်။ ညဉ့်ဦးပိုင်းမှာတော့ ဟောသည်နေရာက ခုံတန်းတွေပေါ်မှာ ဘုရားဖူးတွေ မပြတ်ကြ။ တချို့က စိန်တောင်တွေပေါ်အထိ တက်ထိုင်ပြီး မြစ်ရှုခင်းကိုငေးကြသည်။

ဘုရားဖူးတွေဟု ပြောမယ့်သာ ပြောတာ။ ကျွန်တော်တို့ကားပေါ်မှာ လူ ၃၄ ယောက်ပါသည်မဟုတ်ပါလား၊ ပြီးတော့ ကျွန်တော်တို့ကားကလည်း ဒီနေ့ည ဟောသည်ဗူးဘုရားမှာပဲ ညအိပ်ရပ်နားကြမည် မဟုတ်ပါလား။ ဘုရား၏အရှေ့ဘက်မှာ အရင်က ခြေတံရှည်သစ်သားဇရပ်ကြီး ရှိပါသည်။ ဗူးဘုရားက ဦးပဋ္ဌင်းလေးကိုလည်း ထိုဇရပ်ကြီးမှာ ကျွန်တော်တို့ တစ်ည အိပ်ခွင့်ပြုရန် ခွင့်တောင်းပြီး ဖြစ်ပါသည်။

ထို့ကြောင့် ရင်ပြင်ပေါ်မှာ အခြားဘုရားဖူးဇည့်သည်ထက် ကျွန်တော်တို့အဖွဲ့က ပိုများနေခြင်းဖြစ်ပါသည်။ အရင်က သိကျမ်းဖူးခြင်း မရှိကြပေမဲ့ တစ်နေ့တာ တစ်ခရီးတည်းသွားပြီးကြသည့်နောက် အားလုံးမှာ ရင်းချာသွားကြပါသည်။ ထိုအခါ ကျွန်တော်တို့လည်း သီချင်းဆိုဖို့ ဝန်မလေး။ ဟောသည် ခုံတန်းရှည်လေးမှာ ကျွန်တော်တို့ထိုင်မိကြတော့ ပထမတော့ ရှုခင်းခံစားရင်း စကားပြော၊ တဖြည်းဖြည်းနှင့် ထုံးစံအတိုင်း သီချင်းတွေဆီပဲ ရောက်သွားတော့သည်။

သီချင်းတွေအကြောင်းရောက်ပြန်တော့ 'လပြည့်ည' ကြောင့် လရောင်အကြောင်းတွေ 'လဘွဲ့' တွေ ပြောဖြစ်ပြန်သည်။ ထိုအခါ မြို့မင်ြမ်း၏ 'နှစ်ယောက်တည်း' က လရောင်အကြောင်းပြောမိတာပေါ့။ 'ချစ်အကျိုးတော်ဆောင်' က လရောင်အကြောင်း ပြောမိတာပေါ့။ 'စာဆိုခံလလုံး' က လရောင်အကြောင်း ပြောမိတာပေါ့။ ထိုအခါ အထူးပြောမိကြတာ 'စာဆိုခံလလုံး' အကြောင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နှင့် အတူပါလာသည့် မုံရွေးကိုတိုးကြီးက 'စာဆိုခံလလုံး' ကို မကြားဖူးဟုဆိုသည်။ အခြားသီချင်းတွေ ဆိုရင်ဖြင့် လွယ်လင့်တကူ ဆိုပြလိုက်ရုံပဲ ဖြစ်သည်။ 'စာဆိုခံလလုံး' ကိုတော့ ကျွန်တော် ဆိုမပြဝံ့။ အရိုးသားဆုံး ပြောရလျှင် ဆိုမပြနိုင်ပါ။ စာသားတွေက အပြည့်အစုံမရ။ အကယ်၍ စာသားအပြည့်အစုံရလျှင်လည်း ဌာန်ကရိဏ်းကျအောင် ဘယ်လိုမှ မဆိုနိုင်တာ သေချာပါသည်။ ထိုအခါ အဆင်သင့်ပါလာသော တိပ်ခွေလေး၏ ဘီဆိုက်မှ 'စာဆိုခံလလုံး' ကို ဖွင့်ပြနေရသည်။

နယုန်လဖြစ်ပေမဲ့ ညဉ့်နက်လာတော့ မြစ်ကမ်းနဖူးမှာမို့ အေးမြလာသည်။ စောစောက ထိုင်ကြတုန်းက မသိသာ။ အခုတော့ မြစ်ကမ်းဘေး ဟင်းလင်းပြင်မှာ ခပ်စိမ့်စိမ့် ဖြစ်လာသည်။ ထို့ကြောင့် အတော်များများက ဇရပ်လေးဆီ ပြန်သွားကြပြီး ပုတီးစိပ်သူစိပ်၊ အိပ်ရာထဲ

လဲသူလဲ၊ စကားဝိုင်း ဖွဲ့သူဖွဲ့နေကြ၏။ ကျွန်တော်တို့ လေးဦး၊ ငါးဦးအဖွဲ့ပဲ ကျန်တော့သည်။ ကျွန်တော်တို့မှာတော့ သီချင်းနှင့်တွေ့လျှင် ရာသီဥတုနှင့် အချိန်ဆိုတာ မရှိကြပါလေ။ ထိုအခါ ပြောဆိုငြင်းခုံမှုတွေက အားကောင်းလာတော့၏။

"အဲဒီသီချင်းကို ရှေမန်းရုပ်ရှင်ရုံခြံထဲမှာ ဝင်းဦးက မြို့မနဲ့ အသံသွင်းဖူးတယ်။ စန္ဒရားဦးအုန်းမောင်က စန္ဒရားတီးပေးတာ။ အဲဒီတုန်းက ပေါ့။ ဝင်းဦးရယ်၊ စန္ဒရားဦးအုန်းမောင်ရယ်၊ စန္ဒရားကိုသိမ်းမောင်ရယ်က..."

ကျွန်တော်ကလည်း ထိုအကြောင်းကိုများပြောရလျှင် ဘယ်နှကြိမ်ပြောရပြောရ မရိုးနိုင်။ ပြောရဖန်များတော့ ဇာတ်ကွက်နှင့်ဇာတ်ဝင်ဒိုင်ယာလော့ဂ်တွေက အလွတ်ရနေတော့ လိုကေးရှင်းတွေ၊ ဇာတ်ရံတွေ၊ ဇာတ်ပို့တွေ၊ ဇာတ်ပို့ဂီတတွေ အထိပါအောင် စီကာပတ်ကုံး ပြောမိသည်ချည်း ဖြစ်သည်။ အစ်ကိုများဆီက ကြားဖူးထားတာပေမဲ့ ကိုယ့်မျက်စိရှေ့ကြုံသလို ပြောပြလိုက်သည်။

ပြောနေတုန်းကတော့ ကိုယ့်အရှိန်နှင့်ကိုယ်ပါ။ ဘေးဘီမကြည့်မိ။ အားလုံးလည်း ပြန်ကုန်လောက်ပြီထင်သည်။ သို့သော် ရုပ်ရှင်မင်းသား ဝင်းဦးက ဒီသီချင်းကို ရန်ကုန်ရောက်မှ စန္ဒရားနှင့် အသံသွင်းပြီးပို့လိုက်ဦးမယ်ဟူသော အသံကြားလိုက်သည်နှင့် ဝတ္ထုစာအုပ်တစ်အုပ်ကို စိမ်ပြေနပြေဖတ်နေရာမှ ဖျတ်ခနဲထပြီး စန္ဒရားခုံထိုင်ကာ မိုးသီးမိုးပေါက်များလိုလက်သံဖြင့် 'စာဆိုခံလလုံး' ကို တီးခတ်သွားသော စန္ဒရားဦးအုန်းမောင်အကြောင်းကိုပြောတော့ ဟန်တွေပန်တွေ အမူအရာတွေ ပါကုန်သည်။ သည်တွင် သတိရ၍ ပတ်ဝန်းကျင်ကို သတိပြုမိသောအခါ သူ့ကိုမြင်လိုက်ရတော့ ရုတ်ခြည်းအသံတိမ်ဝင်သွားကာ ရှေ့စကားကို မဆက်နိုင်ဘဲ စကားကွေ ဆွဲ့အကုန်သည်။

ထိုအခါကျမှ အပေါင်းအသင်းများကလည်း ရိပ်မိပြီး–

"အဲဒီတော့ စာဆိုခံလလုံးထဲက နှုတ်ခမ်းစူမလေး အလှသွေး တစ်ဆင်ပုံက သနပ်ခါးဗျစ်ထူမလေး ဖြစ်နေရောလားကွ" ဟူ၍ အစဖော်ပြောလိုက်တော့ ကျွန်တော့်စကားတွေရှေ့ဆက်မရတော့။ သူကလေးကတော့ အဖော်နှင့်ထိုင်ကာ ကျွန်တော့်စကားတွေကို ငေးနားထောင်နေတော့ သူငယ်ချင်းတွေ ပြောစကားကို နားလည်ပုံမပေါ်။

## (အပိုင်း – ၂)

(၁)

သည်အကြောင်းတွေ ပြန်ပြောမိတော့....။

"မင်းဟာ သက်သက်မဲ့ လုပ်ကြံထားတဲ့ ဇာတ်လမ်းကြီးပါကွာ။ လုပ်မနေပါနဲ့ ထိုးဇာတ်ကြီးပါ" ဟု နားထောင်သူတိုင်းက ပြောကြပါ၏။ တကယ်တော့ ဤဇာတ်လမ်းကို အရင်ကတော့ အကြောင်းသိရင်းနှီးသူများကိုသာ တိုးတိုးတိတ်တိတ် ပြောပြဖြစ်ပါ၏။ အခုအချိန်မှသာ အားလုံးကို ပြောရခြင်းဖြစ်တော့ ဝတ္ထုဖြစ်မှာပါဟု ဆိုကြပေဦးမယ်။

၁၉၈၇ ခုနှစ်လောက် ပုဂံဘုရားဖူး အပြန်မှာကတည်းက 'သူ' ကိုမတွေ့ရတော့ပါ။ ပုဂံအပြန် ပုပ္ပါးလှည့်ဝင်တော့ ပုပ္ပါးတောင်ကလပ်စောင်းတန်းအတိုင်း သူနှင့်သူ့သူငယ်ချင်း မျက်မှန်လေး နှစ်ယောက်တည်းတက်သွားတော့ ကျွန်တော်လည်း လိုက်တက်သွားချင်တာပေါ့။ ဒါပေမဲ့ ဘာလို့မှန်းမသိ။ ကြောက်ရွံ့နေသည်။ ဘာသာရေးအတွက် လာကြသော ဘုရားဖူးအဖွဲ့မို့ လောကီကိစ္စတွေ ကိုယ့်အတွက် ရှုပ်ထွေးမှာ စိုးတာလည်း ပါမှာပေါ့။ ဒါပေမဲ့ သူငယ်ချင်းတွေက "အဲဒီတုန်းက ကောင်မလေးနောက် မင်းလိုက်ချင်မှန်းသိတယ်။ တို့ကသာ လိုက်သွားဆိုပြီး ဝိုင်းတွန်းပေးလိုက်ရင် ပြီးပြီ။ ဒါပေမဲ့ တို့ကလည်း သက်သက်မဲ့

ညစ်ပြီး မသိချင်ယောင်ဆောင်နေတာကွ" ဟု နောက်မှ ဟားတိုက်ရယ်မောရင်း ပြောပြသည်။ ထားပါတော့လေ။ ပြီးပြီပဲ။

သည်လိုနှင့် ပုဂံအပြန်ခရီးမှာ တစ်ဦးနှင့်တစ်ဦး တစ်စုံတစ်ရာ ထိခိုက်နေကြကြောင်း ရင်ထဲက သိသွားကြသော်လည်း ဣန္ဒြေကြီး တစ်ခွဲသားစီနှင့် ဟန်ကိုယ်ဖို့နေခဲ့ကြတာ သူလည်းသိသည်။ ကိုယ်လည်း သိသည်။

သည်ဟန်ကိုယ်ဖို့က မန္တလေးပြန်ရောက်၊ မျက်မှန်လေးတို့အိမ်ကကားနှင့်လာကြို၊ သူကလေး တက်လိုက်သွား.... ကားလေးအထွက်နောက်ပြန်လှည့်ကြည့် နှုတ်ဆက်ရုံနှင့် ပြီးခဲ့ပါသည်။ ဒီအထိက မထူးဆန်းပါချေ။

"ထိုးဇာတ်ကြီးပါကွာ" ဟု ထောမနာပြုလောက်သည့် ဇာတ်ကွက်က ဤသို့ဖြစ်၏။

ကျွန်တော်က ဝါးတန်းရပ်နေအိမ်မှ မြောက်ပြင်ထားဝယ်ရပ်သို့ ပြောင်းရွှေ့၏။ ၁၉၉၅....။

ကျွန်တော်ပြောင်းရွှေ့လာသော အိမ်နှင့်ကပ်လျက်က အမှတ်(၁) ကျောင်းမှာ အတူနေခဲ့ဖူးသည့်သူငယ်ချင်း ဖြစ်နေသည်။ သူက ဆယ်တန်းမအောင်။ သို့သော် ကိုယ်ပိုင် နန်းဆွဲစက်လေး ထောင်ထားပြီး ပန်းထိမ်ဖိုများမှ ရွှေများကို နန်းဆွဲရင်း ရွှေတိုရွှေစလေးများ အရောင်းအဝယ်ကြောင့် ဆိုင်ကယ်လေးတစ်စီးဖြင့်ပင် အလုပ်အကိုင်ဖြစ်နေသူ တစ်ယောက်...။ ကျွန်တော်ကတော့ မိဘကို မှီခိုသလိုလို....၊ စိတ်ကူးဉာဏ်အကြီးကြီးဖြင့် စီးပွားရေးလုပ်ဖို့ ပြင်ဆင်နေသယောင်ယောင်၊ ဘာမှမဟုတ်သေး။ အိမ်ချင်းကပ်လျက် သူငယ်ချင်းနှစ်ဦးက လူပျိုလူလွတ်ချည်းမို့ သွားအတူ လာအတူ။

မကြာပါချေ။ တစ်နှစ်နီးပါးခန့် ကျွန်တော်တို့နှစ်ယောက် တတွဲတွဲ

ဖြစ်ကာ သူ့အကြောင်း ကိုယ့်အကြောင်း မထိမ်မချန် သိကြစဉ်မှာ မကြာမီ သူအိမ်ထောင်ပြုတော့မည်။ အမျိုးသမီးက တောင်ကြီးသူဟု ဆိုသည်။ သည်နှစ်နွေမှာ နှစ်ဖက်စေ့စပ်ပြီး လက်ထပ်ကြတော့မည် ဆိုသည်။ ဧပြီလဆန်းလျှင်ပင် သူ့အမျိုးသမီးတောင်ကြီးက လာမည်။ တောင်ကြီးရှိ သူ့အစ်မဆီ သူငယ်ချင်းသွားနေစဉ် တွေ့ခဲ့ကြသည်ဆိုဏ်။

ဇာတ်လမ်းက ထူးဆန်းသော်လည်း မကွေ့မဝိုက်၊ ရိုးရှင်းပါသည်။ တွေးမိကြသည့်အတိုင်းပါပဲ။

ထိုနှစ် ဧပြီလဆန်းမှာ တောင်ကြီးက ဆင်းလာသည့် သူငယ်ချင်း၏ ကောင်မလေးက ကျွန်တော့် 'သူ' ပဲပေါ့။

သြော်... တိုက်ဆိုင်လွန်းပြန်တော့ မတုန်လှုပ်မိပြန်ချေ။ တကယ်တမ်းဆိုတော့ ကိုယ်နဲ့က ခရီးတစ်ခုမှာ ကြုံကြရုံ၊ စိတ်ကစားမိကြရုံပဲ မဟုတ်ပါလား။

သူငယ်ချင်းက မိတ်ဆက်အပေးမှာ ထူးထူးခြားခြား ရှိန်းဖိန်း... ထူပူ...မျက်နှာပျက်သွားတာမျိုးလည်း မရှိလိုက်ဟု ထင်သည်။ သို့မဟုတ် အသက်အရွယ်အရ နှစ်ဦးစလုံးက သတိကြီးစွာထားလိုက်လို့ပဲ ဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ ဘာမှ ကိစ္စမရှိ။ နောက်တော့ မေ့သွားကြမှာပါပဲလေ။

မေ့ဖို့ကြိုးစားရန်က နှစ်ဦးနှစ်ဖက်တာဝန်ဆိုတာ သဘောပေါက်ထားသည့် အကြည့်အသိတွေဖြင့် သတိပေးကြပြီးလည်း ဖြစ်သည်။ ပြီးပါပြီ။ ကိုယ့်လမ်းကိုတွေ့ပြီမို့ ဆက်လျှောက်ပါလေ။

သို့သော် မည်သို့ပင် မေ့ပျောက်ရန် ကြိုးစားပါလေ။ တိုက်ဆိုင်မှုတွေက အသိကို ပြန်နှိုးဆွပြန်ချေ။

ထိုနေ့က သင်္ကြန်အကြတ်နေ့ ဖြစ်ချေသည်။

သူငယ်ချင်းနှင့်ပတ်သက်ပြီးမှ ဒုတိယအကြိမ် ဆုံတွေ့ခြင်းလည်း ဖြစ်ပါသည်။

(၇)

စေ့စပ်ဖို့စီစဉ်ထားပြီးသော သူ့အမျိုးသမီးကို မန္တလေး ရောသာင်တွေ လိုက်ပြတော့ သူငယ်ချင်းက ကျွန်တော့်ကို မဆီမဆိုင် အဖော်ခေါ်သည်။

"ဟာကွာ... မင်းတို့ လွတ်လွတ်လပ်လပ် သွားကြပါ" ဟု ဆိုသော်လည်း မဟုတ်။ တတွဲတွဲသွားလာနေကျမို့ အားတုံ့အားနာခေါ်ပုံမျိုး မဟုတ်ဘဲ တကယ်နှစ်နှစ်ကာကာ အတူသွားချင်၍ ခေါ်ပုံက သိသာနေတော့ မငြင်းသာ။

ထို့ကြောင့် သုံးယောက်သား မြောက်ကျုံးလမ်းအတိုင်း လမ်းလျှောက်ကာ ကျုံးလမ်းပေါ်က မဏ္ဍပ်တွေဆီအထိ ခြေဦးလှည့်မိသည်။ သူလေးကတော့ သူငယ်ချင်းလက်မောင်း တွဲလွဲခိုစီးပြီး ပျော်လို့။ ကျွန်တော်က အားလုံးပေါ် မေ့ပျောက်ထားပြီးမို့ သူ့ကို နှမလေးတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လိုပဲ ခံစားနိုင်သွားပါပြီ။

အာဌဝီစီလမ်းက မြို့နယ်မဏ္ဍပ်ရောက်တော့ လူတွေပိတ်ကျပ်နေလို့ နှစ်ယောက်သား သူကလေးကို နှစ်ဖက်ညှပ်ပြီး စောင့်ရှောက်ခဲ့ရတော့လည်း ညစ်ထေးစိတ် စိုးစဉ်းမျှ မပေါ်ခဲ့တာ ဝန်ခံလိုပါသည်။ ဤသို့ဖြင့် ၂၅ လမ်း ဆက်သွယ်ရေးမဏ္ဍပ်ကို ကြည့်အပြီး နာရီကြည့်လိုက်တော့ ည ၁၂ နာရီကျော်ပြီပေါ့။ ထို့ကြောင့် လှည့်ပြီး ပြန်ကြသည်။ လမ်းတစ်လျှောက် မဏ္ဍပ်တွေမှာ စောစောကလောက်တော့ မစည်ကားတော့။ တချို့မဏ္ဍပ်က အတက်နေ့အတွက် ကြိုတင်အားယူပြီး စောစောသိမ်းကြတာလည်း ဖြစ်မှာပေါ့။

ကျွန်တော်တို့လည်း တော်တော်လေး လမ်းလျှောက်လိုက်ကြရတော့ မြောက်ကျုံးထောင့်အရောက် မဏ္ဍပ်တွေဖြတ်အသွားမှာ ညောင်းသလိုလို ဖြစ်လာသည်။ လေးတွဲ့လာကြ၏။ ဤသို့ဖြင့် တရွေ့ရွေ့

လျှောက်လာလိုက်ကြတာ ထားဝယ်ဓမ္မာရုံကြီးနားအရောက် ကြံ့ရည်ဆိုင်လေးတစ်ဆိုင်တွေ့တော့ သုံးယောက်သား မတိုင်ပင်ရဘဲ အနားကကျုံးဘေး သံဇကာလွတ် အုတ်ခုံပေါ် ပစ်ခတ်ထိုင်မိတော့သည်။ သူကလေးက အလယ်မှာပေါ့။ ဒါပေမဲ့ သူငယ်ချင်းဘက် ကပ်ထိုင်သည်။ ကျွန်တော်က ခပ်ခွာခွာ။

ကြံ့ရည်သုံးခွက်မှာနေဆဲ ဟို... အရှေ့နား လူငယ်သင်တန်းကျောင်းဆီမှ အနောက်ဘက်သို့ ချိုးကွေ့လာသော အသံချဲ့စက်တန်းတန်းဖြစ်လာကာ ကျွန်တော်တို့ဆီ ဖြည်းညင်းစွာ ဝင်လာသည်။ သီချင်းသံကို ကြားလိုက်ရတော့ အသက်ရှူရပ်မတတ် ခံစားမိကာ "ဩော်... ဖြစ်ရပလေ" ဟုသာ မြည်တမ်းလိုက်ချင်ပါဘိတော့သည်။

ကျုံးမြောက်ဘက် လေးသိန်းတံခါးပေါက်နှင့် ထားဝယ်ဓမ္မာရုံနီးသည်ဟု မဆိုနိုင်...။ သို့သော် တိတ်ဆိတ်နေသော သန်းခေါင်ကျော်နာရီပြန် တစ်ချက်ကျော် နှစ်ချက်တီးအချိန်မို့ သီချင်းသံက အတိုင်းသားကြားနေရသည်။ ပြီးတော့ အသံက တဖြည်းဖြည်း နီးလာသည်။ အရှေ့ဆီ မျှော်အကြည့်တွင် သီချင်းသံနှင့်အတူ မီးရောင်များက တဝိုမ့်ဝိုမ့် ရွှေ့လာနေ၏။ သူငယ်ချင်းက ခါးဆန့်ကြည့်ရင်း "မြို့မ ထင်တယ်နော်" ဟုဆိုသည်။

ဒီသီချင်းကို သီဆိုနေမှတော့ မြို့မပဲပေါ့ သူငယ်ချင်းရယ်ဟု ပြောလိုက်ချင်ပါ၏။ သို့သော် နှုတ်ဖျားက ဘာသံမှ ထွက်မလာ။ တလုပ်လုပ်ခုန်လာသောရင်ကို အသက်မှန်မှန်ရှူခြင်းနှင့် ထိန်းကွပ်နေရသည်။ သီချင်းသံက တဖြည်းဖြည်းနီးလာ၏။ "မြို့မက သကြော်နမ်ှာ တီးမှုတ်လာတာဆိုတော့ သကြော်သီချင်းပဲ ဖြစ်မှာပေါ့" လို့တော့ ခပ်လွယ်လွယ် ကောက်ချက်မချစေလို။

သကြော်သီချင်းတွေကို လေမှုတ်တူရိယာမြိုင်မြိုင်၊ စည်တိုသံ

သွက်သွက်ဖြင့် တစ်မဏ္ဍပ်ဝင် တစ်မဏ္ဍပ်ထွက် တစ်ညလုံး အားပါးတရ ဖျော်ဖြေခဲ့ရသော ငွေငန်းယာဉ်သည် သန်းခေါင်ကျော်လာတော့ သင်္ကြန်သီချင်းများဖြင့် အီဆိမ့်နွမ်းနယ်နေပေပြီ။

ထိုအချိန်တွင် သင်္ကြန်မဏ္ဍပ်တွေလည်း ပတ်စာခွာဖျာသိမ်း။ သင်္ကြန်ပျော် ဂျစ်ကားတွေလည်း အသံဝင် မောပန်းကာ အိမ်ပြန်။ မန္တလေး၏ လမ်းမကြီးများပေါ် ပွဲပြန်ခြေကျင် ပရိသတ်အနည်းအကျဉ်း၊ ဂျစ်ကားလေး တစ်စီးစ နှစ်စီးစဖြင့် ရှင်းလင်း အေးချမ်းနေပြီ ဖြစ်၏။ မြို့မငွေငန်းယာဉ်သည်လည်း အသင်းတိုက်ရှိရာသို့ ရောက်သည့်နေရာမှ လှည့်ပြန်ကြတော့ ရှင်းလင်းအေးချမ်းနေသော လမ်းမတစ်လျှောက် သင်္ကြန်သီချင်းတွေ မသီဆိုချင်တော့ပြီ။ ထိုအခါ စန္ဒရားတစ်ပါးသွားဖြင့် တယောလေးနှင့်မှေးကာ သီချင်းတစ်ပုဒ်တည်းကို သီဆိုတီးမှုတ်၍ ကားတန်းရှည်ကြီးဖြင့် ခပ်ငြိမ့်ငြိမ့် ပြန်လာလေ့ရှိပါသည်။ သည်သီချင်း၊ သည်မြင်ကွင်းနှင့်က ထူးထူးခြားခြား လှလှပပ မြင်ကွင်း။ ကြံ့ဖွေ မြင်ဖူး သူတိုင်း မေ့မရနိုင်သော မြင်ကွင်း။

သည်အစဉ်အလာကို ဟိုအရင် ဓားတန်းဦးသန့်တို့၊ ဆရာငြိမ်းတို့၊ ဦးရင်လေးတို့၊ ဦးဘဒင်တို့ ခေတ်ကတည်းက စတင်ခဲ့ကြတာ ဖြစ်ပေသည်။

နောက် ကိုဗစိန်တို့ခေတ်...

နောက် ကိုညွန့်ဝေတို့ခေတ်...

နောက် အဆိုတော် သန်းမြတ်စိုးခေတ်...

နောက် ရုပ်ရှင်မင်းသား ဝင်းဦးခေတ်...

နောက် ထိပ်တင်ဆန်းတို့ခေတ်...

ငွေငန်းတစ်ကြော့တစ်ပြန်နားပြီး အခုလို ပြန်လည်မြူးကြွ ခွန်းဆို သလာချိန်...

အဆိုတော် ကိုလွင်ဦးတို့ခေတ်...

သည်ခေတ် သည်အချိန်အထိ မြို့မက ထိုအစဉ်အလာကို ထိန်းသိမ်းခဲ့သည်။

အခုလည်း...

အရှေ့ကျုံးထောင့်မှ ချိုးကွေ့လာကာ မြောက်ကျုံးလမ်းအတိုင်း အိမ်ပြန်လာသော မြို့မသည် ထိုသီချင်းကိုပင် စိတ်ပါလက်ပါ တဝိုမ်ဝိုမ် သီဆိုလာပါပကော။

"...နေ့ခင်းနဲ့ ညချမ်း လထွက်တွင်...

ချစ်ဇွဲတွေပြိုင်ပွဲ ပျော်ပွဲဆင်...

အသည်းစိမ့်ယို လက်ရွေးစင် ချစ်ကြွေးစကားလုံးရွှင်...

နေရောင်ကြီးဆိုတော့ ရှက်ကြောင် ရှက်ကြောင်ပင်...

လမင်းရီဝေတော့မှ ချစ်တုံ့ပြောမိန့်ချင်...

(မှောင်ခိုလို့ ရုတ်တရက်ပင် အချစ်ကို အားပေးချင်)၂

တိမ်ခြုံးဇာပြောက်...နောက်နားဝယ် မြင်သားပေါ့...

သို့သော် အပြစ်မတင်...

ဝင်းထိန်... ကြည်လိုက်ပါ့ မြူတိမ်စင်

အိုအဆွေ... ငွေလရောင် လင်းတာအမြဲမြင်ချင်..."

ကျွန်တော်သည် မျက်စိကိုမှိတ်ပြီး ခေါင်းကိုငုံ့ထားမိသည်။ ဒီအချိန်မှာ ဒီသီချင်းနှင့်မှ ဘာလို့များ မြို့မကို တွေ့လိုက်ရသလဲကွယ်။ တကယ်ဆို တူးပို့ တူးပို့ပဲ ကြားပါရစေလား။ သက်ြန်လေညင်းလုလင်ပဲ ကြားပါရစေလား။ ညိုမြပဲ ကြားပါရစေလား။

အခုတော့ကြယ် ဘာတဲ့

"တိမ်ခြုံးဇာပြောက်... နောက်နားဝယ် မြင်သားပေါ့...

သို့သော် အပြစ်မတင်...

ဝင်းထိန် ကြည်လိုက်ပါ့ မြူတိမ်စင်

အိုအဆွေ... ငွေလရောင် လင်းတာအမြဲမြင်ချင်..." တဲ့လေ။

တို့နှစ်ယောက်ကြားမှာ အတိတ်ကမြူတိမ်တွေ ကင်းစင်နေချင်တယ်။ သူငယ်ချင်းအတွက် မင်းဟာ ငွေရောင်လေးလို လင်းနေစေချင်တယ်။ အခုတော့လေ။

"....."

ရုတ်တရက် လက်မောင်းကို လှမ်းတို့လိုက်တဲ့ အတွေ့အထိကြောင့် အတွေးထဲက ရုတ်ခြည်း လန့်နိုးလာ၏။

"ကြံ့ရည်ကို ယူလိုက်ဦးလေ..."

သူက ကျွန်တော့်လက်မောင်းကို လှမ်းတို့ပြီး သတိပေးသည်။ ကြံ့ရည်ခွက်ကိုကိုင်ပြီး ဈေးသည်က ရပ်စောင့်နေရဟန်တူ၏။ သူတို့နှစ်ယောက် လက်ထဲမှာတော့ ကြံ့ရည်ခွက်တွေကိုယ်စီ။

ဩော်...ပုဂံကနေ မြင်းခြံလမ်းဘက်ကပြန်တော့ တောင်သာတွင် ဆရာတော်၏ ဥပသကာတစ်ဦးက ကားတစ်စီးလုံး အချိုရည်တိုက်သည်။ ကားပေါ်လူကုန် အချိုရည်တစ်ပုလင်းစီ လိုက်ဝေတုန်းကလည်း ခွဲခွာရတော့မှာ နီးလာလို့ လွမ်းငေးရီဝေနေတဲ့ ကျွန်တော့်ကို သူကပဲ အခုလို လက်မောင်းလှမ်းတို့ပြီး အအေးပုလင်းပေးတာ မှတ်မိသွားပြန်သည်။

အခုလည်း ဂ္ဂန္ဒြေပျက်မှုကို ဖုံးမနိုင် ဖိမရ ဖြစ်နေသော ကျွန်တော့်ကို အိပ်ချင်နေပြီဟုထင်နေသော သူငယ်ချင်းက "အိပ်ချင်နေပြီလား၊ ခဏစောင့်ပါဦးကွာ၊ မာလာ့ကို မြို့မ ပြရအောင်၊ တွေ့ရကြံ့ရခဲတယ် မဟုတ်လား၊ ဒီမြင်ကွင်းမျိုး မာလာမမြင်ဖူးဘူးနော်" ဟု လှမ်းပြောသည်။

မြို့မအသင်းကားကြီးက နီးသထက်နီးလာသည်။ သည်နေရာမှာ လမ်းဘေးက သစ်ပင်ကြီးတွေရှိနေသောကြောင့် ငွေငန်းရုပ်ကြီးနဲ့ သစ်

ကိုင်းမထိခိုက်မိအောင် ဖြည်းဖြည်းချင်း သတိထားမောင်းနေရ၏။ သူက ဘာမှမပြောဘဲ အသင်းကားကြီးဆီ မျှော်ကြည့်နေသည်။ ပြီးတော့ လက်ထဲက ကြေရည်ခွက်လေး ငုံ့သောက်သည်။ ကျွန်တော်ကတော့ ကြေရည်ခွက် ကိုကောက အုတ်ခုံပေါ်မှာပဲ ချထားလိုက်သည်။ တစ်ငုံမှ မငုံရသေး။ ရှေ့ပြေးကား သုံးလေးစီးက မြို့မတံဆိပ်များ ကိုယ်စီနှင့် ဖြတ်စပြုနေပြီ။ ပြီးတော့မှ ဗွီဒီယိုမှတ်တမ်းတင်ဂျစ်ကား။ အဲဒီနောက် လမ်းပြပိုင်းလော့ကား။ အဲဒီနောက် သင်္ကြန်မယ်လေးတွေ တင်လာသည့်အလှဆင်ကား။ ပြီးမှ ငွေငန်းမြို့မအလှပြယာဉ်ကြီး။ တောင်ပံကိုဖြန့်ကာ ရေလှိုင်းတွေ ဂယက်ထအောင် အားယူနေတဲ့ ငွေငန်းရုပ်ကြီးနှင့် အသင်းကားက မီးရောင်စုံတွေ ထွန်းညှိထားသည်။ ထို့ကြောင့် လရောင်ကျိုးကျဲဖြန့်ထားသော လမ်းမကြီးပေါ်မှာ လင်းထိန်သွားတော့၏။ ငွေငန်းမီးရောင်တွေ ကျုံးရေပြင်အထိ ရေသောက်ဆင်းကြပြန်သည်။

ခပ်မှေးမှေး ဒိုးဆစ်သံနှင့်အတူ စန္ဒရားလက်သံက ပြေးလွှားကာ သီချင်းကို ခပ်စိပ်စိပ်လေး ရက်သီပေးနေ၏။

"...နေရောင်...ဟပ်လင်းသော လမျက်နှာပြင်...
ကမ္ဘာကို ကျော်ပေးသတဲ့...
ခေတ်နက္ခတ် အတတ်တွင်
မျှင်မျှင် သစ်ဆန်းစ သုံးရက်လသွင်
ကြာမျက်ခုံးလေးလို ဆွဲတို့လို့တင်
တစ်ကြိမ်...လပြည့်ပြန်ပါလျှင်...
လင်းတဲ့မျက်နှာ အပြည့်ဘက်က တည့်ခဲ့လို့ ကမ္ဘာသူတွေမြင်...
အဲဒီ ပုဏ္ဏမီစန်းလောက်တော့ ထီမထင်...
သနပ်ခါး ပျစ်ထူမတို့က
ဘွားခနဲ ပြူကာပြူကာ ရွှင်ကြယ်စွာ လဟာပြင်..."

ကျွန်တော်သည် သူ့မျက်နှာလေးကို ရဲရဲပဲ ကြည့်လိုက်မိတော့သည်။ ငွေငန်းဆီက မီးရောင်များကြောင့် 'မျှင်မျှင်သစ်ဆန်းစ သုံးရက်လ ကြာမျက်ခုံးလေး' ပင် အထင်းသား မြင်လိုက်ရ၏။ သူကလည်း 'သနပ်ခါး ပျစ်ထူမတို့က...' ဟူသော စာသားမှာ ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။ ကျွန်တော် သူ့ကို ပြန်မပြုံးနိုင်မီ သက်ပြင်းတစ်ချက်ကိုပဲ လေးပင်စွာ ချလိုက်ရတော့၏။ ကျွန်တော့် သက်ပြင်းချသံကိုတော့ သူ့ရင်ထဲထိ လှုပ်ခတ်သွားစေချင်၏။

အသင်းကားကြီးက ကျွန်တော်တို့ရှေ့တည့်တည့် ရောက်ပါမှ သစ်ကိုင်းတွေနှင့် မလွတ်လေတော့ ဖြည်းဖြည်းချင်း တစ်လိမ့်ချင်း လိမ့်နေသည်။ သူငယ်ချင်းက ထိုင်ရာမှထပြီး သီချင်းဆိုနေသူ မြို့မကိုလွင်ဦးကို လှမ်းပြီး နှုတ်ဆက်နေသည်။ ကိုလွင်ဦးက သီချင်းဆိုရင်း လက်တစ်ဖက် မြှောက်ပြသည်။ ကျွန်တော်က သူ့မျက်နှာလေးဆီ မသိမသာခိုးကြည့်မိသည်။ ခေါင်းလေးမော့ပြီး အသက်ရှူဖို့မေ့နေသူပမာ မြို့မကို သူကလေးငေးရိုကြည့်နေ၏။ ကိုတင်မောင်စိုး၏ တယောလက်သံ ချွဲနွဲ့ ထွက်လာ၏။

"...အဆုံးမရှိ...မသိနိုင်ပင်...လှည့်ပတ်နေစဉ်...

လလုံးက ကမ္ဘာကိုပင်...

နှစ်သိန်းလေးသောင်း... မိုင်အကွာခန့်က

လ၏အလုံးဟာ... အချင်းမိုင် နှစ်ထောင့်တစ်ရာခြောက်ဆယ် သန်းကျော်တင်...

ပြက္ခဒိန် တီထွင် လူ့သမိုင်းရာဇဝင် စသည့်လနှင့်ပင်..."

အသင်းကားကြီးက သစ်ကိုင်းတွေနှင့် လွတ်သွားတော့ အနောက်ဘက်ဆီ တဝိုမ့်ဝိုမ့် ခပ်သွက်သွက် ထွက်ခွာသွားကာ ဝေး၍ဝေး၍ သွားချေပြီ။

ထိုနေ့ကား မှတ်မှတ်ရရ တန်ခူးလပြည့်နေ့မို့ လမင်းကြီးကလည်း မြို့မကို ငုံ့ကြည့်နေရင်း တစ်လောကလုံးကို လရည်ဆွတ်ဖျန်းပေးနေသည်။

"နေ့ခင်းနဲ့ညချမ်း လထွက်တွင်...
ချစ်ဇွဲတွေပြိုင်ပွဲဟော်ပွဲဆင်...
အသည်းစိမ့်ယို...
လက်ရွေးစင် ချစ်ကြွေးစကားလုံးရွှင်..."

အသံများက တဖြည်းဖြည်း ဝေးကာဝေးကာ မှိန်ဖျော့သွားချေပြီ။ ပြီးတော့ ပျောက်ကွယ်...။

## (အပိုင်း - ၃)

အတွေးအာရုံထဲမှာ အသံများက တဖြည်းဖြည်း ဝေးကာဝေးကာ မှိန်ဖျော့သွား၏။ သည်အခါမှ ရှေ့တူရှရှိ သူ့ကို သတိထားမိတော့သည်။

သူက အနွေးထည် ကုတ်အင်္ကျီလေးကို ဆွဲစေ့လိုက်သည်။ နှုတ်ခမ်းလေးကို မသိမသာ ဖိကိုက်လိုက်လေးသည်။ သက်ပြင်း နွေးနွေးလေး ချလိုက်တာကိုလည်း ကျွန်တော့်ရင်ထဲက သိနေ၏။

"ဒီလိုပါပဲလေ နောက်ဆုံးတော့လည်း ပြီးသွားကြတာပါပဲ" တဲ့။

သူ့စကားအဆုံးမှာ ကျွန်တော်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်မိ၏။ ပြီးမှ နှုတ်ဖျားမှသည် မလိုလားအပ်သော စကားလုံးအချို့ ရုန်းကန်ထွက်သွားသည်။

"ယူတုန်းက ယူခဲ့ပြီးတော့"....တဲ့။

ယူ...တုန်း...က...ယူ...ခဲ့...ပြီး...တော့.....။

ထိုစကားခုနစ်လုံးက ရင်ထဲက ညစ်ထုတ်လိုက်ရသော စကားလုံးတွေ ဖြစ်နေလေတော့ စကားလုံးအင်အား၏ အရှိန်က သူ့ရင်ကို ထိမှန်ပုံရ

သည်။ ထိုအခါ ပြန်လှန်စကားတွေ အဆက်မပြတ် စီးသွန်တော့သည်။ သို့သော် ခပ်တိုးတိုးရယ်ပါ။

"ညြော်...ရှင်ရယ်...၊ သူ့အစ်မက အပြောကောင်း၊ အောင်သွယ်ကောင်းတော့လည်း အဟုတ်မှတ်တာပေါ့။ ကိုယ့်သူငယ်ချင်း အကြောင်းကော ဘာမှမသိဘူးလား...တဲ့"

တကယ်တော့ သူတို့လက်ထပ်ပြီး သူငယ်ချင်းပါ တောင်ကြီးလိုက်သွားပြီးနောက် ကျွန်တော်တို့လည်း မဟာမြို့ရပ်ကွက်ထဲ ပြောင်းရွှေ့ရပြန်သည်။ သူငယ်ချင်းမရှိတော့သည့်နောက် ထားဝယ်ရပ်က သူတို့အိမ်နှင့်လည်း အဆက်ပြတ်သွားတော့ သူတို့အကြောင်းတွေ ဘာမှမသိ။ ကျွန်တော်ကလည်း ကိုယ့်ကိစ္စနှင့်ကိုယ် မန္တလေးကပ်ရသည် မရှိ။

သည်ကနေ့ ရန်ကုန်က ကိုမင်းထက်မောင်နှင့် ကိုဟန်ထက်မောင်တို့နှစ်ယောက် 'ယနေ့ခေတ်' နှင့် 'အင်တာဗျူး' ဂျာနယ်အတွက် စာမူကိစ္စ၊ ဖြန့်ချိရေးကိစ္စတွေ ဆောင်ရွက်ဖို့ မန္တလေးရောက်လာစဉ် ဆုံကြ၊ စကားပြောကြဖို့ ၂၆-ဘီလမ်းက Date Cafe မှာ မနက် ၈ နာရီ ချိန်းထားသည်။ ရန်ကုန်သားများကို မှားပြီး မနက်စောစော ချိန်းမိလေသောကြောင့် သူတို့မလာသေးမီ ကျွန်တော်ရောက်သွားသောအခါ အမှတ်မထင် ပိတောက်ပင်လေးအောက်က စားပွဲမှာ သူ့ကို ဗြုန်းခနဲ တွေ့လိုက်ရတော့ အံ့အားသင့်သွားပါသည်။

အခုလို တတိယအကြိမ် တွေ့ခြင်းကလည်း စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခုလိုမို့ သည်အကြောင်းကို ပြောပြန်ရင်လည်း ဘယ်သူမှယုံမှာ မဟုတ်။ ကြည့်လေ ကျွန်တော်ချိန်းထားသည့် ရန်ကုန်သားတွေ မလာမချင်း ကျွန်တော် သူနှင့်စကားတွေ အေးအေးဆေးဆေး ပြောရတော့ သူ့ဇာတ်လမ်းက အခုလိုဖြစ်နေပြန်၏။

"တောင်ကြီးရောက်လို့ မကြာပါဘူး၊ ရာသီဥတုအေးတာ

အကြောင်းပြပြီး အရက်တွေသောက်လာတယ်။ မကြိုက်ပေမဲ့ အေးလွန်းချိန်မို့ ခွင့်လွှတ်ခဲ့ပါတယ်။ နောက် အလွန်အကျွံ သောက်လာတယ်လေ။ အိမ်မှာ အဖေတို့ အမေတို့က စတိုးဆိုင်လေးထောင်ထားပေးပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ဘူး။ အပေါင်းအသင်းကလည်း စုံလိုက်တာ။ တချို့ရက်မှာဆို အိမ်တောင်ပြန်အိပ်တာ မဟုတ်ဘူး။ နောက်မိုင်းရှုးသွားမယ်ဆိုပြီး လိုက်သွားပြန်ရော။ အဲဒီကစပြီး ပျက်တော့တာပါပဲ။ သတင်းတွေ စ,ကြားတော့ လူကြုံနဲ့ ပြန်လိုက်ခဲ့ဖို့ ခေါ်ပါတယ်။ အကြောင်းအမျိုးမျိုး ပြပြီး ပြန်မလာဘူးလေ"

ပြန်မလာလို့ သူကိုယ်တိုင် မိုင်းရှုး လိုက်ခေါ်ခဲ့သည်ဆို၏။ ဖြစ်ချင်တော့ မိုင်းရှုးမှာ သူငယ်ချင်းက ကျန်းမာရေး အတော်ချို့တဲ့နေသည်။ တောင်ကြီးပြန်ခေါ်ပြီး ဆေးကုပေးသည်။ ကျန်းမာလာတော့ မိုင်းရှုး ပြန်သွားသည်တဲ့။ သူမတားနိုင်တော့။ မိုင်းရှုးမှာ သူ နောက်အိမ်ထောင် ရှိနေပြီတဲ့။

"အဖေနဲ့ အမေကလည်း သူ့အပေါ်တာဝန်ကျေပါတယ်။ ဒီကလည်း တာဝန်ကျေခဲ့ပါတယ်။ တောင်ကြီးက သူ့အစ်မက ဒီကသဘော အတိုင်း ဆုံးဖြတ်ပါတဲ့။ ဘယ်တတ်နိုင်မလဲ"

"ပြီးသွားပါပြီ။ သူ့လမ်းသူ လျှောက်သွားတာပဲ မဟုတ်လား။ အခု သူထွက်သွားတာ နှစ်နှစ်ပြည့်တော့မယ်။ ပြန်လည်းလာမှာ မဟုတ်တော့ဘူးလေ။ ပြန်လာစရာလည်း မလိုတော့ဘူး။ လက်ခံစရာလည်း အကြောင်းမရှိတော့ပါဘူး။ ဒါပေါ့လေ၊ ယူတုန်းက ယူခဲ့မိတာကိုး..."တဲ့။

သူ့မျက်ဝန်းတစ်ခို နီရောင်သန်းလာ၏။ မျက်ဝန်းမှာ မျက်ရည်ရွှန်းလဲ့လာသည်။ အနားက တစ်သျှူးပေပါလေးယူပြီး နှာခေါင်းထိပ်ဖိကပ်သည်။ ပြီးတော့ နာရီလေးကို လက်မောင်း မ,ကြည့်၏။

"ဘယ်သွားစရာ ရှိလဲ" ဟူသော ကျွန်တော့်အမေးကို...

"အင်းလေးက လာတာလေ။ ပက်ဂေ့ရ်တိုးအဖွဲ့နဲ့ လိုက်လာတာ။ အခု ဒီက တိုးရစ်ဇင်းကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေတာ။ တစ်နှစ်လောက် ရှိပြီ။ သူနဲ့က ကလေးလည်းမရခဲ့တော့ လွတ်လွတ်လပ်လပ် စိတ်သွားတိုင်း ကိုယ်ပါ အလုပ်လုပ်လို့ရနေပြီပေါ့။ အခုဇည့်သည်တွေက ဆီဒိုးနားမှာ တည်းနေကြတာ။ အချိန်ရတုန်း ဒီမှာ မုန့်လာစားတာ။ မဂ္ဂဇင်းတွေ ဖတ်ဖြစ်တော့ ရေးတဲ့ဆောင်းပါးတွေ အမြဲဖတ်ဖြစ်တယ်။ ဝတ္ထုတွေ မတွေ့တော့ဘူးနော်။ ဘာလဲ ဆောင်းပါးတွေက မန္တလေးလွမ်းကြောင်းတွေ အမြဲပါနေတော့ မန္တလေးကိုပဲ လွမ်းနေတော့မှာလား။ တခြားလွမ်းစရာ မရှာတော့ဘူးလား" ဟု ပြန်မေးသည်။

ကျွန်တော်က ဘာမှပြန်မပြော ခေါင်းငုံ့ပြီးပဲ ရယ်နေမိသည်။ စားပွဲထိုးလေး လာပေးသည့် ပြန်အမ်းပိုက်ဆံကို စလင်းဘတ်အိတ်ကလေး ဖွင့်ထည့်သည်။ ပွင့်သွားသည့်အိတ်ကလေးဆီ လှမ်းကြည့်မိလိုက်တော့ ကျွန်တော် အံ့အားသင့်မှုရော၊ စိတ်လှုပ်ရှားမှုရောကြောင့် ကြောင်အမ်းကာ သူ့ကို မော့ကြည့်မိသည်။ အိတ်ထဲက တိပ်ခွေလေးတစ်ခွေကြောင့် ဖြစ်ပါသည်။ ကာဗာကတ်အဝါလေးနှင့် 'တစ်ချစ်တည်း ချစ်' တိပ်ခွေလေး ဖြစ်နေသည်။ သူက အိတ်ကလေးကို ပြန်ပိတ်ပြီး ရှက်ပြုံးလေးပြုံးကာ...

"ဩော်...ခရီးထွက်ရသူဆိုတော့ လမ်းမှာပျင်းရင် နားထောင်ဖို့ပါ။ ပြီးတော့... ဟိုလေ... ပုဂံရောက်ရင် ဇရာဟိုတယ်မှာ တည်းဖြစ်တယ်"

သူက စကားကို ဖြည်းညင်းပီသစွာပြောရင်း ကျွန်တော့်ကို လှမ်းကြည့်သည်။ ဘာရယ်မဟုတ်သောအကြည့်က သူ့နှုတ်ခမ်းလေးတွေ ဖြစ်နေ၏။ နှုတ်ခမ်းနီအောက်မှာ နှုတ်ခမ်းအရေပြားလေးတချို့ ခြောက်နေ၏။ ထိုနှုတ်ခမ်းလေးမှပဲ တဆတ်ဆတ်တုန်ပြီး စကားလုံးတချို့ မသဲမကွဲ ထွက်လာတော့ ကျွန်တော့်ရင်ထဲ တင်းကျပ်လာသည်။

"ဇရာဟိုတယ်က ဗူးဘုရားနဲ့ နီးတယ်လေ။ ညဆိုရင် ဗူးဘုရား

ရင်ပြင်မှာ သွားထိုင်ပြီး မြစ်ဘက်ငေးရင်း စာဆိုခံလလုံး သီချင်းကို အမြဲနားထောင် ဖြစ်တယ်" တဲ့။ ပြီးတော့ ထိုင်ရာမှ ခပ်လေးလေး ထသည်။

"ဒီလိုပါပဲလေ နောက်ဆုံးတော့ ပြီးသွားကြတာပါပဲ" လို့ ခပ်တိုးတိုးလေး ရွတ်ဆိုပြီး နှုတ်မဆက်ဘဲ ပြန်ထွက်သွားသည်။ ကျွန်တော် နှုတ်ဆွံ့အကာ ကျန်ရစ်ခဲ့ပြန်ပါသည်။

သြော်... အသက်တွေက ကြီးကုန်ကြမင့်ပဲဟာ...။

*

(အဆုံး)

ထိုနေ့က တန်ဆောင်မုန်းလပြည့် နိုဝင်ဘာ ၂၂ရက်နေ့ ဖြစ်ပါသည်။ အဲသည်ညမှာပဲ အနှစ်နှစ်အလလ သိမ်းထားခဲ့သော တိပ်ခွေလေးကို နားထောင်ဖြစ်၏။ သီချင်းသံလေး ခပ်တိုးတိုး လွင့်ဝဲလာသည်။

"... မျှင်မျှင် သစ်ဆန်းစ သုံးရက်လသွင်
ကြာမျက်ခုံးလေးလို ဆွဲတို့လို့တင်
တစ်ကြိမ်... လပြည့်ပြန်ပါလျှင်...
တစ်ကြိမ် လပြည့်ပြန်ပါလျှင်..." တဲ့။

ရွှေအမြုတေမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၀

❑

# ပန်းမဲ့လိပ်ပြာ

- မအိ -

ရောင်နီလာပြီမို့ ဖယောင်းတိုင်မီးကို ငြိမ်းသတ်ပစ်လိုက်ရသည်။ မေမေတို့ အခန်းဆီက အမှောင်ရိပ်များကို ငေးရင်း နှင်းယုယု ဆိုသည့် မေမေ့သမီး အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာ အိမ်သားတစ်ယောက်ယောက် သိသွားဖို့ အော်ဟစ်ပစ်လိုက်ရ ကောင်းမလားလို့ တွေးမိဆဲ။ ၄ က်တစ်ကောင် ရုတ်ခနဲ ထပျံသွားသည်။ တဖြည်းဖြည်း မြင့်တက်ကာ ခပ်မှုန်မှုန် အမည်းစက်ကလေးအဖြစ် လှမ်းမြင်ကျန်ရတော့ အထီးကျန်မှု ဝေဒနာက ပိုလို့ လေးပိလာရသည်။ ခုလိုမျိုး ဆည်းဆာချိန်မှာ အိပ်ခန်းပြတင်း မှမဟုတ်ဘဲ တိမ်စပေါ်ကကြည့်ရလျှင် ဘယ်လိုများနေမလဲ။ အမြင့်ကဆီးကြည့်ရလို့ ရင်တလှပ်လှပ် ခုန်သွားမှာလား။ ကြောင့်ကြအားငယ်မှု မရှိသည့် အနိုင်ကြည့်မျိုးနှင့်ပဲ ကြည့်ဖြစ်မှာပါ ထင်ပါရဲ့။ အတောင်ဆန့်ပျံနေသည့် ၄ က်တစ်ကောင်ရဲ့ လွတ်လပ်ပေါ့ပါးမှုမျိုးလေ။ မွေးချင်းဖော်သာရှိခဲ့လျှင် ပခုံးချင်း ဖက်ပြီး တတွတ်တွတ် ပြောနေမိမည် ထင်သည်။

လေစိမ်းက ညဝတ်အင်္ကျီပါးပါးလေးကို ဆွဲမွှေ့ခါယမ်းပြီး ဆံပင်တွေကို ထိုးဖွပစ်လိုက်တော့မှ ပြတင်းတံခါးတစ်ဖက်ကို စေ့လိုက်မိသည်။ စာကြည့်စားပွဲပေါ်က ပစ္စည်းတွေကို မေမေ့အကြိုက် နေသားတကျ

သိမ်းရဦးမယ်ပေါ့။ ပန်းရောင်စာအုပ်လေးကို လွယ်အိတ်ထဲထည့်။ မေမေ သောက်ခိုင်းပေမဲ့ တမင်ဝှက်ထားမိသည့် အားဆေးပုလင်းကို စားပွဲထိပ်မှာ မြင်သာအောင် ပြန်ထား။ ဖယောင်းတိုင်တွေကိုကော...။ မေမေ မသိအောင် ခိုးထွန်းရသည့် ဖယောင်းတိုင်ကလေးတွေကတော့ သည်အလှ စိုက်ပန်းအိုးထဲမှာပဲ နေကြဦးပေါ့ကွယ်။

စောစောက ထပျံသွားသည့် ငှက်ကလေးကို သတိရတော့မှ အခန်းတွင်းက မင်းတုပ်ကို ဖွင့်ထွက်လာခဲ့ပြီး မီးဖိုခန်းနှင့် ကပ်လျက်ရှိသည့် မခင်ပုအခန်းဆီ ထွက်လာမိသည်။ အပြင်က မင်းတုပ်ထိုးပိတ်ထားသည့် မခင်ပုရဲ့ အခန်းကိုကြည့်ရင်း ရင်ထဲ မောကျပ်လာပြန်သည်။

ချစ်သူရှိနေပြီလို့ ယူဆသည့်နေ့ကစပြီး မေမေ သည် မခင်ပုကို မျက်နှာသာမပေးတော့။ ညည အိပ်ခန်းတံခါးကို မင်းတုပ်ထိုး ပိတ်ထားတတ်သည်။ အိပ်မပျော်သည့်ညတွေမှာ ယုက တိတ်တဆိတ် တံခါးသွား ဖွင့်ပေးထားပြီး မေမေ မနိုးမီ တိတ်တဆိတ် ပြန်ပိတ်ထားတတ်မြဲ။

ကိုယ့်အိပ်ခန်းတံခါးကို ပိတ်ပြီး ရေးချင်ရာရေး၊ တွေးချင်ရာတွေး လိုက်ရမှ လွတ်လပ်မှုအငွေ့ကို မျှင်မျှင်ကလေး ရလာတတ်သည်လို့ ယု ထင်မိသည်ပင်။ ရဲသည်မဟုတ်ပေမဲ့ တံခါးတစ်ခုကို ခိုးဖွင့်ပြီး နောက်တံခါးတစ်ခုကို ခိုးပိတ်တတ်သည့်အကျင့်က စွဲခဲ့ပြီပေါ့။

နှုတ်ခမ်းလှုပ်နေတာကို ဘဲဥပုံ ရေးမှန်အိုးကြီးထဲ မြင်ရတော့ ညက ချရေးမိတဲ့ စာပိုဒ်တွေများလား။ နားထဲက ကြားနေရတဲ့ အသံကကော ယုအသံစစ်စစ်မှ ဟုတ်ရဲ့လား။

နှုတ်ခမ်းကို ယောင်၍ ပိတ်ကြည့်မိသည်။ ကဗျာရွတ်သံကိုတော့ ကြားနေရဆဲ။

ဖြူဖျော့ပါးလျား မျက်နှာလေးက မည်းနက် ရွှေဆံပင် လှိုင်းများ အလယ် ကယ်သူမဲ့နေသလိုပဲ။ အကြောစိမ်းထင် လက်ကလေးနှစ်ဖက်

နှင့် ဆံပင်ကိုသိမ်းကာ ထုံးနှောင်လိုက်တော့ မေးချွန်ချွန်နှင့် နှုတ်ခမ်းထူထူလေးက ဘဲဥပုံ ရှေးမှန်အိုကြီးထဲမှာ ထင်းခနဲပေါ်လာ၏။ ကောက်ရိုးတစ်မျှင်ကို စမ်းတဝါးဝါး ရှာဖွေမောရင်း မျက်စိသူငယ်အိမ်ဟာ အရောင်ပိုဖျော့လာပြီ ထင်ပါရဲ့။

ဘုရားရှိခိုးသံ ကြားလိုက်ရတော့ ရင်ထဲက စိုးရွံ့လှိုက်မောလာပြီး ထုံးထားမိသည့် ဆံထုံးကို ထိတ်လန့်တကြား ပြန်ဖြေချမိ၏။ ရေအေးအေးတစ်ခွက် သောက်ချင်စိတ်နှင့် မိုးရေ ဆင်းချိုးချင်စိတ်တို့ ရုတ်ခနဲ ပေါ်လာခိုက်မှာပဲ မေမေ့ မေတ္တာပို့ အမျှဝေသံက တစ်ဖက်နားမှ ပြန်ထွက်သွားလေသည်။ တုန်အက်အက် ကြေးစည်သံနောက်မှာ တစ်စုံတစ်ခုကို ဖွေရှာရင်း နွမ်းနေမိရာက မှန်တင်ခုံမှာ မျက်နှာအပ်လို့ အသက်ပြင်းပြင်း ရှူနေမိပြန်သည်။

အဲသည် ဆုံးမစကားတွေကိုလား၊ မေမေ့ကိုလားလို့ ခွဲခြားမရ တတ်သည့်အခါတွေမှာတော့ ညအိပ်ရာဝင် ဘုရားကြာကြာ ရှိခိုးနေမိပြီး အိပ်မရပြန်တော့။ မေမေ ဖတ်လေ့ရှိသည့် နေမင်းရဲခန်းပျို့က အာရုံထဲမှာ ဖျောက်လို့ကို မရနိုင်။ အိပ်ပျော်မိလို့များ အိပ်မက်ထဲမှာ ငရဲ ဆိုတာကို ခံစားနေရဦးမှာလား။

ကျောင်းဝင်းထဲကို ခြေဆယ့်လေးငါးလှမ်းလောက် ကျူးသည့်အထိ ကားပေါ်က စောင့်ကြည့်နေမယ့် ဖေဖေနှင့်မေမေကို ဖြစ်နိုင်လျှင် 'ပြန်မလာတော့ဘူး'လို့ တအားအော်ဟစ်ကာ အပြီးနှုတ်ဆက်လိုက်ချင်သည်။ အိမ်မှာထက် ပိုချိုသည်ထင်ရသည့် ပြင်ပလေစိမ်းကို တစ်ဝကြီး ရှူလိုက်မိစဉ် တောင်ပံခတ်သံလိုလို၊ သစ်ရွက်လေတိုးသံလိုလို ကြားရပြန်တော့ နှင်းရွှဲနေတဲ့ မြက်ခင်းပေါ်မှာ တစ်ယောက်ယောက်နှင့် ထိုင်ကြည့်ချင်လိုက်တာ။ တစ်ယောက်တည်းဆိုလျှင်တော့ သူတို့တွေက ယုကို...။ ငါဘာလုပ်ရကောင်းမလဲဆိုတာ သူငယ်ချင်းတွေ မေးကြည့်ရကောင်း

မလား။ မေးမိလျှင် လွယ်အိတ်ထဲက ဖယောင်းတိုင်တွေ တွေ့သွားတုန်း ကလို ဝိုင်းရယ်ကြမှာလား။ သနားလိုက်တာဟယ်လို့ အတည်ပြောကြ မှာလား။ ရှပ်အင်္ကျီနှင့် ယောကျ်ားလေးတစ်ယောက်လို နေတတ်သည့် တူးတူးက 'ပိုးဟပ်ဖြူမလေးကတော့ ဟော့'လို့ ဆိုပြီး ဆိုးဆိုးဆတ်ဆတ် နှင့် ဖက်နမ်းလိုက်လျှင်တော့...။

ယု လမ်းလျှောက်တာကိုကြည့်ပြီး 'လဲတော့မယ်၊ လဲတော့မယ်၊ တွဲခေါ်ပေးရမလား'ဆိုသည့် နောက်ပြောင်သံတွေကို မေမေ တစ်ခါ လောက် ကြားစေချင်လိုက်တာ။ အဲလိုဆိုရင်လည်း တစ်စုံတစ်ခုကို စိုးရိမ် ပြီး ကျောင်းကနတ်ပစ်ကြဦးမှာ။ ဂုဏ်တော် ပိုရှတ်ဖို့ ပြောလာမလား။

အိုး... မောလိုက်တာဟယ်။

လူချစ်လူခင်များအောင် ဂုဏ်တော်ရှတ်ဖို့ မေမေ သင်ပေးထားပေမဲ့ လူတွေကို ကြောက်တယ် မေမေရဲ့။ မေမေ့ စာအုပ်ဗီရိုထဲက သားရေဖုံး စာအုပ်ထူကြီးတွေကလွဲလို့ တခြားစာအုပ်တွေကို အဆိပ်အတောက် အန္တရာယ်တွေလို့ဆိုပြီး ကိုင်မကြည့်မိဖို့တောင် မှာထားတာက ဘာ သဘောပါလိမ့် မေမေ။ ဆယ်တန်းတုန်းက ယုအတွက် သီးသန့်ခေါ် ထားသည့် ဆရာမလက်ထဲက မဂ္ဂဇင်းစာအုပ်ကို မမြင်သာအောင် အလိမ္မာနှင့် မေမေ တောင်းထားလိုက်ပုံကို ဘယ်လို မေ့ပစ်ရပါမလဲ။

ခုတော့ ကျောင်းမှာ လာရောင်းတတ်သည့် ကဗျာစာအုပ်လေး တွေ၊ ပို့စကတ်လေးတွေကို ခိုးဝယ်ပြီး မေမေ မသိအောင် ဝှက်ထား တတ်နေပြီပေါ့။ သည်ပစ္စည်းလေးတွေအတွက် ကြောင့်ကြစိတ်က ရင်ထဲ မှာ တစစ်စစ်ကိုက်ခဲနေသလိုပင်။ သူများကဗျာတွေကို အလွတ်ရနေတာ၊ ကိုယ့်ဘာသာ ကဗျာလို့ ထင်ရသည့် စာပိုဒ်လေးတွေ စမ်းရေးနေမိတာ ကိုတော့ မေမေ မသိဘူးမဟုတ်လား။

မေမေ အိပ်ပျော်နေတုန်း ဖယောင်းတိုင် ခိုးထွန်းပြီး ကဗျာရေးနေ

တာ။ ညအမှောင်ထဲမှာ ကဗျာတွေ တိတ်တိတ်လေးရွတ်နေတာ။ အဲဒါ သမီးလေ မေမေရဲ့။

ကဗျာတွေကို ကောက်ရိုးမျှင်လို ဖက်တွယ်ရင်း အိပ်ပျက်ညတွေ များလာလေသည်။ ငရဲကြီးရမယ့်အဖြစ်တွေ၊ စိတ်နောက်ကျစရာအတွေးတွေ မပေးပါနှင့်လား မေမေရယ်။ သဠာနှင့် လဲ့လဲ့ဦးတို့နှစ်ယောက် ရေကူး စသင်သည့်နေ့က ညနေစာ ထမင်းမစားဘဲနေပစ်လိုက်သည့် ယုကို နေမကောင်းဘူးလားလို့ မေးသူဟာ မေမေ မဟုတ်ဘူးဆိုလျှင်...။ တူးတူးက သူ့ဖေဖေ မွေးနေ့လက်ဆောင်အဖြစ် လက်မှတ်ထိုးပေးထားသည့် 'အရှေ့က နေဝန်းထွက်သည့်ပမာ' စာအုပ်ကို သူငယ်ချင်းတွေ တစ်လှည့်စီပေးဖတ်တာ မြင်ရတော့ ငါ့အလှည့်ကျလျှင်လို့ တွေးရင်း အလိုလို မောလာမိသေးသည်။

ကိုယ့်အလှည့် တကယ်ကြုံလာတော့ 'ခေါင်းခါလိုက်စမ်း' ဆိုတဲ့ မေမေ့အသံက...။

လွတ်ကျသွားတဲ့စာအုပ်ကို ဘယ်သူ ကောက်သိမ်းလိုက်တယ်ဆိုတာ မသိနိုင်လောက်အောင် မျက်နှာဝှက်ထားမိတဲ့ အားငယ်ရမှုမျိုးကို မင်းတို့ သိကြမှာ မဟုတ်ပါဘူးဟယ်။

ဘာလို့မှန်းတော့ မသိ။ ရည်ညွှန်းစာအုပ်အချို့ကို ရှာဖို့ စာကြည့်တိုက်ထဲသို့ တစ်ယောက်တည်း မသွားရဲ။ ကိုယ့်အရပ်ထက်မြင့်တဲ့ စာအုပ်စင်ကြီးတွေရှေ့မှာ ယုဆိုတဲ့ ကောင်မလေးဟာ တကယ့် သေးသေးမှုန်မှုန်လေး ဖြစ်သွားတယ်လို့ ထင်မိသည်။ သည်မှာကော မေမေ အတင်းဖတ်ခိုင်းတတ်တဲ့ စာအုပ်တွေ ရှိနေပါသလား မေမေ။

တစ်ယောက်တည်း မရေမရာ လျှောက်သွားနေ မိစဉ် လိပ်ပြာတောင်ပံခတ်သလို သွားလာလှုပ်ရှားနေသည့် တစ်ခုသော စက်ကြွေ့မှာ သူနှင့် လူချင်းတိုက်ခဲ့မိသည်။

သူ... ဆိုတာလား။

သူဆိုတာ သူပေါ့ မေမေရဲ့။

ပခုံးနှစ်ဖက်ကိုကိုင်ကာ ထူမပေးသည့် သူ့ကို ပြန်ငေးကြည့်ရင်း အိပ်မက်တစ်ခုကို ဖြုန်းခနဲ သတိရလိုက်မိသေးသည်။ အိပ်မက်ကို ဖျတ်ခနဲတွေးရင်း ခြေလက်တို့အေးလာခိုက် 'ခင်ဗျားလက်တွေ သိပ်အေးနေတယ်' ပြောပြီး စာသင်ခန်းဝအထိ လိုက်ပို့ပေးတာကို ပြန်တွေးမိတိုင်း အသက်ရှူမြန်လာတတ်ပြန်သည်။ အဲသည်တုန်းက ရင်ခွင်ထဲ ပြုတ်ကျလာသည့် သူ့တိုက်ပုံအင်္ကျီကို ပြန်ပေးတော့ မေမေ မဆူပါဘဲလျက် အင်္ကျီထူပွပွအောက်က ယုလက်ကလေးတွေ ဘာကြောင့်များ တဆတ်ဆတ် တုန်နေခဲ့တာလဲရှင်။

နောက်နေ့တွေမှာ မုန့်စားဆောင်သို့ပင် မသွားရဲတော့။ မေမေက ဘယ်ယောကျ်ားလေးကိုမျှ မကြည့်ဖို့ အပျိုဖြစ်ကတည်းက မှာထားဖူးသည်လေ။ တက္ကသိုလ်ရောက်တော့လည်း တတွတ်တွတ် သတိပေးနေတတ်တာပါပဲ။ ယုမှာ ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီးရှိနေလျှင် သူ့ကို အခုလို ခဏခဏ သတိရနေဦးမှာပဲလားဆိုတာ စဉ်းစားမိပြန်တော့ ဂျုန္ဒြေကြီးလွန်းသည့် မေမေ့မျက်နှာက ဖျတ်ခနဲ ဝင်ဝင်လာပြန်သည်။

လက်ခေါက်ထားသည့် စစ်အင်္ကျီနှင့် အင်းလေးလွယ်အိတ်အနီရဲရဲ၊ တစ်ခါတစ်ခါ တိုက်ပုံအင်္ကျီကို လက်မှာပိုက်ထားပြီး ဆံပင်ရိုင်းတွေက နဖူးပေါ် မသေမသပ်ကျလို့ မုန့်စားဆောင်မှာ ရှိနေကြခိုက် ခိုင်နွဲ့တင်ကလုမ်းခေါ်ပြီး မိတ်ဆက်ပေးသည့်အခါ သည်က ရှက်တတ်တာ သူဘယ်လိုများ သိနေပါလိမ့်။ အားလုံးရှေ့မှာ သူက အခုမှပဲ သိကြတဲ့ပုံမျိုးနဲ့လေ။ သူနာမည်၊ သူ့အတန်း၊ သူ့ဘာသာတွဲတွေကို ဘာမှန်းမျှ မမှတ်မိအောင် ကဗျာဆရာဆိုတဲ့အသိက စူးနစ်သွားဆဲ။ သူနှင့် စကားရဲဝံ့

ပြောချင်လိုက်တာလို့ ယု တွေးလိုက်မိသည်။ သူနှင့် ခိုင်နွဲ့တင်တို့ ပြောကြသလို သကေ်တ၊ နိမိတ်ပုံ၊ အနာဂတ်ဝါဒ၊ ဂုစ်တ်မင်း၊ လော်ရကာ၊ ဟာနန်ဒက်စ်။ နားထဲမှာ အဝိုင်းတွေ၊ လေးထောင့်တွေ၊ သုံးမြောင့်ချိုးတွေ။ နားလည်နိုင်မည်ဆိုလျှင်တော့ သူတို့နေထိုင်တတ်သည့် လက်ဖက်ရည်ဆိုင်အထိပင် ကြိုးစားပမ်းစားလိုက်ကာ နားထောင်ပစ်လိုက်ချင်ပါသေးတယ်။ ဒါပေမဲ့ ဒါတွေအားလုံး အပြစ်တွေများ ဖြစ်နေမလားလို့ အဆုံးသတ်တွေးမိတိုင်း အိမ်ကကား လာကြိုနေကျနေရာမှာ သတိကြီးစွာနှင့် ရပ်စောင့်နေမိမြဲပင်။

ဖိတ်စာကတ်ပြားလေးကိုကျော်၍ မေမေ့ခြေမကို လှမ်းကြည့်နေမိစဉ် မျက်နှာကြက်တစ်ခုလုံး ယုအပေါ် ပြုံးပြကျနေသည်ဟု ခံစားလာရပြန်သည်။ ကန့်ကွက်မည်ကိုသိလျက် စွန့်ပြောကြည့်မိတာကိုက အမှားတစ်ခုပေါ့။ အချစ်ဆုံးဆရာမရဲ့ မင်္ဂလာပွဲမို့ ယုတို့အားလုံး သွားကြဖို့ ညွှိထားတာ မေမေရဲ့။ အများနည်းတူ ဝတ်ဆင်ခြယ်သခွင့် မရှိသော်လည်း မေမေ ပြင်ဆင်ပေးသမျှ ဇင်းမယ်လုံချည်မှိုင်းမှိုင်း၊ အကျီလက်ရှည်အဖြူထူပွပွနှင့် ကျစ်ဆံမြီးအရှည်မှာ နှင်းဆီဝါတစ်ပွင့်လောက် ပန်ရနိုးပေါ့။ မေမေ့ လက်ပွေ့အိတ်အဖြူကိုလည်း ခဏလောက်ကိုင်ရမယ် ထင်ပါရဲ့။

ခုတော့ ဇည့်ခန်းထောင့် စားပွဲပေါ်က စားပွဲတင် ပန်ကာရွက်တွေလည်သလို မေမေ့ခေါင်းယမ်းပုံက မြန်လိုက်တာ။

"ယုတစ်သက်မှာ လူကြီး ဖြစ်မလာတော့ဘူးလား၊ ဒီအတွက် အစစ မပြင်ဆင်ရတော့ဘူးလား။ သမီး ငယ်သေးတယ်ဆိုရင်လည်း သူများတွေ ဒီလိုမဟုတ်ဘူး မေမေရဲ့"လို့ ရင်ထဲကပဲ ပြန်ပြောမိတော့ အလိုလိုပင် ပါးပြင်တစ်ဖက် ပူစပ်သွားသည်လို့ ထင်မိပြန်သည်။ မေမေ မသိသေးသည့် သူ့အကြောင်းတွေကို ပြန်ပြောနေမိလျှင် အခက်။

အတန်းထဲက တစ်ယောက်ယောက် အိမ်ထောင်ကျသွားတိုင်း ယုအပေါ် သံသယ ပိုဆောင်းပြီး ကြည့်လာတယ်လို့ ထင်ရသည့် မေမေ့မျက်လုံးတွေကို...။

ကျောင်းစာသင်ခန်းလေးထဲမှာ ငြိမ်သက်စွာထိုင်ရင်း မေမေ့မျက်လုံးများကို ပိုမိုကြောက်လာ၏။

ခုတလော မေတ္တာပို့တွေကို ကဗျာရည်ကြီးတွေလို့ ထင်နေမိတာကို ကော ဘယ်သူ့ကိုမေးကြည့်ပြီး ထင်မြင်ချက်တောင်းရလျှင် ကောင်းမလဲ။ ဘယ်သူ့ကိုမျှ အိမ်လည်မခေါ်ဝံ့တာ၊ ဘယ်သူ့အိမ်မှာ အိမ်လည်လိုက်ခွင့်မရှိတာ၊ ဆံစမှ ခြေဖျားထိ မေမေ့သဘောကျ နေနေရတာ၊ လစဉ်ထုတ် မဂ္ဂဇင်းတွေကို တရားဝင်ဖတ်ခွင့်မရှိတာ၊ စကားပြောဖော်မဲ့ အချိန်များကို ပြန်လို့တောင် မစဉ်းစားချင်တာတွေဟာ ဝဋ်ဒုက္ခတစ်မျိုးကို ခံနေရတာနဲ့ တူပါတယ်လေ။ ငရဲကြီးမှာကိုကြောက်လျက် မေမေ့ကို ထပ်ထပ် စိတ်နာလာကာ သူလည်း ပြန်ဝဋ်ခံရမှာပဲလို့ တွေးတတ်လာ၏။

မင်္ဂလာဆောင် သွားခွင့်မရသည့်အကြောင်း ပြောပြလိုက်တော့ အားလုံးက ဒုက္ခိတမလေးတစ်ယောက်ကို ကြည့်သလို သူ့ကို ငေးကြည့်သည်။ သည်လိုမျိုး အကြည့်ခံရတိုင်း ရင်ထဲမှာ တစ်ခုခု ကွဲအက်သွားသလို နာကျင်နေမိတာချည်းပါပဲ။

သူတို့ မုန့်စားသွားလျှင် တစ်ယောက်တည်း တမင်ချန်နေရစ်ကာ ခါးထောက်ပြီး မျက်နှာမှုန်ကုပ်နေသည့် မိန်းမကြီးတစ်ယောက်ပုံကို စိတ်တွင်းမှာ ဆွဲနေမိ၏။ ပုံက ခြစ်ရာတွေ များလွန်းလို့ ရှုပ်ထွေးလာတော့ စုန်းမ ကြီးပုံလို့ နာမည်ရေးထိုးမည်ကြံဆဲ။ "နှင်းယုယုကို ကျွန်တော် ခေါ်ခိုင်းလိုက်လို့" ဆိုသည့်အသံကို ကြားရလေသည်။

တိုက်ပုံအကျီလက်မှာပိုက်ထားသည့် ကဗျာဆရာလေးက ယုမျက်နှာကိုတစ်လှည့်၊ ကျစ်ကျစ်ဆုပ်ထားသည့် လက်သီးဆုပ်လေးတွေကို

တစ်လှည့် ကြည့်နေတာ သိတော့မှ ထလိုက်လာခဲ့မိသည်။ ဘာကြောင့်များ မင်ြင်းဆန်မိတာကိုလည်း ဆိုတာကိုတော့ တမင်မစဉ်းစားဘဲ နေပစ်လိုက်သည်။

ဂျပ်ဆင်အောက်ရောက်ခါနီးတော့ "သူတို့နဲ့ မတွေ့ချင်ဘူး"လို့ ပြောမိတယ် ထင်ပါရဲ့။ မျက်လွှာချထားသည့် ယူ့ကို သူလှမ်းကြည့်လိုက်သလား။ သစ်ပင်တွေကိုပဲ ကြည့်နေမလား။ စုံတွဲတွေကို မထူးဆန်းသလို မသိကျိုးကျွန် ကျော်ဖြတ်မိခဲ့ကြသလား။

အဓိပတိလမ်းဘက် ချိုးကွေ့ခါနီးမှာ "ဘာစာအုပ်တွေ ဖတ်နေသလဲ"လို့ သူကမေးသည်။ ညည အိပ်မပျော်၍ မျက်တွင်းတွေ ချိုင့်ခွက်နေတာကို ကဗျာဆရာလေးက စာကြမ်းပိုးလို့ ထင်နေပုံပဲ။ ပန်းစိုက်အိုးထဲက ဖယောင်းတိုင်လေးတွေကိုတော့ မေမေ မတွေ့နိုင်ဘူး ထင်ပါရဲ့လေ။ ရေးထားတဲ့ကဗျာတွေ သူ့ပြကြည့်ရကောင်းမလား။ 'ကျွန်မ ကဗျာရေးနေတယ်ရှင့်'လို့ ပြောလိုက်လျှင် သူ ဘယ်လိုများနေမလဲ။ ဘာပဲဖြစ်နေဖြစ်နေ ရင်ခုန်လှိုက်မူးစရာ သည်အခိုက်အတန့်ကလေး ခပ်ပေါ့ပေါ့ ပျောက်ဆုံးသွားမှာကိုတော့ အစိုးရိမ်မိဆုံးပင်။

မိုးရွာပြီးစ မြက်ခင်းတွေက အရောင်ပိုတောက်လာပြီး ထူပိန်းပိန်း အစိမ်းထက်မှာ စိန်ပန်းရဲရဲတွေ ကြွေကျနေပုံက သိပ်လှတာပဲလို့ တွေးနေဆဲ။ "စန္ဒိနီကေတန်ဆိုတာ ကြားဖူးလား၊ တဂိုးရဲ့ကျောင်းလေ နှင်းရဲ့"လို့ ကဗျာဆရာလေးက ပြောလိုက်သည်။ အကြောင်းအရာသစ်တွေနှင့် ဖွဲ့စည်းထားသည့်စကားတွေထက် 'နှင်း' လို့ ခေါ်လိုက်သံက အဆန်းဆုံးပါပဲ။ တစ်ကိုယ်လုံးကို ဝှေ့ယမ်းပြီး စိတ်တံခါးပေါက်တစ်ခုကို ဆွဲဖွင့်ပေးလိုက်သလိုပါပဲလေ။ နှင်းတဲ့... နှင်းတဲ့... လားကွယ်။ သူ့စကားရပ်များကို နားလည်မလွယ်နိုင်ပေမဲ့ ထူးခြားနေသည်မို့ မှတ်မှတ်ထင်ထင် ရှိနေသည်။

တောရိပ် တောင်ရိပ်အောက်က ဝါးတဲအဆောင်တွေ၊ နွားချေးကျဲ အိမ်ခန်းနံ့ရဲ့ ကောက်ရိုးအိပ်ရာ၊ သစ်ပင်ရိပ်က အကာအရံမဲ့ သင်တန်းတွေ၊ အနုပညာကို လိုလားမြတ်နိုးတဲ့ ကျောင်းသူ ကျောင်းသားတွေ၊ အကြောင်းအရာ အချက်အလက်သစ်များနှင့် ထပ်တူ လှုပ်ရှားဟန်နှင့် သူ့အသံက အသည်းနှလုံး နံ့ရံကို တဖျပ်ဖျပ် ပုတ်နှိုးနေသလိုပါပဲ။ 'သမီး မကြည့်နဲ့လေ' ဆိုသည့် အသံတစ်သံ အဝေးက လွင့်လာတာကို ကြားမိပေမဲ့ 'ငရဲမကြီးနိုင်ပါဘူး မေမေ' လို့ ရင်ထဲမှာ ပြန်ပြောရင်း အမိန့်ကို နာခံ၍ မရတော့။ ဒါပေမဲ့ နောက်က ခြေသံလိုလို ကြားမိတိုင်း မေမေလားလို့ လှည့်လှည့်ကြည့်မိသေးတာကို မိမိဘာသာ မကျေနပ်ချင်။ ကဗျာဆရာလေးက "ဘာဖြစ်လို့လဲ နှင်း" လို့ မေးသည်ကို ခေါင်းခါပြမိပေမဲ့ ရင်ထဲ တထင့်ထင့်ဖိုကာ တစ်ခုခုအတွက် ကြောင့်ကြနေရတာကို သူ ရိပ်စားသွားမိမှာ ပူပန်မိပြန်လေသည်။

မိုးနှင့်လေက ခြွေထားသဖြင့် စိန်ပန်းကြွေပွင့်တွေက မနင်းရက်စရာ။ အပင်ထက်က လန်းလန်းကော့ကော့ စိန်ပန်းပွင့်များ၊ မြက်ခင်းပေါ်မှာ၊ ကတ္တရာလမ်းပေါ်မှာ စွေးစွေးနီရဲပွင့်ကြွေများ၊ ရေမြောင်းပေါင်အစပ်မှာ တင်နေသည့် စိန်ပန်းကြွေပုပ်၊ နီညိုညစ်များ။ ကဗျာဆရာလေးကို 'တဂိုးကျောင်းအကြောင်း ပြောပါဦး'ဟု ရင်ထဲကပူဆာမိသည်။ 'အဲသည်မှာက သဘာဝအတိုင်း အသိဉာဏ်ကို ရှင်သန်ခွင့်ပြုထားတော့ ပိုပြီး နိုးကြား တတ်မြောက်လွယ်တယ်။ ငှက်ကလေးတွေက လွတ်လွတ်လပ်လပ် ပျံနေတယ်။ သူတို့ တေးသီချင်းကို ကြားရမယ်။ ပန်းပေါင်းစုံရနဲ့ ကလည်း မွှေးလို့။ အဲဒီမှာ တိုက်တဲ့ လေပြည်ကလည်း ခုန်ပေါက်နေတတ်တယ်တဲ့။ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုဟာ အသိဉာဏ်နဲ့ အာရုံကို ဖွင့်တဲ့ တံခါးပေါက်ပဲ'တဲ့။ သူ ဘယ်လိုများ သိနေတာလဲဟင်။ ယုကို နှင်းအဖြစ်နဲ့လေ။ ခုနေ ခဏလေး အိမ်ပြန်ပြေးပြီး နှင်းဆိုတဲ့ ကောင်

မလေးအဖြစ်နဲ့ မှန်ရှေ့ရပ်ကြည့်ချင်လိုက်တာ။

ကဲ့ကော်ပင်ထိပ်ဖျားမှ ဥသြသံတွဲ့တွဲ့ကို သဲ့သဲ့ကြားရတော့ "မိုးဦးလေဦးမှာ အဖော်ကွဲ ကျန်ရစ်ရှာတဲ့ ငှက်ကလေးထင်ပါရဲ့"ဆိုသည့် အသံကို ကြားလိုက်မိဆဲ။ သူ့အကြည့်က စံကားပင်တွေဆီ ရောက်သွားပြန်တယ်။

အဝါရောင်၊ ပန်းရောင်၊ ဆွတ်ဆွတ်ဖြူ အပွင့်ကြီး၊ အပွင့်သေး စံကားပွင့်ကြွေတွေကို ယုက ကောက်နေဆဲ။ "နှင်း ဘယ်အရောင် အကြိုက်ဆုံးလဲဟင်"လို့ မေးသံကြားလိုက်ရတော့ အဖြူရောင် စံကားပွင့်လေးကို ထောင်ပြလိုက်ပြီး သူ့ကို တစ်ပွင့်ကမ်းပေးမိသည်။ "အရောင်မှိုင်းမှိုင်းတွေဆို သိပ်မုန်းတာ"လို့ ပြောလိုက်မိစဉ် ကဗျာဆရာလေးက ပန်းပွင့်ကို သူ့နှာခေါင်းချွန်ချွန်လေးနှင့် ဖိကပ်ထားနေပြန်သည်။

အင်းလျားဆောင်ဘက်အထွက် ဂိတ်စောင့်ရုံလေးထဲက စုံတွဲကို ပြိုင်တူလိုလို မျက်နှာလွှဲမိကြ၏။

လူချင်းခွဲခါနီးမှာ စာအုပ်တစ်အုပ်လှမ်းပေးခိုက် ယူပြီး လှပ်ကြည့်မိတော့ 'နှင်းဖတ်ဖို့' ဟု တစ်ကြောင်းတည်းရေးထားပြီး 'နေအောင်'ဟု အောက်မှာ လက်မှတ်ရေးထိုးထားသည်။ "နေကို အောင်မယ့်လူပေါ့"လို့ ဘာကြောင့်များ ပေါ့ပါးနူတ်သွက်မိတာလဲ။

အားနာစိတ်နှင့် အရှက်ပြေ ရယ်လိုက်မိပြီးမှ သည်လို ပေါ့ရှရှ ရယ်တာမျိုးကို မေမေ မကြိုက်တတ်ဘူး ဆိုတာ သတိရမိပြန်တော့ 'အဝါရောင် တောအုပ်လယ်မှာ' ဆိုတဲ့ ကဗျာစာအုပ်လေးကို ကျောင်းစာအုပ်အထူတွေကြားမှာ သေသေချာချာ သိမ်းမိသည်။

အတွေးထဲမှာတော့ စန္ဒိနီကေတန်ဆိုတာ...

ရွှေစပွင့်ဖတ်တွေ ဖွဲ့ဖွဲ့ကျနေပုံက 'အဝါရောင် တောအုပ်အလယ်မှာ' ဆိုသည့် ကဗျာစာအုပ်ထဲက ပိတောက်ပင်တွေများလား။ သူနဲ့တွေ့လို့

မေးမိပြန်လျှင် သူက သဘောကျပြီး ပြုံးဦးမှာလား။ 'နှင်းက ပိတောက်ကို မြတ်နိုးသလား' လို့ မေးလာရင်ကော...။

ကျောင်းအပြင်ဘက် သည်းသည်းလှုပ်လှုပ် ထွက်လျှံကျလာသည့် ဖြူဖြူ၊ ညိုညို၊ ဝါဝါ ရောင်စုံပန်းပွင့်လေးတွေထဲမှာ ယုသည် နှင်းပွင့်ရောင် ဝတ်စုံကို ဆင်မြန်းပြီး ဒူးကောက်ကွေး ထိလုတဲ့ ဆံပင်ကိုဖြန့်ချကာ တစ်လှမ်းချင်း လှမ်းလာနေပုံက စံကားဖြူပွင့်လေး ကြွေကျလာနေသလိုပဲ။ ပိတောက်ပင်အောက်အရောက် ကဗျာဆရာလေး စောင့်နေသည်ကို မြင်မှ သူ့မှာရော ကိုယ့်မှာပါ လွယ်အိတ်ကိုယ်စီ မပါကြမှန်း သိသည်။ ဟိုဘက် သည်ဘက် တန်းစီပေါက်နေတဲ့ ခရေပင်လမ်းကို လျှောက်မိပြန်တော့ မြေနှင့်မထိမီ ကြွေကျသည့် တစ်ပွင့်စီကို လက်နှစ်ဖက်မြှောက်ပြီး လိုက်ဖမ်းယူနေမိသည့် မိမိကိုယ်လေးမှာ ခရေပွင့်တို့နှယ် လေထဲ ဝဲပျံပေါ့ပါးလိုက်တာ။ လက်ခုပ်ထဲမှာ စုမိသမျှကို သူ့တိုက်ပုံအကျီအိတ်ထဲ မရဲတရဲ ထည့်ပေးလိုက်မိတာကိုတော့ မေမေ မသိတန်ဘူး ထင်ပါရဲ့။

ဝါးတံတားလေးနားရောက်လျှင် ကဗျာဆရာလေးက သူ့လက်ကို ကမ်းလင့်ရင်း "ရဲရဲသာ ကူး"လို့ ပြောသည့်အခါ အားကိုးတကြီးနှင့် သူ့လက်အစုံကို ဆုပ်ကိုင်မိသည်။ ရေအောက်ရှိ ကျောက်စရစ်ကလေးများကို ငုံ့ကြည့်မိတော့ တရိပ်ရိပ် မူးလာလိုက်တာ။ အို... ရေထဲမှာ မေမေ့မျက်နှာ။

ဆံပင်ရှည်ဖားလျားမှာ ငြိနေသည့် ကျောက်နှင်းဆီအနီရဲရဲလေးကို သူကဖြုတ်ပြီး မျက်နှာရှေ့မှာ လာထိထားပေးသည်။ အရောင်အသွေးနှင့် ရနံ့က ရင်ထဲ စိမ့်ပျော်စီးဝင်နေဆဲ ပန်းပွင့်လေးကို သူ တစ်ချက်ငုံ့ရှိုက်လိုက်တော့ ခုနေအခါများ ပန်းကိုလား၊ လူကိုလားလို့ မေးလိုက်မိလျှင် သူ ဘယ်လိုနေမလဲကွယ်။

ဝါးတံတားလေးအလွန်တွင် သဲလမ်းကလေးက ဝေ့ဝေ့ဝိုက်ဝိုက်။

ခြေလှမ်းတို့ကို ပတ္တလားခေါက်သံသဲ့သဲ့က ဆွဲခေါ်ယူနေစဉ် သဲထဲခြေကျဉ်ရှန်းရသည်ကို တခစ်ခစ် ရယ်မြူးနေမိသည့်အတွက် ကလေးဆန်သည်လို့ သူက မှတ်ချက်ချမှာလား။ ဟိုမှာသည်မှာ သရက်ပင်တွေ အနှံ့အပြား။ လူတွေကလည်း စုစု စုစုနှင့်။ ကိန္နရာ ချောင်းခြားပတ်ပျိုးဖြင့် ဆိုကနေသည့် ခိုင်နွဲ့တင်ကို အနီးကပ် မြင်နေရစဉ် ကရုဏာရသက ညိုလဲ့လဲ့ အသည်းနှလုံးကို တစိမ့်စိမ့် ပွတ်သပ်ကြိတ်ချေနေသလိုပဲ။ မရေရာသည့်အခြေအနေ၊ တစ်ညတာကွဲကွာမှု၊ ကံကြမ္မာ၊ အချစ် စသည်တို့က ကြောင့်ကြစိတ်တွေကို အရှိန်မြင့်ပစ်နိုင်စွမ်းလေသည်။ ကဗျာဆရာကလေးရဲ့ လက်မောင်းတစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်မိတော့ "နှင်း ဆံပင်အရှည်ကြီးနဲ့ သူ့လိုကရင် ပိုပြီး ရသမြောက်မှာ"ဆိုမှ ရင်ထဲတင်းတင်းကျပ်ကျပ် ဖြစ်လာမှုက အနည်းငယ် ပြေလျော့သွားသည်။ "ဆံပင်တော့ မဖြတ်နဲ့နော်"လို့ သူ ထပ်ပြောတဲ့အခါ မေမေ့ကို သတိရမိပြန်သည်။

"သိပ်ကြောက်တာပဲ"လို့ ပြောပြီးမှ ဘာမျှမဟုတ်ကြောင်း သူ့ကို ညာပြောလိုက်မိပြန်သည်။ 'နှင်းရဲ့ မေမေက နေရာအနှံ့ လိုက်ပို့ပေးဖို့ ကျွန်တော့်ကို မှာလိုက်တယ်'လို့များ သူပြောလိုက်သေးသလား။ သံသယရှိလျက်နှင့်ပင် "တကယ်နော်... တကယ်နော်"လို့ လှိုက်လှိုက်ဖိုဖိုဆိုမိရင်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းဖျန်းလျက် ခုန်ပေါက်လုမတတ် ဟော်သွားမိသေးသည်။ သူကြည့်မနေဘူးဆိုလျှင်တော့ လျှောက်ပြေးချင်လိုက်တာ။ ဖဝါးအောက်က ခဲလုံးတွေ ပိုစူးလာသည်ကိုပင် နာကျင်ရမှန်းမသိ။ ရှေ့မှာ ရေအိုင်တစ်ခုကိုမြင်တော့ ကဗျာဆရာလေးက ပန်းစည်းတစ်ခု ချီမသည့်နှယ် ယုကို စွေခနဲပွေ့ကာ ခုန်ကူးလိုက်၏။ အသည်းအေးလွန်းသဖြင့် မျက်စိစုံမှိတ်ပြီး သူ့အကျီစကို လှမ်းဆုပ်ထားမိသည်မှာ ခဏကလေးပေမဲ့ မူးမူးမေ့မေ့။ သည်မှာရှင့် မြန်မြန်လွှတ်တော့လေ၊ မေမေ

မြင်ရင် ဘယ်လိုလုပ်မလဲ။ မြေနှင့်ဖဝါး ပြန်ထိတော့မှ မျက်နှာ နီထွေးလျက် လူချင်းခွာပြီး ဆက်လျှောက်မိကြသည်။

ပင်လုံးမှည့် သရက်ပင်အောက်အရောက်မှာ လေက ခြွေထားသည့် သရက်သီးမှည့်တွေကို ကဗျာဆရာလေးက သူ့လက်နိုင် သလောက် ကောက်ယူနေဆဲ။ သူ့ အနားမှာ ဒူးတုပ်ထိုင်လိုက်မိသည်။

"ဒီကအပြန် ဝါးတံတားကလေးကျမှ စမ်းရေနဲ့ ဆေးပြီး စားရအောင်နော်" လို့ ပြောမိတော့ သူက ခေါင်းညိတ်ပြီး နဖူးချင်း လာအထိလိုက်မှာ သရက်သီးတွေ မြေပေါ်လိမ့်ဆင်းကုန်သည်။ မမေ့ကိုကြောက်လို့ သူ့ကို တွန်းလိုက်မိတာများ စိတ်ဆိုးသွားလေမလား။

ဝါးရွက်ချင်း ပွတ်တိုက်သံ တရှဲရှဲကြားရပြန်တော့ တိုးဖက်လာသည်ကို သိလျက်နှင့်ပင် ကြောက်စိတ်ဖြင့် သူ့ရင်မှာ ပါးအပ်ပြီး ဂုဏ်တော်ရွတ်ဖို့ စဉ်းစားမိတော့ အစရှာလို့ မရပြန်။ ဩော်...သိပြီ...သိပြီ။ အထစ်ထစ် အငေါ့ငေါ့ ရွတ်ဆိုနေမိသံက သူ့ရင်ခုန်သံအောက်မှာ။ ကဗျာဆရာလေးကိုလည်း ဂုဏ်တော်ရွတ်တတ်အောင် သင်ပေးထားဦးမှ ထင်ပါတယ်။

သူ့ကဗျာ ရွတ်ဆိုသံတစ်ခုတည်းသာ ကြားနေရတော့သည်။ သွေးအသစ်ကို ရှိန်းနွေးစွာ သွေးကြောတစ်လျှောက် စီးဆင်းလှည့်ပတ်နေဆဲ။ 'သမီး ဖိနပ်စီးလေ' ဟု ကြားလိုက်မိသလိုလို။ မမေလား။ ဒါ မမေ... မမေ့အသံပေါ့နော်... မမေရေ။ 'ဒီမှာ ဘယ်သူမှ ဖိနပ်မစီးကြဘူး မမေ။ မမေလိုက်လာတာ သမီးကို နှောင့်ယှက်တာပဲ' လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောမိတာကို သူအံ့သြနေသလား။

လူကြီးဖြစ်တော့မယ့် ယုကို မမေ ဘယ်လိုမြင်သလဲဟင်။ မမေ့သမီး အသက်ရှင်တည်ရှိနေတာကို စိတ်ဝင်စားမယ့် သူ့အပေါ်မှာကော မမေ ဘယ်လို သဘောထားမှာလဲ။ သည်ကျောင်းကဆင်းရင် ယုရဲ့ဘဝ

မှာ တစ်ခုခု ပီပြင်လာနိုင်မလား။ မှန်သည်ထင်လျှင် လုပ်ဝံ့တဲ့သတ္တိ ရှိလာသည့်အခါ ယု ရေးထားသည့် ကဗျာစာအုပ်လေးကို ထုတ်ဖြစ်မည် ထင်သည်။ 'ပန်းအိမ်သစ်' လို့ နာမည်ပေးပြီး အဖုံးကို မှန်ပေါင်ချိတ်ကာ အိပ်ခန်းထဲမှာ မြင်သာအောင် ချိတ်ထားဦးမှာပေါ့။

အဲသည်အချိန်ကျလျှင် ဘာကိုမျှ သိဝှက်စရာမလိုတော့။ ဖတ်စရာ စာအုပ်တွေ အများကြီးရှာဖတ်ဖို့ ခုကတည်းက ကိုယ့်ကိုယ်ကိုယ် သတိပေးနေမိသည်။ နိုင်ငံရပ်ခြား စာတွေများများဖတ်နိုင်ဖို့ သင်တန်းတွေ လည်းတက်ဖို့ လိုအပ်လိမ့်ဦးမယ်။ မခင်ပုကို ဖယောင်းတိုင်တွေ ခိုးဝယ် ခိုင်းစရာတော့ လုံးဝမလိုတော့ဘူးပေါ့။

ကဗျာဆရာလေးက ပြောတယ် မေမေ။

"လွတ်လပ်မှုဟာ အသိဉာဏ်နဲ့ အာရုံကိုဖွင့်တဲ့ တံခါးပေါက်ပဲ" တဲ့။

"ရှင် မခင်ပု အိမ်ထောင်ကျသွားပြီ"

"ဘယ်လို... သမီးအလှည့်၊ ဟုတ်လား... အမေ"

"ဟင့်အင်း... သမီး အိပ်ခန်းတံခါးကို အပြင်က ပိတ်မထားပါနဲ့"

"မေမေရေ... ဟင့်အင်း... ဟင့်အင်း... ဖွင့်ပေးပါ"

"မေမေ... မေမေ၊ ဘာပြောတယ် မေမေ။ သမီးရဲ့ စာအုပ်လေး ဆုပ်ပစ်လိုက်ပြီ ဟုတ်လား"

"ပန်းရောင်အဖုံးနဲ့ ကဗျာစာအုပ်လေးလေ"

"မေမေရယ်... သမီးကို တကယ် မချစ်ကြဘူးလား"

ရင်ထဲ တင်းကျပ်တိုးဝှေ့လာမှုကြောင့် ဖြုန်းခနဲ ထရပ်လိုက်တော့ ဘယ်အချိန်က ဆုတ်ပစ်ထားမိမှန်း မသိသည့် စက္ကူစတွေက ဖွေးလို့ပါ လားကွယ်။ စိန်ပန်းကြွေတွေနှင့် စက္ကူစတွေကို ဘယ်သူဆုတ်ပစ်လိုက် သလဲ။ နှမြောစရာကြီးပေါ့။ ကြည့်စမ်း... စာလုံးလေးတွေက ငြိမ်လို့။

ဟိုမှာ 'ကောက်ရိုးတစ်မျှင်' ဆိုတဲ့ ခေါင်းစီးလေး။ ဟယ်... မိုးစက်တွေ ပြုတ်ကျတာနဲ့ ဘာလို့များ ငိုကြတာလဲ။ မင်တွေ ပြန့်ကုန်ပြီ။ သနားပါ တယ်ဟယ်။ ဝမ်းနည်းလို့ ငိုစတမ်းဆိုရင် နှင်းလည်း ငိုချင်တာပေါ့။ သူများနာမည်က နှင်းတဲ့လေ။ ကဗျာဆရာလေးက နှင်းလို့ခေါ်တာ စိန် ပန်းပွင့်တွေ၊ စံကားပွင့်တွေ သက်သေနော်။ နှင်းငိုတာကို သူသိသွားရင် ဘယ်လိုလုပ်မလဲ။ သူက နှင်းရင်ထဲမှာ ပင့်ကူမျှင်လေး လို တွယ်နေတာ။ မေမေလား... ဟင့်အင်း... ဟင့်အင်း။ အဲသည် ပင့်ကူမျှင်လေးတွေကို သန့်ရှင်းပေးမလို့ ဟုတ်လား။ မလုပ်လိုက်ပါနဲ့ မေမေရယ်။ မေမေ့ကို သည်အကြောင်းတွေ ပြောပြမယ် ထင်သလား။ မေမေ ပြန်တော့နော်။ ဟိုကျောင်းကြီးကပြန်မှ တွေ့ကြတာပေါ့ မေမေရယ်။ အို... ပြေးလို့ ကောင်းလိုက်တာ။ သံတံခါးကြီးတစ်ခုကိုဖြတ်မိတော့ ခလုတ်တိုက်မိ မလို ဖြစ်သေးတာပေါ့။ သည်တံခါးနှစ်ရွက်ကို အောက်ခြေက ဘာလို့များ သံကြိုးနဲ့ဆိုင်းထားရတာလဲ။ ခက်လိုက်တာကွယ်။ ဒါပေမဲ့ နာမယ်ထင် သလား။ ခြေထောက်ကို တစ်ချက်ကလေးတောင် ငုံ့မကြည့်ဘဲ အနီးဆုံး ကားတစ်စင်းကို လက်ပြတားပြီး...

"ဒီမှာရှင့်... စန္ဒနိုကေတန်ကို လိုက်ပို့နိုင်မလား" လို့တောင် မေး လိုက်သေးတယ်။

ရှမဝမဂ္ဂဇင်း၊ မတ်၊ ၁၉၈၃

❑

# ကတ္တာ

- ခင်ခင်ထူး -

သရက်ကန်ရွာကြီးမှာ ဂွမ်းထုပ်ကို မသိတဲ့လူ မရှိဘူး။ ဂွမ်းထုပ်ဆိုတဲ့ အတိုင်း လှလိုက်တာကလည်း ဂွမ်းပုံ ဂွမ်းပေါက်ကလေး အထုပ်လိုက် ပုံထားတဲ့အတိုင်းပဲ။ ရုပ်ရည်က ကံကောင်းအကြောင်းလှပေမဲ့ မွေးရာပါ စကားမပြောတတ်ရှာဘူး။ အသားကလေးက ဝင်းစက်စက်၊ မျက်ခုံး၊ မျက်လုံးကလည်း ဆေးရေးထားတဲ့အတိုင်းဆိုတော့ စကားများ ပြော တတ်ရင် အဖိုးတန်လိုက်မယ့်ဖြစ်ခြင်းလို့ တွေးမိကြသူချည်းပဲ။ မိဘ များဖြစ်တဲ့ ကိုအောင်လှနဲ့ မသန်းမြတို့က သားယောကျ်ားကလေး နှစ်ယောက်ရှိပြီးသားပါ။ သားတွေ တော်တော်ကလေး အရွယ်ရောက် ကြတော့မှ မိဂွမ်းထုပ်ကလေး ကောက်ကာင်ကာ ရလိုက်တယ်ဆိုတော့ ဝမ်းသာလို့ မဆုံးကြဘူး။ ယောကျ်ားကလေးနှစ်ယောက် ရှိပြီးသား မိဘ များပီပီ သမီးမိန်းကလေးကို လိုချင်ကြတယ်။ မသန်းမြကလည်း သမီး ဆုတောင်းရတာ အမော။ သမီးကလေး တစ်ယောက်သာရှိရင် သူတို့ ဘဝ ပြည့်စုံပြီလို့လည်း တွက်တယ်။ ငွေကြေးအရ စားနိုင်သောက်နိုင် ကြသူတွေဆိုတော့ တခြားဘာလိုချင်တယ်ဆိုတဲ့ အာသီသ မရှိကြပါ ဘူး။

"ကိုအောင်လှရယ်၊ ကျုပ် အိပ်မက်မက်တာတော့ မိန်းကလေးပဲ။ အိပ်မက်ထဲ နားဆွဲကလေး တလှုပ်လှုပ်တောင် ပါသေးဟာကော၊ ကျုပ်တော့ သည်တစ်ခါ သမီးကလေး မွေးအုံ့ထင်သာပဲ"

"စွဲလမ်းလွန်းလို့လည်း ဖြစ်နိုင်ပါသကွာ၊ သားဆိုတော့ကော သုံးယောက်ပေါင်း လောင်းကျော်ပေါ့ဟာ ဘာဖြစ်ရမှာတုံး"

"တော်က သမီးကို မလိုချင်လို့လား"

"လိုချင် လှချည့်ကောဗျာ။ ကျုပ်ပြောတာက မယ်မင်းကြီးမ သမီးရှား ရှားလွန်းလို့ ပြောရတာပါ။ မသကာ သမီးကလေး မမွေးတော့ ဘယ့်နှယ့်လုပ်ပါ့၊ စိတ်ဆင်းရဲတာ အဖတ်တင်မှာစိုးလို့ ပြောတာပါ။ သမီးတော့ လိုချင်သားပေါ့ဟာ"

မွေးလာတော့ လက်သည်က သမီးကလေးတော်လို့လည်းဆိုရော မသန်းမြဆိုတာ ဝမ်းသာလွန်းလို့ မီးတွင်းထဲတောင် ငိုလိုက်တာ ကျူကျူပါလို့။ ကံကောင်းလို့ မီးယပ်ခေါင်းကိုက်မစွဲတယ်။ လင်မယားနှစ်ယောက်စလုံး ဝမ်းသာလိုက်ကြတာ မပြောနဲ့တော့။

သမီးကလေး နှစ်လ သုံးလရှိသေးတယ်။ ရွှေခြေချင်း မျှင်မျှင်ကလေးဆင်ပြီးနေပြီ။ ထူးခြားတာက နှစ်ချက်၊ သည်မိန်းကလေး မွေးပြီးတော့မှ ကိုလှအောင်နဲ့ မသန်းမြတို့ စီးပွားဖြစ်လာကြတယ်။ လုပ်ရေးကိုင်ရေး ကောင်းလာကြတယ်။ နဂိုက လုပ်လက်စ မုန့်လုပ်ငန်း၊ မလိုင်လုပ်ငန်းက ရွာမှာ ရောင်းရရုံပါ။ သမီးလေးမွေးပြီး ဘာမျှမကြာဘူး။ လုပ်သမျှမုန့် ရွာနီးချောက်ချက်တင် မကတော့ဘူး။ နယ်တစ်ရိုး ထိုထိုပေါက်တော့တာပဲ။ လုပ်သမျှ မုန့်ကုန်တယ်။ ရောင်းသမျှငွေ ပေါ်တယ်။ အမှာတွေကလည်း လက်မလည်တော့ အလုပ်သမားတွေတောင် ငှားရတဲ့အထိ။ မိဘတွေက ဒါကို သတိထားမိကြတယ်။

"သမီး ကုသိုလ်ပဲဟာ၊ တို့မျှား ခါးချည့်အောင် တစ်သက်လုံးလုပ်ခဲ

ကြတာ စားရရုံပဲ၊ အခုများ တက်လိုက်တဲ့ စီးပွားဗျာ"

စီးပွားဖြစ်လေ မသန်းမြက စည်းနဲ့ကမ်းနဲ့ သုံးလေ။ စုမိဆောင်းမိ တာကပဲ မနည်းဘူး။ ရွှေဆိုတာ အရင်က မူးလို့ ရှူစရာ မရှိတဲ့ဘဝက ခုများ အိုးနဲ့တောင် ထည့်ရတယ်။ ပြောခဲ့သလိုပဲ။ ကဲဆိုးတာက မွေးရာပါ စကားမပြောတတ်တာ တစ်ခုပဲ စိတ်မကောင်းဖြစ်ကြရတယ်။ ဒါပေမဲ့ သူ့ဘဝက သူ့အကြောင်း ပါလာတာဆိုတော့ စိတ်မချမ်းသာ ကြပေမဲ့ ကျေနပ်ကြတယ်။ နာမည်တောင် ဂွမ်းထုပ်လို့ ပေးတာသာ ကြည့်။ ဝါဖတ်လေးနဲ့ ဖတ်ပြီး ညက်ညောနေတဲ့ မထိရက် မတို့ရက် ဂွမ်းကလေးနဲ့ နှိုင်းထားတာလေ။ ဂွမ်းထုပ်ကလည်း အသားဖြူဖြူနဲ့ ချစ်စရာ ကောင်းလိုက်တာလည်း မပြောနဲ့။ အစ်ကိုနှစ်ယောက်ကလည်း ချစ်ကြတာပါပဲ။ နှမကလေး ဘဝအကျိုးပေး မကောင်းရှာမှန်းသိလို့ ညှာကြတယ်။ သည်လိုညှာကြတာကို ဂွမ်းထုပ်က သိတယ်။ စကား မပြောတတ်လို့ မပြောပေမဲ့ ခြေ၊ လက်အမူအရာနဲ့ အခွင့်အရေးယူတယ်။ တစ်အိမ်လုံးက ဂွမ်းထုပ်၊ ဂွမ်းထုပ်နဲ့ ဖြစ်လေ ဂွမ်းထုပ်က အကဲဝိုလေ။ အလုပ်သမား မိန်းမ၊ ယောကျ်ား လေး ငါးဆယ်ယောက်ကလည်း အလို လိုက်ကြရတယ်။ တစ်ယောက်ယောက်ကများ ငေါက်လိုက်ရင် ချော့ပေ တော့ပဲ။

တစ်ခါတလေ စိတ်အားလက်အားရှိရင် ကြံ့ရာလူက စကားသင် ပေးကြတယ်။

"ဂွမ်းထုပ်"

"အာ..."

"အဖေ..."

"အဲ့..."

"အမေ..."

"အု...အူ..."

မရပါဘူး။ အ၊ အာ၊ အု၊ အူ အသံတော့ ထွက်တတ်တယ်။ ဝွမ်း ထုပ်က လှတယ်ဆိုရင်တော့ သဘောကိုကျလို့။ နားကြားလို့တော့ မဟုတ်ဘူး။ တစ်ဖက်က နှုတ်ခမ်းလှုပ်တာကို သိတာ။ နားကမကြားဘူးလားဆိုတော့လည်း လုံးဝမကြားတာတော့ ဟုတ်ပုံမရဘူး။ ရွာမှာ အသံချဲ့စက်တွေ ဘာတွေဖွင့်ရင် နားကို ထိုးပြပြီး နားငြီးတယ် လုပ်ချင်လုပ်တာ။ အိမ်မှာ အလုပ်သမားတွေက တဝါးဝါး တဟားဟားပွဲကျရင် ဝွမ်းထုပ်က တိတ်တိတ်နေကြ ဆိုတာမျိုး လုပ်ပြတတ်လို့ အသံလျှော့ကြရတယ်။ ဝွမ်းထုပ်ဆွဲထားတဲ့ ဆွဲကြိုး၊ လက်ကောက်တွေကို ဖြုတ်မယ့်ပုံ လုပ်ရင်လည်း အထိမခံဘူး။ မအေ ပြေး လက်တို့တော့ တာပါ။ မအေ့လက်ဆွဲခေါ်လာပြီး လက်ကောက်တွေ၊ ဆွဲကြိုးတွေ သူဖြုတ်ပါတယ်တိုင်ရော။ မအေက စတဲ့လူကို ရိုက်ချင်ဟန်ဆောင်မှ ကျေနပ်တယ်။

သည်လိုနဲ့ သရက်ကန်မှာ ပထမဆုံး တိုက်ဆောက်တာ ကိုအောင်လှတို့ ဖြစ်လာတယ်။ သားတွေကို ဝက်သားဖြောင်ကျွေးပြီး ရှင်ပြုနိုင်တယ်။ အစ်ကိုတွေ ရှင်ပြုတော့ ဝွမ်းထုပ်ကိုလည်း နားသပေးကြရတယ်။ ဝွမ်းထုပ်က ပျော်လို့။ သည်ကတည်းက ရွှေနားဆွဲ တခါခါဖြစ်လာတယ်။ ရုပ်ကလည်း ကြီးလေချောလေပဲ။ အသားအရေများ အိနေတဲ့ အပြင် မွေးညင်းစိမ်းကလေးတွေနဲ့ဆိုတော့ ပွင့်ခါစ နှင်းဆီဖူးကလေးသာ ကြည့်တော့။

တဖြည်းဖြည်းနဲ့ ဝွမ်းထုပ်လည်း အရွယ်ရောက်လာတယ် ပြောပါတော့။ အပျိုဖော် မဝင့်တဝင်အရွယ်ဆိုတော့ ဝွမ်းထုပ်က အလှပြင်ပြီး လမ်းထွက်ချင်တယ်။ ရှိုးထုတ်ချင်တယ်။ သူတကာ အဆင်ဆန်းဝယ်ပြီဆိုရင် ဝယ်ပေတော့ပဲ။ ဘယ်သူဘယ်မှာ ဘာဝတ်တယ်ဆိုရင် မအေကို

ပူဆာတော့တာပဲ။ ဝယ်မပေးလို့ကတော့ ပွက်ပြီသာမှတ်တော့။ အိမ်ရှိ သမျှ အကုန်လွှင့်ပစ်တော့တာ။ တကယ်ပြေးဝယ်ပေးမှ အေးရတယ်။ အစ်ကိုတွေကလည်း နှမ အပျိုပေါက်ကို အရိပ်တကြည့်ကြည့်နဲ့ပါ။ ရပ်ရွာကလည်း စောင့်ရှောက်ကြတာပါပဲ။ ၇မ်းထုပ် စက်စက်ယို လှ တယ်ဆိုပေမဲ့ ဘယ်ကာလသားကမှ မပိုးကြဘူး။ စကားမပြောတတ် တာပါသလို မစာမနာရှိလေခြင်းလို့ အဖြစ်မခံချင်ကြတာလည်း ပါပါ တယ်။

ဒါပေမဲ့ ၇မ်းထုပ်ကတော့ သဘာ၀အရပဲ ခံစားမှုရှိလာတာပေါ့။ ဗွီဒီယိုကားကြည့်ရင် မင်းသမီးကို လက်ညှိုးထိုးပြပြီး အဲဒါ သူလို့ ပြတတ် တယ်။ မင်းသမီးငိုတော့ ၇မ်းထုပ်ငိုတယ်။ မင်းသမီးရယ်တော့ ၇မ်းထုပ် ရယ်တယ်။ မင်းသမီးရဲ့ ရည်းစားဖြစ်တဲ့ မင်းသားကို နှိပ်စက်တဲ့အခန်း ဆိုရင် တအူးအူး တအဲအဲ အော်တော့တာပဲ။ မတရားမလုပ်နဲ့ပေါ့လေ။ ချစ်ခန်း၊ ကြိုက်ခန်းများပါရင် ၇မ်းထုပ် သဘောကျတယ်။ တအီးအီးနဲ့ လက်ညှိုးနှစ်ချောင်း ပူးပြတယ်။ ကြိုက်ကုန်ကြပြီပေါ့။

သည်လိုနဲ့ ၇မ်းထုပ် ရည်းစားထားချင်တဲ့ စိတ်ကလေး ဝင်ချင်ချင် ဖြစ်လာရော ပြောပါတော့။

စည်းကုံးကြိုး မဂ္ဂဇင်းဝတ္ထုရှည်များ၊ ရွှေ၀ံစာအုပ်တိုက်၊ ၂၀၁၅

❑

# အောင်ဘာလေ ခင်ကျော်

- ကျော်ရင်မြင့် -

ကိုခင်ကျော်ကို မနှင်းဆီနဲ့ ယူရမယ်လို့ ဘယ်သူကမျှ ဧတ်အတင်းပေးစားခဲ့တာ မဟုတ်ပါဘူး။ မနှင်းဆီက လှည့်ဖြားပြီး ယူခဲ့တာမျိုးလည်း မဟုတ်ဘူး။ ကိုခင်ကျော်ကပဲ ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့၊ သူ့မေတ္တာကိုမှ မတုံ့ပြန်ရင် အတန်းတင်စာမေးပွဲကြီး ဖြေဖို့ စာမကျက်တော့ဘူး။ မစားနိုင်၊ မအိပ်နိုင် ဘာဘာညာညာတွေ ဖြစ်နေပါပြီ ပြောတာနဲ့ အသက်တစ်ချောင်း ကယ်ဆယ်ကောင်းပါတယ်လေဆိုပြီး မနှင်းဆီ ခေါင်းညိတ်ခဲ့ရတာပါ။

ခုတော့... အဲဒီ မနှင်းဆီကို ကိုခင်ကျော်က စိတ်ကုန်နေပြီလေ။ မနှင်းဆီကလည်း ဟိုး... အနှစ် ၂၀ ကျော်၊ ကိုခင်ကျော် ချစ်စပျိုးခဲ့တဲ့ တက္ကသိုလ်ကျောင်းသူ မနှင်းဆီနဲ့ တစ်ပုံစီ ဖြစ်သွားတာကတော့ အမှန်ပါပဲ။

ရှေးတုန်းက မနှင်းဆီဆိုတာ သွယ်သွယ်လျလျ ပျိုပျိုမျစ်မျစ်ကလေး။ ထစ်တန်တာ ထစ်၊ ဖုတန်တာ ဖု၊ အသားအရေကလည်း နုနုနယ်နယ်။ အခု မနှင်းဆီကတော့ လေတင်းတင်းထိုးထားတဲ့ ရော်ဘာဖားပြုပ်ကြီးလိုပဲ။ တစ်သားမွေး တစ်သွေးဝ။ ကလေး လေးယောက်

တောင် မွေးပြီးပြီဆိုတော့... စဉ်းစားသာ ကြည့်ကြပါတော့။

မနှင်းဆီ ဝရတဲ့ အကြောင်းတွေထဲမှာ နင်းကန်အိပ်တာကလည်း အကြောင်းတစ်ခု ပါမှာပဲ။ ခေါင်းနဲ့ ခေါင်းအုံးနဲ့ထိတာနဲ့ အိပ်ပျော်သွားရော။ ကိုခင်ကျော်က အိပ်ရာထဲရောက်လို့ တောင်တောင်အီအီ စဉ်းစားတုန်းရှိသေး။ မနှင်းဆီက အသံဗလံပေါင်းစုံထွက်ပြီး ဟောက်လို့ အိပ်ပျော်သွားပါပြီ။

မောင်လည်း ထမ်း၊ မယ်လည်း ရွက်မှ ထမင်းနပ်မှန်မယ့် ကာလမျိုးမှာ သင်းမို့ အိပ်ပျော်ပလေလို့ ကိုခင်ကျော်က မနာလို ဖြစ်မိတယ်။ ကိုခင်ကျော်ခမျာတော့ အိပ်ရာထဲရောက်လို့ အတော်နဲ့ အိပ်မပျော်ရှာပါဘူး။ စဉ်းစားစရာက တစ်ခုမဟုတ်တစ်ခု ခေါင်းထဲမှာ ရှိနေတာကိုး။

ကလေးတစ်ယောက်ယောက်က ဖိနပ်ပြတ်တော့မှာမို့ အသစ်ဝယ်ပေးဖို့ ပြောတဲ့ကိစ္စ၊ ကျူရှင်က တိတ်တိတ်ပုန်း သင်ရမှာမို့ လူလျှော့ပြီး ဈေးတက်မယ်ဆိုတဲ့ကိစ္စ၊ GEC က ရေခဲသေတ္တာကို အကြွေးဝယ်၊ ရရာဈေးနဲ့ ရောင်းသုံးထားခဲ့မိလို့ အရစ်ကျ ငွေပြန်ဆပ်ရမယ့်ကိစ္စ၊ ... စဉ်းစားမယ်ဆိုရင်တော့ ကိုခင်ကျော်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ရှိပါတယ်။ ဒါလောက်နဲ့ပဲ သူ အိပ်မပျော်ဖို့ လုံလောက်တယ်။

မနှင်းဆီက စိတ်ကို ငြိမ်းအေးအောင် နေပုံလည်း ရတယ်။ ဘာသာရေးစာအုပ် အရမ်းဖတ်တယ်။ ဂါထာတွေ မှတ်စုစာအုပ်ထဲကူးပြီး အလွတ်ကျက်တယ်။ ဘုရားအကြာကြီး ရှိခိုးတယ်။

အိပ်ရာ ခုတင်ခေါင်းရင်းမှာ ချိတ်ထားတဲ့ ပုတီးတစ်ကုံး အမြဲရှိတယ်။ ဒီပုတီးကို မနှင်းဆီက စိပ်တယ် ပြုတယ်တော့ မရှိပါဘူး။ ခုတင်ခေါင်းရင်းမှာ အမြဲချိတ်ထားတာပါ။

စာရေးမ မနှင်းဆီ ရုံးကိုရောက်တာနဲ့ သူ့စားပွဲကို ကြက်မွေးကလေးနဲ့ ပထမ ဖုန်သုတ်တယ်။ ပြီးရင် ခြင်းကို စားပွဲပေါ်တင်၊ မှတ်စု

စာအုပ်ကို ဖွင့်၊ ဂါထာတွေကို တတွတ်တွတ် ထိုင်ရွတ်တော့တာပါပဲ။

မနှင်းဆီခမျာ ဒါလောက် ရွတ်ဖတ်နေရှာပေမဲ့ ရာထူးတိုး စာမေးပွဲ လုပ်ရင် မအောင်ဘူး။ လုပ်သက်နှစ်ပေါင်း ၂၀ ကျော်ပြီ။ ဘွဲ့ရစက တည်းက ရုံးစာရေး ဝင်လုပ်တာ၊ အခုထိလည်း ရုံးစာရေးပဲ ရှိသေးတယ်။ ဒီအလုပ်ထဲမှာ ကိုခင်ကျော်လည်း ဝင်လုပ်နေတယ်။ သူလည်း စာရေးပဲ။

ခုလို ရာထူးမတက်ကြရတာ ကိုခင်ကျော် ဖျင်းလို့ဆိုပြီး မနှင်းဆီက အပြစ်တင်တယ်။ ကိုခင်ကျော်က ရိုးလို့၊ အလို့ ဆရာသမားတွေကို အဝင်အထွက် အပအသ မရှိလို့သာ သူတို့လင်မယား ရာထူးမတက်တာလို့ မနှင်းဆီက ထင်တယ်။

ကိုခင်ကျော်ကတော့ ခပ်ရိုးရိုးဆိုတော့ ကံကိုပဲ ယိုးမယ်ဖွဲ့တယ်။ သူတို့အလုပ်ထဲ ဝင်ခါစက ဘွဲ့ထက် လုပ်သက်ကို ဦးစားပေးပြီး ရာထူးတိုးပေးတာဆိုတော့ သူတို့လင်မယား ကျန်ရစ်နေခဲ့ရော။ လုပ်သက်ကလေး အတော်ရ၊ အသက်ကလည်း ကြီး၊ ဥဏှာလည်း ထိုင်းလာတဲ့ အချိန်မှာ စာမေးပွဲစနစ်နဲ့ ရာထူးတိုးပေးမယ်ဆိုတော့ သူတို့လင်မယား မဖြေနိုင်ကြပြန်ဘူး။

ဒီကြားထဲ အထက်လူကြီးတွေက အကဲဖြတ် အမှတ်ပေးတယ်ဆိုတာ ပေါ်လာပြန်ရော။ ဒီအချိန်မှာ ကိုခင်ကျော်တို့ လင်မယားက ကလေး လေးယောက်ရှိနေပြီ။ မိသားစု ခြောက်ယောက် ထမင်းနပ်မှန်ဖို့ ရုန်းကန်နေရတာနဲ့ လူကြီးသူမတွေကို ဂါရဝ မပြုအားဘူး။

ရာထူးက မတိုး၊ အောက်ဆိုက်တွေ အကျိုးဆောင်ခတွေ မရှိတဲ့ နေရာမှာ စာရေးလင်မယား လခနဲ့ဆိုတော့ ကိုခင်ကျော်တို့မှာ ကျပ်တည်းပါတယ်။ ဒါကို သူက အကြံတုံ့ ဥဏှာတုံ့ ငုတ်တုတ်ထိုင်ခံနေတာတော့ မဟုတ်ဘူး။ ကိုခင်ကျော် ထီမှန်မှန်ထိုးပါတယ်။

ထီက လစဉ် လဆန်း သုံးရက်မှ ဖွင့်တာဆိုတော့ သူတို့ ဝန်ထမ်းတွေ လခထုတ်ရက်နဲ့ အံကျ။ လခထုတ်ပြီး ထီလက်မှတ်တစ်စောင်၊ နှစ်စောင် ပြေးဆုတ်ကြတယ်။ သူ့ဘဝမှာ အသေအချာဆုံး ထွက်ရပ်လမ်းအဖြစ် ကိုခင်ကျော်က ထီကို အားကိုးပါတယ်။

အောင်ဘာလေဌာနက ထီရောင်းရငွေ ၆၀ ရာခိုင်နှုန်းကို ထီပြန်ဖွင့်ပေးပြီး ၄၀ ရာခိုင်နှုန်းကို ယူတယ်။ ဒီငွေတွေနဲ့ ကျောင်းဆရာ၊ ကျောင်းဆရာမတွေကို လခပေးမှာပါလို့ သတင်းစာထဲက ကြော်ငြာဖူးတော့ ထီလက်မှတ်လေး တကိုင်ကိုင်လုပ်နေတာ မြင်ရင် လူမှုရေးဒါနကို ပီတိပွားနေတာလားလို့ မနှင်းဆီက မလိုတမာ ပြောလေ့ရှိတယ်။ ဒီလို အပြောခံရရင် မင်္ဂလာမရှိဘူးလို့ ကိုခင်ကျော်က ထင်တယ်။

မနှင်းဆီကတော့ လက်တွေ့သိပ်ဆန်တယ်။ ထီမထိုးဘဲ ဟင်းဝယ်စားမယ်တဲ့။ ကိုခင်ကျော်က စိတ်ကူးယဉ်သမား။ သူ့ထီလက်မှတ်ကလေးတွေဟာ ရက်ပိုင်းအတွင်း ငါးသိန်း၊ ၁၀ သိန်း ဖြစ်မယ်လို့ မျှော်လင့်တယ်။ တစ်ခါတစ်ရံ လက်ဖက်ရည် အငတ်ခံပြီး နေ့လယ်စာ လက်ဖက်ရည်ဖိုးငွေကို ကိုခင်ကျော် ထီစုထိုးတယ်။ သိပ်ဆာတဲ့အခါကျတော့ အစာအိမ်ရောဂါဖြစ်မှာစိုးလို့ သူ လက်ဖက်ရည်သောက်ပါတယ်။ ကိုခင်ကျော်တို့ စာရေးတွေအတွက် လက်ဖက်ရည်သောက်တာ ထမင်းအဆာပြေတယ်။

တစ်နေ့တော့ လက်ဖက်ရည်ဆိုင်ထဲမှာ ကိုခင်ကျော် အတွဲတစ်တွဲ မြင်တယ်။ ဒီအတွဲကို သူ့မျက်စိထဲက မထွက်ဘူး။ အထူးသဖြင့်တော့ ကောင်မလေးကိုပေါ့။

ကောင်မလေးက မနှင်းဆီ ငယ်ငယ်ကထက် အများကြီး ပိုလှတယ်လို့ သူ ထင်တယ်။ မနှင်းဆီနဲ့သာ လဲလို့ရမယ်ဆိုရင် ကိုခင်ကျော်က ကလေး လေးယောက်တောင် အလိုက်ပေးလဲချင်တယ်။

ချာတိတ်က ဆိုင်ကယ်နဲ့။ ဆိုင်ကယ် နောက်ခုံပေါ်ကို စွေ့ခနဲ ခုန်တက်ပြီး ကောင်လေးရဲ့ခါးကို တင်းတင်းဖက်လိုက်သွားတဲ့ ကောင်မလေးကို ကိုခင်ကျော် လွမ်းကျန်ရစ်တယ်။

သူ ထိုးထားတဲ့ ထီလက်မှတ်နှစ်စောင်ကို တကိုင်ကိုင်နဲ့...။ ကိုခင်ကျော် စိတ်ကူးထဲမှာ ဆိုင်ကယ်ကို ခွစီးကြည့်နေမိတယ်။

အဲဒီလို ဆိုင်ကယ်နဲ့ လူလိုသူလို ဖြစ်ဖို့ဆိုရင် လတိုင်း ထိုးနေတဲ့ ထီနှစ်စောင်နဲ့ ရပါ့မလားလို့ ကိုခင်ကျော် သံသယ ဝင်တယ်။ သူ့ဘဝ အပြောင်းအလဲကြီး ပြောင်းလဲသွားဖို့ဆိုရင် နှစ်စောင်နဲ့တော့ မဖြစ်သေးဘူး။ အပ္ပြတ်လိုက်၊ အထူးမင်္ဂလာစုံတွဲကြီး ဆောက်မှဖြစ်မယ်လို့ ကိုခင်ကျော် တွေးတယ်။

မင်္ဂလာစုံတွဲ အပ္ပြတ်လိုက်ကြီး ဝင်ရင် ၃၅ သိန်းလောက်တောင် ရမယ်။ ဒါဆိုရင်တော့ မဆိုးဘူး။ ဘုန်းကြီးကျောင်းတစ်ဆောင် ဆောက်ပြီး အလှူကြီး လှူချင်တယ်လို့ မနှင်းဆီ ခဏခဏ ပြောနေတာ။ ဟုတ်ပြီ... ကျောင်းတစ်ဆောင် ဆောက်။ မနှင်းဆီက ကျောင်းရေစက်ချပြီး အဲဒီရိပ်သာမှာ သီလရှင်ဝတ်။ အတော်နိပ်တာပဲ။ သီလရှင် မဝတ်ချင်လို့ ယောဂီဝတ်နဲ့ပဲ နေချင်တယ်ဆိုလည်း နေပေါ့...။ ကျောင်းသွားနေဖို့ အဓိကပဲ။ ကလေးတွေ ပညာရေး စိတ်အေးရအောင် အားလုံး ဘော်ဒါပို့။ ကိုခင်ကျော်က ချာတိတ်ကလေးလို ဆိုင်ကယ်လေးတစ်စီးနဲ့...။

ဒီစိတ်ကူး လက်တွေ့ဖြစ်လာအောင် အထူးစပါယ်ရှယ် မင်္ဂလာစုံတွဲ ပြောင်းဆော်မှ ဖြစ်မယ်လို့ ကိုခင်ကျော် စဉ်းစားတယ်။ ငွေက ၄၀၀ ကျော်လိုမှာ။ ဒါအတွက် ကဲ့ဝှက်ထားတဲ့ ပေါ့ကက်မန်းနီးလည်း သူ့မှာ မရှိဘူး။ လခထုတ်ရင် မနှင်းဆီ မသိအောင် အပ္ပြတ်လိုက်ကြီး ထိုးမယ်လို့ သူ ဆုံးဖြတ်ချက် ချလိုက်တယ်။

မဟာဂံထူးရှင် ဂံစမ်းလက်မှတ်ပါ အထူးမင်္ဂလာစုံတွဲ ဆိုတာကို

လခထုတ်ပြီးတာနဲ့ ကိုခင်ကျော် ပြေးထိုးတယ်။ လင်နဲ့မယား ဒီ နှစ်လခ ပဲ စားနေကြရတာဆိုတော့ ညဦးပိုင်း ငွေချင်းပေါင်းတော့ ထီထိုးထားတဲ့ ငွေ ၄၀၀ ကျော်ကို ကိုခင်ကျော် စာရင်းလိမ်မပြသာဘူး။ ထီလက်မှတ်တွေ ထုတ်ပြလိုက်တယ်။

ယမ်းပုံ မီးကျဆိုတာကို အခုမှပဲ ကိုခင်ကျော် လက်တွေ့ မြင်ဖူးတယ်။ မနှင်းဆီ တရှူးရှူး တရှဲရှဲနဲ့ ဒေါသတွေ ထွက်တယ်။ ကိုခင်ကျော်ကို ဆူလည်း ဆူ၊ ဆဲလည်း ဆဲပါတယ်။

ကိုယ့်သားသမီးတွေ စားရမယ့် ထမင်းလုတ်ကို လုပ်တယ်ဆိုတာလည်း ပါရဲ့။ ဒီလို ဘဝမျိုးမှာ ကံဆိုးလို့ နေရတာကို သင်းမို့ မဟာကံထူးရှင်ဖြစ်ဖို့ မျှော်မှန်းတယ် ဆိုတာလည်း ပါရဲ့။ လူတွေ သိန်းသောင်းချီတဲ့ထဲက နည်းနည်းပါးပါး ထီပေါက်တာမျိုးကို မတန်မရာ ဆင့်အဝှာ ခွေးမျှော်သလိုပဲလို့လည်း ပါရဲ့။ ကိုခင်ကျော်လည်း ထူပူနေတာနဲ့ အကုန် မမှတ်မိတော့ဘူး။

အခုလောက် အယုတ္တ အနတ္တတွေကို အာကြမ်း လျှာကြမ်း ရွတ်နေမှတော့ နိမိတ်မကောင်းဘူး။ ထီမှ ပေါက်ပါ့မလားလို့ ကိုခင်ကျော် စိတ်ပူသွားတယ်။

ထီပေါက်ရင် မနှင်းဆီကို ငွေနဲ့ ထုသတ်မယ်။ ဆိုင်ကယ်နဲ့ တိုက်သတ်မယ်။ ကောင်မလေးတွေနဲ့ ထည်လဲတွဲပြီး စိတ်ဆင်းရဲအောင်ကို လုပ်မယ်လို့ သူ့စိတ်သူ ကိုခင်ကျော် ဖြေတယ်။

ဒါပေမဲ့လည်း ကိုခင်ကျော်ခမျာ ဆန္ဒ မပြည့်ရှာပါဘူး။ ထီဖွင့်ကတည်းက တိတ်တိတ်လေးကျိတ်ပြီး သူ ထီတိုက်လာတာ။ ပြီးသာသွားရော... သူ့မျှော်မှန်းချက်တွေ ရေစုန်မျောကုန်တယ်။ ဒါကြောင့်... မနှင်းဆီရှေ့မှာ ကိုခင်ကျော် အမြီးကုပ်နေရတယ်။

ဒီအချိန်မှာ ကိုခင်ကျော် မကြားချင်ဆုံး အသံကတော့ 'ထီပေါက်

စဉ်တွေ'၊ 'ထီပေါက်စဉ်တွေ' လို့ အော်ရောင်းတဲ့အသံတွေပါပဲ။ ဒါပေမဲ့ ဘယ်ရမှာလဲ။ သူတို့အိမ်ရှေ့က လမ်းပေါ်မှာ၊ ရုံးပေါက်ဝမှာ၊ ဈေးထဲမှာ၊ ဘုန်းကြီးကျောင်း၊ ဇရပ်၊ ဘုရားရှိခိုးကျောင်း၊ နေရာအနှံ့မှာ ပလူပျံသလို ထီပေါက်စဉ်ရောင်းတဲ့ လူတွေ ရောက်လာကြတာ။ ကိုခင်ကျော် ဘယ်မှာ ရှောင်နေလို့ လွတ်ပါ့မလဲ။

ကိုခင်ကျော် ငြိမ်နေကတည်းက သူ့ထီလက်မှတ်တွေ ဒါနမြောက် သွားပြီဆိုတာ မနှင်းဆီ ရိပ်မိပါတယ်။ ဒါပေမဲ့... မနှင်းဆီ ပါတဲ့။ ငွေ လေးငါးရာတန် ဇာတ်လမ်းကို ပွဲမကြမ်းရဘဲ သူ ဘယ်သိမ်းပါ့မလဲ။

'ထီပေါက်စဉ်သည် လာဦး' လို့ ခေါ်လိုက်ကတည်းက ကိုခင်ကျော် ခေါင်းနားပန်း ကြီးသွားတယ်။ သူ့မှာ ငွေ ၁၅၀၀၊ ၂၀၀၀ အပိုရှိရင် ဆုသေးပေါက်ထားပြီးသား ထီလက်မှတ်တစ်စောင်လောက် ရှာပြီး ထီ ပေါက်တယ်လို့ မနှင်းဆီကို ကိုခင်ကျော် လိမ်ပြချင်ရဲ့။

ဒါပေမဲ့... ကိုခင်ကျော်လို လူတစ်ယောက်မှာ ဘယ်က ငွေပိုငွေလျှံ ရှိပါ့မလဲ။ သူများ ကျခဲ့တဲ့ငွေ ကောက်လို့ရရင်တောင်မှ ကိုခင်ကျော်က အဲဒီငွေကို မဂ််လာစုံတွဲ အပ္ပြတ်လိုက်ကြီး ဆော်ပစ်လို့ ကုန်ရောပေါ့။

ပန်းဝေသီမဂ္ဂဇင်း၊ အမှတ် ၇၂၊ ဇွန်၊ ၁၉၉၄

❑